အညဝါဒနိဂ္ဂဟကျမ်းကိုပြုစုရေးသားသူ၊ကြက်သရေ
ဆောင်ရွှေစလွယ်ရမင်း။အမှုထမ်းကောင်းတံဆိပ်ရမင်းဟူ
သောဘွဲ့မည်နှစ်ထပ်အသနားတော်မြတ်ခံရသော။အငြိမ်း
စားဝန်ထောက်။မင်းတိုင်ပင်အမတ်ကြီး ဦးဘေသည်။
ပိဋကတ်သုံးပုံ။အဋ္ဌကထာ။ဋီကာစသောကျမ်းဂန်
တို့ကိုသင်ကြားခွင့်မရနိုင်ကြကုန်သောသူတို့။
ဗုဒ္ဓဘာသာတရားအလုံးစုံကို။ကောင်း
စွာနားလည်နိုင်ကြစေရန်။
ကျမ်းအစောင်စောင်တို့မှ။အကျဉ်းထုတ်နုတ်ပြီးလျှင်။
မြန်မာ့ဘာသာစကားပြေသက်သက်။အစောင်တဘွဲ့တည်း
ရေးသားစီရင်အပ်သော

# ဗုဒ္ဓဘာသာသင်္ခေပကျမ်း။

ပဉ္စမပုံနှိပ်ခြင်း—အုပ်ရေ—၂၀၀၀။
( ပုံနှိပ်လုပ်ဆောင်သူ-မူပိုင်-စာအုပ်ရှင် )
မမြအင်ဆန်း။ ဆယ်ဖြတ်လမ်း။ ကျိုက်လပ်မြို့။

# EPITOME OF:BUDDHISM

BY

The Honourable U HPAY, K. S. M., A. T. M.,

Author of Aññyavāda Niggaha Kyan.

A New Edition : 2000 Copies.


PUBLISHED BY

MA MYA & SON,

*10th. Cross Road,*

KYAIKLAT.


Re. 1-4 only. အဘိုးနှုန်း ၁-၄ပဲ။ Re. 1-4 only.

pdf creator - Wanna Soe

Bailiff

27-

# နိဒါန်း။

ယခုအခါ။မြန်မာနိုင်ငံတော်အလုံးကို။သိမ်းကျုံး၍ချုပ်ချယ်စိုးမိုးအုပ်ချုပ်စိုးရင်တော်မူသော။ အင်္ဂလိပ်အစိုးရမင်းသည်။ များလှစွာသောလူအမျိုးမျိုးတို့ကို။ စိုးအုပ်တော်မူရသည်ဖြစ်၍။ မွန်မြန်မာလူမျိုးတို့သည်။မြန်မာနိုင်ငံတော်အတွင်း။ မှီတင်းနေထိုင်ကြကုန်သော။ တရုတ်။ ကုလားစသော လူမျိုးခြားတို့နှင့်။ တုပယှဉ်ပြိုင်။စီးပွါးရှာကြံ ကြိုးပန်း လုပ်ဆောင် ကြရသောကြောင့်။ ပစ္စည်းဥစ္စာကြွယ်ဝ ချမ်းသာကုန်သောသူတို့မှာ။မိမိတို့၏သားငယ် သို့မဟုတ် ငယ်များကို။မြန်မာဘာသာစာကို ရေးဘတ်နိုင်ရုံမျှသာ။ သင်အံလေ့ကျက်စေ၍။အင်္ဂလိပ်ဘာသာစာကိုသာကောင်းစွာတတ်မြောက်အောင် သင်ကြားစေပြီးလျှင်။ အင်္ဂလိပ် အစိုးရမင်း၏ အမှုတော်ကို ထမ်းရွက်လုပ်ကိုင်စေကြသည်။ ဓနဥစ္စာမဲ့ကုန်သောသူတို့၏သားသမီးများမှာ။ တစုံတခုသော ဘာသာစာကိုမျှ။ တတ်မြောက်အောင်သင်ကြားခွင့်မရ။ အသက်ငယ်ရွယ်စဉ်အခါကပင်။ဈေးနာအရောင်းအဝယ်။လယ်ယာအလုပ်အကိုင်များ၌။ ကြိုးပန်းအားထုတ်လုပ်ကိုင်ကြရသည်။ ။ထိုအကြောင်းများကြောင့်။ မင်းစိုးရာဇာ။ သူဌေးသူကြွယ်တို့၏ သားသမီးများသည်၎င်း။ ဆင်းရဲနွမ်းပါးသောသူတို့၏သားသမီးများသည်၎င်း။ ရှေးရှေးသောအခါ၌ကဲ့သို့။ ပိဋကတ်သုံးပုံ။ အဋ္ဌကထာ။ ဋီကာ။ အနု။ မဓု။ လက်သန်း။ ဂဏ္ဌိ။ ဂန္ထိန္တရ။ယောဇနာတို့ကိုသင်အံလေ့ကျက်ခွင့်မရကြကုန်။ အယုတ်သဖြင့်။ အဘိဓမ္မတ္ထသင်္ဂဟာမည်သော သင်္ဂြိုဟ်ကျမ်းတစောင်ကိုမျှမသင်ကြားကြရသဖြင့်။ပိဋကတ္တယဆောက။ပိဋကတ္တပိသာရဒ။ အာသဘာမြောက်တော်မူကြကုန်သော။မဟာထေရ်ရှင်မြတ်တို့ ရေးသား ပြုစုတော် မူအပ်ကုန်သော ကျမ်းစာများ ဦးသင်အံလေ့ကျက်ကြည့်ရှုဘတ်နာကြပါကုန်ငြားသော်လည်း။

ကောင်းမွန်စွာ နားမလည်နိုင်ကြကုန်။ ။ထိုမှတပါး။ ထိုအ
ရှင်မြတ်တို့သည်။ ဒါယကာ တဦးဦး၏ တောင်းပန်ချက်ကို အ
ကြောင်း ပြု၍။ ဒါနဘေဒကကျမ်း။ သရဏဒီပကကျမ်း။ သီလ
ဝိနိစ္ဆယကျမ်း။ဝိပဿနာရှုသိကျမ်းအစရှိသဖြင့်။ ကျမ်းတခုတ
ခုသာပြုရင်ရေးသားစီရင်တော်မူကြကုန်သည်ဖြစ်၍။ ဗုဒ္ဓဘာသာ
၌။ခရစ်ယာန်။မိုဟာမက်ဘာသာတို့၌ကဲ့သို့။တစောင်တဘွဲ့တည်း
ဖြစ်သော ကျမ်းမရှိရကား။ သဗ္ဗညုမြတ်စွာဘုရား၏ ဝါဒတရား
ဓမ္မတော်သည်။ မည်ကဲ့သို့သောအယူဝါဒ ဖြစ်ကြောင်းကို။ အ
သိမ်းဥဿုံ။ မသိနိုင်ကြကုန်။ ။ယင်း သို့သော အကြောင်း
များကြောင့်။ ရန်ကုန်မြို့၊ ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း၊
ရန်ကုန်မြို့၊ ကော်လိပ် ကျောင်းကြီး ဗုဒ္ဓဘာသာ အသင်းတို့၏
တောင်းပန်ချက်အရ။ ခရစ်ယာန်။မိုဟာမက်။ ဟိန္ဒူ။အယူဝါဒတို့
နှင့်ပြိုင်ယှဉ်၍။ဗုဒ္ဓမြတ်စွာဘုရား၏တရားတော်သည်။စင်စစ်ဟုတ်
မှန်ကြောင်းကိုပြဆိုရာပြဆိုကြောင်းဖြစ်သော။ အညဝါဒနိဂ္ဂဟ
အမည်ရှိသောကျမ်းကိုပြုစီရင်ရေးသားသူ။ကြက်သရေဆောင်
ရွှေစလွယ်ရမင်း။ အမှုထမ်းကောင်း-တံဆိပ်ရမင်း-ဟူသောဘွဲ့
မည်နှစ်ထပ်အသနားတော်မြတ်ခံရသော။အငြိမ်းစားဝန်ထောက်
မင်းတိုင်ပင်အမတ်-ဦးဘေ-သည်။ကောင်းမြတ်သောမနောပဏိ
ဓိဖြင့်။သုတ်။ဝိနည်း။အဘိဓမ္မာ။အဋ္ဌကထာဋီကာတို့ကို။လေ့ကျက်
သင်ကြားခွင့် မရနိုင်ကြကုန်သော သူတို့၏ အကျိုးကို။ မျှော်ကိုး
ထောက်ရှု၍။ ကျမ်းအစောင်စောင်တို့မှ အကျဉ်း ထုတ်နုတ်ပြီး
လျှင်။ ဗုဒ္ဓဘာသာကျမ်း တစောင်တဘွဲ့တည်းဖြစ်သော။ ဤဗုဒ္ဓ
ဘာသာသဘော အမည်ရှိသောကျမ်းကို။ မြန်မာဘာသာစကား
ပြေသက်သက်စီရင်ရေးသားအပ်သတည်း။ကျမ်းဂန်များကိုသင်
ကြားခွင့် မရနိုင်သူတို့သည်။ မှတ်သားလေ့ကျက် ဆောင်ရွက်
ကြည့်ရှုတော်မူကြပါကုန်။

တစောင် တဘွဲ့တည်း စီရင်ရေးသားအပ်သော ဗုဒ္ဓဘာသ
ကျမ်းဦးဖြစ်သည်နှင့်။ အချို့သောအချက်များ၌ အနက်အဓိပ္ပါ

# နိဒါန်း။

မရှင်းလင်း။ကျမ်း၏အစီအစဉ်မသန့်ရှင်း။ သိသင့်သိထိုက်သော တံရားဓမ္မမပြည့်စုံ။လစ်လပ်ခြင်းရှိမည်မှာ မုချဖြစ်သောကြောင့်။ ဤကျမ်းထက်သာလွန်၍။ သိသာလွယ်ကူ။ အစီအစဉ် သန့်ရှင်း ကောင်းမွန်ပြည့်စုံရအောင်။ပညာရှိတဦးဦးကပြုစုရေးသားစီရင် တော်မူရန်တောင့်တမျှော်ခေါ်အပ်သတည်း။ ။ထိုမှတပါး။ ဤကျမ်းစာသည်။ ကျမ်းဂန်မတတ်သူတို့အဘို့။ မြန်မာစကားပြင် သက်သက်ရေးသားအင်သောကျမ်းဖြစ်၍။စကားအသုံးအစွဲမခံ့ မလှ။ သိမ်ဖျင်းသေးနုပ်သော စကားများကိုတွေ့ရှိခဲ့ပါလျှင်။ ပြစ်တင် ကဲ့ရဲ့ခြင်းမပြု။ လျစ်လျူရှုတော်မူကြရန် တောင်းပန် အပ်သ တည်း။

M. P.

အင်းစိန်မြို့။

၁၂၇၆-ခု။တော်သလင်းလဆန်း (၈) ရက်နေ့။

၁၉၁၄-ခု။ဩဂုတ်လ (၂၇) ရက်နေ့။

ဤဗုဒ္ဓဘာသာသာသနာ်ပကျမ်းကိုစီရင်ရေးသားရာ၌။ကိုးကား
ထောက်ထားသော

# ကျမ်းများစာရင်း။

မြို့ပြင်ကြီး ဆရာတော် ဘုရား
ရေးသားပြုစုတော်မူသော။
၁။ ပဋိစ္စ သမုပ္ပါဒနယဒီပနီ
ကျမ်း။
၂။ ဓိဋ္ဌိ ဘေဒ ပကာ သနီ
ကျမ်း။
မောင်းထောင် ဆရာတော် ဘု
ရားစီရင်ရေးသားတော်
မူသော။
၃။ ကမ္မဝိနိစ္ဆယကျမ်း။
လယ်တီ ဆရာတော်ဘုရားရေး
သားတော်မူသော။
၄။ အနတ္တဒီပနီကျမ်း။
၅။ ကမ္မဋ္ဌာနဒီပနီကျမ်း။
၆။ နိဗ္ဗာနဒီပနီကျမ်း။
၇။ အာဟာရဒီပနီကျမ်း။
၈။ ပဋိစ္စသမုပ္ပါဒ်ဒီပနီကျမ်း
၉။ ဗောဓိ ပက္ခိယ ဒီ ပနီ
ကျမ်း။
၁၀။ သောမနဿ ပေက္ခာဒီ
ပနီကျမ်း။
၁၁။ ရူပဒီပနီကျမ်း။
၁၂။ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း။
၁၃။ ဘာဝနာဒီပနီကျမ်း။
၁၄။ ဒါနာဒိဒီပနီကျမ်း။
၁၅။ ဥတ္တမပုရိသဒီပနီကျမ်း
၁၆။ မဂ္ဂင်ဒီပနီကျမ်း။
ကင်းဝန်မင်းကြီးဆရာဦးပည
သီဟာရေးသားစီရင်
တော်မူသော။
၁၇။ ပဋိပတ္တိဒီပကကျမ်း။
၁၈။ သရဏာဒီပကကျမ်း။
ဦးဥာဏ်နွှစီရင်ရေးသား
တော်မူသော။
၁၉။ သီလသံယမဝိနိစ္ဆယ
ဦးဥက္ကံ့သာဘိဝံသရေးသား
တော်မူသော။
၂၀။ ကမ္မဋ္ဌာနသင်္ဂဟကျမ်း။
ကန်ရှည်ကိုကျောင်းအုပ်ဆရာတော်
ဘုရားရေးသားတော်မူသော
၂၁။ ပဋ္ဌာနအနုလောမဂဏ္ဌပကာ
နီကျမ်း။
ဦးကေသရရေးသားတော်
မူသော။
၂၂။ ဥပသနာရာသီကျမ်း
မြစ်ကွေးဆရာတော်ဘုရား
ရေးသားတော်မူသော။
၂၃။ ဂုဏ်တော်ဘွင့်အကျယ်

# မာတိကာခေါင်းစဉ်။

(အကျွရာစဉ်မာတိကာကိုအလိုရှိမူ။စာအုပ်အဆုံးတွင်ရှု။)

## ပဌမပိုင်း။

ပုဒ်မ။

၁။ အကုသိုလ်မကောင်းမှု။ ကုသိုလ်ကောင်းမှု။
၂။ ဒုစ္စရိုက်ဆယ်ပါး။
၃။ ပါဏာတိ ပါတ ကံ၏ အင်္ဂါငါးပါး။
၄။ အဒိန္နာ ဒါနကံ၏ အင်္ဂါ ငါးပါး။
၅။ ကာမေသုမိစ္ဆာ စာရကံ၏အင်္ဂါလေးပါး။
၆။ သုရာမေရယကံ၏အင်္ဂါ လေးပါး။
၇။ မုသာဝါဒ ကံ၏ အင်္ဂါ ငါးပါး။
၈။ ပိသုဏာဝါစာကံ၏အင်္ဂါ ငါးပါး။
၉။ ဖရုသဝါစာ ကံ၏ အင်္ဂါ သုံးပါး။
၁၀။ သမ္ဖပ္ပလာပဝါစာ ကံ၏ အင်္ဂါသုံးပါး။
၁၁။ အဘိဇ္ဈာ။
၁၂။ ဗျာပါဒ။
၁၃။ မိစ္ဆာဒိဋ္ဌိ။

ပုဒ်မ။

၁၄။ သုစရိုက်ဆယ်ပါး။
၁၅။ ပုညကိရိယဝတ္ထုဆယ်ပါး။
၁၆။ အလှူဒါန၏အပြား။
၁၇။ အလှူခံ ပုဂ္ဂိုလ် ဆယ့်လေးယောက်။
၁၈။ စေတနာသုံးပါး။
၁၉။ ဝေလာမ သုတ်၌ ဟောတော်မူသော ဒါနအပြား ဆယ့်လေးပါး။
၂၀။ သရဏဂုံသုံးပါး။
၂၁။ သရဏဂုံ သုံးပါး သည် ရတနာမည်ခြင်းအကြောင်း
၂၂။ ရတနာ သုံးပါး၏ သရဏဂုံမည်သောအားဖြစ်။
၂၃။ သရဏဂမန၏အဓိပ္ပါယ် ဂစ္ဆာမိ၏အဓိပ္ပါယ်။
၂၄။ သရဏဂုံ နှစ် ပါး ပြားကြောင်း။
၂၅။ သရဏဂုံ တည်။ ဥပါသကာ၏အဖြစ်။ မြင့်မြတ်ကြောင်း။

ပုဒ်မ။
၂၆။ သရဏဂုံသုံးပါးကို ဆောက်တည်ခြင်း၏အကျိုး
၂၇။ သီလ၏အဓိပ္ပါယ်။
၂၈။ သီလ၏အပြား။
၂၉။ နိစ္စသီလ။ အနိစ္စသီလ။
၃၀။ ငါးပါးသီလ။
၃၁။ ရှစ်ပါးသီလ။
၃၂။ အဗြဟ္မစရိယသိက္ခာပုဒ်၏အင်္ဂါလေးပါး။
၃၃။ ဝိကာလဘောဇနာ သိက္ခာပုဒ်၏အင်္ဂါ ၄ပါး။
၃၄။ နစ္စဂီတ သိက္ခာပုဒ်၏ အင်္ဂါနှစ်ပါး။
၃၅။ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်၏အင်္ဂါနှစ်ပါး။
၃၆။ ဆယ်ပါးသီလ။
၃၇။ ဇာတရူပရဇတ သိက္ခာပုဒ်၏အင်္ဂါသုံးပါး။
၃၈။ ငါးပါးသီလ။ ရှစ်ပါးသီလ။ ဆယ်ပါးသီလတို့ကို တပေါင်းတည်းသော်၎င်း။ အသီးအသီးသော်၎င်း ဆောက်တည်အပ်ကြောင်း။
၃၉။ အပါယ်ပဋိသန္ဓေ ပေးသော သိက္ခာပုဒ်။ မပေးသောသိက္ခာပုဒ်။

ပုဒ်မ။
၄၀။ အာဇီဝဋ္ဌမကသီလ။
၄၁။ ရဟန်းအပြား။
၄၂။ ကေသနိက်ရဟန်းဆေ တည်သောပုဂ္ဂိုလ်၏အ ပြား။
၄၃။ ပဋ္ဌာပိုင် ရဟန်းဆောက် တည်သူ၏အပြား
၄၄။ ကေသနိက် ရဟန်း၏အ ကျိုး။
၄၅။ ပဋ္ဌာပိုင်ရဟန်း၏အကျိုး
၄၆။ အာဇီဝဋ္ဌမကသီလခံယူ ဆောက်တည်ပုံ။
၄၇။ ကေသနိက် ရဟန်းဆော တည်ပုံ။
၄၈။ ပဋ္ဌာပိုင် ရဟန်း ဆောက် တည်ပုံ။
၄၉။ ဘာဝနာ၏အပြား။ ကမ္မ ဋ္ဌာန်း၏အဓိပ္ပါယ်။
၅၀။ သမထ ကမ္မဋ္ဌာန်း၏အ ပြား။
၅၁။ သမထဘာဝနာ၁၀ပါးဟာ
၅၂။ ပုညကိရိယာဝတ္ထုဆယ် ပါးတို့တွင်။ ဘာဝနာသည် အမြတ်ဆုံးဖြစ်ကြောင်း။
၅၃။ သုံးဆယ့်တဘုံ ဖြစ်ခြင်း အကြောင်း။

ပုဒ်မ။
၅၄။ ပုညာဘိသင်္ခါရ။ အပုညာဘိသင်္ခါရ။ အာနေဉ္ဇာဘိသင်္ခါရ။
၅၅။ ကာမာဝစရကုသိုလ်။ မဟဂ္ဂုတ်ကုသိုလ်။ လောကုတ္တရာကုသိုလ်။
၅၆။ ကံ၏အနက်အဓိပ္ပါယ်။
၅၇။ ကံတို့၏အပြား။
၅၈။ ဇနကကံ။
၅၉။ ဥပတ္ထမ္ဘကကံ။
၆၀။ ဥပပီဠကကံ။
၆၁။ ဥပဃာတကကံ။
၆၂။ ဂရုကကံ။
၆၃။ အာသန္နကံ။
၆၄။ ကဋတ္တာကံ။

ပုဒ်မ။
၆၅။ ဂရုကကံအစရှိသောကံလေးပါးတို့၏ဖြစ်ရာဘဝကာလနှင့် တကွ အံ ကျိုးပေးစဉ်ကိုပြခြင်း။
၆၆။ ဒိဋ္ဌဓမ္မဝေဒနီယကံ။
၆၇။ ဥပပဇ္ဇဝေဒနီယကံ။
၆၈။ အပရာပရိယ ဝေဒနီယကံ။
၆၉။ အဟောသိကံ။
၇၀။ ကံ၏အကြောင်းကြောင့် သတ္တဝါတို့ ထူးပြား ကြကြောင်း။
၇၁။ သေရခြင်းအပြား ၄ပါး။
၇၂။ ကံအကျိုးပေးပုံ။
၇၃။ ကံ။ဥာဏ်။ဝီရိယ။

# ဒုတိယပိုင်း။

ပုဒ်မ။
၁။ သံသရာ ဝဋ်ဆင်းရဲ အကြောင်း။
၂။ ဝဋ်သုံးပါး။ ဝိနိပါတ ဘေး။ဒိဋ္ဌိသုံးမျိုး။
၃။ လောကီဒါန။သီလ။ဘာဝနာမှုများသည်။သင်္ခါရနက္ခချည်းဖြစ်ကြောင်း။
၄။ ပဋိစ္စသမုပ္ပါဒ်တရားတော်

ပုဒ်မ။
၅။ အဝိဇ္ဇာ။
၆။ သင်္ခါရ။
၇။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ။
၈။ ဝိညာဏ်။
၉။ နာမ်ရုပ်။
၁၀။ ဝိညာဏ် ကြောင့် နာမ်ရုပ်ဖြစ်ပုံ။

ပုဒ်မ။

၁၁။ သဒ္ဓါယတန။

၁၂။ ဝိညာဏ်ကြောင့် သဠာယတနဖြစ်ပုံ။

၁၃။ ဖဿ။

၁၄။ ဝေဒနာ။

၁၅။ တဏှာ။

၁၆။ ဥပါဒါန်။

၁၇။ ဘဝ။

၁၈။ ဥပါဒါန် ကြောင့် ဘဝ ဖြစ်ပုံ။

၁၉။ ဇာတိ။

၂၀။ ကမ္မဘဝကြောင့်။ ဇာတိဖြစ်ပုံ။ (ဘဝသစ်တည်ထောင်ပုံ။)

၂၁။ ဝဋ်ဖြစ်မူလနှစ်ပါး။

၂၂။ ဝဋ်သုံးပါး။

၂၃။ အစပ်သုံးပါး။

၂၄။ သင်္ဂဟလေးပါး။

၂၅။ အခြင်းအရာနှစ်ဆယ်။

၂၆။ ပဋိစ္စသမုပ္ပါဒ် အကျဉ်းပါဠိတော်။

၂၇။ ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါး။

၂၈။ သတိပဋ္ဌာန်လေးပါး။

၂၉။ သမ္မပ္ပဓါန်လေးပါး။

၃၀။ ဣဒ္ဓိပါဒ်လေးပါး။

၃၁။ ဈာန်ငါးပါး။

ပုဒ်မ။

၃၂။ ဗိုလ်ငါးပါး။

၃၃။ ဗောဇ္ဈင်၏အင်္ဂါဖြစ်ပုံ

၃၄။ မဂ္ဂင်ရှစ်ပါး။

၃၅။ သစ္စာလေးပါး။

၃၆။ ဝိသုဒ္ဓိခုနစ်ပါး။

၃၇။ ဘာဝနာလေးဆယ်။

၃၈။ ခန္ဓာငါးပါး။

၃၉။ ဘာဝနာ လေးဆယ် တို့ကို။ အနိစ္စ။ ဒုက္ခ။ အနတ္တ လက္ခဏာရေးသုံးပါးတို့ ဖြင့်ခွဲခြားပြခြင်း။

၄၀။ ဝိပဿနာဉာဏ်ဆယ်ပါး

၄၁။ မဂ်ပုဂ္ဂိုလ်လေးယောက် ဖိုလ်ပုဂ္ဂိုလ်လေးယောက်

၄၂။ နိရောဓသမါပတ်ချမ်းသာ

၄၃။ နိဗ္ဗာန်တရား။

၄၄။ သာသနာ်တော်တွင်း၌ သောပုဂ္ဂိုလ်လေးမျိုး။

၄၅။ သီလ။သမာဓိ။ပညာ။

၄၆။ ပဒပရမ ပုဂ္ဂိုလ်။ နေယ ပုဂ္ဂိုလ်နှစ်ပါးအကြောင်း

၄၇။ စရိတမျိုး။ဝိဇ္ဇာမျိုး။

၄၈။ သမထဘာဝနာ။ဝိပဿ နာဘာဝနာနှစ်ပါးတို့တွင် ဝိပဿနာဘာဝနာသည် သာသနာ တွင်း၌ သာ၍ ကြောင်း။

# ဗုဒ္ဓဘာသာသင်္ခေပကျမ်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဂါထာ။ ဇိနံနတွာနန္တဉာဏံ။ဓမ္မံမောဟန္တနာသကံ။သံဃံသံတိဏ္ဏကင်္ခါဟံ။ ။အဟံ။အကျွန်ုပ်သည်။အနန္တဉာဏံ။ ဉာဏ်ရွှေ ဉာဏ်မျှရှိ၏ဟု၊ တိုင်းဆပြီးပြေအောင်၊ ရေတွက်ခြင်းငှါ မစွမ်းနိုင်အောင်၊ အလွန်များပြောင်သော အနန္တ အပရိမာဏ ဖြစ်သော၊ ဉာဏ်ရှိတော်မူထသော။ ဇိနံ။ မြတ်စွာဘုရားကို။ နတွာနမာဿိ။ ရှိခိုးပါ၏။ နတွာ။ ရှိခိုးပြီး၍။ မောဟန္တနာသကံ။ ခပ်သိမ်းသော တရားတို့၏၊ ဟုတ်မှန်တိုင်းသောသဘောကို၊ မသိမမြင်မထင် နိုင်အောင်၊ လွန်စွာဖုံးလွှမ်းတတ်သော၊မောဟတည်းဟူသော အမိုက်တိုက်ကို၊ထိုက်သည်အားလျော်စွာ၊ ပယ်ဖျက်ကင်းစေ တတ်သော။ဓမ္မံ။တရားတော်ကို။ နတွာနမာဿိ။ရှိခိုးပါ၏။ နတွာ။ ရှိခိုးပြီး၍။ သံတိဏ္ဏကင်္ခံ။ အရိယာမဂ်ဖြင့်အကြွင်းမဲ့ ပယ်ဖျက် အပ်သည်ဖြစ်၍၊ ကောင်းစွာလွန်မြောက်ပြီးသော၊ ယုံမှားခြင်း သံသယရှိသော။သံဃံ။သံဃာတော်ကို။နတွာနမာဿိ။ရှိခိုးပါ၏။

ဘုရားရှင်ဟောကြားတော်မူအပ်သော ပိဋကတ်တော်သုံး ပုံကို သင်္ခေပအကျဉ်းအားဖြင့်။ လောကီယတရား၊လောကုတ္တ ရာတရားဟူ၍ နှစ်ဌာနပိုင်းခြားအပ်၏။ ။လောကီယတရား ဟူသည်ကား။ သံသရာ ဝဋ်ဆင်းရဲ၌ ကျင်လည် မြောပါးစေ တတ်သောတရားဖြစ်၏။ လောကုတ္တရာတရား ဟူသည်ကား။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော တရားဖြစ် ၏။ ။ယခုအခါလောကီယတရားကိုပြဆိုပေအံ့။

## ပဌမပိုင်း။

### လောကီယတရားအကြောင်း။

မကောင်းမှု။ ကောင်းမှု။

၁။ သတ္တဝါတို့ပြုအပ်သောအမှုသည်။အကုသိုလ်ဟုခေါ်ဝေါ်အပ်သောမကောင်းမှု။ ကုသိုလ်ဟုခေါ်ဝေါ်အပ်သောကောင်းမှု၊ဟူ၍နှစ်ပါးရှိ၏။ ။အကုသိုလ်မကောင်းမှုကို၊ဒုစ္စရိုက်။ကုသိုလ်ကောင်းမှုကို၊သုစရိုက်ဟူ၍လည်းခေါ်ဝေါ်၏။

### ဒုစ္စရိုက်အကြောင်း။

ဒုစ္စရိုက် ဆယ်ပါး။

၂။ ဒုစ္စရိုက်ကား။ ဆယ်ပါးအပြားရှိ၏။ ဆယ်ပါးဟူသော်ကား။

(၁) သတ္တဝါ၏ အသက်ကိုသတ်ခြင်း (ပါဏာတိပါတာ။)
(၂) သူတပါး၏ဥစ္စာကိုခိုးယူခြင်း (အဒိန္နာဒါနာ။)
(၃) သူတပါး၏သားမယားကိုလွန်ကျူးကာမစပ်ရှက်ခြင်း(ကာမေသုမိစ္ဆာစာရာ၊)
(၄) မဟုတ် မမှန်သော စကားကို ပြော ဆိုခြင်း (မုသာဝါဒါ။)
(၅) ကုန်းချောစကားကိုပြောဆိုခြင်း(ပိသုဏာဝါစါ
(၆) ကြမ်းကြုတ် ဆဲရေးသော စကားကို ပြောဆိုခြင်း(ဖရုသဝါစာ။)
(၇) အကျိုးမရှိပြိန်ဖျင်းသောစကားကိုပြောဆိုခြင်း(သမ္ဖပ္ပလာပဝါစာ။)
(၈) သူတပါး၏ စည်းစိမ်ဥစ္စာကို။ ငါ၏ စည်းစိမ်ဖြစ်ပါဘိဟုတောင့်တခြင်း(အဘိဇ္ဈာ။)
(၉) သူတပါး သေကြေ ပျက်စီးခြင်းကို တောင့်တခြင်း(ဗျာပါဒ။)
(၁၀) မှားသောအယူကိုယူခြင်း(မိစ္ဆာဒိဋ္ဌိ။)

အထက်ပါ (၁) (၂) (၃) ဒုစ္စရိုက်များကို။ ကိုယ်ဖြင့်ပြုအပ်သောကာယကံသုံးပါးဟုခေါ်၏။ (၄)(၅)(၆)(၇) ဒုစ္စရိုက်များကို။ နှုတ်ဖြင့်လွန်ကျူးအပ်သောဝစီကံလေးပါးဟုခေါ်၏။ (၈)(၉)(၁၀)ဒုစ္စရိုက်များကို။ စိတ်ဖြင့်လွန်ကျူးအပ်သောမနောကံသုံးပါးဟုခေါ်၏။ ။ဤဒုစ္စရိုက်ဆယ်ပါးတို့ကို။ အကုသလကမ္မပထဟူ၍လည်းခေါ်၏။

---

ဂါဏာ တိပါတ ကံ၏ အင်္ဂါ ါးပါး။

၃။ အောက်ပါအင်္ဂါငါးပါးနှင့်ပြည့်စုံမှသာလျှင်။ သတ္တဝါ၏ အသက်ကို သတ်ခြင်း (ပါဏာတိပါတ) ကံမြောက်သည်။ ကံမြောက်သည်ဆိုသည်ကား။ အပါယ်ပဋိသန္ဓေပေးသည့်ဆိုလိုသည်။

(၁) အသက်ရှိသောသတ္တဝါလည်းဖြစ်စေ။
(၂) အသက်ရှိသေါသတ္တဝါဟုအမှတ်လည်းရှိစေ။
(၃) သေအောင်သတ်လိုသောစိတ်လည်းရှိစေ။
(၄) သေအောင်လုံ့လလည်းပြုစေ။
(၅) ထိုလုံ့လကြောင့်သေလည်းသေစေ။

မှတ်ရန်အထူးမှာ။ မိမိကိုယ်တိုင်သတ်သည်ဖြစ်စေ။ သူတပါးကိုစေ၍ သတ်သည်ဖြစ်စေ၊ သတ္တဝါ၏ အသက်ကို သတ်ခြင်း(ပါဏာတိပါတ)ကံမြောက်၏။ ။သတ္တဝါဆိုသည်မှာ။ တိရစ္ဆာန်လည်းပါဝင်၏။

---

အဒိန္နာ ါနကံ ၏ အင်္ဂါ ါးပါး။

၄။ သူတပါး၏ဥစ္စာကိုခိုးယူခြင်း(အဒိန္နာဒါန)ကံမြောက်ရာသောအင်္ဂါလည်းငါးပါးရှိ၏။ ငါးပါးဟူသော်ကား။

(၁) သူတပါးသိမ်းဆည်းသော ဥစ္စာလည်းဖြစ်စေ။
(၂) သူတပါး သိမ်းဆည်းသော ဥစ္စာဟူသော အမှတ်လည်းရှိစေ။

(၃) ခိုးယူလိုသောစိတ်လည်းရှိစေ။
(၄) ခိုးယူရန် ကိုယ်ဖြင့်ဖြစ်စေ။ လက်ဖြင့်ဖြစ်စေ၊လုံ့လလည်းပြုစေ။
(၅) ထိုလုံ့လဖြင့်ဥစ္စာကိုရသည်လည်းဖြစ်စေ။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှသာသျှင်ကံမြောက်၏။

---

ကာမေသု မိစ္ဆာစာရ ကံ၏အင်္ဂါ လေးပါး။ ၅။ သူတပါး၏ သားမယားကို လွန်ကျူးကာမစပ်ရှက်ခြင်း(ကာမေသုမိစ္ဆာစာရ)ကံမြောက်ရာသောအင်္ဂါလေးပါး ရှိ၏။လေးပါးဟူသောကား။

(၁) မသွားလာ မလွန်ကျူးအပ်သော မိန်းမလည်း ဖြစ်စေ။*
(၂) မှီဝဲပေါင်းဘက်၊ ကာမစပ်ရှက်လိုသော စိတ်လည်းရှိစေ။
(၃) ကာမစပ်ရှက်ရန်လုံ့လလည်းပြုစေ။
(၄) ကာမစပ်ရှက်၍သာယာသည်လည်းဖြစ်စေ။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံမှသာသျှင်ကံမြောက်၏။ ။ မှတ်ရန်အထူးမှာ။ ကာမပိုင်လင်ရှိသောမိန်းမသည်။ မိမိလင် အခွင့် မပြုဘဲ။ တပါးသော ယောကျ်ားနှင့် ကာမစပ်ရှက်သျှင် ကာမေသုမိစ္ဆာစာရကံထိုက်၏။

---

သုရာမေရယ ကံ၏ အင်္ဂါလေး ပါး။ ၆။ ထိုမှတပါးမှတ်ရန်အထူးမှာ။ အရက်သောက်ခြင်း (သုရာမေရယ )လည်း။ သူတပါး၏ သားမယားကို သွားလာ လွန်ကျူးခြင်း ( ကာမေသုမိစ္ဆာစာရ ) နှင့် အကျုံးဝင်သည်ဟု။ အဋ္ဌကထာဆရာမြတ်တို့သုံးဖြတ်တော်မူကြကုန်၏။ ဤအရက်

---

*အဋ္ဌကထာဆရာမြတ်တို့၏အလိုမသွားလာအပ်သောမိန်းမ ၂၀ အမြိုးရှိ၏။ အကျယ်ကိုသိလိုသော်နောက်ဆက်တွဲအစဉ်နံပါတ်(၂၅)မှာကြည့်။

သောက်ခြင်း (သုရာမေရယ) ကံမြောက်ရာသောအင်္ဂါလေးပါးရှိသည်။လေးပါးဟူသော်ကား။

(၁) ယစ်မျိုးလည်းဖြစ်စေ။
(၂) သောက်လိုသောစိတ်လည်းရှိစေ။
(၃) သောက်ရန်လုံ့လလည်းပြုစေ။
(၄) သော်၍လည်ချောင်းသို့ဝင်သည်လည်းဖြစ်စေ

ဤအင်္ဂါလေးပါးနှင့်ပြည့်စုံမှသာလျှင်ကံမြောက်၏။

---

ုသာဝါ ကံ ၏ ာင်္ဂါငါး ါး။

၇။ မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း(မုသာဝါဒ) ကံမြောက်ရာသောအင်္ဂါလည်း ငါးပါးရှိ၏။ ငါးပါးဟူသော်ကား။

(၁) မဟုတ်မမှန်သောအရာလည်းဖြစ်စေ။
(၂) ချွတ်ယွင်းစေလိုသောစိတ်လည်းရှိစေ။
(၃) ထိုစိတ်ဖြစ်သောနှုတ်ဖြင့်ဆိုခြင်း။ လက်ဖြင့်အရိပ်အမှတ်ပြခြင်း။ အက္ခရာရေးခြင်း စသောလုံ့လလည်းရှိစေ။
(၄) ၎င်းအနက်ကိုသူတပါးအားသိစေသည်လည်းဖြစ်စေ။
(၅) သူတပါး၏ အကျိုးစီးပွါး ပျက်စီးသည်လည်းဖြစ်စေ။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှသာလျှင်ကံမြောက်သည်။ ။
(နံပါတ် ၁-၂-၃-၄ တို့မှာ သိက္ခာပုဒ်ပျက်သောအင်္ဂါတို့သာဖြစ်သည်။ငါးပါးလုံးပြည့်စုံမှကံမြောက်၏။)

---

ိသုဏာ ါစာကံ ၏ အင်္ဂါ ါးပါး။

၈။ ကုန်းချောစကားကိုပြောဆိုခြင်း(ပိသုဏာဝါစာ)ကံမြောက်ရာသော အင်္ဂါလည်း ငါးပါးရှိသည်။ ငါးပါးဟူသော်ကား။

(၁) ကွဲပြားစေအပ်သောသူတပါးလည်းရှိစေ။
(၂) သူနှစ်ဦးတို့ကွဲပြားစေလိုသောစိတ်လည်းရှိစေ.
(၃) ထိုစိတ်အားလျော်စွာလုံ့လပြုသည်လည်းဖြစ်စေ။
(၄) ထိုသူတပါးက ထိုကုံးချောသောစကား၏ အနက်အဓိပ္ပါယ်ကိုသိသည့်လည်းဖြစ်စေ။
(၅) ထိုသူနှစ်ဦးတို့ကွဲပြားကြသည်လည်းဖြစ်စေ။

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှသာလျှင်ကံမြောက်၏။ (နံပါတ် ၁-၂-၃-၄ တို့မှာသိက္ခာပုဒ်ပျက်သောအင်္ဂါတို့သာဖြစ်သည်။

---

ဖရုသဝါစာ ကံ၏ အင်္ဂါသုံးပါး။ ၉။ ကြမ်းကြုတ်ဆဲရေးသောကစားကိုပြောဆိုခြင်း(ဖရုသဝါစာ)သည်။ သုံးပါးသော အင်္ဂါနှင့် ပြည့်စုံချေသော်ကံမြောက်၏။အင်္ဂါသုံးပါးဟူသော်ကား။

(၁) ဆဲရေးအပ်သောတပါးသောသူလည်းရှိစေ။
(၂) အမျက်ဒေါသနှင့် ယှဉ်သော စိတ်နှလုံးလည်းရှိစေ။
(၃) နှုတ်မြွက်၍ဆဲရေးသည်လည်းဖြစ်စေ။

ဤအင်္ဂါသုံးပါးတည်း။

---

သမ္ဖပ္ပလာပဝါစာကံ၏ အင်္ဂါသုံးပါး။ ၁၀။ အကျိုးမရှိ ဖြိန်ဖျင်းသော စကားကို ပြောဆိုခြင်း(သမ္ဖပ္ပလာပဝါစာ) ကံမြောက်ရာသော အင်္ဂါသုံးပါးရှိ၏။ သုံးပါးဟူသော်ကား။

(၁) ရာမ မယ်သီတာ။ မယ်ထွေးဓာတ်အစရှိသော အကျိုးမရှိသော စကားကို ရှေ့ရှုဆောင်သည်လည်းဖြစ်စေ။
(၂) ထိုရှေ့ရှုသည် အား လျော်စွာသော စကားကို နှုတ်ဖြင့်ဆိုသည်။ စာဖြင့်ရေးသားသည်လည်းဖြစ်စေ။

(၃) ထိုရာမဇာတ်စသော ထိုးဇာတ်ဝတ္ထုများကို။ အဓိပ္ပါယ်အမှန်ဟူ၍ သူတပါးမှတ်ယူသည်လည်း ဖြစ်စေ။

ဤသုံးပါးတည်း။(နံပါတ် ၁-၂ တို့မှာ သိက္ခာပုဒ်ပျက်သော အင်္ဂါတို့သာဖြစ်သည်။)

---

ဘိဇ္ဈာ။ ၁၁။ သူတပါး၏စည်းစိမ်ဥစ္စာကို ငါ၏စည်းစိမ်ဖြစ်ပါဘိဟု၊ အဘန်တလဲလဲ တောင့်တခြင်း (အဘိဇ္ဈာ) တရားကို ကောင်းစွာ နားလည်စေခြင်းငှါ။ ဥပမာများဖြင့်ပြဦးအံ့။ ။ဥယျာဉ်လယ်ယာခြံမြေ အစရှိသည်တို့ကို။ပိုင်ပေသူတို့ကိုမပိုင်စေလိုသော စိတ်ရှိသည် ဖြစ်၍။ မိမိရလိုသော စိတ်ရှိ၍ဖြင့်။ ဤသူ ဤအရပ်တွင် ရှိသော်။ ငါမရ သာရေး။ အရပ် တပါးသို့ သွားလေအောင် အကြံပြု၍ ယူသောစိတ်။ ဤသူသေလေမှ။ ဤသူပိုင်သည့် ဥစ္စာကို ငါရမည်ဟု သေအောင်ပြု၍ ယူလိုသော အဘိဇ္ဈာစိတ်။ ။သူ့ဥစ္စာသည် အဘိုးများစွာထိုက်ပေ၏။ ထိုက်သော အဖြစ်ကိုသိလျက်။ အထွေထွေသောပရိယာယ်ဖြင့် လှည့်ပတ်ပြီးလျှင်။ အဘိုးနည်းပေး၍ယူသော အဘိဇ္ဈာစိတ်။သူ့ဥစ္စာစည်းစိမ်ဖစ္စည်းကိုအနိုင်အထက်ထောင်းထုပုတ်ခတ်၍ယူသောအဘိဇ္ဈာစိတ်။ သူ့စည်းစိမ်ဥစ္စာပစ္စည်းများကိုမြင်လျှင်။ တပ်မက်မောသောလောဘစိတ်ဖြင့်။ လှည့်ပတ်လျှပ်စား၍ယူခြင်း။ ဥစ္စာရှင်သေအောင်ကြံခြင်း။ မင်းစိုးရာဇာကိုအပ်၍ နှိပ်စက်ကလူပြု၍ယူခြင်း။ အတတ်ပညာဖြင့် လှည့်ပတ်၍ယူခြင်း။ ။အဇာတသတ်မင်းသည်။ဇောတိက သူဌေး၏ ဘုံနန်းရွှေအိုး ပဒေသာကိုမြင်၍။ လိုချင်သောလောဘ ဇောဖြင့်၊ စစ်ထိုး၍ ယူမည် ကြံခြင်း။ ။သောရေယျ သူဌေးသည်။ အရှင်မဟာကစ္စည်းထေရ်၏ အဆင်း လှပတင့်တယ်သည်ကိုမြင်၍ တပ်သောစိတ်ဖြင့်။ ဤအရှင်သည် ငါ၏

မယားဖြစ်ပါဘိမူကား။ အလွန်ကောင်းလေစွ တကားဟု ကြံ
စည်ဆဲတွင်။ ယောကျ်ားအသွင် ပျောက်၍။ မိန်းမအသွင်ဖြစ်
လေ၏။ ဤသို့အစရှိသော အဘိဇ္ဈာစိတ်တို့သည်။ အလွန်ဝန်
လေးသောအဖြစ်ရှိသောလောဘရမ္မက်စိတ်တည်း။

---

ဗျာပါဒ။ ၁၂။ သူတပါး သေကြေပျက်စီးခြင်းကို တောင့်တခြင်း
(ဗျာပါဒ)ဟူသည်ကား။ အမျက်ဒေါသထွက်၍။ သူတပါး၏
စည်းစိမ်ချမ်းသာကို။ ပျောက်ပျက် ပြုန်းတီး လေအောင် ကြံ
သည်။ အနိုင်အထက်လုရ၍ယူသော ဗျာပါဒစိတ်။ ။အံမျက်
ထွက်သောအားဖြင့်။ သေကြေပျက်စီးအောင် သတ်လိုသော
စိတ်။ ။သူတပါးစည်းစိမ်ဥစ္စာ။ရွှေငွေစပါး။ကျွဲနွားဆင်မြင်း
သွီးမယားသားနှင့် ပြည့်စုံသည်ကိုမြင်လျှင်။ နှလုံးမသာဗျာပါ
ဒစိတ်ဖြင့်။တမှုန်မှုန်တအောက်အောက် ပျောက်ပျက်ပြုန်းတီး
သေကြေစေချင်သောစိတ်။ ။သူတပါးအနည်းငယ်အဖြစ်
ရှိသည်ကို။ပျက်စီးပေအောင်အမျက်ပြု၍။အဘန်တလဲလဲပြော
ဆိုခြင်းစသည်တို့သည်။နှလုံးဖြင့်ပြစ်မှားသောဗျာပါဒစိတ်ဖြစ်
သတည်း။

---

မိစ္ဆာဒိဋ္ဌိ။ ၁၃။ မှားသော အယူကိုယူခြင်း( မိစ္ဆာဒိဋ္ဌိ )ဟူသည်
ကား။ နိယတမိစ္ဆာဒိဋ္ဌိကြီး ၃ ပါး။ သက္ကာယဒိဋ္ဌိ ၂၀*။ ထိုမှ
တပါးသော မိစ္ဆာဒိဋ္ဌိ ၆၂ ပါး*။ ဤသို့လျှင် ကျမ်းဂန်တွင်
လာရှိသော မိစ္ဆာဒိဋ္ဌိပေါင်း ၈၅ ပါးရှိ၏။ထို ၈၅ ပါး အနက်။
နိယတမိစ္ဆာဒိဋ္ဌိကြီး ၃ ပါးတို့ဖြင့် သာလျှင် ကံမြောက်၏။ အ
ပါယ်ပဋိသန္ဓေပေး၏။နိယတမိစ္ဆာဒိဋ္ဌိကြီး ၃ပါးဟူသည်ကား။
အကိရိယဒိဋ္ဌိ။ အဟေတုကဒိဋ္ဌိ။ နတ္ထိကဒိဋ္ဌိ။ ဤသုံးပါးတည်း။
သူ၏အသက်ကိုသတ်ခြင်း။ သတ်စေခြင်း။ သူ့ဥစ္စာကိုခိုးယူ

---

* အကျယ်ကိုလိုလျှင်နောက်ဆက်တွဲအစဉ်နံပါတ်(၁၄)မှာကြည့်။

ခြင်း၊ သူ့မယားကိုလွန်ကျူးခြင်း။ မုသားဆိုခြင်း စသည်ကို ပြုသော်သူအား။ တရံတခုသောမကောင်းမှုမရှိ။ သူ့အသက်ကို သတ်ခြင်းစသော အလုံးစုံသောမကောင်းမှုကိုပြုသော်လည်း မကောင်းမှုကို ပြုသည်မမည်။ သတ္တဝါ တို့သည် မကောင်း သော အမှုကိုငါပြု၏ဟု မှတ်ထင်ရုံမျှသာ။ မကောင်းမှု အကု သိုလ်ဟူ၍ပင်မရှိ။ အလှူပေးခြင်း။ ဥပုသ်ကျင့်သုံးခြင်းစသည် ကိုပြုသောသူအား။ တရံတခုသော ကောင်းမှုကုသိုလ် မရှိမ ဖြစ်။သတ္တဝါတို့သည်ကောင်းသောအမှုကို ငါပြု၏ဟုမှတ်ထင် ရုံမျှသာ။ ကောင်းမှုကုသိုလ် ဟူ၍ပင်မရှိဟူ၍ ယူသောအယူ သည်။ အကိရိယဒိဋ္ဌိမည်၏။ ။ပေးလှူအပ်သောအလှူ၏အ ကျိုးမရှိ။ ကုသိုလ်အကုသိုလ်တို့၏အကျိုးမရှိ။ အမိအဘတို့၌ ပြုအပ်သောလုပ်ကျွေးမွေးမြူပူဇော်ခြင်းစသောကောင်းမှု။ ပြစ် မှားကျူးလွန်ခြင်းစသော မကောင်းမှု၏အကျိုးမရှိ။ သတ္တဝါ သေသည် ရှိသော်ပြတ်၏ ပျောက်၏။ တဘန် ပဋိသန္ဓေမနေပြီ ဟူ၍ယူသော အယူသည်။ အဟောတုတဒိဋ္ဌိမည်၏။ ။သတ္တ ဝါတို့အား ညစ်ညူး ခြင်း ဖြူစင် ခြင်း၏ အကြောင်း မရှိ။ အ ကြောင်းမရှိဘဲသာလျှင် ညစ်ညူးကုန် ဖြူစင်ကုန်၏။ ခပ်သိမ်း သော သတ္တဝါတို့သည်။ ကမ္ဘာကြီး–၈၄၀၀၀၀၀–ပတ်လုံး ကျင်လည်၍။ကမ္ဘာကြီး–၈၄၀၀၀၀၀–ကုန်သည်ရှိသော်။သံ သရာဆင်းရဲ၏ အဆုံးနိဗ္ဗာန်သို့ ရောက်ကုန်၏။ ပညာရှိသော သူဟူ၍လည်း။ ကမ္ဘာကြီး– ၈၄၀၀၀၀၀–အတွင်း၌ ဖြူစင် ခြင်းငှါ မစွမ်းနိုင်။ မိုက်သောသူဟူ၍လည်း ကမ္ဘာ–၈၄၀၀၀ ၀၀–ကို မလွန်နိုင်ပြီဟူ၍ ယူသောအယူသည်။ နတ္ထိကဒိဋ္ဌိမည် ၏။ ။ဤဒိဋ္ဌိသုံးပါးတို့သည် ဘောက်ပြန်၍ ယူသောခဏ၌ ပင် ကံမြောက်သော်လည်း။ ထိုယူသောခဏဝတွင် သေသည် တိုင်အောင် ၎င်းအယူကို မစွန့်မှသာလျှင်။ ငရဲ၌ ဖြစ်ခြင်းဟူ သောအကျိုးပေးခြင်းမြဲသည်။ ထိုဘဝ၌၎င်းအယူကိုစွန့်လျှင်

ဝင်းအကျိုးပေးခြင်းမရှိ။ စွန့်လွှတ်သော ခဏကာလ၌ပင် မဂ်ဖိုလ်ကိုရကောင်း၏။ရနိုင်၏။

ဒုစ္စရိုက်အကြောင်းပြီး၏။

---

သုစရိုက်အကြောင်း။

သုစရိုက် ဆယ်ပါး။ ၁၄။ သုစရိုက်ကားဆယ်ပါးအပြားရှိ၏ (ကုသလကမ္မပထဟူ၍လည်းခေါ်သည်။) ။ဆယ်ပါးဟူသော်ကား။

(၁) သူတပါး၏အသက်ကိုသတ်ခြင်းမှရှောင်ကြဉ်ခြင်း(ပါဏာတိပါတာဝေရမဏီ။)
(၂) သူတပါး၏ဥစ္စာကိုခိုးယူခြင်းမှရှောင်ကြဉ်ခြင်း(အဒိန္နာဒါနာဝေရမဏီ။)
(၃) သူတပါး၏ သားမယားကိုသွားလာ ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း ( ကာမေသုမိစ္ဆာစာရာဝေရမဏီ။)
(၄) မမှန်သောစကားကိုပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း(မုသာဝါဒါဝေရမဏီ။)
(၅) ကုန်းချောစကားကို ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း (ပိသုဏာဝါစာဝေရမဏီ။)
(၆) ကြမ်းကြုတ်ဆဲရေးသောစကားကိုပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း (ဖရုသာဝါစာဝေရမဏီ။)
(၇) အကျိုးမရှိ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှရှောင်ကြဉ်ခြင်း (သမ္ဖပ္ပလာပဝါစာဝေရမဏီ။)
(၈) သူတပါး၏ စည်းစိမ်ဥစ္စာကို ငါ၏ဥစ္စာ ဖြစ်ပါဘိဟုတောင့်တခြင်းမရှိခြင်း(အနဘိဇ္ဈာ။)

(၉) သူတပါး သေကြေပျက်စီးခြင်းကို တောင့်တခြင်းမရှိခြင်း(အဗျာပါဒ။)
(၁၀) မဘောက်မပြန် ဖြောင့်မှန်သော အားဖြင့် မြင်ခြင်း(သမ္မာဒိဋ္ဌိ။)

ဤဆယ်ပါးတည်း။ ။ထိုဆယ်ပါးတို့၏အနက်အဓိပ္ပါယ်ကိုသိလွယ်ပြီဖြစ်၍။အကျယ်မရေးသတည်း။

---

ဘိရ ... ၁၅။ ဤသုစရိုက် ဆယ်ပါးသည်။ ပုညကိရိယာဝတ္ထုဆယ်ပါးတွင်သီလသဉ္ဇအကျုံးဝင်၏။

ပုညကိရိယာဝတ္ထုဆယ်ပါးဟူသည်ကား။

(၁) လှူဒါန်းပူဇော်ချီးမြှင့်ခြင်း(ဒါန။)
(၂) သီလစောင့်ထိန်းခြင်း(သီလ။)
(၃) ဘာဝနာပွါးခြင်း(ဘာဝနာ။)
(၄) ရတနာသုံးပါးဆရာမိဘစသောသူတို့အားအရိုအသေပြုခြင်း(ပစာယန။)
(၅) ရတနာသုံးပါးဆရာမိဘစသောသူတို့၏ အမှုကြီးငယ်ကိုရွက်ဆောင်ခြင်း(ဝေယျာဝစ္စ။)
(၆) မိမိပြုသောကုသိုလ်ကောင်းမှုတို့ကို သူတပါးတို့အားပေးဝေခြင်း(ပတ္တိဒါန။)
(၇) သူတပါးပြုသော ကုသိုလ်ကောင်းမှု အဘို့ကိုဝမ်းမြောက်ခြင်း (ပတ္တာနုမောဒန။)
(၈) တရားမြွန်နာခြင်း (ဓမ္မသဝန။)
(၉) တရားမြွေဟောပြောခြင်း (ဓမ္မဒေသနာ။)
(၁၀) အလှူ၏ အကျိုးသည်ရှိ၏။ ပူဇော်ခြင်း အကျိုးသည်ရှိ၏ဟု ဤသို့စသည်ဖြင့် အယူကိုဖြောင့်စွာပြုခြင်း (ဒိဋ္ဌိဇုကမ္မ။)

---

အလှူဒါန၏အပြား။ ၁၆။ စွန့်ကြဲပေးကမ်းလှူဒါန်း ပူဇော်ချီးမြှင့်ခြင်း (ဒါန) ကား။ပစ္စည်းဝတ္ထုကိုပေးလှူသောအာမိသဒါန။မိမိသိသောတရားကျမ်းဂန်ကို သူတပါးတို့အား ဖြန့်ဖြူးသောဓမ္မဒါန။ မြတ်သောသူကိုပူဇော်မှုနှင့် လှူဒါန်းသောပူဇာဒါန။ ယုတ်ညံ့သောသူကို ချီးမြှင့်မှုဖြင့် လှူဒါန်းသော အနုဂ္ဂဟဒါန။ ယုတ်ညံ့သောဟိနဒါန်။အလယ်အလတ်ဖြစ်သောမဇ္ဈိမဒါန။ အထွန်းအမြတ်ဖြစ်သောပဏီတဒါန။ အစရှိသည်ဖြင့်။ ဒါနအပြားများစွာရှိ၏။ အကျယ်ကိုသိလိုမူ။ ရဟန်းတော်အရှင်မြတ်တို့ရေးသားစီရင်တော်မူအပ်သော။ ဒါနဘေဒဒီပနီကျမ်း။ ဒါနဝိဓိဒီပနီကျမ်းအစရှိသောကျမ်းများတွင်ရှုပါလေ။ ။မှတ်ရန် အထူးမှာ။ မဂ်ဖိုလ်နိဗ္ဗာန်တို့ကို တောင့်တရည်ရော်၍ ပြုသောဝိဝဋ္ဋနိဿိတဒါနဖြစ်မှသာလျှင်။ နိဗ္ဗာန်သို့ရောက်ကြောင်း အထောက်အပံ့ဖြစ်စေနိုင်သည်။ လူနတ်စည်းစိမ်မျှကို တောင့်တ ရည်ရော်၍ပြုအပ်သောဝဋ္ဋနိဿိတဒါနဖြစ်လျှင်။ လူနတ်စည်းစိမ်မျှကိုသာပေးနိုင်ဖြစ်စေနိုင်သည်။ ။အကျော်စေရကိုလိုသောစိတ်ဖြင့်ပြုအပ်သောဒါနသည်။လူ့ ဘဝနတ်ဘဝဟူသောဘဝသမ္ပတ္တိ။ မနုဿာဖြင့် ပြည့်စုံခြင်းဟူသော ဘောဂသမ္ပတ္တိကိုမျှ လှလှပေးနိုင်သော ကုသိုလ်မျိုးမဟုတ်။ဒါနပါရမီမဖြစ်။ ။ကုသိုလ်၏အကျိုးကိုလိုလားငဲ့ကွက်သောစိတ်ဖြင့်ပြုအပ်သောဒါနသည်။ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ အကျိုးကိုပေးနိုင်၏။ ဒါနပါရမီမမြောက်။ ကုသိုလ်အကျိုးကို တောင့်တခြင်းမရှိ။ ဤလှူဒါန်းပေးကမ်းစွန့်ကြဲသောအမှုကား။ အရိယာသ္တယ်သူတော်ကောင်းတို့၏အစဉ်ထုံးတမ်း သွားမြဲလမ်းပေတည်း။ ငါသည်လည်းအရိယာလောင်းသူတော်ကောင်းတို့လမ်းကိုလိုက်ထိုက်သည်။မိမိပိုင်ထိုက်သောပစ္စည်းဥစ္စာကိုသူတပါးသို့စွန့်ကြဲပေးကမ်းခြင်းမပြုသောအမှုသည်။သူတော်ကောင်းမဟုတ်သော အန္ဓဗာလပုထုဇန်တို့ အစဉ်ထုံးတမ်း သွားမြဲလမ်းပေတည်း။ ငါသည်ထိုဗာလပုထုဇန်တို့လမ်းကိုလိုက်ခြင်းငှါမထိုက်။ ဤသို့ရှုလုံး

ထားချွံစွန့်ကြဲပေးကမ်းသောဒါနကုသိုလ်သည်။ဒါနပါရမီဖြစ်၏။ ။ထိုမှတပါး။ အထူးမှတ်ရန်မှာ။ ဘဝသမ္ပတ္တိ။ ဘောဂသမ္ပတ္တိအကျိုး၌ ပြုအပ်သော ဒါနသည် ယုတ်ညံ့သောဒါနတည်း။ ဝဋ်ဒုက္ခ ဖြစ်သော ဘဝသမ္ပတ္တိ ဘောဂ သမ္ပတ္တိတို့မှ လွတ်ခြင်း၌ပြုအပ်သောဒါနသည်။ အလယ်အလတ်ဖြစ်သောဒါနတည်း။ခပ်သိမ်းသောသတ္တဝါတို့ကို။ ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိတို့မှလွတ်စေခြင်း၌။ ဗောဓိသတ္တဘုရားလောင်းတို့ပြုလေ့ရှိသောဒါနသည်အမြတ်ဆုံးဖြစ်သောဒါနတည်း။

---

အလှူခံ ပုဂ္ဂိုလ် ၁၄ ယောက်။

၁၇။ အလှူခံပုဂ္ဂိုလ်–၁၄–ယောက်ရှိ၏။ ၁၄–ယောက်ဟူသော်ကား။

(၁) တိရစ္ဆာန်။
(၂) မုဆိုးတံငါစသော။ သူတော်ကောင်း မဟုတ်သောလူဒုဿီလ။
(၃) သရဏဂုံ မရှိသော။ သာသနာပ သူတော်ကောင်းဖြစ်သောလူသီလဝန္တ။
(၄) သာသနာပ ဈာန်ရရသေ့။
(၅) သရဏဂုံ သီလရှိသောလူ။ ကိုရင်သာမဏေတို့မှစ၍သောတာပတ္တိမဂ်ပုဂ္ဂိုလ်။
(၆) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်။
(၇) သကဒါဂါမိမဂ်ပုဂ္ဂိုလ်။
(၈) ၎င်း ဖိုလ်ပုဂ္ဂိုလ်။
(၉) အနာဂါမိမဂ်ပုဂ္ဂိုလ်။
(၁၀) ၎င်း ဖိုလ်ပုဂ္ဂိုလ်။
(၁၁) အရဟတ္တမဂ်ပုဂ္ဂိုလ်။
(၁၂) ၎င်းဖိုလ်ပုဂ္ဂိုလ်။
(၁၃) ပစ္စေကဗုဒ္ဓါ။
(၁၄) မြတ်စွာဘုရား။

ဤတကျိပ်လေးယောက်တည်း။ ။ထိုတကျိပ်လေးယောက်တို့တွင်။တိရစ္ဆာန်သတ္တဝါတို့အားတနပ်စာဝအောင်ကျွေးမွေးသောအလှူသည်။ ဘ၀တရာတိုင်အောင်ကောင်းကျိုးပေးနိုင်၏။ လူဒုဿီလအားတနပ်စာဝအောင်ပေးလှူလျှင်။ ဘ၀တထောင်။ သရဏဂုံမရှိသောသာသနာပလူသီလဝန္တတို့အားပေးလှူလျှင်။ ဘ၀တသိန်း။ သာသနာပရဟန်းရှင်ရသေ့တို့အားတနပ်စာလှူလျှင်။ ဘ၀ကုဋေတသိန်း။သရဏဂုံသီလရှိသောလူ–သာမဏေမှစ၍သောတာပတ္တိမဂ်ပုဂ္ဂိုလ်တိုင်ပေးလှူလျှင်ဘ၀အသင်္ချေ။သည်ကအထက်ဘ၀အသင်္ချေချည်း။ အသင်္ချေများကိုသာအဆင့်ဆင့်ကြီးလေ။ ။အရေးမှတ်ရန်မှာ။ရဟန်းဒုဿီလသည်လူဒုဿီလထက်။ ဆယ်ပါးသောအကြောင်းတို့ဖြင့်ဆယ်ဆသာကြောင်း။ အရှင်နာဂသိန်ဟောတော်မူသည်(မိလိန္ဒပဉ္ဟာတွင်ရှု။)

---

စေတနာသုံးပါး။ ၁၀။ ဝတ္ထုကြွပေးကမ်း လှူဒါန်းခြင်း၌။ စိတ်စေတနာသုံးပါးအပြားရှိ၏။ သုံးပါးဟူသော်ကား။

(၁) မလှူမီရှေးအတို့၌ဖြစ်သောပုဗ္ဗစေတနာ။
(၂) လှူဆဲ၌ဖြစ်သောမုဉ္စစေတနာ။
(၃) လှူပြီးနောက်ဖြစ်သောအပရစေတနာ။

ထိုစေတနာသုံးပါးတို့တွင် တွန့်တိုခြင်း နှင့်ဂဟိတစေတနာ။ မတွန့်တိုခြင်းအနုဂ္ဂဟိတစေတနာဟူ၍ နှစ်ပါးကွဲပြားပြန်၏။ ထိုနှစ်ပါးတို့တွင်။ ပုဗ္ဗစေတနာ၌သော်၎င်း။ မုဉ္စစေတနာ၌သော်၎င်း။ အပရ စေတနာ၌သော်၎င်း တွန့်တိုသော စေတနာနှင့်လှူသော အလှူ၏အကျိုးကြောင့်။ ကြီးစွာသော စည်းစိမ်ကိုပင်ရသော်လည်း။ မစားရက်။မသောက်ရက်။မလှူရက် မပေးရက်ဖြစ်၍။ဥစ္စာစောင့်ကဲ့သို့သာဖြစ်လေကုန်၏။မတွန့်တိုသော၊စေတနာသုံးတန်လုံးညီညွတ်မှ အကျိုးပေးထက်သန်၏။ ဤသို့

လျှင်။ အလှူဒါန အရာ၌။ လှူသောသူ၏ စေတနာနှင့်။ အလှူခံ ပုဂ္ဂိုလ် အယုတ် အလတ် အမြတ်ကို အကြောင်းပြု၍ အကျိုးပေးအယုတ် အလတ် အမြတ်ဖြစ်၏။ မတွန့်တိုသော စေတနာ သုံးတန်လုံး ညီညွတ်၍။ အလှူခံပုဂ္ဂိုလ်–၁၄–ယောက်အနက် မြတ်စွာဘုရားကို လှူသောအလှူသည်။ အထွဋ်မြတ်ဆုံး ဖြစ်သောပုဂ္ဂလိကဒါနဖြစ်၏။ထိုမှတပါးအထူးမှတ်ရန်မှာ။ပုဂ္ဂိုလ်တဦးတယောက်ကို ရည်ညွှန်းလှူသော ပုဂ္ဂလိက အလှူထက် ပုဂ္ဂိုလ် အပေါင်းကို ရည်ညွှန်း လှူဒါန်းသော သင်္ဃိက အလှူသည်သာ၍အကျိုးပေးထက်သန်၏။

---

ဝေလာ
မ သုတ် ၌
ဟောမှတ်
သောဒါန
အပြား ၁၄
ပါး၊

၁၉။ ဝေလာမသုတ်၌ ဟောတော်မူအပ်သော အလှူဒါနံကား–၁၄–ပါးအပြားရှိ၏–၁၄–ပါးဟူသော်ကား။

(၁) အလောင်းတော်ဝေလာမပုဏ္ဏားအလှူ။
(၂) သောတာပန်တပါးအလှူ။
(၃) ၎င်း တရာအလှူ။
(၄) သကဒါဂါမ်တပါးအလှူ။
(၅) ၎င်း တရာအလှူ။
(၆) အနာဂါမ်တပါးအလှူ။
(၇) ၎င်း တရာအလှူ။
(၈) ရဟန္တာတပါးအလှူ။
(၉) ၎င်း တရာအလှူ။
(၁၀) အရှင်ပစ္စေကဗုဒ္ဓါတပါးအလှူ။
(၁၁) ၎င်း တရာအလှူ။
(၁၂) မြတ်စွာဘုရားတပါးအလှူ။
(၁၃) ဘုရားအမှူးရှိသောသင်္ဃာကဆွမ်းအလှူ။
(၁၄) စတုဒိသာသင်္ဃာကဇကျောင်းအလှူ။

ဤ–၁၄–ပါးတို့တည်း။ထို–၁၄–ပါးတို့တွင် နံပါတ်–၁–အလှူထက်။ နံပါတ်–၂–အလှူသည်အကျိုးကြီး၏။ နံပါတ်–၂–အ

ဤလူထက်နှံပါတ်–၃–အလှူသည်အကျိုးကြီး၏။ ဤသို့အစရှိသည်ဖြင့်အဆင့်ဆင့် တက်သော် နှံပါတ်–၁၄–စတုဒိသာသင်္ဃာ ကျောင်းအလှူသည်အကျိုးအကြီးဆုံးဖြစ်၏။

---

သရဏဂုံ သုံးပါး။

၂၈။ ပုညကိရိယာ ဝတ္ထုဆယ်ပါးတွင်။ ဒုတိယဖြစ်သောသီလအကြောင်းကိုမရေးမီ။ သရဏဂုံအကြောင်းကိုရှေ့ဦးစွာရေးသားအပ်၏။ ။သရဏဂုံကား သုံးပါး အပြားရှိ၏။ သုံးပါးဟူသော်ကား။

(၁) မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါ၏ဟူသော–ဗုဒ္ဓံသရဏံဂစ္ဆာမိ။
(၂) တရားတော်မြတ်ကိုကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဟူသော–ဓမ္မံသရဏံဂစ္ဆာမိ။
(၃) သင်္ဃာတော်မြတ်ကိုကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏ဟူသော–သံဃံသရဏံဂစ္ဆာမိ။

ဤသုံးပါးတည်း။

---

သရဏ[ဂုံ] သုံးပါး [သ]ည်ရတ[န]ာ မည် [သ]ခြင်းအ[ကြ]ောင်း။

၂၉။ သရဏဂုံသုံးပါးကို။ ရတနာသုံးပါးဟူ၍လည်း ခေါ်၏။ ရတနာဟူသည်ကား။ အံ့ရိုအသေပြုအပ်။ ပူဇော်အပ်သောသဘောရှိ၏။ အဘိုးများစွာထိုက်သောသဘောရှိ၏။ တုဘက်ကင်းသောသဘောရှိ၏။ ဖူးမြင်ရခဲခြင်းသဘောရှိ၏။ မယုတ်မာသောသတ္တဝါတို့၏သုံးဆောင်ရာဖြစ်သောအနက်သဘောရှိ၏။ ထိုငါးပါးတို့တွင်လောက၌ ပူဇော်အပ်သောအနက်သဘောကြောင့်။ ရတနာမည်သော ဝတ္ထုသည်ရှိ၏။ ထိုဝတ္ထုသည် အဘယ်နည်း ဟူမူကား။ စကြာမင်း၏ စကြာရတနာ ပတ္တမြားရတနာတို့တည်း။ ထိုစကြာရတနာ ပတ္တမြားရတနာကို စကြာမင်းရအပ်သည်ရှိသော်။ များစွာသော လူအပေါင်းတို့သည်။ အခြားသောဌာန၌ရှိသော ပူဇော်ခြင်းကိုမပြုကြကုန်။

ထိုစကြာရတနာပတ္တမြားရတနာတို့ကိုသာအရုံအသေပြုခြင်း။ ပူဇော်ခြင်းကိုပြု၍။ မိမိတို့လိုအပ်သော ခဲဘွယ် စားဘွယ်အဝတ်ပုဆိုးထည်မျိုး အုပ်မျိုး အသုံးအဆောင်ကိုရှင်း။ ရွှေငွေ ကျောက်မျက်ရွဲ ပုလဲပတ္တမြား စသော အမျက်ရတနာကိုရှင်း။ တောင့်တကြ၏။ ထိုတောင့်တတိုင်းသောအရာကိုရကြ၏။ ထိုသို့ပူဇော်အပ်သောအလိုခပ်သိမ်းကိုပြည့်စုံစေနိုင်သောစကြာရတနာ ပတ္တမြားရတနာတို့သည်လည်း။ ဘုရားရတနာနှင့်တူသောအဖြစ်မရှိ။ အရိုအသေပူဇော်အပ်သော အနက်သဘောကြောင့်။ရတနာအကာယ်၍မည်သည်ဖြစ်အံ့။ဘုရားရတနာသာလျှင် အလွန်အကဲအားဖြင့်ရတနာမည်၏။ အဘယ်ကြောင့်ဆိုသော်။ လူတို့သာ အရိုအသေပူဇော်ကြသည် မဟုတ်။ လူတို့ထက်သာလွန်၍ တန်ခိုးကြီးသောနတ်ဗြဟ္မာတို့လည်း အထူးရှိသေစွာ ပူဇော်ကြကုန်၏။ လောက သုံးပါး၏ ပူဇော်ရာကြီးဖြစ်၏။ ။အဘိုးများစွာထိုက်သောသဘောအားဖြင့်။ ရတနာမည်သောအကြောင်းဝတ္ထုသည်ရှိ၏။ ထိုဝတ္ထုသည် အဘယ်နည်းဟူမူကား။ ရှေးအခါ၌ ကာသိတိုင်း၌ဖြစ်သော အဝတ်မှုဆိုးတည်း။ထိုအဝတ်ပုဆိုးသည်။ ဟောင်းနွမ်းသော်လည်း အဆင်းနှင့်ပြည့်စုံသည်သာဖြစ်၏။ ကောင်းသော အတွေ့ရှိ၏။ အဘိုးများစွာလည်းထိုက်၏။ ထိုကာသိတိုင်းဖြစ် ပုဆိုးသည်လည်းဘုရားရတနာနှင့်တူသောအဖြစ်မရှိ။အဘိုးများစွာထိုက်သောကြောင့်။အကာယ်၍ရတနာမည်သည်ဖြစ်အံ့။မြတ်စွာဘုရားသည်သာလျှင်အလွန်အကဲအားဖြင့်ရတနာမည်တော်မူ၏။အဘယ်ကြောင့်ဆိုသော်။ မြတ်စွာဘုရားအား။ အနည်းငယ်ပန်းတပွင့်မျှ လှူဒါန်းပူဇော်ရကုန်သော သူတို့အား။ ကမ္ဘာများစွာ အပါယ်သို့ မလားမရောက်မူ၍။ လူမင်းနတ်မင်းတို့၏စည်းစိမ်ချမ်းသာကို ကြိမ်ဘန်များစွာ ခံစားသုံးဆောင်ရခြင်း စသော အဘိုး အတိုင်းမသိထိုက်သောအကျိုးကိုဖြစ်စေတော်မူတတ်သောကြောင့်တည်း။ ။တုဘက်ကင်းသော သဘောအား

ဖြင့် ရတနာမည်သော အကြင်ဝတ္ထုသည်လောက၌ရှိ၏။ ထို ဝတ္ထုသည် အဘယ်နည်း ဟူမူ။ စကြာဝတေးမင်းအား ဖြစ် သောစကြာရတနာတည်း။ ထိုစကြာရတနာသည်။ ဣန္ဒနီလာ ပတ္တမြားဖြင့် ပြီးသော ပုံတောင်းအချက်။ ရတနာ ခုနစ်ပါးဖြင့် ပြီးသော တထောင်သော အကန့်အကွက်။ သန္တာဖြင့်ပြီးသော အကွပ်ရှိ၏။ ရွှေနီ ခဲသို့ရဲရဲနီသောရွှေစင်ဖြင့်ပြီးသော အဆက် အစပ်ရှိ၏။ ၎င်းစကြာရတနာ၏ ဆယ်ခုဆယ်ခုသော အကန့် တို့အထက်၌ တခုဘုံခုစီပွန်ငယ်အားဖြင့် တရာသောပွန်ငယ် တို့သည် လေကိုယူခြင်းငှါဖြစ်ကုန်၏။ ထိုပွန်ငယ်တို့ ပြုအပ် သောအသံသည်၊ အလွန်လိမ္မာသောသူတို့ ညှိအပ်သောတူရိ ယာမျိုးငါးပါးသံသို့။ ငြိမ့်လေးသာယာစွာမြည်၏။ ထိုအကန့် ဆယ်ခုဆယ်ခု၌။ တစင်းတစင်းစီဖြစ်၍၊ တရာသောထီးဖြူတို့ ဖြင့်၎င်း။ ထီးဖြူ တစင်း တစင်း၌။ နှစ်သွယ် နှစ်သွယ်စီဖြစ်၍။ နှစ်ရာသောပုလဲသွယ်ဖြင့်၎င်း လွန်စွာတင့်တယ်၏။ ပုံတောင်း ၏ နှစ်ဘက်သောအဝတို့၌ ရတနာဖြင့်ပြီးသော ခြင်္သေ့ခံတွင်း နှစ်ခုတို့သည် ရှိကုန်၏။ အတွင်း၌ကား။ လှည်း ပုံတောင်း၏ အဘွင်း ကဲ့သို့ ချောမွေ့စွာသော အခေါင်း ရှိ၏။ ထိုစကြာ ရတနာကို ပြုတတ် ပြုစေတတ်သောသူသည်မရှိ၊ စကြာမင်း ၏ အကြောင်းရင်း ကံတော်သာလျှင် အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်၏။ ထိုစကြာရတနာ၏ အဘိုးကိုပိုင်းခြားခြင်း ငှါမတတ်ကောင်း။ တဘက်ကင်းသောရတနာမြတ်ဖြစ်၏။ တ ဘက် ကင်းသော သဘောအား ဖြင့် အကယ်၍ ရတနာမည် သည်ဖြစ်အံ့။ မြတ်စွာဘုရားသည်သာလျှင် စင်စစ်ရတနာမည် တော်မူ၏။ မြတ်စွာဘုရားသည်သီလဂုဏ်တော်အားဖြင့်၎င်း။ သမာဓိဂုဏ်တော်။ပညာဂုဏ်တော်စသည်တို့တွင်။ တပါးပါး အားဖြင့်၎င်း။ ဤငွေ၌ဤမျှရှိ၏။ ဤသူနှင့်တူ၏။ ဤသူနှင့်မျှ၏ဟု လောကသုံးပါးတွင် တစုံတယောက်သောသူသည်။ ပိုင်းခြား ခြင်းငှါမတတ်ကောင်းသည်သာဖြစ်တော်မူ၏။ တဘက်ကင်း

သောတယောက်ထည်းသောအတုလပုဂ္ဂိုလ်ဖြစ်တော်မူ၏။ ။ ဖူးမြင်ရခဲခြင်း သဘောကြောင့် ရတနာ မည်သော အကြောင်းဝတ္ထုသည်ရှိ၏။ ထိုဝတ္ထုသည် အဘယ်နည်းဟူမူ။ ရခဲသောထင်ရှားဖြစ်ခြင်းသဘောရှိသော စကြာဝတေးမင်းသည်ရှင်း။ ထိုမင်း၏ စကြာရတနာအစရှိသော ရတနာတို့သည်ရှင်း ဖြစ်သတည်း။ ထိုအလုံးစုံသည်လည်း။ ဘုရားရတနာကဲ့သို့ ရခဲသောအဖြစ်မရှိ။ ဖူးမြင်ရခဲခြင်းသဘောကြောင့်။အကယ်၍ ရတနာမည်သည်ဖြစ်အံ့။ မြတ်စွာဘုရားသည်သာလျှင် ရတနာမည်တော်မူရာ၏။ထိုစကြာမင်းအစရှိသည်တို့သည်တခုသော ကပ်၌သာလျှင် တပါးမက များစွာဖြစ်ကုန်၏။ မြတ်စွာဘုရားတို့သည်ကား။ အံ့သချေ ဖြစ်သော ကပ်၌လည်း ပွင့်တော်မမူကုန်သည် ဖြစ်၍။ ဘုရားမပွင့်သော သုညကမ္ဘာသာလျှင် များသတည်း။ ပွင့်တော်မူသော ကမ္ဘာ၌လည်း။ တဆူသော ဘုရား။ နှစ်ဆူသောဘုရား။ သုံးဆူသောဘုရား။ လေးဆူသော ဘုရား။ ငါးဆူသော ဘုရားတို့သာလျှင် ပွင့်တော် မူကုန်၏။ ဘုရား ပွင့်တော်မူသော ကာလထက်။ မပွင့်တော်မူသောကာလသည် အလွန် များလေသည်ဖြစ်၍။ ပွင့်တော်မူသော ကာလသည်။ မိုးတိမ် အုပ်သော ညဉ့် အခါ၌ လျှပ်စစ် ပြက်သော အခါကဲ့သို့ ဖြစ်သတည်း။ ဤသို့လျှင်ဖူး မြင်ရခဲခြင်း အနက်သဘောအားဖြင့်လည်း။ ဘုရားရတနာနှင့် တူသော ရတနာသည် လောကသုံးပါး၌ မရှိသည်သာတည်း။ ။မဟာတ်မာသော သတ္တဝါတို့၏ သုံးဆောင်ရာဖြစ်သော အနက်သဘော အားဖြင့် ရတနာမည်သော အကြောင်းဝတ္ထုသည်ရှိ၏။ ထိုဝတ္ထုသည် အဘယ်နည်းဟူမူ။ စကြာဝတေးမင်း၏ စကြာရတနာ အစရှိသောခုနစ်ပါးသော ရတနာတို့ပင်တည်း။ ထိုစကြာရတနာ အစရှိသည် တို့ကို။ နိမ့်သော အမျိုး၌ ဖြစ်ကုန် သော သူယုတ်တို့အား အိပ်မက်၌ လည်း သုံးဆောင်ခြင်း အကျိုး၌ါ မဖြစ်ပေ။ စကြာဝတေးမင်း၏ သုံးဆောင်ခြင်းအကျိုး၌ါ ဖြစ်ခြင်း

ကြောင့်။ မယုတ်မာသောသူတို့၏ သုံးဆောင်ရာသာလျှင်ဖြစ်သတည်း။ မယုတ်မာသော သတ္တဝါတို့၏ သုံးဆောင်ရာ ဖြစ်သော အနက်သဘောအားဖြင့်။ အကယ်၍ ရတနာမည်သည် ဖြစ်အံ့။ ·မြတ်စွာဘုရားသည်သာလျှင် ရတနာမည်တော်မူ၏။ မြတ်စွာဘုရားသည်။ လေးကဌ် ယုတ်မာသောသူဟု သမိုက်အပ်ကုန်သော အရဟတ္တဖိုလ်၏ အကြောင်း ပစ္စည်းမှ ကင်းကုန်သော။ ပုရာဏကဿပ၊ မက္ခလိဂေါသာလ အစရှိကုန်သော ခြောက်ယောက်သောဆရာတို့အားငှင်း။ ဤသို့သဘော ရှိသော အခြားသူတို့အားငှင်း။ အရဟတ္တဖိုလ်၏ ချမ်းသာကို အိပ်မက်၌လည်း သုံးဆောင်ရခြင်း မဖြစ်လေ။ ဘုရားပစ္စေကဗုဒ္ဓါသာဝကပုဂ္ဂိုလ်တို့၏ သုံးဆောင်ရာသျှင်ဖြစ်သတည်း။ ဤသို့လျှင် မယုတ်မာသော သတ္တဝါ တို့၏ သုံးဆောင် အပ်သော သဘောအားဖြင့်လည်း။ မြတ်စွာဘုရားနှင့် တူသော ရတနာ မည်သည်။ လောကသုံးပါး၌မရှိ။ ။ဤသို့လျှင် အံရိအသေပူဇော်အပ်သောသဘော။ အတိုးများစွာထိုက်သောသဘော။ဘုဘက်ကင်းသောသဘော။ ဖူးမြင်ရခဲခြင်းရှိသောသဘော။ မယုတ်မာသော သတ္တဝါတို့၏ သုံးဆောင် အပ်သောသဘော။ ဤသဘော ငါးပါးကြောင့်။ ရတနာမည်သည်ဖြစ်အံ့၊ မြတ်စွာဘုရားသည်သာလျှင် အမြတ်ဆုံး ရတနာအစစ်ဖြစ်တော်မူ၏။ ။ဤဘုရားရတနာ၏ ရတနာမည်သောအဖြစ်ကိုပြသဖြင့်။ တရားရတနာ။ သံဃာရတနာတို့၏ ရတနာမည်သော အဖြစ်လည်း ပြီးသတည်း။ အဘယ်ကြောင့်နည်းဟူမူ။ တရားရတနာ။ သံဃာရတနာတို့၏ တပါးအခြားမဟုတ်သည့်၏ အဖြစ်ကြောင့်ငှင်း။ ဘုရားရတနာလျှင် အကြောင်းမူလဖြစ်သည်၏အဖြစ်ကြောင့်ငှင်းတည်း။

ဘာနာ ပါး၏ ရ ဏာ သော စ်။ ၂၂။ ရတနာသုံးပါး၏ သရဏာမည်သောအဖြစ်ကား။ ဆင်းရဲကို ဖျက်ဆီးတတ်။ ညှင်းဆဲတတ် သောကြောင့်ရင်း။ ချမ်းသာကို ဖြစ်စေ တတ်သော ကြောင့်ရင်း။ ရတနာသုံးပါး သည်သရဏာမည်တော်မူ၏။ ။တနည်းကား။ ။မြတ်စွာ ဘုရားသည်။ လောကီ လောကုတ္တရာ အစီးအပွါးကို ဖြစ်စေ တော်မူခြင်းဖြင့်ရင်း။ ယခုဘဝ နောက်ဘဝတို့၌ အစီးအပွါး မဲ့ကို နစ်စေတော်မူခြင်းဖြင့်ရင်း။ ကိုးကွယ်ကုန်သော သတ္တ ဝါတို့၏ ကြောက်အပ်သော ဘေးကို ညှင်းဆဲ ဖျက်ဆီးတော် မူတတ်၏။ တရားတော်သည် ဘေးအပြည့်ရှိသော သံသရာ ဝဋ်ဆင်းရဲဘဝခရီးခဲမှ၊ နိဗ္ဗာန်တည်းဟူသော ဘေးမရှိသော အရပ်သို့ ရောက်အောင် ထုတ်ဆောင်တော်မူခြင်း ဖြင့် ရင်း။ သက်သာရာကို ပေးတော် မူခြင်းဖြင့်ရင်း။ ကိုးကွယ် ဆည်း ကပ်ကုန်သောသတ္တဝါတို့၏ ကြောက်အပ်သောသံသရာဘေး ကို ညှင်းဆဲ ဖျက်ဆီးတော်မူတတ်၏။ သင်္ဃာတော်သည် အ နည်းငယ်မျှမိမိအားကျေးဇူးပြုကုန်သောသူတို့အား။ ပြန့်ပြော သော အကျိုးကို ရခြင်းကိုပြုတော်မူသဖြင့်။ ကိုးကွယ်ကုန် သောသူတို့၏ ကြောက်အပ်သော သံသရာဘေးကို ညှင်းဆဲ ဖျက်ဆီးတော် မူတတ်၏။ ထို့ကြောင့် ရတနာ သုံးပါးသည် သရဏာ မည်တော်၏။ ရန်သူတို့၏ အလယ်၌ ရောက်သည် ဖြစ်၍။ အသက်-သားမယား-စီးပွါး ဥစ္စာတို့၏ အန္တရာယ် ဘေးနှင့် တွေ့ကြုံခြင်းကြောင့်။ အလွန်ကြောက်၍ ထိတ်လန့် တုန်လှုပ်သောသူအား။ တန်ခိုးကြီးသော မင်းစသောသူသည် ထိုရန်သူတို့ကို ညှင်းဆဲဖျက်ဆီးလျက်။ အသက်၏ချမ်းသာ ခြင်း။ သားမယားတို့၏ချမ်းသာခြင်း။ စီးပွါးဥစ္စာ၏ ချမ်းသာ ခြင်းတို့ကို ဖြစ်စေလတ်သည်ရှိသော်၊ ထိုမင်းစသောသူသည် ကြီးစွာသောအကျိုးမဲ့ကိုနစ်စေလျက် ကြီးစွာသောအကျိုးကို ဖြစ်စေ တတ်သော ကြောင့်။ ထိုသူ၏ ကိုးကွယ်ရာဟု လော ကဝ်၌ ဆိုအပ်သကဲ့သို့။ ပဋိသန္ဓေ နေရခြင်း။ နာရခြင်း။ အိုရ

ခြင်း။ ဗိုးရိုင်ပူဆွေး ငိုကြွေး မြည်တမ်းရခြင်း။ သေရခြင်း စသောသံသရာဘေးတို့နှင့်။အဘန်ဘန်တွေ့ကြုံရခြင်းကြောင့် ကြီးစွာသောကြောက်ခြင်းထိတ်လန့်တုန်လှုပ်ခြင်းသို့ရောက်ရကုန်သော။ လူ–နတ်–ဗြဟ္မာသတ္တဝါတို့အား။ ရတနာသုံးပါးသည်။ ထိုဘေးအပေါင်းတို့ကိုညှင်းဆဲဖျက်ဆီးတော်မူလျက်။ ယခုဘဝ၌ဖြစ်သောစီးပွါးချမ်းသာ။နောက်ဘဝတို့၌ဖြစ်သောစီးပွါး ချမ်းသာ။ မဂ်ဉာဏ်။ ဖိုလ်ဉာဏ်။ နိဗ္ဗာန်ချမ်းသာတို့ကိုဖြစ်စေတော်မူလတ်သည်ရှိသော်၊ ထိုရတနာ့မြတ်သုံးပါးသည်။ သံသရာဝဋ်ဆင်းရဲကို နှစ်စေတော်မူလျက်။ အဆုံးမရှိသောနိဗ္ဗာန် ချမ်းသာကို ဖြစ်စေတော် မူတတ်သောကြောင့်။ ထိုလူနတ်ဗြဟ္မာသတ္တဝါ အပေါင်းတို့၏ ကိုးကွယ်ရာ သရဏဟူ၍ဆိုအပ်သတည်း။

---

သရဏဂမန၏ အဓိပ္ပါယ်။ ဂစ္ဆာမိ၏ အဓိပ္ပါယ်။

၂၃။ သရဏဂမနဟူသော သရဏဂုံသည်ကား။ ရတနာသုံးပါးတို့၌ ကြည်ညိုခြင်း။ အလေးပြုခြင်း ရှိသော အဖြစ်တို့ဖြင့်ကိလေသာကိုပယ်ဖျက်အပ်သည်ဖြစ်၍။ ထိုရတနာသုံးပါးလျှင် ကိုးကွယ်ရာရှိသည်ဟူ၍ ဖြစ်သောစိတ်သည်။ သရဏဂမန သရဏဂုံမည်၏။

ဂစ္ဆာမိဟူသည်ကား။ ထိုသို့ဖြစ်သောစိတ်ဖြင့်။ရတနာသုံးပါးသည်။အကျွန်ုပ်၏ ဆင်းရဲအပေါင်းကိုဖျောက်လျက်။ ချမ်းသာအပေါင်းသို့ ရောက်စေတော် မူတတ်သော ကိုးကွယ်ရာတည်း။ ဤရတနာ သုံးပါးသည်။ အကျွန်ုပ်၏ လည်းလျောင်းရာတည်း။ ဤသို့ဆည်းကပ်တတ်၏။ ဤသည်ကားဂစ္ဆာမိ၏အနက်အဓိပ္ပါယ်တည်း။

---

သရဏဂုံ နှစ်ပါးပြားကြောင်း။

၂၄။ ထိုသရဏဂုံသည်။လောကုတ္တရာသရဏဂုံ။လောကီသရဏဂုံအားဖြင့်နှစ်ပါးအပြားရှိကုန်၏။ထိုနှစ်ပါးတို့တွင်။ သစ္စာလေးပါးကို မြင်ပြီးကုန်သော အရိယာပုဂ္ဂိုလ်တို့အား။

မဂ်ခလာ၌။ သရဏာဂုံကုသိုလ်၏အညစ်အကြေးဖြစ်ကုန်သော ကိလေသာတို့ကို။ အမြစ်အရင်းနှင့်တကွ။နုတ်ဖြတ်သောအားဖြင့်။ နိဗ္ဗာန်ကိုအာရုံပြု၍ လောကုတ္တရာသရဏာဂုံသည်ဖြစ်၏။ လောကီသရဏာဂုံကဲ့သို့။ဘုရား။တရား။သံဃာ၌။အသီးအသီး အစဉ်အတိုင်းမခံယူရပြီ။ မဂ်ကိုမရသေးသောပုဂ္ဂိုလ်တို့အား သရဏာဂုံ၏သစ်ညှုးကြောင်းဖြစ်ကုန်သော ကိလေသာတို့ကို။ ခဏာမျှခွါလျက်။ ရတနာသုံးပါး၏ဂုဏ်တော်ကိုအာရုံပြု၍။ အသီးအသီးခံယူသောအားဖြင့်လောကီသရဏာဂုံသည်ဖြစ်၏။

---

ခဏာ ည်ဥ ကာ ဖြစ် ဖြတ် င်း။

၂၅။ လောကသမုတိနတ်ဟု သမိုက်အံပ်သော ဘုရင်မင်းမြတ်၏ သားကြီးရတနာသည်။ အဘိသိက် သွန်းသည်နှင့် တပြိုင်နက် မင်း၏အဖြစ်သို့ ရောက်သကဲ့သို့ရှင်း။ ပြုဘူးသော ကောင်းမှုထူးရှိသော သာမဏေလောင်းသည်။ ဆံရိတ်ခြင်း။ သင်္ကန်းကို ဝတ်ခြင်းတို့၏ အဆုံး၌။ မိမိဆရာ့ထံ သရဏာဂုံ သုံးပါးကို ခံယူဆောက်တည်သည်နှင့် တပြိုင်နက်။ လူ၏အဖြစ်ကိုစွန့်၍။ မြတ်စွာဘုရား သားတော် သာမဏေ၏ အဖြစ်သို့ ရောက်သကဲ့သို့ရှင်း။ ပဉ္စင်းလောင်းသည်။ သိမ် အပြင်၌။ ကမ္မဝါစာအာဏာဖြင့်တင်မြတ်ကို။ မိမိ၏ဆရာကောင်းစွာဘတ်ရွတ် ပြီးဆုံးသည်နှင့် တပြိုင်နက်။ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ အဖြစ်ထက် မြင့်မြတ်လှစွာသော ရဟန်း၏အဖြစ် သို့ ကောင်းစွာရောက်သကဲ့သို့ရှင်း။ ထို့အတူပြုဘူးသောကောင်းမှုထူးရှိသည်ဖြစ်၍။ ကြီးမြိုက်ခဲလှစွာသော သာသနာတော်မြတ်၌ ကြိမ်ကြိုက်ရသော ပုဂ္ဂိုလ်သည်။ သရဏာဂုံ သုံးပါးကို သုံးကြိမ်မြောက် ခံယူဆောက်တည်သည်နှင့်တပြိုင်နက်။ သာမညလူ၏ အဖြစ်ကိုစွန့်၍။ မြတ်စွာဘုရားသာသနာတော်တွင်း၌။ မြတ်သော သရဏာဂုံတည် ဥပါသကာ၏ အဖြစ်သို့ ရောက်လေသတည်း။

၂၆။ သရဏဂုံသုံးပါးကို ခံယူဆောက်တည်ခြင်း၏အကျိုးကား ၈ပါးရှိ၏။ ၈ပါးဟူသည်ကား။

သရဏဂုံသုံးပါးကို ဆောက်တည်ခြင်းအကျိုး။

(၁) အရပ်ရှစ်မျက်နှာ၌ သူခပ်သိမ်းတို့၏ အပူဇော်ကိုခံရခြင်း။
(၂) ထက်မြက်သောပညာရှိခြင်း။
(၃) အလုံးစုံသောနတ်တို့ မိမိအလိုသို့လိုက်ရခြင်း။
(၄) မနှိုင်းယှဉ်နိုင်သောစည်းစိမ် ချမ်းသာနှင့်ပြည့်စုံခြင်း။
(၅) အဆင်းလှခြင်း။
(၆) ခပ်သိမ်းသောသူတို့ချစ်မြတ်နိုးခြင်း။
(၇) ဖြစ်မိသောအဆွေခင်ပွန်းတို့မပျက်စီးခြင်း။
(၈) များမြတ်သောအခြံအရံရှိခြင်း။

ဤသို့အားဖြင့် ၈ပါးသော အကျိုးတရားတို့ကို။ ဘဝတိုင်း၌ရ၏။ ။ရတနာသုံးပါး၌ ကိုးကွယ်သော သရဏဂုံကုသိုလ်ဖြင့်။ နတ်ပြည်သို့ ရောက်သောသူသည်။ အခြားကုသိုလ်ကိုပြု၍ နတ်ပြည်သို့ရောက်သော နတ်တို့ထက်ကဲလွန်၏။ အဘယ်ကြောင့် ကဲလွန်သနည်းဟူမူ။ ရတနာ သုံးပါးသည်၊ သုံးပါးသော လောက၌ရင်း။ အနန္တစကြာဝဠာ၌ရင်း။ အတုမရှိ လွန်ကဲထူးမြတ်သော အထွဋ်အထိပ်သို့ ရောက်သော ရတနာအစစ် ဖြစ်တော်မူသည်ဖြစ်၍။ထိုရတနာသုံးပါး၌ယုံကြည်လေးမြတ် ဆည်းကပ် ကိုးကွယ်သော သရဏဂုံ ကုသိုလ်သည်လည်း။ သာသနာပ ဖြစ်သော အလုံးစုံသော ကုသိုလ်အပေါင်းတို့၏ အထွဋ် အထိပ် ဖြစ်ခြင်းကြောင့်ရင်း။ သာသနာတော်တွင်း၌ ဖြစ်သော။ အလုံးစုံသော ကုသိုလ်အပေါင်းတို့၏ အကြောင်းရင်းစစ် တည်ရာ ဌာနဖြစ်ခြင်းကြောင့်ရင်း။ ဤသရဏဂုံ ကုသိုလ်သည်။ အလွန်အကြူး ထူးကဲလွန် မြတ်သောကုသိုလ်အစစ်ဖြစ်၍။အခြားသောကုသိုလ်တို့ဖြင့်နတ်အ

ဖြစ်သို့ ရောက်ကုန်သော တပါးသောနတ်တို့ထက် လွန်ကဲ ထူးမြတ်လေသတည်း။ ။သာသနာ၁ပအခါ၌။ သီလသမာဓိနှင့်ပြည့်စုံသည်ဖြစ်၍၊ သမာပတ်ရှစ်ပါး။ *အဘိညာဉ်ငါးပါး* တို့ကို ရသဖြင့်။ ကောင်းကင်ပျံခြင်း။ မြေလျှိုးခြင်း စသော တန်ခိုးဣဒ္ဓိနှင့်ပြည့်စုံသော။ သာသနာပချာန်ရ ရသေ့ ၏ပွါးသော ဘာဝနာထက်လည်း။ သာသနာတော်တွင်း၌ သရဏဂုံကို ပွါးများဆောက်တည်သော လူဥပါသကာ၏ သရဏဂုံသည်လွန်ကဲထူးမြတ်လေသတည်း။

---

သီလ၏ ...ပါယ်။ ၁၉။ သီလဟူသည်အဘယ်နည်းဟူမူကား။သင်္ခေပ အကျဉ်းအားဖြင့် ဆိုသော်။ ကာယကံဒုစရိုက် အစရှိသည် တို့ကိုဖရိုဖရဲမရှိစေမူ၍။ မိမိသန္တာန်၌ကောင်းစွာထားခြင်း။ ကောင်းစွာကျင့်ဆောင်ခြင်းတည်း။

---

သီလ၏ ...ပြား။ ၂၀။ သီလသည်။ဝါရိတ္တသီလ။ စာရိတ္တသီလ။နိဿိတသီလ။ အနိဿိတသီလ။ နိစ္စသီလ။ အနိစ္စသီလ။အစရှိသဖြင့် သီလ၏အပြားများစွာရှိ၏။ ။ဝါရိတ္တသီလဟူသည်ကား။ ကာယဒုစရိုက် သုံးပါး။ ဝစီဒုစရိုက်လေးပါးတို့ကို မကျူးမလွန်ရအောင် စောင့်ထိန်းမှုတည်း။ ဘုရား။တရား။ သံဃာ။ ဆရာမိဘ။ ဂုဏ်ကြီးသောသူ။ အသက် ကြီးသော သူတို့၌ အရိုအသေ ပြုထိုက်သောအခွင့်တို့ကိုသိ၍။ အရိုအသေပြုခြင်းအမှုသည်၎င်း။ တွေ့မြင်သမျှ သောသူတို့၌။ ကုသိုလ်ဖြစ်ထိုက်သော ဝေယျာဝစ္စအခွင့်ကိုမြင်လျှင်။ ကိုယ်အမှုကဲ့သို့ အကျိုးလိုလား၍။ ကြိုးစားအားထုတ်ခြင်း အမှုသည်။ စာရိတ္တသီလမည်၏၊ လူ၏စည်းစိမ်။နတ်၏စည်းစိမ်

---

* နောက်ဆက်တွဲအစဉ်နံပါတ်(၃၇)မှာကြည့်။
* နောက်ဆက်တွဲအစဉ်နံပါတ်([illegible])မှာကြည့်။

4

တို့ကို တောင့်တ၍ ဆောက်တည် အပ်သော သီလသည် နိဿိတသီလမည်၏။ သံသရာဝဋ်ကင်းရာ နိဗ္ဗာန်ကို ရည်မှော်၍တောင့်တသဖြင့် ဆောက်တည်အပ်သော သီလသည်။ အနိဿိတသီလမည်၏။ ။လူ့ဘဝရှိနေ့စဉ်မပြတ် အမြဲစောင့်ထိန်းအပ်သော သီလသည်။ နိစ္စသီလ မည်၏။ ရံခါ ရံခါ စောင့်ထိန်းအပ်သောသီလသည်။ အနိစ္စသီလမည်၏။

---

နိစ္စသီလ။ အနိစ္စသီလ။

၂၉။ ငါးပါးသီလ။ ဆယ်ပါးသီလ။ အာဇီဝဋ္ဌမကသီလ။ ဤသီလသုံးပါးသည်လူတို့၏နိစ္စသီလမည်၏။ ။ဥပေါသထဟူသော ရှစ်ပါးသီလသည်။ လူတို့၏ အနိစ္စသီလမည်၏။ ငါးပါးသီလသည်။ သဘာဝအားဖြင့် နိစ္စမျိုးသာဖြစ်၏။ ပုဂ္ဂိုလ်ကွဲသောအားဖြင့်မူကား။ အနိစ္စလည်းဖြစ်၏။ အဘယ်သို့ခြားနားသနည်း ဟူမူကား။ သူ၏အသက်ကိုသတ်ခြင်း အစရှိသောငါးပါးသော အမှုသည် ဘယ်အခါမှ ပြုထိုက်သော အမှုမျိုး မဟုတ်၍ အခါခပ်သိမ်း အစဉ်ထာဝရ မြဲထိုက်သောသဘောရှိ၏။ ထို့ကြောင့် နိစ္စသီလဖြစ်၏။ ထိုငါးပါးကို အမြဲစောင့်ထိန်း နိုင်သော သူသည်။ ရံခါရံဖန်ခံသူ၍ စောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏။ ထို့ကြောင့်အနိစ္စသီလလည်းဖြစ်၏။ သို့ရာတွင် ပုဂ္ဂိုလ်ကွဲခြင်း သည်ကား။ လိုရင်းမဟုတ်။ သဘာဝသည်သာလိုရင်း ဖြစ်၍။ အဋ္ဌကထာဆရာမြတ်တို့သည် ငါးပါးသီလကို နိစ္စအဘို့၌သာ ပြဆိုကြပေကုန်၏။ ဆယ်ပါးသီလသည်လည်း။ သဘာဝအားဖြင့် နိစ္စမျိုးသာတည်း။ ပုဂ္ဂိုလ် ကွဲသောအားဖြင့် အနိစ္စမျိုးလည်းဖြစ်၏။ ဖန်ရည်ဆိုးသောအဝတ်ကိုဝတ်သောလူသူတော်တို့အား။ ထိုအဝတ်ကိုသွင်နှင့်တည်နေသမျှ ကာလပတ်လုံးအစဉ်ထာဝရမြဲထိုက်သောသဘောရှိ၏။ ထို့ကြောင့်ထိုသူတို့မှာ ဆယ်ပါးသီလသည် နိစ္စမျိုးဖြစ်၏။ ပကတိလူသာမန်တို့

အား ထိုဆယ်ပါးသည် သဘာဝနိစ္စ ဖြစ်ခြင်းငှါ မထိုက်။ ထိုလူသာမန်တို့သည် ဆယ်ပါးသီလကို နေ့ရက် အပိုင်းအခြားနှင့် ခံယူစောင့်ထိန်းလိုလျှင်စောင့်ထိန်းရ၏။ အမြဲစောင့်ထိန်းလိုလျှင်လည်း စောင့်ထိန်းရ၏။ ထိုကြောင့် ထိုသူတို့မှာ ဆယ်ပါးသီလသည် အနိစ္စသီလဖြစ်၏။ သို့ရာတွင်အထက်ကပြဆိုခဲ့သည့်အတိုင်း။ သဘာဝသည်သာ လိုရင်းဖြစ်သောကြောင့်။ အဋ္ဌကထာတို့၌ ဆယ်ပါးသီလကိုနိစ္စအဘို့၌သာပြဆိုတော်မူကြပေကုန်သတည်း။

မှတ်ရန်အထူးမှာ နိစ္စသီလပင်ဖြစ်သော်လည်း။ နိစ္စအမြဲစောင့်ထိန်းနိုင်လျှင်။ ရံခါရံဖန်လည်း စောင့်ထိန်းရ၏။ အနိစ္စသီလပင် ဖြစ်သော်လည်း။ အသက်ထက်ဆုံး အမြဲစောင့်ထိန်းနိုင်လျှင် အကျိုးကြီး မြတ် သည်သာလျှင် ကတည်း။ ။သီလကို ကောင်းစွာ စောင့်ထိန်းရာ၏။ လွန်ကျူးမိလျှင်။ ဤအမှုကို နောင်ရှောင်ကြဉ်အံ့ဟု ဆောက်တည်ပြန်သော်။ ခဏခြင်း တည်ပြန်၏။ နောင်လွန်ကျူးမိပြန်လျှင်လည်း။ ထိုနည်းတူဆေးကြောလျှင် စင်ကြယ်ပြန်၏။ ဆေးကြော၍ စင်ပြန်လျှင်။ သီလနှင့်ပြည့်စုံသော လူသီလဝန္တ ဖြစ်ပြန်၏။ သိက္ခာပုဒ်အလုံးစုံကို မစောင့်ထိန်း နိုင်သောသူသည်၊ တပါးသောသိက္ခာပုဒ်။ နှစ်ပါးသောသိက္ခာပုဒ်အစရှိသဖြင့် မိမိတတ်စွမ်းနိုင်သရွေ့ စောင့်ထိန်းအပ်၏။ သိက္ခာပုဒ်တပါးနှစ်ပါးမျှကိုဆောက်တည်သဖြင့်။ ငါ့အားအ ဘယ်မှုစအံ့နည်းဟု မထေမဲ့ပြုရာ။ တခဏမျှ စောင့်ထိန်း၍ အဘယ်အကျိုးရှိအံ့နည်းဟူ၍လည်း မမှတ်မယူရာ။ သိက္ခာပုဒ်တပါးနှစ်ပါး၌ တခဏမျှတည်သဖြင့် များမြတ်သောအကျိုးရသည်သာမှတ်ရာ၏။

ငါးပါး သီလ။ ၃၀။ ငါးပါးသီလဟူသည်ကား။

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ် အပ်သော သိက္ခာပုဒ်ကို စောင့်ထိန်းပါ၏။)

(၂) အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ( သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ် အပ်သော သိက္ခာပုဒ်ကို စောင့်ထိန်းပါ၏။)

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ( သူတပါး၏ သားမယားကိုသွားလာလွန်ကျူးခြင်းမှရှောင်ကြဉ်အပ်သောသိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။)

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ (မဟုတ်မမှန်သော စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်အပ်သော သိက္ခာပုဒ်ကို စောင့်ထိန်းပါ၏။)

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ ( သေအရက်ကို သောက်ခြင်းမှရှောင်ကြဉ်အပ်သောသိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။)

ဤငါးပါးတည်း။ (ထင်ရှားသောအင်္ဂါများကိုဒုစရိုက်အခန်း၌ပြဆိုပြီးဖြစ်၏။

ရှစ်ပါးသီလ။

## ၃၁။ ရှစ်ပါးသီလဟူသည်ကား။

(၁)
(၂) အထက်၌ပြဆိုပြီး ငါးပါးသီလနှင့်ထပ်တူ ဖြစ်၏။

(၃) အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ (မမြတ်သောအကျင့်ဖြစ်သော မေထုန်မှီဝဲ ကာမ စပ်ယှက်ခြင်းမှ ကြဉ်ရှောင် အပ်သောသိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။

(၄)
(၅) အထက်၌ပြဆိုပြီး ငါးပါးသီလနှင့်ထပ်တူ ဖြစ်၏။

(၆) ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ (နေ့လွဲညစာ စားခြင်းမှရှောင် ကြဉ်အပ်သော သိက္ခာပုဒ်ကို စောင့်ထိန်း ပါ၏။)

(၇) နစ္စ။ ဂီတ။ ဝါဒိတ။ ဝိသုကဒဿန။ မာလာ။ ဂန္ဓ။ ဝိလေပန။ ဓါရဏ။ မဏ္ဍန။ ဝိဘူသနဋ္ဌာ နာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ (က ခြင်း။ သီချင်းသီဆိုခြင်း။ တူရိယာငါးပါး ကိုတီးမှုတ်ခြင်း။ ကစားခြင်း။ ကခြင်း။ သီ ချင်းသီဆိုခြင်း အစရှိသည်တို့ကို ကြည့်ရှု နားထောင်ခြင်း။ ပန်းပန် ဆင်ခြင်း။ သနပ် ခါးအစရှိသော အမွှေးအကြိုင်တို့ဖြင့် လိမ်း ကျံခြင်း။ နှင်းပေါက် ရောင် ဆံထုံး အစရှိ သည်တို့၌ ပန်းပန်ဆင်ခြင်း။ သနပ်ခါးအစ ရှိသောအမှုန့်တို့ဖြင့် နိမ့်မြင့်ချိုင့်ရာနေရာကို ဖို့ သိပ်ခြင်း။ သနပ်ခါးအစရှိသောအမွှေးအထုံ တို့ကိုသဘာခြင်း။ အတင့်အတယ်ပြုခြင်း

အနုံလိုင်ပျံ့အောင် ပြုခြင်း။ နံ့သာ အမွှေးမျိုးမှတပါး အခြားသော အမွှေးအထုံတို့ဖြင့် လိမ်းကျံခြင်း။ အရေ အသား တပ်စွန်း ငြိအောင်ပြုသောအမွှေးအထုံတို့ဖြင့် သာယာခြင်းတို့မှ ရှောင်ကြဉ် အပ်သော သိက္ခာပုဒ်ကိုစောင့်ထိန်းပါ၏။)

(၈) ဥစ္စာသယနမဟာသယနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ (မြင့်သောနေရာ မြတ်သောနေရာ၌ ထိုင်ခြင်း အိပ်ခြင်းမှ ရှောင်ကြဉ်အပ်သောသိက္ခာပုဒ်ကို စောင့်ထိန်းပါ၏။) ။ဤရှစ်ပါးတည်း။

နံပါတ် ၁-၂-၃-၄-၅ သိက္ခာပုဒ်တို့၏အင်္ဂါများကို။ဒုစရိုက်အခန်း၌ပြဆိုပြီ ဖြစ်၍။ ကြွင်းသောသိက္ခာပုဒ်တို့၏အင်္ဂါများကိုသာပြဆိုပေအံ့။

---

အဖြုတ်စရိယာသိက္ခာပုဒ်၏ အင်္ဂါလေးပါး။

၃၂။ အဖြုတ်စရိယာသိက္ခာပုဒ်၏ အင်္ဂါကားလေးပါးတည်း။လေးပါးဟူသော်ကား။

(၁) လွန်ကျူး၍ကျင့်အပ်သောမဂ်အပေါက်သုံးပါးတွင်တပါးပါးသောမဂ်လည်းဖြစ်ငေ။

(၂) မှီဝဲသွားလာလိုသောစိတ်လည်းရှိငေ။

(၃) မှီဝဲခြင်းလုံ့လလည်းရှိငေ။

(၄) သာယာသည်လည်းဖြစ်ငေ။

ဤလေးပါးတည်း။

---

ဝိကာလ ဘောဇနသိက္ခာပုဒ် အင်္ဂါ လေးပါး။

၃၃။ ဝိကာလဘောဇနသိက္ခာပုဒ်၌ အင်္ဂါကားလေးပါးအပြားရှိ၏၊လေးပါးဟူသော်ကား။

(၁) နေလွဲသည်လည်းဖြစ်ငေ။

(၂) ဘောဇဉ်ခဲဘွယ်လည်းဖြစ်စေ။

(၃) မျိုလည်းမျိုငေ။

(၄) အရူးအသွပ်မဟုတ်သည်လည်းဖြစ်စေ။

ဤလေးပါးတည်း။ ဒုတိယအင်္ဂါကို အကျယ်ချဲ့၍ဆိုဦးအံ့။ ဘောဇဉ်သည် ငါးပါးရှိ၏။ ငါးပါးဟူသော်ကား။ ထမင်း။လူး၊ဆပ်၊ပျောင်းအစရှိသောဩဒနလည်းတပါး။ စပါးမျိုးတို့ကိုလှော်အပ်သောမုန့်။ ရန့်မှုန့်။ဆန်မှုန့်။ ထပ်ထပ်ရှိရုံ မှုလှော်အပ်သော ဆန်မုန့်ဟု ဆိုအပ်သော သတ္တုလည်းတပါး။မယောစပါးမှဖြစ်သော မုန့်ဟုဆိုအပ်သော ကုမာသလည်းတပါး။ ငရသတ္တဝါဟုဆိုအပ်သော မစ္ဆလည်းတပါး။ နွားကျွဲအစရှိသော သတ္တဝါတို့၏အသားဟုဆိုအပ်သောမံသလည်းတပါး။ ဤငါးပါးသည် ဘောဇဉ် ငါးပါးတည်း။ အမြစ်။ အဖု။ အဥ။ အညွှာက်။ပင်စည်။အခေါက်။ အရွက်။အပွင့်။အစေ့။အမှုန့်။အစေး။ဤကားခဲဘွယ် ၁၂ ပါးတည်း။ထန်းသီး။အုန်းသီး။ပိန်းနွဲ့သီး။တောင်ပိန်းနွဲ့သီး။ဗျုးသီး။ဖရုံသီး။ သခွါးဆစ်သီး။ သခွါးပြုတ်သီး။ သခွါးငကြောင်သီး။ဤကားသီးကြီးကိုးပါတည်း။ ထိုမှတပါးမြို့ရွာဒေသ အသီးသီးတို့၌။ အာဟာရကိစ္စကို ပြီးစေတတ်သော စားအပ်သုံးဆောင်အပ်သောပဏ္ဏတို့ကိုလည်း။ ဘောဇဉ်၌သွင်းအပ်၏။ ထိုဘောဇဉ်ခဲဘွယ်သီးကြီးတို့ကိုယာဝကာလိကခေါ်၏။ အဖျော်ကို ယာမကာလိကခေါ်၏။ ထောပတ်ဆီဥ။ပျား တင်လဲတို့ကား သတ္တဟကာလိကမည်၏။ ဂွမ်းဆေးအစရှိသည်ကား။ယာဝဇီဝကမည်၏။ ဤသို့လျှင်ကာ

လိက လေးပါးဖြစ်တသည်း။ အချို့သောဆရာတို့က ယာဝ
ကာလိကကို သုံးဆောင်သော် သာလျှင် သိလပျက်သည်။
ကြွင်းသောကာလိကသုံးပါးကိုစားသောက်ခြင်းကြောင့် သိ
လမပျက်ညှိုးနွမ်းရုံမျှသာဟု ဆိုကြကုန်၏။* ၎င်းဆရာတို့စ
ကားကိုအနှစ်သာရမရှိဟုအချို့ဆရာတို့ပယ်၍။အကြောင်း
မရှိဘဲ ကြွင်းသော ကာလိကသုံးပါးကို စားသောက်လျှင်
သိလပျက်သည်ဟုဆိုကြကုန်၏၊ သပြေ။သရက်။ မုဒရက်။
ဖက်သက်။ တရော်။ အိမ်ငှက်ပျော။ တောငှက်ပျော။ ကြာ
စွယ်။ဤမူလအဖျော်ရှစ်ပါးနှင့်တကွ။ရှောက်။သင်္ဘောရာ။ဇည်
သီး။ကြိမ်သီး။ဆီးသီး။ကြို့သီး။ ခံသီး။မန်ကျည်းသီး။ဆီးသီး
အစရှိကုန်သော အသီးငယ်တို့၏ အဖျော်တို့သည်။ ယာမ
ကာလိကမည်၏။ ဤအဖျော်တို့ကိုကား။ မီးဖြင့်ပြုတ်ဖြော၍
ပြုသော်လည်းမသုံးဆောင်အပ်။ ရေအေးဖြင့်၎င်း။ နေပူဖြင့်
၎င်း။ ပြုသော်သာလျှင်သုံးဆောင်အပ်သည်။ ဤကားယာမ
ကာလိက၏အကျဉ်းမှတ်ဘွယ်။ သတ္တာဟကာလိကကား။
ထောပတ်။ဆီဦ။ပျား။တင်လဲ။ဤဆေးလေးပါးသည်။သတ္တာ
ဟကာလိကမည်၏။ ထန်းရည်။ကြံရည်။ဓနိရည်တို့ကိုတင်
လဲ၌ပါဝင်သည်ဟုဆိုအပ်၏၊ ဤကားသတ္တာဟကာလိက
အကျဉ်းမှတ်ဘွယ်။ ယာဝဇီဝိကကား။နနွင်း။ချင်း။ဆိပ်ဖူး။
ကြက်သွန်ဖြူ။ လင်းလေ။ ပန်းရင်း။ နွားမြေရင်း။ မိဂုဘ်။ ကု
လါးဆောင်းမေးကား။ဤသို့အစရှိသောအမြစ်တို့သည်၎င်း။
အိပ်မွှေးသီး။ ပြပ်ကောင်း။ သမင်စာသီး။ ကနုဒို။ ကြက်ဆူ
အစရှိသော အသီးမျိုးတို့သည်၎င်း။ ကွမ်းဆေးအစရှိသော
အရွက်မျိုးတို့သည်၎င်း။ ဆား။သုံ့။ကြေး။ ကျောက်။ ကြံစေး
ကို၎င်း။ အစေးနှင့်တကွသော ကြံခွံကို၎င်းထား၍။ အလုံးရုံ
သောအစေးအခွံပျားရေမဘက်သက်သက်သောဘယောင်း
မှော်မီးဖြင့် အကျွမ်းဖုတ်ပြီးသောအလုံးရုံသော ဝတ္ထု၊ ဤအ

---

* လယ်တီဆရာတော်ဘုရားကြီးလည်းဤကဲ့သို့ဆိုဖြတ်တော်မူ၏။

လုံးရုံသည့်ငှင်း။ ယာဝကာလိကနှ ဆိုခဲ့ပြီးသော နည်းဖြင့် ပကတိအာဟာရကိစ္စကို မပြီးစေနိုင်သော အမြစ်အဖုအစ ရှိသည်တို့သည့်ငှင်း။ ဤအလုံးရုံသည့်ယာဝဇီဝကမည့်၏။ ဤကားယာဝဇီဝကနှ အကျဉ်းမှတ်ဘွယ်တည်း။

---

နစ္စဂီတ ဝိက္ခာပုဒ်၌ အင်္ဂါ နှစ်ပါး။

၃၄။ နစ္စဂီတဝိသိက္ခာပုဒ်၌ အင်္ဂါကား နှစ်ပါးတည်း။ နှစ်ပါးဟူသော်ကား။

(၁) ကခြင်း စသည်တို့တွင် တပါးပါးလည်းဖြစ်စေ။

(၂) မိမိကိုယ်တိုင် ကခြင်း။ သူတပါးကို ကစေ ခြင်း ကြည့်ရှုခြင်းစသည့်တို့တွင် တပါးပါး လည်းဖြစ်စေ။

ဤနှစ်ပါးတည်း။ ။ဝါဒိတနှ ကား။တူရိယာငါးပါး*ကို ငှင်း။ တူရိယာငါးပါးနှင့် လျော်သော။ တယော။ မိကျောင်း။ စောင်း အစရှိသည့်တို့ကိုငှင်း။ မိမိလည်း မတီးမမှုတ်အပ်။ သူတပါးကိုလည်း မတီးမမှုတ်စေအပ်။ ဝိသုကဒဿနနှ။ ဝိ သုကမည်သည်ကား။ ကိလေသာ ပွါးခြင်း၏ အကြောင်း။ ကုသိုလ်ကို ဆုတ်နစ်ပျက်စီးခြင်း၏ အကြောင်း။ သာသနာ တော်၏ဆူးငြောင့်သဘွယ်ဖြစ်သော။ပဲရိုက်။အနံ့ခတ်။ကျွား

* တူရိယာငါးပါးဟူသည်ကား။အာတတလည်းတပါး။ဝိတတလည်းတ ပါး။အာတတ ဝိတတလည်းတပါး။ ဃနလည်းတပါး။ သုသိရလည်းတပါး။ ဤငါးပါးတည်း။ ထိုငါးပါးတို့တွင်။ တဘက်သားရေဖိတ်သောစည်သည်အာ တတမည့်၏။ နှစ်ဘက်သားရေဖိတ်သောစည်သည်ဝိတတမည့်၏။ ထက်ဝန်း ကျင်သားရေ ဖိတ်သောစည်သည် အာတတဝိတတမည့်၏။ တခဲနက်အသံကို ဖြစ်စေတတ်သော ခွက်ခွင်းကြေးနင်းအစရှိသောတူရိယာသည်ဃနမည့်၏။ အ ခေါင်းကိုစွဲ၍ဖြစ်သော။ပြွေ။နှဲ။ခရာ။စသောတူရိယာသည်သုသိရမည့်၏။ကြွင်း သောကြေးစည်။မုရိုး။တံပိုး။ ပတိုး။ခေါင်းလောင်းအစရှိသည်တို့သည်။ ထိုက် သည်အားလျော်စွာသွင်း၍။အာတတအဖြစ်။ ဝိတတအဖြစ်။အာတတဝိတတအ ဖြစ်။ဃနအဖြစ်။သုသိရအဖြစ်တို့ကိုသိအပ်၏။

ထိုး။ဆင်တိုက်။ မြင်းတိုက်။ ကျွဲတိုက်။နွားတိုက်။လက်ဝှေ့လက်ပန်း။ မီးပျံ။ မီးပန်းအစရှိသော အမှုသည် ဝိသုကမည်၏။ ထိုအလုံးစုံကို မိမိလည်းမပြုအပ်။ သူတပါးကိုလည်းမပြုစေအပ်။ သူတပါးပြုသည်ကိုလည်းမကြည့်ရှုအပ်။မာလာဟူသည်ကား။ကုံးသီသောပန်းသော်၎င်း။မကုံးသီသောပန်းသော်၎င်း။ ဥပုသ်အတွင်းမဆင်ယင်အပ်။ အခိုးအထုံအနံ့နံ့သာမျိုး အမွှေးမျိုးသည် ဂန္ဓမည်၏။ အရည်အဆင်းတပ်စွန်းခြင်းပြုခြင်း၌ ကြိတ်ညှစ်သွေး၍ ဖြူးအပ်သော အလိမ်းအကျံနံ့သာမျိုးအမွှေးမျိုးသည် ဝိလေပနမည်၏။နားပေါက်။ဦးပေါင်း။ရောင်း။ဆံထုံးစသည်တို့၌ ပန်ဆင်ခြင်းသည် ဓါရဏာမည်၏။ နံ့သာသနပ်ခါးအစရှိသောအမှုန့်တို့ဖြင့်။နိမ့်ရှိုင်းရာနေရာကိုဘို့သိပ်ခြင်းသည် မဏ္ဍနမည်၏။ နံ့သာပြောင်းအမွှေးအထုံတို့ကိုသာယာခြင်း။ အတင့်အတယ်ပြုခြင်း။ အနံ့လှိုင်မျှံအောင်ပြုခြင်းသည် ဝိဘူသနမည်၏။ နံ့သာအမွှေးမျိုးတို့ဖြင့် လိမ်းကျံခြင်းတို့မှ တပါးသော အမွှေးအထုံဖြင့်လိမ်းကျံခြင်းသည် ဝိလေပနမည်၏။အဆေအသားတပ်စွန်းညီအောင် ပြုသောနံ့သာပြောင်း။ အမွှေးအထုံတို့ဖြင့် သာယာခြင်းသည် ဝိဘူသနမည်၏။ ။အထူးမှတ်ရန်မှာ။ရတနာသုံးပါးတို့အားပူဇော်ခြင်း၌ ဈေးရှုဆောင်ခြင်း။ နံ့သာမျိုး။အမွှေးမျိုး အနံ့ကို သာယာ အပ်၏ဟု။ အဋ္ဌကထာဆရာမြတ်မိန့်ဆိုတော်မူသည်။

---

ဥစ္စာသယနမဟာသယနသိက္ခာပုဒ်၏အင်္ဂါနှစ်ပါး။

၃၅။ ဥစ္စာသယာန မဟာသယာန သိက္ခာပုဒ်၌ အင်္ဂါကားနှစ်ပါးတည်း။နှစ်ပါးဟူသော်ကား။

(၁) မြင့်သောနေရာ မြတ်သောနေရာလည်း ဖြစ်စေ။

(၂) ထိုနေရာ၌ထိုင်သည်။ အိပ်သည်လည်းဖြစ်စေ။

ဤနှစ်ပါးတည်း။ ။ဥစ္စာသယာနဟူသည်ကား။ ပကတိလူတတောင်ထွာ ပမာဏထက် လွန်သော ညောင်စောင်းအင်းပျဉ်အစရှိသည်တို့သည်။ ဥစ္စာသယာနမည်၏။ မှတ်ရန်အံ့ထူးမှာ။လေးထောင့်သက်သက်ကုလားထိုင်ကဲ့သို့ပြုအပ်သောနေရာသည် အာသန္ဒိကမည်၏။ ထိုအာသန္ဒိကနေရာ၌ ပမာဏထက် လွန်သော်လည်း အပ်၏ဟုဟောတော်မူ၏။ မဟာသယာန ဟူသည်ကား။ အခြေ၌ သားရဲရုပ် ထုသောပလ္လင်လည်းတပါး။လေးသစ်ထက်ရှည်သောအမွေးရှိသောကော်ဇောလည်း တပါး။ ရတနာတို့ဖြင့် ဆန်းကြယ်သောသားမွေးဖြင့်ပြီးသော ပဋိကမည်သော။ဖြူသောအခင်းလည်းတပါး။ခြသေ့ရုပ်။ ကျားရုပ်။ အစရှိသောအရုပ်တို့ဖြင့် ဆန်းကြယ်သော သားမွေးဖြင့်ပြီးသော။ ဝိကတိကာ မည်သောအခင်းလည်းတပါး။ ပန်းပွင့်တဘက် သတ်တက်သောသားမွေးဖြင့်ပြီးသော။ ဥဒ္ဒလောမိမည်သော အခင်းလည်းတပါး။ ပန်းပွင့် နှစ်ဘက်သတ် တက်သော သားမွေး ဖြင့် ပြီးသော ဧကန္တလောမိ မည်သော အခင်းလည်း တပါး။ ရတနာဖြင့် ချုပ်အပ်သော။လျှော်ချည်ဖြင့်ပြီးသောကဋ္ဋိဿမည်သောအခင်းလည်းတပါး။ ပိုးချည်အတွင်း ရွှေချည်သွင်း၍ ရက်အပ်သောကောသေယမည်သော အခင်းလည်းတပါး။ ၁၆ ယောက်သော ကချေသည်တို့သည်ရပ်၍ကအပ်သော သားမွေးဖြင့်ပြီးသောကုန္တကမည်သောအခင်းလည်းတပါး။ ဆင်ကုန်းနှီး။မြင်းကုန်းနှီး။ရထားအခင်း။ သစ်ရေတို့ဖြင့် ညောင်စောင်းနှင့် အမျှပြု၍ချုပ်အပ်သော အဇိနပဝေဏိမည်သောအခင်းလည်းတပါး။ ပုဆိုးဖြူ၏အပေါ်။ဝံပိုင်ရေဖြင့်ပြု၍ချုပ်အပ်သော ကဒလိမိဂပဝရပစ္စတ္ထရဏ မည်သော အခင်းလည်းတပါး။ အထက်၌ ဗိတာန်နီကြက်ခင်းအပ်သော အခင်းလည်းတပါး။ခေါင်းအုံး။ ခြေအုံးနှစ်ဘက်ရှိသောအိပ်ရာလည်းတပါး။ သားမြီးတို့ဖြင့်ဆန်းကြယ်သောသားမွေးဖြင့်

ပြီးသောစိတ္တကအခင်း။သားမွေးဖြင့်ပြီးသောဖြူစင်သောပဋိကအခင်း။တခဲနက်ပန်းပွင့်ရှိသောသားမွေးဖြင့်ပြီးသော ပဋလိကအခင်း။ လဲသုံးပါးတွင်တပါးပါးဖြင့်ပြည့်သော တုလိကအခင်း။ဤသည်တို့သည်မဟာသယနမည်၏။

---

ဆယ်ပါးသီလ။

၃၆။ ဆယ်ပါးသီလနှ၊ ရှစ်ပါးသီလတွင်။ နစ္စ။ဂီတ။ ဝါဒိတ။ဝိသုက။ ဒဿနာ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ။မာလာဂန္ဓ။ဝိလေပန။ဓါရဏ။မဏ္ဍန။ဝိဘူသနဋ္ဌာနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိဟုနှစ်ပါးပြုပြီးလျှင်။ ဇာတရူပရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိဟုသောသိက္ခာပုဒ်ကိုထည့်၍ဆယ်ပါးဖြစ်သတည်း။

---

ဇာတရူပရဇတသိက္ခါပုဒ်၏ အင်္ဂါသုံးပါး။

၃၇။ ဇာတရူပရဇတသိက္ခာပုဒ်၌အင်္ဂါကားသုံးပါးအပြားရှိ၏။သုံးပါးဟူသော်ကား။

(၁) ရွှေငွေလည်းဖြစ်စေ။

(၂) မိမိကိုရည်ညွှန်းအပ်သည်လည်းဖြစ်စေ။

(၃) ကိုင်ခြင်း။ ခံယူခြင်း။ သာယာခြင်း တို့တွင် တပါးပါးလည်းဖြစ်စေ။

ဤသုံးပါးတည်း။ရွှေသည်ဇာတရူပမည်၏။ငွေသည်ရဇတမည်၏။ ထိုမှတပါးသော။အသပြာ။ကြေး။ခဲ။ယခုအခါသုံးစွဲသော ငွေစက္ကူတို့သည် ရဇတအနက်သို့ဝင်၏။ ဗုလဲ. ပတ္တမြား။ ကျောက်မျက်ရွဲ။ ကျောက်သလင်း။ ခရုသင်း။ မသာရဂလ်စသော ရတနာတို့ကိုဇင်း။ စပါးတို့ကိုဇင်း။ မသုံးသပ်။မသာယာမခံယူအပ်ဟု။အဋ္ဌကထာဆရာမြတ်တို့ဆုံးဖြတ်တော်မူကုန်၏။

---

၃၈။ ငါးပါးသီလ။ ရှစ်ပါးသီလ။ ဆယ်ပါးသီလတို့
ကိုဆောက်တည်လိုသောသူသည်။ တပေါင်းထည်း သော်
၎င်း။အသီးအသီးသော်၎င်း။ ဆောက်တည်အပ်၏။ အသီး
အသီး ဆောက်တည် အပ်သော သိက္ခာပုဒ်တို့တွင်။ တခု
သော သိက္ခာပုဒ် ပျက်သည်ရှိသော်။ တခုသော သိက္ခာပုဒ်
သာလျှင်ပျက်၏။ တပေါင်းထည်း ဆောက်တည်အပ်သော
သိက္ခာပုဒ်တို့တွင် တခုသောသိက္ခာပုဒ် ပျက်သည် ရှိသော်
အလုံးစုံပျက်၏။ အဘယ်ကြောင့်နည်းဟူမူကား။ ဆောက်
တည်ခြင်း မပြားသောကြောင့်တည်း။ ကံမှုကား လွန်ကျူး
သောသိက္ခာပုဒ်သာလျှင်အကုသိုလ်ကံနှင့်စပ်၏။

---

၃၉။ ရှစ်ပါးသီလ။ဆယ်ပါးသီလတို့၌။ပါဏာတိပါ
တသိက္ခာပုဒ်၊ အဒိန္နာဒါနသိက္ခာပုဒ်။ မုသာဝါဒသိက္ခာပုဒ်။
သုရာမေရယ သိက္ခာပုဒ် ပျက်သော် အပါယ်ပဋိသန္ဓေပေး
၏။ကြွင်းသောသိက္ခာတို့ပျက်သော်အပါယ်ပဋိသန္ဓေမပေး။
စောင့်ထိန်းသောသီလသာလျှင်ပျက်၏။

---

၄၀။ အာဇီဝဋ္ဌမကသီလ ဆိုသည်ကား။ အထက်၌
ပြဆိုခဲ့ပြီးသောသုစရိုက်ဆယ်ပါးတွင်။ မနောသုစရိုက်သုံး
ပါးကိုချန်လှပ်သော်။ ကာယသုစရိုက်သုံးပါး။ ဝစီသုစရိုက်
လေးပါးဟူ၍ခုနစ်ပါးရ၏။ထိုခုနစ်ပါးတွင်သမ္မာအာဇီဝကို
ထည့်၍ အာဇီဝဋ္ဌမကသီလခေါ်၏။ မိစ္ဆာအာဇီဝဆိုသည်
မှာ။ အသက်မွေးမှု အတွက်နှင့် ပြုသော။ ပါဏာတိပါတ
စသည်ကိုပင် ဆိုသတည်း။ ထိုပါဏာတိပါတစသော ဒုစ္စ
ရိုက်မှုတို့နှင့် အသက်မွေးမှုကို ငါမပြုပါပြီဟုဆိုလိုသည်။
အာဇီဝဋ္ဌမကသီလဟူသောဝေါဟာရသည်အခေါ်အပြော
နည်းပါးကြ၏။ ထိုကြောင့် သီလအမည်ထူး အမျိုးထူးဟု

ထင်မှတ်ကြ၏။ စကြဝဠာ အနန္တတို့၌ပင်လျှင်။ ကမ္ဘာဦးအခါမှစ၍ ကမ္ဘာမြေပေါ်မှာ။ အာဇီဝဋ္ဌမကသီလ။ ရှစ်ပါးသီလ။ ဆယ်ပါးသီလ။ဤသီလသုံးပါးတို့သည်ဖြစ်ထွန်းစည်ရှိ၏။ အာဇီဝဋ္ဌမကသီလသည်။ မြတ်စွာဘုရား သာသနာတော်၌ အခြေခံတရားဖြစ်၍။ အာဒိဗြဟ္မစရိယကသီလမည်၏။ထိုသီလ၌ကောင်းစွာ တည်သောသူသည်။ လူသီလဝန္တအစစ်ဖြစ်၏။ ဤလူသီလဝန္တအဖြစ်၌တည်၍ပြုအပ်သောလှူဒါန်းမှု ဥပုသ်သီတင်းဆောက်တည်မှုတို့သည်။အလွန်ကြီးကျယ်သောအကျိုးတို့ကိုပေးနိုင်၏။ ထိုသီလ၌မတည်သောသူတို့သည်လှူဒါန်းမှု ဥပုသ်သီတင်း ဆောက်တည်မှုတို့ကိုပြုကြပါကုန်ညားသော်လည်းထိုသီလ၌ တည်သောသူတို့ရအပ်သောအကျိုးကိုမမှီနိုင်ကုန်။မဂ်ဖိုလ်ကိုရကြကုန်သောအရိယာပုဂ္ဂိုလ်တို့သည် အာဇီဝဋ္ဌမကသီလနှင့်ကင်း၍ မဂ်ဖိုလ်ကိုရသူရော်သူဟူ၍တစုံတယောက်မျှမရှိ။ အာဇီဝဋ္ဌမကသီလ၏အခွင့်သင့်သောတာပတ္တိမဂ်သို့ရောက်မှုကိစ္စပြီးစီး၏။ ခပ်သိမ်းသော စကြဝဠာအနန္တ ကမ္ဘာအနန္တတို့၌ သူတော်ကောင်းတို့၏ အရိုးအစဉ် ဖြစ်သော ကမ္ဘာစောင့် တရားကား။အာဇီဝဋ္ဌမကသီလတပါး။ဗြဟ္မစိုရ်တရားတပါး။ဤနှစ်ပါတည်း။ အဘယ်ကြောင့် ကမ္ဘာစောင့်တရားမည်သနည်းဟူမူကား။ ထိုတရားနှစ်ပါးနှင့်အများညီညာပြည့်စုံကြသောအခါတို့၌။ဤလူ့ပြည်သည်။ နတ်ပြည်၊ ဗြဟ္မာ့ပြည်တဲ့သို့ကြည်လင်ခြင်းခပ်သိမ်းနှင့်ပြည့်စုံ၏။ထိုတရားနှစ်ပါးတို့ဆုတ်ယုတ်၍ သွားသောအခါ။ လူ့ပြည်၌ ဆုတ်ကပ်ဟူ၍ဖြစ်ရ၏။ လုံးလုံးကွယ် ပျောက်သောအခါ။ ဆယ်နှစ်တန်း၌ကပ်ကြီး သုံးပါး အကြီးအကျယ်ဖြစ်၏။ ထိုတရားတို့တိုးတက်ပြန်သောအခါ။ လူ့ပြည်မှာတက်ကပ်ဖြစ်ပြန်၏။ဤသို့သောအကြောင်းကြောင့် ကမ္ဘာစောင့် တရားနှစ်ပါးဆိုသတည်း။ ထိုအာဇီဝဋ္ဌမက သီလသည်။ အရိယာမဂ်တည်း

ဟူသော မြတ်သောအကျင့်၏ အစအဖြစ်သို့ရောက်သောကြောင့်။ အာဒိဗြဟ္မစရိယက သီလမည်၏။ ထိုကြောင့် သမထဝိပဿနာကို အားထုတ်သောပုဂ္ဂိုလ်သည်။ သမထဝိပဿနာကိုအားမထုတ်မှီ ထိုအာဇီဝဋ္ဌမကသီလကို ဆောက်တည်အပ်၏ဟု။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာမြတ် မိန့်ဆိုတော်မူ၏။

---

ရတင်၏အပြား။ ၄၁။ ဆိုအပ်ခဲ့ပြီးသောသီလများမှတပါး။ရတင်–၁၃ ပါး*ကိုမြတ်စွာဘုရား ခွင့်ပြုတော်မူ၏။ ထို–၁၃–ပါးတို့တွင် ဧကာသနိက်ရတင်။ ပတ္တပိုင်ရတင်။ ဤရတင် နှစ်ပါးတို့ကို လူတို့ ဆောက်တည် အပ်ကုန်၏။ အထူးထူးသော နေရာ၌ စားခြင်းကိုပယ်ခြင်း။တထိုင်ထည်းသာစားခြင်းသည်။ဧကာသနိက်ရတင်မည်၏။နှစ်ခွက်မြောက် စားခြင်းကိုပယ်ခြင်း။ တခုထည်းသော ခွက်၌စားခြင်းသည်ပတ္တပိုင်ရတင်မည်၏။

---

ဧကာသနိက်ရတင်ဆောက်တည်သောပုဂ္ဂိုလ်၏အပြား။ ၄၂။ ဧကာသနိက်ရတင်၌။ အမြတ်ဖြစ်သော ဥက္ကဋ္ဌပုဂ္ဂိုလ်။ အလယ်အလတ်ဖြစ်သောမဇ္ဈိမပုဂ္ဂိုလ်။နူသောသူဖြစ်သောမုဒုပုဂ္ဂိုလ်ဟူ၍သုံးယောက်ပြား၏။ထိုသုံးယောက်တို့တွင်။ဥက္ကဋ္ဌပုဂ္ဂိုလ်သည်နည်းသည်မူလည်းဖြစ်စေ။ များသည်မူလည်းဖြစ်စေ။ အကြင်ဘောဇဉ်၌ လက်ကိုချ၏။ ထိုလက်ချသောအခါမှ တပါးသော ဘောဇဉ်ကို မယူအင်။ အကယ်၍လူတို့သည်။ထိုပုဂ္ဂိုလ်သည်တစုံတခုကိုမစားဟူ၍။ ထောပတ်အစရှိသည်တို့ကို ဆောင်ကုန်အံ့။ ဆေးအလို့ငှါသာစားအပ်၏။ အာဟာရအလို့ငှါ မစားအပ်။ မဇ္ဈိမပုဂ္ဂိုလ်သည်။အကြင်မျှလောက်ခွက်၌ဘောဇဉ်မကုန်သေး

---

* နောက်ဆက်တွဲအစဉ်နံပါတ် (၁၇) မှာကြည့်။

ထိုမျှလောက်တပါးသော ဘောဇဉ်ကိုယူအပ်၏။ (မိမိစား လျက်ရှိသောခွက်၌ ထမင်းမကုန်မချင်း စားအပ်၏ ဟူလိုသည်။) မုဒုပုဂ္ဂိုလ်သည် မိမိစားသောက် သုံးဆောင်လျက်ရှိသောနေရာမှမထမချင်းစားသောက်အပ်၏။

---

ပတ္တပိုင်ရတင်ဆောင်တည်သူ၏အပြား။

၄၃။ ပတ္တပိုင်ရတင်၌လည်း။ ဥက္ကဋ္ဌပုဂ္ဂိုလ်။ မဇ္ဈိမပုဂ္ဂိုလ်။မုဒုပုဂ္ဂိုလ်ဟူ၍သုံးယောက်တည်း။ ထိုသုံးယောက်တို့တွင်။ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ ကြီစားသောအခါကို ကြည့်၍ ငါးရိုး အမဲရိုးစသောအမှိုက်တို့ကို ထည့်စရာပစ်စရာခွက် တခု၌မထွန်းအပ်။ထမင်းခဲ။ ငါး။အမဲ။မုန့်တို့ကိုအရအရပြု၍။ အတန်ငယ် အတန်ငယ်ခွဲ၍မစားအပ်၊ ။မဇ္ဈိမပုဂ္ဂိုလ်သည်။ လက်တဘက်ဖြင့်သာ အတန်ငယ်ခွဲယူ၍ စားအပ်၏။ ။မုဒုပုဂ္ဂိုလ်မှာ။ခွက်တခွက်ထည်းတွင် စားလိုသမျှ စားအပ်၏။တခွက်ထက်ပိုရှိ၍သာလျှင်မစားအပ်။

---

ကောသနိက်ရတင်၏အကျိုး။

၄၄။ ကောသနိက်ရတင်၏အကျိုးကား။

(၁) အနာနည်းသောအဖြစ်လည်းတပါး။

(၂) ကြောင့်ကြနည်းသောအဖြစ်လည်းတပါး။

(၃) ပေါ့ပါးသောထကြွခြင်းလည်းတပါး။

(၄) အားရှိသောအဖြစ်လည်းတပါး။

(၅) ချမ်းသာစွာနေရခြင်းလည်းတပါး။

(၆) ရသတဏှာကိုဖျောက်ရခြင်းလည်းတပါး။

လူတို့၌ဤခြောက်ပါးတည်း။

---

(ပဋ္ဌာပိုင်ရ တင်၏အ ကျိုး။)

၄၅။ ပဋ္ဌာပိုင်ရတင်၏အကျိုးကား။

(၁) အထူးထူးသော ဘောဇဉ်၌ တပ်သော တဏှာကိုပယ်ဖျောက်ရခြင်း။

(၂) အလွန်အလိုရှိသောစားခြင်းကိုပယ်ရခြင်း။

(၃) အာဟာရ၌အတိုင်းအရှည်ကိုရှုခြင်း။

(၄) ခွက် အစရှိသော အများကို ဆောင်ရခြင်း ကြောင့်ပင်ပန်းခြင်း၏မဖြစ်ခြင်း။

(၅) မပျံ့လွင့်သောစားခြင်းရှိသည်၏အဖြစ်။

(၆) အလိုနည်းခြင်း အစရှိသော တရားတို့အား လျော်စွာဖြစ်ခြင်း။

ဤခြောက်ပါးတည်း။

---

(ဇီဝဋ္ဌမ သီလခံ ဆောက် တည်ပုံ။)

၄၆။ ငါးပါးသီလ။ ရှစ်ပါးသီလ။ ဆယ်ပါးသီလတို့ ဆောက်တည်ခံ နည်းများကို အများပင် သိကြပြီး ဖြစ်သော ကြောင့်။ ကျယ်လွန်းအံ့စိုး၍။ ဤကျမ်း၌မပြဆိုပြီ။ အာဇီဝဋ္ဌမကသီလ။ ဧကာသနိက် ရတင်။ ပဋ္ဌာပိုင် ရတင် ဆောက် တည်နည်းများကိုသာပြဆိုပေအံ့။

အာဇီဝဋ္ဌမကသီလခံယူဆောက်တည်ပုံကား။

အဟံ ဘန္တေ အဇ္ဇတဂ္ဂေ ပါဏုပေတံ။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိဟူ၍သော်၎င်း။ ပါဏာ တိပါတာဝိရမာမိ* ဟူ၍သော်၎င်းစသည်ဖြင့်မိစ္ဆာအာဇီ ဝတိုင်အောင်ဆိုလေ။ အာမဘန္တေ စသည်ဆိုဘွယ်မရှိပြီ။ မိမိနေ့ရာမှာ မိမိအလို အလျောက်လည်း ဆောက်တည်နိုင် ပါ၏။ ထိုသို့ရွတ်မြွက်၍ မဆောက်မတည်ဘဲလည်း။ စိတ်ထဲ ၌သာ ဤရှစ်ပါးကိုအသက်ထက်ဆုံးလုံခြုံစွာငါစောင့်ထိန်း မည်ဟု အဓိဋ္ဌာန်ပြု၍ စောင့်ထိန်း ရပါ၏။ လုံခြုံစွာ စောင့် ထိန်းနိုင်သည်သာလိုရင်းတည်း။

* ဝိရမာမိ။ ရှောင်ကြဉ်ပါ၏ဟု အဓိပ္ပါယ်ရသည်။

ကောသနိက်ရတင် ဆောက်တည်ပုံ။

၄၇။ ကောသနိက်ရတင်ဆောက်တည်ပုံကား။ နာနာသနဘောဇနံပဋိက္ခိပါမိ။ ကောသနိကင် သမာဒိယာမိ ဟူသော ဤနှစ်ပုဒ်တို့တွင်။ တပုဒ်ပုဒ်ဖြင့် ဆောက်တည်အပ်၏။ နာနာသန ဘောဇနံ။ အထူးထူးသော နေရာ၌စားခြင်းကို။ ပဋိက္ခိပါမိ။ ပယ်ပါ၏။ ကောသနိကင်။ တထိုင်ထည်းသာစားခြင်းဟူသော ရတင်အင်္ဂါကို။ သမာဒိယာမိ။ ဆောက်တည်ပါ၏။ ။ဤကားအနက်။

---

ပတ္တပိုင်ရတင်ဆောက်တည်ပုံ။

၄၈။ ပတ္တပိုင်ရတင်ဆောက်တည်ပုံကား။ ဒုတိယဘာဇနံပဋိက္ခိပါမိ။ ပတ္တပိဏ္ဍိကင် သမာဒိယာမိ။ ဟူသောနှစ်ပုဒ်တွင်တပုဒ်ပုဒ်ဖြင့်ဆောက်တည်အပ်၏။ ဒုတိယဘာဇနံပဋိက္ခိပါမိ။ နှစ်ခွက်မြောက်ကိုပယ်ပါ၏။ ပတ္တပိဏ္ဍိကင်။ တခုထည်းသောခွက်၌ စားသောပုဂ္ဂိုလ်၏အင်္ဂါကို။ သမာဒိယာမိ။ဆောက်တည်ပါ၏။ ။ဤကားအနက်။

(ဤကျမ်းစာသည်လူတို့အဘို့သာ သင်္ခေပအကျဉ်းအားဖြင့် ရေးသားအပ်သော ကျမ်းဖြစ်၍။ ရဟန်းသာမဏေနှင့်ဆိုင်သောသီလရတင်များကိုမပြမဆို။ လူတို့နှင့်ဆိုင်သောသီလရတင်များကိုသာ အကျဉ်းအားဖြင့် ပြဆိုရေးသားသတည်း။ အကျယ်ကိုသိလိုမူ။ သီလဝိနိစ္ဆယ။ သီလသံယမဝိနိစ္ဆယ စသောကျမ်းများတွင်ရှုတော်မူကြပါကုန်။)

---

ဘာဝနာ၏ အပြား။ ကမ္မဋ္ဌာန်း၏ အဓိပ္ပါယ်

၄၉။ ပုညကိရိယာ ဝတ္ထုဆယ်ပါး၌ တတိယ ဖြစ်သောဘာဝနာအကြောင်းကိုပြဆိုပေအံ့။ ဘာဝနာသည်နှစ်ပါးအပြားရှိ၏။ နှစ်ပါးဟူသော်ကား။ သမထဘာဝနာ။ ဝိပဿနာဘာဝနာ။ ဤနှစ်ပါးတည်း။ ဘာဝနာကို ကမ္မဋ္ဌာန်းဟူ၍လည်းခေါ်၏။ ပါဠိဘာသာမှာ။ ကမ္မဋ္ဌာနဟုခေါ်၏။ မြေ။ ရေ။ လေ။ မီး။ ညို။ ပြာ။ မည်းမှောင်သောအဆင်း။ ရွှေသောအ

ဆင်း။နီမြန်းသောအဆင်း။ဖြူသောအဆင်း။မရောနှောသော အပိုင်းအခြား။ အရောင် အလင်းတည်း ဟူသော။ ဤဆယ်မျိုးမှတပါး။ မြင်ဘွယ်ကိစ္စ အမှုမရှိသည်ဖြစ်၍ ထိုမြင်အပ်သော အမှုပြုခြင်း။ ကမ္မ။ ရှေ့ရှုရာ အရပ်သည်။ ဌာန။ ဤသဘောနှစ်ခုကို ရောနှော၍ ကမ္မဋ္ဌာန ခေါ်ဝေါ်ခြင်းသည်ဖြစ်၏။ ။သမထဘာဝနာ။ ဝိပဿနာဘာဝနာ နှစ်ပါးတို့တွင်။ ဝိပဿနာဘာဝနာသည်။သံသရာဝဋ်ဆင်းရဲမှထွက်မြောက် သော မဂ်ဖိုလ်တို့ကို ရနိုင်သော တရား ဖြစ်သောကြောင့်။လောကုတ္တရာတရားနှင့်ဆိုင်ရာ။ ဒုတိယပိုင်း၌ပြဆိုလတ္တံ့။ သမထဘာဝနာဖြင့် ရအပ်သောသမာဓိကို အခြေပြု၍။ ဝိပဿနာဘာဝနာကိုအားထုတ်မှသာလျှင်။ မဂ်တရားကိုရနိုင်၏။

---

သမထ ...ဋ္ဌာန်း၏ ...ား။ ၅၀။ ယခုအခါ သမထကမ္မဋ္ဌာန်းကိုပြဆိုပေအံ့။ သမထကမ္မဋ္ဌာန်းသည် လေးဆယ် အပြားရှိ၏။ လေးဆယ်ဟူသော်ကား။

| | |
|---|---|
| ကသိုဏ်း | ၁၀-ပါး။ |
| အသုဘ | ၁၀-ပါး။ |
| အနုဿတိ | ၁၀-ပါး။ |
| ဗြဟ္မဝိဟာရ | ၄-ပါး။ |
| အာရုပ္ပ | ၄-ပါး။ |
| သညာ | ၁-ပါး။ |
| ဝဝတ္ထာန် | ၁-ပါး။ |
| ပေါင်း | ၄၀-ဖြစ်သည်။* |

---

* အကျယ်ကိုသိလိုမူ၊နောက်ဆက်တွဲအစဉ်နံပါတ်(၃၆)မှာကြည့်။

• သမထ ဘာဝနာ ပွါးဟန်။

၅၁။ သမထဘာဝနာပွါးဟန်အကျဉ်းအားဖြင့်ကား ဤသို့တည်း။ ကသိုဏ်းဆယ်ပါးတို့တွင်။ ပထဝီကသိုဏ်းကို ပွါးများ အားထုတ်လိုသောသူသည်။ ညို–ရွှေ–နီ–ဖြူ–ဤအရောင်လေးမျိုးတို့နှင့်မရောရှက်စေခြင်းငှါရင်း။ လွန်စွာစိတ်ပျော်မွေ့စေခြင်းငှါရင်း။ နေအရုဏ်ရောင် အဆင်းရှိသော။ မဝါလွန်း မနီလွန်းသော မြေနီနုံးမြေစေးကို အမှိုက်မပါရအောင် ညက်စွာ ဆင့်ပြီးလျှင်။ ရေနှင့်ပျော်လျက် ညက်စွာနယ်၍။ တထွာခန့် အလျားအနံကျယ်စွာ။ လှည်းဘီးငယ်ကဲ့သို့ အဝိုင်းမြေချပ် ပြုလုပ်ပြီးလျှင်။ ကြည့်ရှုမည့် ဘက်ကချောမွတ်စွာပြုလုပ်၍ကာလနားဌ် ယပ်ဝန်းအနှဲးပတ်ကဲ့သို့။ တပူတပြွားခန့် အမြှုသော်ရင်း။ အစိမ်းသော်ရင်း။ ဆေးမင်အနှဲးပတ်သုတ်လိမ်းအပ်၏။ ဤကဲ့သို့ ကသိုဏ်းဝန်းပြုလုပ်ပြီးလျှင်။ ဆိတ်ငြိမ်သောအရပ်၌။ ထိုကသိုဏ်းဝန်းမြေကြီးကို ကြည့်ရှုအပ်၏။ ထိုကသိုဏ်းဝန်းကို မျက်စေ့နှင့်မြင်သောအတိုင်း။ စိတ်ထဲ၌စွဲကပ်ထင်မြင်၍ နေအောင်။ သတိပညာနှင့် ခိုင်ခိုင်မြဲမြဲမှတ်၍အကုန်လုံးအနှံ့စေ့စေ့ကြည့်ရှုအပ်၏။ *စိတ်ထဲ၌စွဲလောက်ချိန်တန်လျှင်။ မျက်စေ့ကိုမှိတ်၍စမ်းလေ။ မျက်စေ့မှိတ်သော အခါမှလည်း။ ဘွင့်၍ကြည့်နေသည့်အခါ၌ကဲ့သို့။ မြေကြီးဝန်းကိုထင်မြင်၍နေလျှင်။ ဥဂ္ဂဟနိမိတ်ကိုရပြီဟုဆို၏။ မိမိ ကြည့်ရှုနေသော မြေကြီး ကသိုဏ်းဝန်းကို ပရိကမ္မနိမိတ်ဟု ခေါ်သည်။ ဥဂ္ဂဟနိမိတ်ကိုရသောအခါ။ စိတ်သည်မြေကြီး ဥဂ္ဂဟနိမိတ်၌ သာမြဲစွာတည့်၏။ မျက်စေ့ကိုမှိတ်သောအခါရင်း။ ဘွင့်သောအခါရင်း။ ဤမြေကြီးကသိုဏ်းဝန်းကိုမြင်၍နေသည်။ အိပ်ရာမှ နိုးလျှင်လည်း။ မြေချပ်ကသိုဏ်းဝန်းကြီးကိုပင်ထင်မြင်၍နိုးလာ၏။ မျက်နှာရှေ့ကမြေချပ်ကသိုဏ်းဝန်းကြီးဆီးလျက်သာနေ၏။ ဤကဲ့သို့ ဥဂ္ဂဟ

---

* ဤကဲ့သို့အကြွင်းအကျန်မရှိ အကုန်အလုံးအနှံ့ ကြည့်ရှုရခြင်းကြောင့် ကသိဏ။ ကသိုဏ်းဟူ၍ခေါ်သည်။

နိမိတ်ကို ရသောအခါ။ မြေချပ်ကသိုဏ်းဝန်းကို ဖယ်ရှား ပြီးလျှင်။ စိတ်ထဲ၌ပါရသောမြေကြီး ဥဂ္ဂဟနိမိတ်ကိုသာအ မြဲအစွဲ ကြည့်ရှုရာ၏။ ဤအခါ ရရှိသောသမာဓိသည်။ ပရိ ကမ္မ ဘာဝနာ သမာဓိမည်၏။ ထိုသို့ အမြဲအစွဲ အားထုတ် ကြည့်ရှုဘန်များသောအခါ။ ဤဥဂ္ဂဟနိမိတ်သည်။ တဖြည်း ဖြည်း။ သိမ်မွေ့၍သိမ်မွေ့၍လာသဖြင့်။ ရသစ်စဉ်ဂ္ဂဟနိမိတ် ထက်အဆအရာမကအလွန်သိမ်မွေ့လာ၏။ အလွန်စိတ်နှစ် သက်ပျော်ဘွယ်ကောင်းသောအဖြစ်သို့ရောက်၍လာ၏။ ထို ကဲ့သို့ဖြစ်လာသောနိမိတ်ကို။ ပဋိဘာဂနိမိတ်ဟုခေါ်သည်။ ထိုပဋိဘာဂနိမိတ်ကို ရသောအခါ။ နီဝရဏငါးပါး * တို့ သည် ကင်းကွာကုန်၏။ ကိလေသာတို့သည် ဆုတ်နစ်ကုန် ၏။ ဤအခါရရှိသောသမာဓိသည်။ ဥပစာရသမာဓိမည်၏။ ထိုပဋိဘာဂနိမိတ်ကိုအာရုံပြု၍။ ဥပစာရသမာဓိ ဖြစ်ပွါးသ ဖြင့်။ နီဝရဏတို့၏ကင်းကွာခြင်း။ ကိလေသာတို့၏ ဆုတ် နစ်ခြင်း။ စိတ်၏တည်ကြည်ခြင်းရှိသော ပုဂ္ဂိုလ်အား။ ဈာန် အင်္ဂါငါးပါး‡ တို့၏ထင်ရှားဖြစ်သဖြင့်။ ရူပါဝစရပဌမဈာန် ဟူသော အပ္ပနာသမာဓိ သည်ဖြစ်၏။ ။ဥပစာရသမာဓိ။ အပ္ပနာသမာဓိ နှစ်ပါးတို့၏ ခြားနားပုံကား။ ရပ်လျက်ထား အပ်သော သူငယ်သည်။ အားနည်းသောကြောင့်။ အဘန် ဘန်မြေ၌လည်းသကဲ့သို့။ ဥပစာရသမာဓိအခါ၌။ ဈာန်အင်္ဂါ ငါးပါးတို့၏အားနည်းခြင်းကြောင့်။ စိတ်ကိုပဋိဘာဂနိမိတ် အာရုံ၌စွဲမြဲစေသော်လည်း။ ၎င်းအာရုံ၌တာရှည်စွာမစွဲမြဲနိုင်။ အားရှိသောယောကျ်ားသည်။ တနေ့ပတ်လုံးရပ်၍နေနိုင်သ ကဲ့သို့။ အပ္ပနာသမာဓိအခါ၌။ ဈာန်အင်္ဂါတို့၏ အားရှိခြင်း ကြောင့်။ ၎င်းသမာဓိနှင့် ယှဉ်သော ဈာန်စိတ်သည်။ တနေ့ ပတ်လုံးသော်၎င်း။ တညဉ့်ပတ်လုံးသော်၎င်း။ ပဋိဘာဂနိ

* နောက်ဆက်တွဲအစဉ်နံပါတ် (၁၉) မှာကြည့်။
‡ နောက်ဆက်တွဲအစဉ်နံပါတ် (၁၁) မှာကြည့်။

မိတ်အာရုံ၌တည်၏။ ။ထိုပဋိဘာဂနိမိတ်ကို ရနိုင်လျှင်။ ထိုပုဂ္ဂိုလ်သည်တိဟိတ်ပုဂ္ဂိုလ်ဖြစ်ကြောင်းထင်ရှား၏။ ထိဟိတ်ပုဂ္ဂိုလ် မဟုတ်လျှင်။ ပဋိဘာဂနိမိတ်ကိုမရနိုင်။ ။ ထိုပုဂ္ဂိုလ်၌ဖြစ်သော စိတ်သည်။ ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသောပဌမဈာန်စိတ်မည်၏။ ထို့ကြောင့်။ ထိုပုဂ္ဂိုလ်သည် ဈာန်ရ ပုဂ္ဂိုလ်မည်၏။ ထိုဈာန်စိတ်မပျက် မလျော့ဘဲသေသော်။လူ့ပြည်။နတ်ပြည်ကိုလွန်၍ဗြဟ္မာ့ဘုံ၌အကျိုးပေး၏။

ဤကဲ့သို့ ပဌမဈာန်ကိုရပြီး၍ ခိုင်မြဲအားကောင်းအောင် ဝသီဘော်ငါးပါး* တို့ဖြင့်။အထက်ဒုတိယဈာန်ကိုရစေခြင်းငှါအားထုတ်လိုသော ပုဂ္ဂိုလ်သည်။ ဤယခုငါရသောပဌမဈာန်စိတ်သည်။ နီဝရဏာဟူသော ရန်သူနီးသေး၏ ဝိတက်ပါခြင်းကြောင့်။အလွန်လှုပ်ရှား ရုန့်ရင်းကြမ်းထမ်းသေး၏။ ဝိတက်မပါလျှင်။ သည့်ထက်သိမ်မွေ့ငြိမ်သက်ရာ၏ဟုပဌမဈာန်၌ တပ်ခြင်း တဏှာကို ကုန်စေ၍။ ပထဝီပဋိဘာဂနိမိတ်ကိုပင်လျှင်။မြဲ။ မြဲဟုစိတ်ထဲက မှတ်လျက်။ အဖန်ဖန်ကြည့်ရှုသောအခါ။ စိတ်ထဲ၌ ဝိတက်သည် တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ သွားသဖြင့် ဝိတက်ပျောက်၍။ ကြွင်းသော ဈာန်အင်္ဂါလေးပါးနှင့်ပြည့်စုံသောဒုတိယဈာန်ကိုရ၏။ဤဈာန်ကိုလည်းရှေးနည်းအတူခိုင်မြဲအောင်။ ဝသီဘော်တို့ဖြင့်ပြုအပ်၏။

ဤကဲ့သို့ဒုတိယဈာန်ကို ရပြီးနောက်။ ခိုင်မြဲအောင်ဝသီဘော်တို့ဖြင့် နိုင်အောင်ပြုပြီး၍။ အထက် တတိယဈာန်ကို ရခြင်းငှါအားထုတ်လိုသောပုဂ္ဂိုလ်သည်။ ဤဒုတိယဈာန်စိတ်သည်ဝိတက်ဟူသောရန်သူနီးသေး၏။ဝိစာရပါရှိခြင်းကြောင့်။ ရုန့်ရင်း ကြမ်းထမ်းသေး၏။ ဤဝိစာရမပါလျှင်။ သည့်ထက်သိမ်မွေ့ငြိမ်သက်ရာ၏ ဆင်ခြင်၍။ဒုတိယဈာန်

* နောက်ဆက်တွဲအစဉ်နံပါတ် (၃၅) မှာကြည့်။

၌တပ်သောတဏှာကို ကုန်စေပြီးလျှင်။ ထိုပထဝီပဋိဘာဂနိမိတ်ကို။ မြေ။ မြေဟု စိတ်ထဲကမှတ်၍။ အဘန်ဘန်ကြည့်ရှုသောအခါ။ ဝိစာရ တဖြည်းဖြည်းသိမ်မွေ့၍ သိမ်မွေ့၍ သွားသဖြင့် ဝိစာရပျောက်ကင်း၍။ ကြွင်းသောဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တတိယ ဈာန်ကိုရ၏။ ဤဈာန်ကိုလည်းခိုင်မြဲအားကောင်းအောင်ဝသီဘော်တို့ဖြင့်ပြုအပ်၏။

တတိယဈာန်ကိုရပြီး၍။အထက်စတုတ္ထဈာန်ကိုရခြင်းငှါ အားထုတ်လိုသော ပုဂ္ဂိုလ်သည် ဤတတိယဈာန်ပီတိသည် ဝိစာရဟူသော ရန်သူနီးသေး၏။ ဤပီတိသည်နှစ်သက်ခြင်းသဘောဖြစ်၍။ကာမဘုံဟူသော လူစည်းစိမ်နတ်စည်းစိမ်နှင့်နီးလှ၏။ ဤပီတိပါရှိခြင်းကြောင့်။ ရုန့်ရင်းကြမ်းတမ်းသေး၏။ ဤပီတိမပါလျှင်။ သည့်ထက် သိမ်မွေ့ငြိမ်သက်ရာ၏ဟု ဆင်ခြင်၍ တတိယဈာန်၌ တပ်သောတဏှာကိုကုန်စေပြီး၍။ ထိုပထဝီပဋိဘာဂ နိမိတ်ကို။ မြေ။ မြေဟု စိတ်ထဲကမှတ်လျက်။ အဘန်ဘန် ကြည့်ရှုသောအခါ။ ပီတိ တဖြည်းဖြည်း သိမ်မွေ့၍ သိမ်မွေ့၍ သွားသဖြင့်။ ပီတိသည်ပျောက်ကင်း၍။ ကြွင်းသောဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသောစတုတ္ထဈာန်ကိုရ၏။

ဤကဲ့သို့ဈာန်ကိုရပြီး၍အထက်ပဉ္စမဈာန်ကိုတက်လိုရလိုခြင်းငှါအားထုတ်လိုသောပုဂ္ဂိုလ်သည်။ ဤစတုတ္ထဈာန်စိတ်သည် ပီတိဟူသောရန်သူနီးသေး၏။ ဤသုခသည်ကာမသုခနှင့် နီးစပ်သောသဘောရှိ၏။ ဤသုခပါရှိခြင်းကြောင့်စိတ်သ[illegible]ပေါ်လွင်၏။ စိတ်ထဲ၌အာရုံကို ကောင်းသည်ဟုခံစားသော ဤသုခမဟုတ်ဘဲ။ အာရုံကိုကောင်းသည်ဟူ၍၎င်း။ မကောင်းဟူ၍၎င်းမခံစားဘဲ။ အလယ်အလတ်ခံစားခြင်းဥပေက္ခာသဘောနှင့်နေလျှင်။ သည့်ထက်သိမ်မွေ့ငြိမ်သက်ရာ၏ဟုဆင်ခြင်၍။ ဥပေက္ခာကိုတောင့်တပြီးလျှင်။ ထိုပထဝီပဋိဘာဂနိမိတ်ကို။ မြေ မြေဟု စိတ်ထဲကမှတ်၍။ အ

ဘန်ဘန်ကြည့်ရှုသောအခါ။ သုခသည်တဖြည်းဖြည်းဆိမ်မွေ့၍သိမ်မွေ့၍သွားလျက်။ကောင်းသည်ဟုခံစားခြင်းသဘောမဟုတ်ဘဲ။ မကောင်းဘူးဟုခံစားခြင်းသဘောလည်းမဟုတ်ဘဲ။ ကောင်းမှုမကောင်းမှု နှစ်ဘက်သို့ မကျဘဲ။ အံလယ်အလတ်ခံစားခြင်း ဥပေက္ခာဝေဒနာဖြစ်လာ၍။ ကြွင်းသော ဧကဂ္ဂတာဈာန်အင်္ဂါတပါးထည်းရှိသော ပဥ္စမဈာန်ကိုရ၏။

ဤကဲ့သို့ဈာန်တို့ကိုရအောင်အားထုတ်ရာ၌ အချို့သောပုဂ္ဂိုလ်တို့မှာအထက်၌ ပြဆိုခဲ့သည့်အတိုင်း ဈာန်ငါးဆင့်ရှိ၏။ ဤနည်းကိုပဥ္စကနည်းဟုခေါ်သည်။ အချို့သောပုဂ္ဂိုလ်တို့မှာကား။ ဈာန်အင်္ဂါဝိတက်နှင့်ဝိစာရကိုတပေါင်းထည်းတကြိမ်ထည်းပယ်ခဲ့၍။ဈာန်လေးဆင့်သာရှိသည်။ထိုနည်းကို စတုက္ကနည်းဟုခေါ်သည်။ ဆိုစတုက္ကနည်း၌။ တတိယဈာန်သည် ဒုတိယဈာန်ဖြစ်၏။ စတုတ္ထဈာန်သည် တတိယဈာန်ဖြစ်၏။ပဥ္စမဈာန်သည်စတုတ္ထဈာန်ဖြစ်၏။

ဤသို့ပထဝီ (မြေကြီး) ကသိုဏ်းကိုကြည့်ရှု၍ရသောဈာန်တို့သည်။မြေဝန်းပထဝီကသိုဏ်းကိုကြည့်ရှု၍ရသောဈာန်ဖြစ်ခြင်းကြောင့်။ပထဝီကသိုဏ်းမည်ကုန်၏။ယခုကဲ့သို့ပထဝီကသိုဏ်းဈာန်ကိုရအောင်။ ပထဝီကသိုဏ်းနိမိတ်ကိုကြည့်ရှုမှုရာမှာ။ ရှေးအတိတ် နီးသောဘဝက ပထဝီကသိုဏ်းနိမိတ်ကို ရခဲ့ဘူးသော အထုံမရှိသော သူတို့မှာသာလျှင်။ ဤကဲ့သို့မြေကြီးကသိုဏ်းဝန်းကိုအသေအချာလုပ်၍ရှုမှပင်နိမိတ်ရနိုင်သည်။ ဈာန်ရနိုင်သည်။ ရှေးအထုံပါရမီရှိသောသူတို့မှာမူကား မပြုမပြင်ဘဲ။ ပကတိမြေပြင်ကိုပင်မြေ။မြေဟုနှလုံးသွင်း၍ အားထုတ်ကြည့်ရှုလျှင်ပင်။ ပထဝီကသိုဏ်းနိမိတ်ရနိုင်သည်။ဈာန်တို့ကိုဖြစ်စေနိုင်၏။

ဤကဲ့သို့ ပထဝီကသိုဏ်း ဘာဝနာ ပွါးဟန်ကိုပြဆိုပြီး၍။ ကြွင်းသောသမထကမ္မဋ္ဌာန်း-၃၉-ပါးတို့ပွါးဟန်တို့ကို

လည်းရိပ်မိဘို့ရှိသောကြောင့်၊ကျယ်အံ့ဗိုး၍။ကမ္မဋ္ဌာန်းတခု တခုစီပွါးဟန်ကို၊ဤသင်္ခေပကျမ်း၌မပြမဆိုသတည်း။

(ပုညကြိယာဝတ္ထုဆယ်ပါးတို့တွင်လည်း။ဒါန။သီလ။ ဘာဝနာတို့ကိုသာ အကျယ်ပြဆိုအပ်၏။ ကြွင်းသောခုနစ်ပါးတို့မှာ။ သိလွယ်သော တရားများဖြစ်သောကြောင့်၊ ဤကျမ်း၌အကျယ်မပြမဆိုသတည်း။)

---

ပုညကြိယာဝတ္ထုဆယ်ပါးတို့၌ ဘာဝနာသည် အမြတ်ဆုံးဖြစ်ကြောင်း။

၅၂။ ပုညကြိယာဝတ္ထုဆယ်ပါးတို့တွင်။ ဘာဝနာသည် အမြတ်ဆုံး ဖြစ်၏။ (မြတ်သော တရားဆိုသည်မှာ။ နိဗ္ဗာန်တရားကို ရလွယ်သော နိဗ္ဗာန်နှင့် နီးသောတရားကို မြတ်သောတရားဟုခေါ်၏။) ဝေလာမသုတ်၌ မြတ်စွာဘုရား ဟောတော်မူသည်မှာ။ ဘုရားအလောင်းဖြစ်သောဝေလာမ ပုဏ္ဏားသည်။ အလွန်ထူးမြတ်သောသတိသံဝေဂတရားနှင့် ပြည့်စုံတော်မူ၍။ဂင်္ဂါမြစ်အနီး၌–၁၂-ယူဇနာရှိသောခုံစင် တို့ကို ဆောက်လုပ် စေပြီးလျှင်။ ဇမ္ဗူဒိပ်ကျွန်းသူတို့အား ဖိတ်ကြားတော်မူ၍၊ခုနစ်နှစ်ခုနစ်လပတ်လုံး၊မြိန်မြတ်သော ခဲဘွယ်စားဘွယ်တို့ကို ကျွေးမွေးလှူဒါန်းတော်မူ၏။ အငြိမ်း အဆုံး၌အထူးထူးသောငွေအသုံးအဆောင်တို့ဖြင့် ပြည့်ရုံ သော။ကြေးခွက်ပေါင်း–၈၄၀၀၀။ ရွှေအသုံးအဆောင်တို့ ဖြင့်ပြည့်သောငွေခွက်ပေါင်း–၈၄၀၀၀။ရတနာခုနစ်ပါးတို့ ဖြင့်ပြည့်သော ရွှေခွက်ပေါင်း–၈၄၀၀၀။ (ထိုသုံးခုသော ခွက်တို့သည် ငယ်သောခွက်မဟုတ်ကုန်။ သုံးခုသောခွက် တို့ကိုဗုလျက်မှောက်ထားသည်ရှိသော်။လယ်တပယ်ပြည့် ၏၊ ထိုခွက်တို့သည် ပါးသောခွက်လည်း မဟုတ်ကုန်။ ထို ခွက်တို့၏ အနားရေးသည် မြင်းဒှစ်ကောင်ကသောရထား

ဖြင့်လှည့်လည်လောက်သော ပမာဏရှိ၏။) ရွှေဖြင့်ပြီးသော
အဆင်တန်ဆာ ရှိကုန်သော။ ရွှေတံခွန်။ ရွှေအလံ၊ ငိုက်
သောက်ကုန်သော ရွှေကွန်ရက်ဖြင့် ကောင်းစွာဖုံးလွှမ်းအပ်
ကုန်သော ဆင်ရတနာ—၈၄၀၀၀။ ခြသေ့ရေ။ ကျားရေ
ကမ္ဗလာနီတို့ဖြင့် ခြယ်လှယ်ချုပ်လုပ်အပ်ကုန်သော။ ရွှေဖြင့်
ပြီးသော အဆင်တန်ဆာ တို့ဖြင့် တန်ဆာဆင်အပ်ကုန်
သော။ ကောင်းစွာစိုက်ထောက်အပ်သော ရွှေတံခွန်ရှိကုန်
သော ရွှေကွန်ရက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ရထား
၈၄၀၀၀။ ဦးချိုဥါလေးဘက်တို့၌ ရွှေပြားဖြင့် စွပ်အပ်ကုန်
သော။ အဘိုးများစွာထိုက်သော ကမ္ဗလာဖြင့် ကျောက်ကုန်း
၌ရုံအပ်ကုန်သော။ အဘိုးများစွာ ထိုက်သော နို့ရည်ခံရွှေ
ဖျဉ်းနှင့်တကွ ဖြစ်ကုန်သော။ နို့ညှာ်နွားမ—၈၄၀၀၀။ ပတ္တ
မြားနားဒေါင်း ဆင်ဝတ်ကုန်လျက်။ အထူးထူးသော တန်
ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော။ ကညာသတို့သမီး
၈၄၀၀၀၊ အခွေးလက်လေးသစ် ရှည်သော သားမွေးဖြင့်
ပြီးသော။ ဂေါဏက မည်သော အခင်း။ ဝံပိုင်ရေ၏ အ
ထက်၌ ဖြူသော အဝတ်ကိုကြက်၍ ပြုအပ်သော မြတ်သော
အခင်း။ ဤအခင်းတို့ဖြင့် ခင်းအပ်ကုန်သော၊ အထက်၌ နီ
သော ဗိတာန်ဖြင့် ကြက်အပ်ကုန်သော။ နှစ်ဘက်သော ခြေ
အုံးခေါင်းအုံးရှိကုန်သော။ သားရေချုပ်တပ်သော အခြေရှိကုန်
သော ပလ္လင်—၈၄၀၀၀။ ခေါမဘိုဇ္ဇ၌ ဖြစ်သော။ ပုဆိုး။ ပိုး
ချည်ပုဆိုးတို့၏ ဆယ်ဆည်တလိပ်။ လိပ်အပ်သော ပုဆိုး
လိပ်ပေါင်း—၈၄၀၀၀။ ဤအလုံးစုံသော ဝတ္ထုတို့ကို ဇမ္ဗူ
ဒိပ်ကျွန်း သူအလှူခံပုဂ္ဂိုလ်တို့အား လှူတော်မူ၏။ ထိုသူရား
အလောင်းတော် ဝေလာမပုဏ္ဏား၏ ကြီးစွာသော ဤအလှူ
ထက်သာသနာတော်၌ မဂ်ဉာဏ် အမြင်ရှိသော သောတာ
ပန်ပုဂ္ဂိုလ်တပါးအား။ တကြိမ်ကျွေးအပ်သော ဒါနသည်
အလွန်အကျိုးရှိ၏။ ထိုသောတာပန်ပုဂ္ဂိုလ် တပါးအား လှူ

သောဒါနထက်။ သောတာပန်ပုဂ္ဂိုလ်တရာတို့အားလှူအပ်
သောဒါနသည် အကျိုးကြီးမြတ်၏၊ သောတာပန် တရာ
အားလှူသောဒါနထက်။ သကဒါဂါမ်ပုဂ္ဂိုလ်တပါးအား လှူ
သောဒါန၊ သကဒါဂါမ် ပုဂ္ဂိုလ် တပါးအား လှူသောဒါန
ထက်။ အနာဂါမ်ပုဂ္ဂိုလ်တပါးအားလှူသောဒါန။ အနာဂါမ်
ပုဂ္ဂိုလ်တပါးအားလှူသောဒါနထက်။ အနာဂါမ်ပုဂ္ဂိုလ်တ
ရာအားလှူသောဒါန။ အနာဂါမ်ပုဂ္ဂိုလ် တရာလှူသောဒါန
ထက်။ ရဟန္တာတပါးအားလှူသောဒါန။ ရဟန္တာတပါးအား
လှူသောဒါနထက်၊ ရဟန္တာပုဂ္ဂိုလ်တရာအား လှူသောဒါ
န။ ရဟန္တာပုဂ္ဂိုလ် တရာအား လှူသော ဒါနထက်။ အနှင်
ပစ္စေကဗုဒ္ဓါတပါးအား လှူသောဒါန။ အနှင်ပစ္စေကဗုဒ္ဓါ တ
ပါးအား လှူသောဒါနထက်။ မြတ်စွာဘုရား တပါးအားလှူ
သောဒါန။ မြတ်စွာဘုရား တပါးအားလှူသော ဒါနထက်။
ဘုရားအမှူးရှိသော သံဃာတော်အား ဆွမ်းလှူသော ဒါန
သည် အကျိုးကြီးမြတ်၏။ ထိုဘုရား အမှူးရှိသော သံဃာ
တော်အား ဆွမ်းလှူသော ဒါနထက်။ စတုဒိသာသံဃာကို
ရည်၍ ကျောင်းဆောက်လုပ်လှူဒါန်းရသော ဒါနသည် အ
ကျိုးကြီးမြတ်၏။ ထိုစတုဒိသာကျောင်းအလှူထက်။ သရဏာ
ဂုံကုသိုလ်အကျိုးကြီး၏။ သရဏာဂုံကုသိုလ်ထက်။ သရဏာ
ဂုံကုသိုလ်နှင့် တကွ ဆောက်တည်အပ်သော ငါးပါးသီလ
ကုသိုလ်။ ထိုထက်မေတ္တာ ဘာဝနာကုသိုလ်။ ထိုထက်အ
နိစ္စသညာဝိပဿနာကုသိုလ် လွန်မြတ်ကြောင်းကို သဗ္ဗညု
မြတ်စွာဘုရားကိုယ်တော်တိုင်ဟော ကြားတော်မူသတည်း။
ထိုကြောင့် ပုညကြိယာဝတ္ထု ဆယ်ပါးတို့တွင် ဘာဝနာ
ကုသိုလ်သည်အမြတ်ဆုံးဖြစ်ကြောင်းကိုသိအပ်၏။

သုံးဆယ့်တဘုံ ဖြစ်ခြင်း အကြောင်း။

၅၃။ မကောင်းမှုအကုသိုလ် ဒုစရိုက်ကို ပြုမိသောသူသည်။ အပါယ်လေးဘုံ၌ ဖြစ်ရ၏။ အပါယ်လေးဘုံဟူသည်ကား။

(၁) ငရဲ။

(၂) တိရစ္ဆာန်။

(၃) ပြိတ္တာ။

(၄) အသူရကာယ်။

ဤလေးဘုံတည်း။ ကောင်းမှုကုသိုလ်သုစရိုက်ကို ပြုသောသူသည်။ လူ့ဘုံ။နတ်ဘုံတို့၌ဖြစ်၏။ နတ်ပြည်ကား ခြောက်ဘုံရှိ၏။ ခြောက်ဘုံဟူသော်ကား။

(၁) စတုမဟာရာဇ်။

(၂) တာဝတိံသာ။

(၃) ယာမာ။

(၄) တုသိတာ။

(၅) နိမ္မာနရတိ။

(၆) ပရနိမ္မိတဝသဝတ္တီ။

ဤခြောက်ဘုံတည်း။အပါယ်လေးဘုံ။လူ့ဘုံ။နတ်ပြည် ခြောက်ဘုံ။ဤဆယ့်တဘုံသည်ကာမဆယ့်တဘုံမည်၏။ လူ့ဘုံနှင့်နတ်ခြောက်ဘုံကိုကာမသုဂတိခုနစ်ဘုံဟုခေါ်၏။သုစရိုက် ဆယ်ပါးတို့တွင် ဘာဝနာမှစ်ပါးအနက်။ သမထဘာဝနာ ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့်။ ဈာန်တပါးပါးကိုရသောသူသည်။ မိမိရရှိသောဈာန်မပျက်မလျှောမှီသေသော်

ထိုဈာန်အားလျော်စွာ။ ဖြဟ္မာဘုံနှစ်ဆယ်တို့တွင်တဘုံဘုံ၌ ဖြစ်၏။ ဖြဟ္မာနှစ်ဆယ်ဟူသောကား။

| | | |
|---|---|---|
| | (၁) ဗြဟ္မပါရိသဇ္ဇာ<br>(၂) ဗြဟ္မပုရောဟိတာ<br>(၃) မဟာဗြဟ္မာ | ပဌမဈာန်သုံးဘုံ ခေါ်၏။ |
| | (၄) ပရိတ္တာဘာ<br>(၅) အပ္ပမာဏာဘာ<br>(၆) အာဘဿရာ | ဒုတိယဈာန်သုံးဘုံ ခေါ်၏။ |
| | (၇) ပရိတ္တသုဘာ<br>(၈) အပ္ပမာဏာသုဘာ<br>(၉) သုဘကိဏှာ | တတိယဈာန်သုံး ဘုံခေါ်၏။ |
| | (၁၀) ဝေဟပ္ဖိုလ်<br>(၁၁) အသညသတ် | စတုတ္ထဈာန်ခုနစ် ဘုံခေါ်၏။ ပဉ္စမဈာန်ဘုံလည်း မည်၏။ |
| သုဒ္ဓါဝါသ ငါးဘုံ | (၁၂) အဝိဟာ<br>(၁၃) အတပ္ပါ<br>(၁၄) သုဒဿာ<br>(၁၅) သုဒဿီ<br>(၁၆) အကနိဋ္ဌ | |

ဤတဆယ့်ခြောက်ဘုံသည်ရူပဗြဟ္မာဘုံမည်၏။နံပါတ် ၁၂–က–၁၆–ထိဘုံတို့ကိုသုဒ္ဓါဝါသငါးဘုံဟုခေါ်၏။

(၁၇) အာကာသာနဉ္စာယတန။

(၁၈) ဝိညာဏဉ္စာယတန။

(၁၉) အာကိဉ္စညာယတန။

(၂၀) နေဝသညာနာသညာယတန။

ဤလေးဘုံသည် အရူပဖြပ္ဘာဘုံမည်၏။ အရူပဖြပ္ဘာ၏ အဖြစ်သည်မမြဲသောကြောင့် သံသရာဝဋ်ဆင်းရဲမှထွက်မြောက်သေးသော အဖြစ်ကို မသိသဖြင့်။ ဤအရူပဖြပ္ဘာ၏ အဖြစ်ကို ငြိမ်း၏ဟု ယူခြင်း အစရှိသော ဘောက်ပြန်ခြင်းဖြင့်။ အရူပါဝစရဈာန်ကိုရအောင်အားထုတ်ကမ္မဋ္ဌာန်းလေးပါးတွင် တပါးပါးကိုအားထုတ်၍၊ ထိုဈာန်ကိုရသောသူဘို့သည်။ မိမိဘို့ရှိသောဈာန်မပျက်မလျှောမှီသေသော် ထိုဈာန်အားလျော်စွာ၊ အရူပဖြပ္ဘာလေးဘုံတွင် တဘုံဘုံ၌ဖြစ်၏။ နာမ်ဣန္ဒြိယ်ရှိခြင်းကြောင့်ဖြစ်သောဘုံကား။ အသညသတ်ဘုံ ဘည်း။ ဤသို့လျှင် ဖြပ္ဘာဘုံနှစ်ဆယ် ရှိသတည်း။ ဤဖြပ္ဘာဘုံ-၂၀-တွင်၊ ကာမဆယ့်တဘုံကို ထည့်သော် ၃၁-ဘုံဖြစ်၏။

---

ပုညာဘိသင်္ခါရ။ အပုညာဘိသင်္ခါရ။ အာနေဉ္ဇာဘိသင်္ခါရ။

၅၄။ ကုသိုလ်သုစရိုက်သည်၊ ပုညာဘိသင်္ခါရမည်၏၊ အကုသိုလ်ဒုစ္စရိုက်သည် အပုညာဘိသင်္ခါရမည်၏။ အရူပါဝစရဈာန်သည်။ အာနေဉ္ဇာဘိသင်္ခါရမည်၏။ သင်္ခါရတို့ကို။ ဤသင်္ခါရဒုက္ခသုံးပါးတို့ဖြင့်အမြဲနှိပ်စက်၏။ နှိပ်စက်ပုံကို လောကုတ္တရာနှင့်ဆိုင်သော ဒုတိယပိုင်း၌ အကျယ်ပြဆိုလတ္တံ့။

---

ကာမာဝစရကုသိုလ်။ မဟဂ္ဂုတ်ကုသိုလ်။ လောကုတ္တရာကုသိုလ်။

၅၅။ သုဂတိခုနစ်ဘုံ၌ ဖြစ်စေတတ်သောကောင်းမှုကုသိုလ်ကို ကာမာဝစရကုသိုလ်ဟုခေါ်၏။ ဖြပ္ဘာဘုံနှစ်ဆယ်၌ ဖြစ်စေတတ်သောကောင်းမှုကုသိုလ်ကို မဟဂ္ဂုတ်ကုသိုလ်ဟုခေါ်၏။ မဂ်ဖိုလ် တရားတို့ကို ရစေတတ်သောကုသိုလ်ကို လောကုတ္တရာ ကုသိုလ်ဟုခေါ်၏။ ဤသို့လျှင် ကောင်းမှုကုသိုလ်သုံးမျိုးရှိသတည်း။

---

အနက်ကိုယ်။ ၅၆။ အထက်ကပြဆိုသည့်အတိုင်း၊ မကောင်းမှုအကုသိုလ်ကံပြုလျှင်အပါယ်လေးဘုံ၌ဖြစ်ရ၏။ ကောင်းမှုကုသိုလ်ကံပြုလျှင်၊ လူ့ဘုံ။ နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့၌ဖြစ်၏။ ထိုသို့ဖြစ်ပေါ်သောအမှုကိုကံ (ပါဠိဘာသာ. ကမ္မ) ဟုခေါ်၏။ ကံ၏မကျဉ်းမကျယ် အဓိပ္ပါယ်ကား။ စေ့ဆော်ခိုင်းတတ်သော စိတ်စေတနာဖြင့်။ စေ့ဆော်ခိုင်း၍။ ၎င်းစေတနာနှင့်တကွ ကိုယ်နှုတ်တို့ဖြင့် လှုပ်ရှားပြောဆိုခြင်း အမှုတို့ကိုပြုသည်။ စိတ်ဖြင့် အဘိဇ္ဈာ။ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ အမှုတို့ကိုပြုသည်။ ထိုကိုယ်အမှု။ နှုတ်အမှု။ စိတ်အမှုတို့ကိုပြုတတ်သောစိတ်စေတနာကိုကံဟူ၍ခေါ်သည်။

---

ကံတို့၏အပြား။ ၅၇။ ကံတို့၏အပြားကိုကား။ ကိစ္စ၏အားဖြင့် လေးပါးရှိ၏။ လေးပါးဟူသော်ကား။

(၁) ဇနကကံ။

(၂) ဥပတ္ထမ္ဘကကံ။

(၃) ဥပပီဠကကံ။

(၄) ဥပဃာတကကံ။

ဤကားလေးပါးတည်း။ အကျိုးပေးသော အစဉ်အလှည့်အားဖြင့်လည်းလေးပါးအပြားရှိ၏။ လေးပါးဟူသော်ကား။

(၁) ဂရုကကံ။

(၂) အာသန္နကံ။

(၃) အာစိဏ္ဏကံ။

(၄) ကဋတ္တာကံ။

ဤလေးပါးတည်း။ အကျိုးပေးရာကာလ၏အစွမ်းအား ဖြင့်လည်းလေးပါးအပြားရှိ၏။လေးပါးဟူသော်ကား။

(၁) ဒိဋ္ဌဓမ္မဝေဒနီယကံ။

(၂) ဥပပဇ္ဇဝေဒနီယကံ။

(၃) အပရာပရိယဝေဒနီယကံ။

(၄) အဟောသိကံ။

ဤလေးပါးတည်း။အကျိုးပေးရာဌာန၏အစွမ်းအားဖြင့် လည်းလေးပါးအပြားရှိ၏။ လေးပါးဟူသော်ကား။

(၁) အကုသိုလ်ကံ။

(၂) ကာမာဝစရကုသိုလ်ကံ။

(၃) ရူပါဝစရကုသိုလ်ကံ။

(၄) အရူပါဝစရကုသိုလ်ကံ။

ဤလေးပါးတည်း။ ဤသို့သျှင် ကံတို့၏အပြား အစုစု ပေါင်း-၁၆-ပါးရှိကုန်၏။

---

ဇနကကံ။ ၅၈။ ကိစ္စအားဖြင့်လေးပါးရှိသောကံတို့တွင်။ဇနက ကံဟူသည်ကား။ ပဋိသန္ဓေကိုဖြစ်စေတတ်သောကံတည်း။ ထိုကံသည်ပဋိသန္ဓေကိုဖြစ်စေ၍ပဋိသန္ဓေဖြစ်ပြီးနောက်။ တ ရံတရောသောအကျိုးကိုဖြစ်စေနိုင်။အဓိပ္ပါယ်မှာ။မူလရင်း ပဋိသန္ဓေကဖြစ်သော။ မျက်စိ။နား။ နှာခေါင်း။ လျှာ။ ကိုယ်။ ယောကျ်ား၏အင်္ဂါဓာတ်။ မိန်းမ၏အင်္ဂါဓာတ်။အသက်ဇီဝိ တတို့ကို တဘန်ဖြစ်စေပြီ။ ထိုမူလရင်း ပဋိသန္ဓေက ဖြစ် သောရုပ်နာမ်တို့ကို ကာလရှည်စွာ တည်လေအောင်သော်

ငင်း။ စည်းစိမ်ချမ်းသာဖြစ်ပွါးလေအောင်သော်ငင်း။ တပါးတခြားသောကုသိုလ်ကံက ထောက်ပံ့၏ဟူလိုသတည်း။

---

ပတ္ထမ္ဘကကံ။ ၅၉။ ဥပတ္ထမ္ဘကကံ ဟူသည်ကား။ ဇနကကံ၏ အကြောင်းကြောင့် ဖြစ်သော ရုပ်နာမ်တို့ကို ထောက်ပံ့တတ်သောကုသိုလ်အကုသိုလ်ကံတည်း။ ထိုနည်းကား။ ဇနကကံကဖြစ်စေသောပဋိသန္ဓေ၌ ရုပ်နာမ်တို့ကိုဖြစ်စေအပ်သည်ရှိသော်။ ကုသိုလ်အကုသိုလ်ကံကြောင့် ဖြစ်သော ချမ်းသာ ဆင်းရဲကို ထောက်ပံ့တတ်၏။ အဓွန့်ရှည်စွာ ဖြစ်စေတတ်၏။ ဇနကကံသည်အမိနှင့်တူ၏။ ဥပတ္ထမ္ဘကကံသည်အထိန်းနှင့်တူ၏။

---

ပပီဠကကံ။ ၆၀။ ဥပပီဠကကံ ဟူသည်ကား။ အကျဉ်းအားဖြင့် ဇနကကံ၏ အကျိုးမဖွံ့ဖြိုးစေရ။ မွေးတိမ် သိမ်ဖျင်းအောင် ညှင်းဆဲ နှိပ်စက်တတ်သော ကုသိုလ်အကုသိုလ်ကံတည်း။ မကျဉ်းမကျယ် အဓိပ္ပါယ်မှာ။ ဇနကကံ ဖြစ်စေသော ပဋိသန္ဓေ၌။ ကုသိုလ်အကုသိုလ်ကံကြောင့်ဖြစ်သော ချမ်းသာ ဆင်းရဲကိုကပ်၍နှိပ်စက်တတ်၏။ တားမြစ်တတ်၏။ အဓွန့်ရှည်စွာဖြစ်ခြင်းငှါ အခွင့်မပေး။ ကုသိုလ်ကံ အကျိုးပေး၍ ချမ်းသာခြင်းရှိသောသူအား။ ရောဂါအစရှိသောအန္တရာယ်၏ အကြောင်းကို ဖြစ်စေသဖြင့်။ ချမ်းသာအစဉ်ကိုဖြတ်၍ နှိပ်စက်တတ်၏။ အကုသိုလ်ကံအကျိုးပေးခိုက်ဖြစ်၍ရောဂါ အစရှိသောအန္တရာယ်ကြောင့် ဆင်းရဲခြင်းရှိသောသူအား။ ဆေးအစရှိသော ချမ်းသာသုခ၏ အကြောင်းကို ဖြစ်စေသဖြင့်။ ဆင်းရဲအစဉ်ကိုဖြတ်၍နှိပ်စက်တတ်၏ ဖျက်ဆီးတတ်၏။ ကုသိုလ်ကံအကျိုးပေးသည်ရှိသော်။ အကုသိုလ်ကံသည်

နှိပ်စက်သည်ဖြစ်၍။ ထိုကုသိုလ်ကံ၏ အကျိုးဖြစ်စိမ့်သော ငှါအခွင့်မပေး။ အကုသိုလ်ကံ အကျိုးပေးသည်ရှိသော်။ ကုသိုလ်ကံသည် နှိပ်စက်သည်ဖြစ်၍ ထိုအကုသိုလ်ကံ၏ အကျိုးပေးစိမ့်သောငှါ အခွင့်မပေး။ ဥပမာအားဖြင့် ဆိုသော် ကြီးပွါးဆဲ ဖြစ်သော သစ်ပင်ချုံနွယ်ကို တစုံတယောက်သောသူသည် တုတ်ထားတို့ဖြင့် ရိုက်နှက်ခုတ်ဖြတ်ဖျက်ဆီးခဲ့လျှင် ထိုသစ်ပင်ချုံနွယ်သည် မြင့်ရှည်စွာ ကြီးပွါးခြင်းငှါ မတတ်နိုင်သကဲ့သို့တည်း။

---

ဥပဃာတကကံ။ ၆၁။ ဥပဃာတကကံဟူသည်ကား။ အကျဉ်းအားဖြင့်။ အားနည်းသောဇနကကံ၏အကျိုးကိုတားမြစ်၍။ မိမိ၏ အကျိုးကိုဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံသည် ဥပဃာတကကံတည်း။ မကျဉ်းမကျယ် အဓိပ္ပါယ်မှာ။ ကုသိုလ်ကံအကျိုးပေးသောအခါ၌။ တခုသော အကုသိုလ်ကံ လာပြီးလျှင်။ ထိုကုသိုလ်ကံကိုဖြတ်၍အကျိုးပေး၏။ အကုသိုလ်ကံ အကျိုးပေးသောအခါ၌ တခုသောကုသိုလ်ကံလာပြီးလျှင် ထိုအကုသိုလ်ကံကိုဖြတ်၍ အကျိုးပေး၏။ ထိုဖြတ်၍အကျိုးပေးသောကံကို ဥပဃာတကကံဟုခေါ်၏။ ၎င်းကံကိုဥပစ္ဆေဒကကံဟူ၍လည်းခေါ်၏။

---

ဂရုကကံ။ ၆၂။ ဂရုကကံ ဟူသည်ကား။ ကြီးသောအပြစ်ရှိသော။ ကြီးသော တန်ခိုးရှိသောကံတည်း။ တပါး တခြားသောကံသည် တားမြစ်ခြင်းငှါ မတတ် ကောင်းသော ကံတည်း။ အမိကိုသတ်သောမာတုဃာတကကံ။ အဘကိုသတ်သော ပိတုဃာတကကံ။ ရဟန္တာကိုသတ်သော အရဟန္တဃာတကကံ။ မြတ်စွာဘုရားကိုသွေးစိမ်းတည်အောင်ပြုမိသော လောဟိတုပ္ပါဒကကံ။ ရဟန်းအသင်းကွဲပြားအောင်

ပြုလုပ်သောသံဃာဘောဒကကံ။ဤကံလေးပါးတို့သည်အကုသိုလ်ဂရုကကံဖြစ်၏။ မဟဂ္ဂုတ်ကံသည်ကုသိုလ်ဂရုကကံဖြစ်၏။ အကုသိုလ်ဂရုကကံ ပြုမိသော သူသေကာလ ငရဲပြည်၌ ပဋိသန္ဓေမဖြစ်ရအောင် မည်သည့်ကုသိုလ်ကံမျှမ ထောက်ပံ့နိုင်။ ပဋ္ဌမဈာန်အစရှိသော မဟဂ္ဂုတ်ကုသိုလ်ရှိသောသူသေကာလ ဖြဟ္မာပြည်၌ ပဋိသန္ဓေမဖြစ်ရအောင် မည်သည့် အကုသိုလ်ကံမျှမတတ်နိုင်ချေ။ အကုသိုလ်ဂရုကကံကိုအနန္တရိယကံငါးပါးဟူ၍ခေါ်၏။ ထိုကံငါးပါးတို့တွင်။သံဃာဘောဒကကံသည်အဖြစ်အကြီးဆုံးဖြစ်၏။

---

အာစိဏ္ဏကံ။ ၆၃။ အာစိဏ္ဏကံ ဟူသည်ကား။ အမြဲမပြတ် ပြုအပ်သောကုသိုလ် အကုသိုလ်ကံ။ တကြိမ်ပြုပြီးနောက်။ အဘန်ဘန်အထပ်ထပ်နောက်မှအပ်သော ကုသိုလ်အကုသိုလ်ကံတည်း။

---

ကဋတ္တာကံ။ ၆၄။ ကဋတ္တာကံဟူသည်ကား။ ဂရုကကံ။ အာသန္နကံ။ အာစိဏ္ဏကံအဖြစ်သို့မရောက်သော။ ပြုကာမျှသာလျှင်လည်းဖြစ်သောရှေးဘဝ၌ပြုအပ်ပြီးသောကံတည်း။

---

ဂရုကံ သောကံ ပါး တို့ ဖြစ် ရာ ဝ ကာ နှင့် တ အကျိုး ပေးစဉ်ကို ခြင်း။ ၆၅။ ဂရုကကံ။အာသန္နကံ။အာစိဏ္ဏကံ။ကဋတ္တာကံ။ဤကံလေးပါးတို့တွင်။ ရှေးကံသုံးပါး တို့သည် ယခုဘဝ၌သာဖြစ်သောဥပပဇ္ဇဝေဒနီယကံမည်၏။ကဋတ္တာကံသည်ကားရှေးရှေးသောဘဝ၌ ပြုအပ်ပြီးသော အပရာပရိယာဝေဒနီယကံမည်၏။

---

ဒိဋ္ဌဓမ္မဝေဒ နီယကံ။

၆၆။ ကုသိုလ် အကုသိုလ်မှုကို ပြုသော ယခုမျက်မှောက်ဘဝတွင် အကျိုးပေးသောကံသည် ကုသိုလ်အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။ ။အလှူဒါနအရာ၌။

(၁) အလှူခံပုဂ္ဂိုလ်၏ပြည့်စုံခြင်းတည်းဟူသော ခေတ္တ။

(၂) စေတနာ၏ ပြည့်စုံ ခြင်းတည်း ဟူသော အဇ္ဈာသယ။

(၃) ပစ္စည်း၏ ပြည့်စုံခြင်းတည်းဟူသော၊ ပစ္စယသမ္ပဒါ။

(၄) အလှူခံပုဂ္ဂိုလ်၏လွန်ကဲသော ဂုဏ်နှင့်ပြည့်စုံခြင်း။ဂုဏာတိရေကသမ္ပဒါ။

ဤလေးပါးနှင့် ပြည့်စုံပါမှ အားကြီးသော အဖြစ်သို့ ရောက်သည်။ ယခု မျက်မှောက် ဘဝ၌ အကျိုးပေးတတ်သောသတ္တိနှင့် ပြည့်စုံသည်။ အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်း ခေတ္တဟူသည်မှာ။အနာဂါမ်ရဟန္တာပုဂ္ဂိုလ်တည်း။ပုဗ္ဗ။မုဉ္စ။ ပရဟုဆိုအပ်သောစေတနာသုံးပါးလုံး၌ဥာဏ်နှင့်ယှဉ်ခြင်း ဝမ်းမြောက်ဝမ်းသာရှိခြင်းတို့နှင့် ပြည့်စုံခြင်းသည် အဇ္ဈာသယမည်၏။တရားသဖြင့်ဖြစ်သောပစ္စည်းသည်ပစ္စယသမ္ပဒါမည်၏။အလှူခံပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ ထသောအဖြစ်သည် ဂုဏာတိရေကသမ္ပဒါမည်၏။ ဘုရားရှင်ကိုပြစ်မှား၍သံဃာကိုသင်းခွဲခြင်းကြောင့်ဒေဝဒတ်ကိုမြေမျိုခြင်း။ ဘုရားရှင်ကိုပြစ်မှား၍ ဝရီးတော်သုပ္ပဗုဒ္ဓမင်းကိုမြေမျိုခြင်း။ အရှင်သာရိပုတ္တရာ၏ ဦးခေါင်းတော်ကို ရိုက်နှက်ပြစ်မှား၍ နန္ဒဘီလူးကိုမြေမျိုခြင်း။အရှင်မဥပ္ပလဝဏ်ကိုမုဒိမ်းပြုကျင့်ပြစ်မှား၍ ဦးရီးသား နန္ဒလုလင်ကို မြေမျိုခြင်း။ ဘုရားရှင်ကို လင်ဟု စွပ်စွဲပြစ်မှား၍ ဇိဉ္စမာဏဝိကာ မိန်းမယုတ်ကို မြေ

မျိုးခြင်း စသည်တို့ကား။ အကုသိုလ် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးတည်း။

---

ပဇ္ဇဝေ ယကံ။ ၆၇။ ကုသိုလ်အကုသိုလ်မှုကိုပြုသောဘဝနောက်၊ ဒုတိယဘဝ၌ခံစားအပ်သောအကျိုးရှိသော ကုသိုလ်အကုသိုလ်သည်။ ဥပပဇ္ဇဝေဒနီယကံမည်၏။

---

အပရာပ ရိယဝေဒနီ ယကံ။ ၆၈။ ကုသိုလ်အကုသိုလ်မှုကိုပြုသောဘဝနောက်။ တတိယဘဝမှစ၍နိဗ္ဗာန်ရသည်တိုင်အောင်။ အခွင့်ရသည်ရှိသော် အကျိုးပေးသောကုသိုလ်အကုသိုလ်သည် အပရာပရိယဝေဒနီယကံမည်၏။

---

အဟော သိကံ။ ၆၉။ အကျိုးပေးရာကာလကိုလွန်သော။ ဒိဋ္ဌဓမ္မဝေ ဒနီယကံ။ ဥပပဇ္ဇဝေဒနီယကံနှစ်ခုသည် အဟောသိကံမည် ၏။ အပရာပရိယဝေဒနီယကံသည်လည်း။ သံသရာ၏ဖြစ်ခြင်းပြတ်သည်ရှိသော် ( အရဟတ္တမဂ်ကိုရသည်ရှိသော် ) အဟောသိကံမည်၏။

---

ကံ၏အ ကြောင်း ကြောင့်။ သတ္တဝါ ထူးပြား ခြင်း။ ၇၀။ လောက၌ကံ၏အသီးအသီးကွဲပြားသည်ကိုပြုတတ်သောကြောင့်သာလျှင်။ ခြေမရှိသောသတ္တဝါ။ ခြေနှစ်ချောင်းရှိသော သတ္တဝါ။ ခြေလေးချောင်းရှိသော သတ္တဝါ။ ခြေအများ ရှိသောသတ္တဝါ။ ရုပ်ရှိသော သတ္တဝါ။ ရုပ်မရှိသောသတ္တဝါ။ အမှတ်သညာ ရှိသောသတ္တဝါ။ အမှတ်သညာမရှိသောသတ္တဝါ။ အမှတ်သညာ ရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်သော သတ္တဝါတို့သည် ဖြစ်ကုန်၏။ ထိုမှတပါး ကံ၏ အကြောင်းကြောင့်သာလျှင် သတ္တဝါတို့

အားထူးပြားကြကုန်လျက် အသက်တိုခြင်း။ အသက်ရှည်ခြင်း။အနာရောဂါများခြင်း။အနာရောဂါနည်းခြင်း။အဆင်းလှခြင်း။အဆင်းမလှခြင်း။အခြံအရံနည်းခြင်း။ အခြံအရံများခြင်း။စည်းစိမ်ဥစ္စာနည်းပါးခြင်း။စည်းစိမ်ဥစ္စာပေါများခြင်း။အမျိုးယုတ်ခြင်း။အမျိုးမြတ်ခြင်း။ပညာမဲ့ခြင်း။ပညာရှိခြင်းတို့သည်ဖြစ်ကုန်၏။

---

သေရခြင်းအပြား လေးပါး။ ၇၁။ သေရခြင်း အပြား လေးပါးရှိ၏။ လေးပါးဟူသော်ကား။

(၁) ကံအားပင် ရှိသေးသော်လည်း။ အသက်တမ်းသို့လိုက်၍သေရခြင်း။ (အာယုက္ခယမရဏ။)

(၂) သက်တမ်းပင် မစေ့သေးသော်လည်း။ ကံအားကုန်၍သေရခြင်း။ (ကမ္မက္ခယမရဏ။)

(၃) သက်တမ်းလည်းစေ့။ ကံလည်း အားကုန်။ နှစ်ပါးဆုံ၍သေရခြင်း(ဥဘယက္ခယမရဏ)

(၄) သက်တမ်း လည်း ရှိသေးလျက်။ ကံအားလည်း တောင့်တင်းပါသေးလျက်။ ဥပစ္ဆေဒက ကံတပါးသည် အတင်းဖြတ်၍ သေရခြင်း။(ဥပစ္ဆေဒကမရဏ။)

ဤလေးပါးတည်း။ (၁)အချက်။ အာယုက္ခယမရဏမှာဖြစ်မြဲတိုင်းသောရုပ်ကိုဖြူပြင်သော ကိုယ်တွင်း၌ရှိသောဓါတ်ဆီဓါတ်မီးတို့သည် အသက်တရာ ပြည့်သောကာလလွန်စွာ ရုပ်လျော့ခန်းသွေ့သဖြင့် သေရသောသူတို့ကို ဆိုသတည်း။(၂)အချက်။ကမ္မက္ခယမရဏမှာ။ အသက်တမ်းမပြည့်မှီ ကံကုန်မည်ရှိသော်လည်း။ စောစောကတင်ရင်၍

အပစာယနစသောသုစရိုက်မှုများကို ကောင်းကောင်းကြီး ပြုနိုင်ပါလျှင် ။နည်းသောကံသည် အားရှိ၍လာသဖြင့်။ အရှည်ထည့်နိုင်ရာသေး၏။ (၃)အချက်။ ဥဘယက္ခယ မရဏာ မှာ သိလွယ်ပြီ။ (၄)အချက်။ ဥပစ္ဆေဒက မရဏာမှာ။ ဥပစ္ဆေဒကကံသည်မိမိ၏ဇနကကံထက်အားရှိသော ဥပစ္ဆေဒကကံ။ ဇနကကံနှင့်အားတူသော ဥပစ္ဆေဒကကံ။ ဇနကကံအောက် အားယုတ်သော ဥပစ္ဆေဒကကံဟူ၍ သုံးပါး။ အားရှိသောဥပစ္ဆေဒကကံသည်လည်း။ သင့်ရုံအားရှိသော ဥပစ္ဆေဒက။အလွန်အားကြီးသောဥပစ္ဆေဒက။အလွန်ထက် အလွန်အားရှိသော ဥပစ္ဆေဒကဟူ၍ သုံးပါးရှိ၏။ အလွန်ထက်အလွန်အားကြီးသော ဥပစ္ဆေဒကကံဖြစ်လျှင်ရှောင်၍ လွှတ်ရာသော အခွင့်မရှိ။ မြတ်စွာဘုရားမှ သော်လည်း မကယ်နိုင်ချေ။ အသင့်အားရှိသော ဥပစ္ဆေဒကကံ။ အလွန်အားရှိသောဥပစ္ဆေဒကကံတို့ကိုအကျိုးစီးပွါး၌လိမ္မာခြင်းဟူသော ပယောဂသမ္ပတ္တိအားကောင်းလှလျှင်ကာဆီးနိုင်ရာ၏။

---

ကံအကျိုး ပေးပုံ။ ၇၂။ ရှေးရှေးသောဘဝ၌ပြုကျင့်ခဲ့သောအကုသိုလ်ကံသည်။ယခုမိမိတွင်ထင်ရှားရှိနေပါသော်လည်း။ သမ္ပတ္တိလေးပါး* တွင်တပါးပါးလက်ရှိဖြစ်နေသောကြောင့်။အကျိုးမပေးရ။သမ္ပတ္တိလက်လွတ်၍။ ဝိပ္ပတ္တိလေးပါး✤ တွင်တပါးပါးတွေ့ကြုံခိုက်မှ အကျိုးပေးနိုင်သည်။ ရှေးရှေးသောဘဝကာလ၌ပြုလုပ်ခဲ့သောကုသိုလ်ကောင်းမှုကံသည် ယခုမိမိတွင်ထင်ရှားရှိနေပါသော်လည်း ဝိပ္ပတ္တိလေးပါးတွင်တပါးပါးတွေ့ကြုံခိုက်ဖြစ်၍အကျိုးပေးခွင့်မရ။ ဝိပ္ပတ္တိလက်လွှတ်

---

* နောက်ဆက်တွဲအစဥ်နံပါတ်(၃၇)မှာကြည့်။

✤ နောက်ဆက်တွဲအစဥ်နံပါတ်(၃၄)မှာကြည့်။

၍။ သမ္ပတ္တိလေးပါးတွင် တပါးပါး လက်ရှိ တွေ့ကြုံမှသာ လျှင် အကျိုးပေးနိုင်သည်။ အကျိုးပေးဆဲဖြစ်သော အကု သိုလ်ကံဟောင်းကိုအားကြီးသောပယောဂသမ္ပတ္တိနှင့်လုပ် ကြံလျှင် လွတ်ငြိမ်းရာ၏။ အကျိုးပေးဆဲဖြစ်သော ကုသိုလ် ကံဟောင်းသည်။ အားကြီးသော ပယောဂဝိပ္ပတ္တိကို ပြုမိ လိုက်စားမိလျှင် ဆုတ်ယုတ်ကွယ်ပျောက်တတ်၏ဟု မှတ် အပ်သတည်း။

---

ကံ။ဥာဏ် ဝိရိယ။ ၇၃။ ဇနကကံနှင့် အားအင်တူမျှသော ဥပတ္ထမ္ဘက ကံ။ ဇနကကံအောက်အားနည်းသော ဥပတ္ထမ္ဘကကံတို့မှာ အခွင့်ရမှပေးနိုင်၏။ အခွင့်မရလျှင်မပေးနိုင်။မသင့်လျော်မ လျောက်ပတ်သောဥတု။ ကာလ။ အရပ်ဒေသ။ လုံ့လ။ အာ ဟာရ စသည်ကို မှီဝဲမိလျှင် အခွင့်ရ၏။ မမှီဝဲလျှင်မရ။ မ လျောက်ပတ် သည်ကို မှီဝဲ ကြသည် မှာလည်း လောဘ ကြောင့်လည်း ရှိသည်။ ဒေါသကြောင့်လည်း ရှိသည်။ မ ကောင်းသောအမှုဒ္ဓိ လုံ့လကြောင့်လည်းရှိသည်။ ကောင်း သောအမှုဒ္ဓိ လုံ့လကြောင့်လည်း ရှိသည်။ သဒ္ဓါ ပညာတို့ ကြောင့်လည်းရှိသည်။သဒ္ဓါပညာထက်သန်လှ၍အလွန်ပြင်း ထန်စွာအားထုတ်သောစာပေသင်ကြားခြင်း ပရိယတ္တိ အ လုပ်။ တရားကျင့်ခြင်း အားထုတ်ခြင်း ပဋိပတ္တိအလုပ်များ သည်လည်းဥပပီဠကကံ။ဥပတ္ထမ္ဘကကံဟောင်းတို့အကျိုး ပေးခွင့်ရသော အကြောင်းပင်ဖြစ်သတည်း။ ထိုကြောင့်အ သက်ရှည်မှု။ မာကျန်းမှုတို့မှာ။ ကောင်းစွာလိမ္မာ၍နေရောကျ အားထုတ်နိုင်သော ဉာဏ်ဝိရိယသည် လိုရင်း ဖြစ်ပေသ တည်း။ အချို့သောသူတို့က ကံသာလျှင်လိုရင်းအကြောင်း ဖြစ်သည်။ ပဋိသန္ဓေနေစကပင်သေမည့်နေ့ရက်သေမည့်အ ရပ်ဒေသ သေချာပြီးဖြစ်သည်။ ထိုကြောင့် အသွားများ၍

သေသည်။အနေမှား၍သေသည်။မတော်သည့်အစာကိုစား မိ၍သေသည်။ မတော်သည့်ဆေးကိုမှိဝမိ၍ သေသည် စ သဖြင့်ပြောကြသမျှသည် အမှားသာဖြစ်သည်ဟု ယူမှား ကြကုန်၏။ ကံစီမံတိုက်တွန်းခြင်း ရှိမှသာလျှင် ဥာဏ်ဖြစ် လာ၏။ ဗိရိယဖြစ်လာ၏ဟု ယူမှားကြကုန်၏။ နာခြင်း၏ အ ကြောင်း။သေခြင်း၏အကြောင်း ရှစ်ပါးရှိ၏။ရှစ်ပါးဟူသော် ကား။

(၁) လေခါတ်ပျက်၍နာခြင်း။သေခြင်း။

(၂) သည်းခြေပျက်၍နာခြင်း။သေခြင်း။

(၃) သလိပ်ပျက်၍နာခြင်း။သေခြင်း။

(၄) သလိပ်။ သည်းခြေ။ လေသုံးပါးရံပျက်၍နာ ခြင်း။သေခြင်း။

(၅) ဥတုဘောက်ပြန် ပြောင်းလဲ၍ နာခြင်း။ သေ ခြင်း။

(၆) မိမိ ကိုယ်ကို မသင့်တင့်ဘဲ ပြုလုပ်ဆောင် ရွက် ခြင်း ကြောင့် ဖြစ်သော နာခြင်း။ သေ ခြင်း။

(၇) မိမိလုံ့လဖြင့် သော်၎င်း။ သူတပါး လုံ့လ ဖြင့်သော်၎င်း။ တမင်အားထုတ်၍ နာခြင်း။ သေခြင်း။

(၈) ဥပစ္ဆေဒကကံ။ ဥပပီဠကကံတို့အားတင်းနှိပ် စက်၍နာခြင်း–သေခြင်း။

ဤရှစ်ပါးတည်း။ နံပါတ် (၇) တွင်ပြဆိုသည့်။ နာခြင်း သေခြင်းသည် အချို့ရှေးကံကြောင့်ဖြစ်သည်။ အချို့ရှေးကံ ကြောင့်မဟုတ်။ ယခုအမှုသစ်ပင်ဖြစ်သည်။ နံပါတ်(၈)တွင်

ပြဆိုသည့်။ နာခြင်း။ သေခြင်းမှာမူကား။ ရှေးကံကြောင့် ဖြစ်သည် သက်သက်ပေတည်း။ ကြွင်းသောခြောက်ပါးတို့ကား ရှေးကံကြောင့် ဖြစ်ရသည်မဟုတ်။ ယခုဘဝ အမှုသက်သက်ပေတည်း။ ထိုသို့ရှေးကံ၏ အကြောင်းကြောင့် မဟုတ်ဘဲ။ နာခြင်း။သေခြင်းတို့သာ•များပါကုန်လျက်။ နာခြင်း။ သေခြင်း ဟူသမျှသည် ရှေးကံ၏ အကြောင်းကြောင့် သာလျှင်ဖြစ်ကုန်၏ဟူ၍ မလိမ္မာသော ဗါလပုဂ္ဂိုလ်တို့သည် ဆိုကြကုန်၏ဟု ရဟန္တာဖြစ်သော အရှင်နာဂသိန်မိန့်တော်မူ၏။ လောက၌ အလုံးစုံသော ဆင်းရဲချမ်းသာ ဟူသမျှတို့သည် ရှေးကံကြောင့်သာ ဖြစ်နိုင်သည်ဟု ယူသော သူတို့သည်။ သဗ္ဗံပုဗ္ဗေကတဟေတုဒိဋ္ဌိ မည်ကုန်၏ဟု အင်္ဂုတ္တိုရပါဠိတော်။ သံယုတ်ပါဠိတော်။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ အဘိဓမ္မဝိဘင်း ပါဠိတော်တို့၌လည်း မြတ်စွာဘုရားဟောတော်မူသည်။ သံယုတ်ပါဠိတော်၌ ဟောတော်မူသောပါဠိ၏အဓိပ္ပါယ် အကျဉ်းကား။ ဤလောက၌ ဝေဒနာတို့သည် ဤရှစ်ပါးသော အကြောင်းတို့ကြောင့်ဖြစ်ကုန်၏။ ထိုသို့ဖြစ်သည်ကို ငါဘုရားလည်း ကိုယ်တိုင် ခံစားရ ဘူးလှလေပြီ။ လောက၌ပညာရှိအပေါင်းလည်း အကြောင်းရှစ်ပါးကြောင့် ဖြစ်သည်ဟူသော စကားကိုအမှန်သမုတ်ကြပေ၏။ ထိုသို့ ဖြစ်ပါလျက်။ အချို့သောသူတို့သည် ဝေဒနာဟူသမျှသည် ရှေးကံကြောင့်သာ ဖြစ်သည်ဟု ယူကြကုန်၏။ ထိုသူတို့သည်ငါဘုရား၏ ဉာဏ်ကိုလည်း ကျူးလွန်ကုန်သည်။ အမှန်ဟူ၍ သမုတ်အပ်သော။ လောကသမုတိကိုလည်း ကျူးလွန်ကုန်သည်။ ထိုကြောင့် ထိုသူတို့အယူစကားကို အမှားဖြစ်သည်ဟု ငါဘုရားဟောပေသည်ဟူလိုသည်။

နတ်ပြည်ခြောက်ထပ်။ ဗြဟ္မာပြည်နှစ်ဆယ်။ အပါယ်လေးဘုံ။ဤဘုံသုံးဆယ်တို့၌ကား။ ပဋိသန္ဓေအခါ၌ရုပ်နာမ်ဖြစ်ရန်အမှု။ ပဋိသန္ဓေဖြစ်ပြီးနောက်အခါကာလ၌ ချမ်းသာ

ဆင်းရဲမှုများမှာ။ ကံသည်သာပြဋ္ဌာန်းသည်။ဥာဏ်ဝိရိယမပြဋ္ဌာန်း။ ဥာဏ်ဝိရိယကူလိုလျှင်။ ကံသစ်ပြု၍ကူရမည်၊ လူ့ဘုံ၌ကား။ ပဋိသန္ဓေအခါ။အယုတ်။အလတ်။ အမြတ်ဖြစ်ကြသည့်မှု၊။ရှေးကံအကြောင်းသာတည်း။ရှေးကံကောင်းလျှင်မြင့်မြတ် ချမ်းသာသော အမျိုးမှာ ဖြစ်ရသည်။ ရှေးကံ မကောင်းလျှင် ယုတ်ညံ့ဆင်းရဲသော အမျိုးမှာ ဖြစ်ရသည်။ ရှေးကံချ၍ ပဋိသန္ဓေဖြစ်ရပြီးနောက်ရရှိသောစည်းစိမ်ချမ်းသာဥစ္စာ စီးပွါးစသည်တို့ကိုစောင့်ရှောက်မှုတိုးပွါးစေမှု။မရသေးသောစည်းစိမ်ချမ်းသာစီးပွါးဥစ္စာတို့ကိုရအောင်ပြုမှု။အသက်ရှည်ဘို့ လိမ္မာရသောအမှု။ အနာကင်းဘို့လိမ္မာရသောအမှုများမှာမူကား။ ဥာဏ်ဝိရိယသာ လိုရင်းပဋ္ဌာန်ပေတည်း။

အခြေအမြင် အဆင်အခြင် ကင်းသဖြင့်။ မလိုက်တန်သောလမ်း။မသွားတန်သောအရပ်ဒေသ။ အခါကာလ။မပြုတန်သောအမှု။ မစားတန်သောအစာ။ အစရှိသည်များကိုစိတ်ထင်တိုင်းပြုလုပ်စားသောက်မိ၍ဖျားခြင်း။နာခြင်း။သေဆုံးခြင်း စသော အရာ များသည်လည်း။ ရှေးကံဟောင်းကောင်းပါလျက်။ လူမလိမ္မာသောကြောင့် ဆုတ်ယုတ် ဆုံးပါးရလေသည်။ထိုစကားမှန်၏။မှန်ကြောင်းကား။ သတ္တဝါ၏ကိုယ်မှာ ကံကြောင့်ဖြစ်သောရုပ်။ စိတ်ကြောင့်ဖြစ်သောရုပ်။ ဥတုကြောင့်ဖြစ်သောရုပ်။ အာဟာရကြောင့် ဖြစ်သောရုပ်ဟူ၍ ရုပ်လေးမျိုးရှိ၏။ ထိုလေးမျိုးတွင်။ ရှေးကံကြောင့်ဖြစ်သောရုပ်သည် တစုမျှသာပါသည်။ စိတ်။ဥတု။အာဟာရတို့ကြောင့်ဖြစ်သောရုပ်တို့သာများကုန်သည်။ ကံကြောင့်ဖြစ်သောရုပ်သည် ကိုယ်ကိုမှီတွယ်၍။ ထိုစိတ်။ ဥတု။ အာဟာရရုပ်တို့နှင့်။ ဖြစ်အတူပျက်အတူ ဖြစ်ရကုန်သည်။ ထိုကြောင့်စိတ်။ ဥတု။ အာဟာရတို့ ဘောက်ပြန်၍။ ၎င်းတို့၏ရုပ်များပျက်ပြားခဲ့လျှင်။ ကံသည်လည်း အကျိုးပေးရန် ညီ

ညွတ်သော ဌာနမရှိ၍။ ယုတ်သိမ်းကွယ် ပရလေ တော့သည်။ ဤသို့လျှင်မိမိ၏ကံဟောင်းသည် မကုန်လိုသေးသော်လည်း။ မိမိသည်ဥာဏ်။ ဝီရိယတို့ကိုအသုံးမပြုသဖြင့်။ စိတ်။ ဥတု။ အာဟာရတို့ ဘောက်ပြန်ခြင်း အကြောင်း ကြောင့် ကုန်ရှာရလေသတည်း။

လောက၌ကံသာအမွန်အချုပ်မဟုတ်ပါလောဟူမူ။ သုံးဆယ့်တဘုံတွင် ပဋိသန္ဓေအားဖြင့် အယုတ်။ အလတ်။ အမြတ်ဖြစ်ကြရာ၌။ ကံသာအမွန်ကံသာအချုပ်ဖြစ်သည်။ လူ့ဘုံမှတပါးဘုံသုံးဆယ်တို့၌ ပဋိသန္ဓေအခါ၌၎င်း။ ပဋိသန္ဓေတည်ပြီးနောက်မသေမီကာလအတွင်း၌၎င်း။ များသောအားဖြင့်ကံသာ အမွန်အချုပ်ဖြစ်သည်၊ လူ့ဘုံသည်ကား။ ကံဘုံ။ ဥာဏ်ဘုံ။ ဝီရိယဘုံ ဖြစ်ပေသည်။ သုစရိုက်မှု။ ဒုစ္စရိုက်မှုအလွန်ထွန်းကားသောဘုံဖြစ်ပေသတည်း။

ယခုမျက်မှောက်ဘဝ၌။ ဒုက္ခအမျိုးမျိုးဖြစ်ရခြင်း။ သေဆုံးရခြင်းတို့သည်။ မိမိရှေးကပြုခဲ့ဘူးသော ကံအကြောင်းကြောင့်သာလျှင်ဖြစ်၏။ ကံစီမံခြင်းရှိမှသာလျှင် ဥာဏ်ဖြစ်လာ၏။ ဝီရိယဖြစ်လာ၏ဟု ယူကြသောသူ။ ယခုအခါများစွာရှိကြသည်ဖြစ်၍။ ကံ။ ဥာဏ်။ ဝီရိယအကြောင်းကိုမကျဉ်းမကျယ်အသင့်အလျော်ရေးသားပြဆိုလိုက်သတည်း။

ပဌမပိုင်းပြီး၏။

---

## ဒုတိယပိုင်း။

---

### လောကုတ္တရာတရားအကြောင်း။

သံသရာ ဝဋ်ဆင်းရဲ အကြောင်း။

၁။ လောကုတ္တရာတရားသည်။ လောကီယတရားနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်၏။ အထက်ကပြဆိုခဲ့သည်အတိုင်း။ အောက်ဆုံးအပါယ်လေးဘုံကစ၍။ အထက်ဆုံးအရူပလေး

ဘုံတိုင်အောင် အကျိုးပေးအပ်သောတရားသည်။ လောကီယတရားမည်၏။ ။သုဂတိခုနစ်ဘုံ။ ရူပဗြဟ္မာ ၁၆ ဘုံ။ အရူပဗြဟ္မာလေးဘုံ။ ဤ ၂၇ ဘုံသားတို့ချမ်းသာသည်ဟုသမုတ် အပ်သော သုခသည်။ အလွန် ကြောက်လန့်ဘွယ်ကောင်းသော ဒုက္ခကြီးတည်း။ သတ္တဝါတို့သည်။ ထိုဒုက္ခကြီးကိုသုခထင်မှတ်မှား၍လောကီကုသိုလ်တည်းဟူသောကာမာဝစရကုသိုလ်။ မဟဂ္ဂုတ်ကုသိုလ်တို့ကိုအားထုတ်ကြသဖြင့်။ဒုက္ခအတိဖြစ်သောသံသရာတည်းဟူသောဝဲဩစာကြီး၌ကျင်လည်မျောပါးနေကြကုန်သည်။လောကုတ္တရာတရားကို အားထုတ်မှသာလျှင်။ သံသရာတည်းဟူသောသုံးဆယ့်တဘုံမှ ထွက်မြောက်၍။ ဒုက္ခနှင့်မရောသော သုခစစ်ရှိရာ နိဗ္ဗာန်သို့ရောက်ကြ။ နိဗ္ဗာန်တရားကို ရကြကုန်ရာသည်ဟုဟောတော်မူသည်။ ။လောကီသုခသည်။မြဲသော သုခစစ်မဟုတ်။ စင်စစ်အားဖြင့်ကြောက်လန့်ဘွယ်ကောင်းလှသောဒုက္ခကြီးဖြစ်ကြောင်းကား။

---

ဝဋ်သုံးပါး။ဝိနိပါတဘေး။ ဒွိသုံးမျိုး။

၂။ ပုထုဇ္ဇန် သတ္တဝါတို့၌။ အလွန်ဝန်လေး လှစွာသော ဝဋ်သုံးပါးရှိ၏။ ဝဋ်သုံးပါး ဟူသည်ကား။ ဖြစ်ခွင့် ဆိုက်သည်ရှိသော်။ လောဘ။ဒေါသ။မာန။ဒိဋ္ဌိ။အစရှိသော ကိလေသာအညစ်အကြေးတို့၏ ဘယ်အခါမဆို ဖြစ်ပေါ်မှုသည်။ကိလေသဝဋ်မည်၏။ ကိလေသာဖြစ်မှုရှိပြန်က။ဒုစ္စရိုက်ကံတို့၏ ဘယ်အခါမဆို ဖြစ်နိုင်သောအမှုသည်။ ကမ္မဝဋ်မည်၏။ ဖြစ်ခွင့် ဆိုက်သည်ရှိသော်။ ကိုယ်ခန္ဓာ၌ အနာရောဂါဘေးဖြစ်မှု။ ဘယ်အခါမဆိုသေခဲ့လျှင် အပါယ်ပဋိသန္ဓေစသည် ဖြစ်မှုသည်။ ဝိပါကဝဋ်မည်၏။ ဤဝဋ်သုံးပါးတည်း။ ။ဤဝဋ်သုံးပါး ရှိနေသည်အတွက်။ ဝိနိပါတဘေးကြီးသည် ဖြစ်၏။ ဝိနိပါတဘေးကြီး ဟူသည်ကား။

ပုထုဇ္ဇန်သတ္တဝါတို့သည်သေကြသော့ကာလ။ ဘယ်ဘုံမှာ
ငါဖြစ်မည်ဟု။ မိမိတို့ဖြစ်လိုရာဘုံ၌ ဖြစ်နိုင်ကြကုန်သည်မ
ဟုတ်။ ကံပြစ်ချရာဖြစ်ရကုန်၏။ ထန်းပင်ပေါ်၌ရှိသောထန်း
သီးခိုင်များကို ခုတ်ချိုင်သောအခါ။ အခိုင်အညှာပြတ်သည်
နှင့်တပြိုင်နက်ထန်းသီးခိုင်တို့သည်ဘယ်နေရာသို့ငါကျမည်
ဟုရွေးချယ်၍ ကျနိုင်ကြသည်မဟုတ်။ ဘယာမ်းဘတာကျ
ကြလေကုန်သကဲ့သို့။ ထိုအတူ။ လူ့ပြည်မှ သေလျှင်လည်း
ပေါက်လွှတ် ကျကြကုန်၏။ နတ်ပြည်မှ သေလျှင် လည်း
ပေါက်လွှတ် ကျကြကုန်၏။ ဗြဟ္မာ့ပြည်မှ သေလျှင်လည်း
ပေါက်လွှတ်ကျကြရကုန်၏။ ကံပြစ်ချရာကျရောက်ကြကုန်
၏။ ဤသို့ သေသည့်နောက်၌။ ကမ္မသကာ။ ကျချင်ရာရာ
ပေါက်လွှတ်ကျရောက်ကြရသော် ဓမ္မတာ့မှု ကြီးသည်။ ဝိနိ
ပါတဘေးကြီးမည်၏။ ။ထိုမှတပါးလည်း။ပုထုဇ္ဇန်သတ္တ
ဝါတို့၌။အဟုတ်အမှန်ကိုမမြင်မသိခြင်းတည်းဟူသော။ဩဃ
ကြမ်း။ ဩဃလတ်။ ဩဃနု။ ဟူ၍ ဩဃသုံးမျိုးရှိ၏။ ဩဃကြမ်းဟူ
သည်ကား။ အကုသိုလ်ကာယကံကိစ္စ။ ဝစီကံကိစ္စနှင့် ထ
ကြွ သောင်းကြမ်းသော ဩဃတည်း။ ၎င်းဩဃကို ဝီတိက္ကမဩဃ
ကြမ်းဟုခေါ်၏။ စိတ်မနောဒွါ၌သာ ပွက်ပွက်ဆူ ထကြွသော
ဩဃသည်။ ဩဃလတ်မည်၏။ ၎င်းဩဃကိုပရိယုဋ္ဌာနဩဃဟုခေါ်
၏။ ဩဃနုဟူသည်ကား။ ကာယကံ။ဝစီကံ။ မနောကံဟုကံ
သုံးပါးအနေနှင့် လှုပ်ရှားထကြွခြင်းမရှိမူ၍။ မရေတွက်နိုင်
သော သံသရာ ခန္ဓာအစဉ်၌။ အမြဲခဝရ ကိန်းဝပ် တည်
ထောင်၍ နေသော ဩဃတည်း။ ထိုဩဃကို အနုသယဩဃနုဟု
ခေါ်၏။ ထိုဩဃသုံးပါးကို။ ဥပမာအားဖြင့် ပြသော်။ မီးချစ်မှ
ဖြစ်သောမီး၌။ အခိုက်အတန့် သုံးပါးရှိ၏။ မီးချစ်တန် တခု
လုံးမှာ ကိန်းဝပ်၍ နေသော မီးဓာတ်တမျိုး။ မီးချစ်ချစ်ကာ
လ။ မီးချစ်မှာတောက်၍ နေသော မီးတမျိုး။ ထိုတောက်၍
နေသောမီးမှ အခြားဝတ္ထု၊ တခုခုသို့ကူး၍ တောက်လောင်

သော မီးတမျိုး။ ဤဝတ္ထု တပါးသို့ကူး၍ တောက်လောင်
သောမီးနှင့်။ ဝီတိက္ကမ ဒိဋ္ဌိကြမ်းသည့်တူ၏။ မီးချစ်တန်မှာ
တောက်၍နေသောမီးနှင့်လှုပ်ရှားထကြွရန်အာအရုံကြောင်း
ဆိုက်တိုက်မိတိုင်း။ စိတ်မနောမှထကြွသော။ ပရိယုဋ္ဌာန
ဒိဋ္ဌိလတ်သည့်တူ၏။ မီးချစ်တန်တရုလုံးမှာ ကိန်းဝပ်၍ နေ
သော မီးခေတ်နှင့်။ အနုသယဒိဋ္ဌိနုသည့်တူ၏။ ထိုမီးခေတ်
သည်။ မီးချစ်မချစ်သေးသမျှကာလပတ်လုံး ထကြွခြင်းမရှိ။
ယမ်းပုံထဲမှာ ထားသော်လည်း ဥပဒ်မရှိ။ ထို့အတူ။ အနု
သယဒိဋ္ဌိသည်။ မကောင်းသောအာရုံ၊ မကောင်းသော အ
ကြောင်းတို့နှင့် မတွေ့မဆုံသေးသမျှကာလပတ်လုံး။ စိတ်မ
နော၌ ထကြွခြင်းမရှိ။ ကိန်းဝပ်မြဲအတိုင်း သာတည်နေ၏။
မကောင်းသောအာရုံ မကောင်းသောအကြောင်းတို့သည်။
ခြောက်ဒွါရ၌ * တိုက်ခိုက် လာသည် ရှိသော်။ အနုသယ
ဘုံမှခဏချင်း ထကြွလာသဖြင့်။ မနောဒွါရ၌။ ပရိယုဋ္ဌာန
ဘုံသို့ထကြွဆူပွက်၍လာ၏။ထိုအခါတွင်။သူတော်ကောင်း
တရားနှင့် နှိပ်ကွပ်နိုင်ခဲ့ပါမူ။ ထိုပရိယုဋ္ဌာနဘုံမှ ချုပ်တွယ်
၍။အနုသယဘုံ၌ကိန်းဝပ်မြဲကိန်းဝပ်ပြန်၏။ မနှိပ်ကွပ်နိုင်ခဲ့
ပါမူ။ မနောဒွါရ၌ တဘွားဘွား ပွါးစီး၍ နေတတ်၏။ ထို့
ထက် လွန်ဆော်မှုအားကြီးပြန်လျှင်။ ပရိယုဋ္ဌာနဘုံမှခဏ
ချင်းထကြွ၍။ ဝစီဒွါရ၌။ ဝီတိက္ကမဘုံမှ။ ဒုစ္စရိုက်စကားတ
ဘွား ဘွားနှင့် နေ၏။ ကာယဒွါရ၌လည်း။ ဝီတိက္ကမဘုံမှာ။
ဒုစ္စရိုက် အမှုအရာတို့နှင့် သောင်းကြမ်း၍နေ၏။ လောက၌
ကား။ဝီတိက္ကမဘုံ။ပရိယုဋ္ဌာနဘုံလုံခြုံ၍။ ကာယကံ။ဝစီကံ။
မနောကံဟူသောကံသုံးပါးဖြူစင်ပေလျှင်။ သူတော်ကောင်း
ဟုခေါ်ကြရကုန်၏။အနုသယဘုံကိုမူကား မသိနိုင်ကြကုန်။
အနုသယဘုံမပျက်စီးလျှင်။ပရိယုဋ္ဌာနဘုံ။ ဝီတိက္ကမဘုံလုံခြုံ

---

* နောက်ဆက်တွဲအစဉ်နံပါတ်(၁၅)မှာကြည့်။

သည်ဆိုသော်လည်း။တဒင်္ဂတခဏသာ လုံခြုံနိုင်၏။သူတော်ကောင်းတရားအားကောင်းလှလျှင်။ မသေမီကာလ။ တဘဝသာလုံခြုံနိုင်၏။ နောက်ဘဝတို့၌မူကား။ သောင်းကြမ်း၍ထလေ့ကုန်အံ့သတည်း။ ထိုအနုသယဒိဋ္ဌိနှင့်ဘုံ၏အသိုက်အအုံကြီးကို ဖြိုဖျက်မှုကား။ အလွန်ခဲယဉ်း၏။ အနတ္တဘာဝနာဖြင့်သာ ဖြိုဖျက်နိုင်၏။ သာသနာတော်တွင်း၌ သာလျှင်ဖြိုဖျက်ခြင်းငှါစွမ်းနိုင်၏။

ဆိုအပ်ခဲ့ပြီးသော ဝဋ်သုံးပါးဘေး။ ဝိနိပါတဘေး။ ဒိဋ္ဌိသုံးမျိုးရှိနေကြကုန်သည်ရှိသော်။ စကြာမင်းတို့သည်လည်းငရဲမီးများရှေ့နောက်တခွင်လုံး ညှပ်နှနဘိသကဲ့သို့။ အကုသိုလ်တို့ လှောင်၍ညှပ်၍နေကုန်၏။ အပူဂေဟာကြီး သက်သက်တို့သာတည်း။နတ်မင်း။သိကြားမင်း။ရူပ။အရူပဗြဟ္မာမင်းတို့သည်လည်း။ထိုအတူအပူဂေဟာကြီးတို့သာတည်း။ငရဲကြီး။ ငရဲလွန် တင်းလင်းနှင့် အကျဉ်း အကျပ် ခံနေရသောသူတို့သာတည်း။ သံသရာဝဲသြဃကြီး၌ နစ်မွန်းမြုနစ်မွန်းလျက်ရှိကြကုန်သတည်း။ ။ဤသို့လျှင်။ပုထုဇ္ဇန်သတ္တဝါတို့၏စိတ်နှလုံးတွင်။ငရဲဓာတ်အမြဲမကွာထက်ကြပ်ပါရှိ၍နေ၏။ ။လူဖြစ်လျှင်လည်းတခဏသာ။နတ်ဖြစ်လျှင်လည်းတခဏသာ။ ဗြဟ္မာဖြစ်လျှင်လည်းတခဏသာ။ ငရဲပြည်၌ဘဝတရာဖြစ်ပြီးမှ။လူ့ပြည်မှာတဘဝဖြစ်ရသည်။ငရဲပြည်မှာ ဘဝတထောင်ခံရပြီးမှ။ နတ်ပြည်မှာတဘဝ။ ငရဲပြည်မှာ ဘဝတသောင်း တသိန်း ခံရပြီးမှ။ ဗြဟ္မာပြည်မှာ တဘဝဖြစ်ရ၏။မိစ္ဆာဒိဋ္ဌိဘဝနှင့်ဒုစ္စရိုက်ဘဝသာများပြား၏။ တနေ့တနေ့မှာဖြစ်သောအကုသိုလ်သည်။အပါယ်၌ဘဝတရာ။ဘဝတထောင်ကျလောက်အောင်ဖြစ်နိုင်၏။သတ္တဝါတယောက်၏စိတ်နှလုံးထဲမှာအပါယ်ကျရန်။ရှေးရှေးသောဘဝများကပြုခဲ့ဘူးသော အပရာပရိယ အကုသိုလ်ကံပေါင်း အကုဋေမကပါရှိလျက်နေကြကုန်၏။နတ်ပြည်ခြောက်ထပ် နတ်မှာ

လည်းပါရှိလျက်ပင်။ သုဒ္ဓါဝါသမှ တပါးသော။ ရူပ။ အရူပ ပုထုဇ္ဇန် ဗြဟ္မာမှာလည်းပါရှိလျက်ပင်ဖြစ်၏။ ထို့ကြောင့်၊ ပုထုဇ္ဇန် သတ္တဝါသည်။ လူဖြစ်သော်လည်း။ လူ၎ မဟုတ်။ နတ်ဖြစ်သော်လည်း။ နတ်၎ မဟုတ်။ ဗြဟ္မာဖြစ်သော်လည်း။ ဗြဟ္မာ၎ မဟုတ်။လူပု။နတ်ပု။ဗြဟ္မာပုတို့သာတည်း။

---

လောကီ
...သီလ။
...ဝနာ မှု
...း သည်။
...ါရဒုက္ခ
...ည်း ဖြစ်
...ကြောင်း။

၃။ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် အား ထုတ်အပ်သောဒါနမှု။သီလမှု။ဘာဝနာမှု။ ဈာန်သမာပတ် မှုတို့မှတပါး။ ကာမာဝစရစည်းစိမ်။မဟာဂုတ်စည်းစိမ်တို့ ကိုတောင့်တ၍ပြုအပ်ကျင့်အပ်သော။ ဒါန။သီလ။ဘာဝနာ။ ဈာန်သမာပတ် အလုပ်တို့သည်။ သံသရာ ဒုက္ခမှု ချည်းသာ တည်း။ ။သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်နိုင်သော။ ဒါန။ သီလ။ဘာဝနာမှုတို့ကို။များသောအားဖြင့်။ သာသနာတော် တွင်း၌။သာသနာတော်ကို ယုံကြည်လေးမြတ်သူတို့သာ ပြု လုပ်နိုင်၏။မြတ်စွာဘုရားပွင့်တော်မူသောကမ္ဘာကနည်း၍။ ပွင့်တော်မမူသောကမ္ဘာကအလွန်များ၏။မြေကြီးကိုကော်ယူတော်မူ၍လက်မတော်၌တင်ပြီးလျှင်။ ထိုလက်မတော်၌ တင်ရှိသောမြေမှုန့်သည်၊ ဘုရားပွင့်တော်မူသောကမ္ဘာအ ရေအတွက်ဖြစ်သည်ဟုဥပမာပြတော်မူသည်။ ။ပုထုဇ္ဇန် သတ္တဝါတို့မည်သည်။ မရေတွက်နိုင်သော သံသရာ၌ ကိုး ကွယ်ရာဌာနမြဲသည်ဟုမရှိကြ။ သည်ဘဝ၌တမျိုး။ နောက် ဘဝ၌တမျိုး။ အဖုံဖုံပြောင်းကြမြဲဖြစ်၏။ မြတ်စွာဘုရားကို ကိုးကွယ်ရသောဘဝကား။ အလွန်နည်းပါး၏။ ရုံခါဗြဟ္မာ ကိုဘုရားဟု ကိုးကွယ်ကြရသည်။ ရုံခါနတ်ကို။ ရုံခါနေကို။ ရုံခါသစ်ပင်ကြီး အစရှိသည်တို့ကိုကိုးကွယ်ကြရသည်။ ထို သူတို့ပြုအပ်သောကုသိုလ်ကောင်းမှုတို့သည်။ ငရဲပြည်သို့ မျက်စောင်းထိုးလျက်ရှိနေသော။လူ့ပြည်။ နတ်ပြည်။ဗြဟ္မာ ပြည်တို့၌သာအကျိုးပေးနိုင်၏။ သာသနာတော်တွင်းအခါ

သာသနာတော်ကို ကိုးကွယ်သောသူတို့ ပြုအပ်သော။ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းမဟုတ်သော။ သုစရိုက်မှုတို့သည်းလည်း။ ထိုကဲ့သို့ပင် အကျိုးပေး၏။ ထိုသူတို့ရအပ်သောသုခသည်။ မြဲသောစိတ်ချရသောသုခစစ်မဟုတ်။ စင်စစ်အားဖြင့် ကြောက်လန့်ဘွယ် ကောင်းလှသော ဒုက္ခကြီးဖြစ်သည်ဟုမှတ်အပ်၏။

---

ပဋိစ္စသမုပ္ပါဒ် တရားတော်။ ၄။ ဒုက္ခအတိဖြစ်သော သံသရာစက်ဖြစ်ပုံကို သိလိုသော်ပဋိစ္စသမုပ္ပါဒ် တရားတော်ကိုကောင်းစွာ နားလည်ရအောင် အားထုတ်အပ်၏။ ထိုပဋိစ္စသမုပ္ပါဒ်တရားတော်ကို ကောင်းစွာနားမလည်လျှင်။ သံသရာစက်ဖြစ်ပုံကို သိခြင်းငှါမစွမ်းနိုင်သတည်း။ ။ပဋိစ္စသမုပ္ပါဒ်ဟူသည်ကား။အကြောင်းတရားတို့၏ညီညွတ်ခြင်းကိုစွဲ၍။ အကျိုးတရားတို့ဖြစ်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်မည်၏။ ။ပဋိစ္စသမုပ္ပါဒ်၏။ အင်္ဂါတဆယ့်နှစ်ပါးရှိ၏။တဆယ့်နှစ်ပါးဟူသော်ကား။

| အကြောင်းတရား။ | | အကျိုးတရား။ | |
|---|---|---|---|
| (၁) အဝိဇ္ဇာ | ကြောင့် | သင်္ခါရ | ဖြစ်၏။ |
| (၂) သင်္ခါရ | ။ | ဝိညာဏ်(ဝိညာဉ်) | ။ |
| (၃) ဝိညာဏ်(ဝိညာဉ်) | ။ | နာမ်ရုပ်။ | ။ |
| (၄) နာမ်ရုပ် | ။ | သဠာယတန | ။ |
| (၅) သဠာယတန | ။ | ဖဿ | ။ |
| (၆) ဖဿ | ။ | ဝေဒနာ | ။ |
| (၇) ဝေဒနာ | ။ | တဏှာ | ။ |
| (၈) တဏှာ | ။ | ဥပါဒါန် | ။ |
| (၉) ဥပါဒါန် | ။ | ဘဝ | ။ |
| (၁၀) ဘဝ | ။ | ဇာတိ | ။ |
| (၁၁) ဇာတိ | ။ | (၁၂) ဇရာ။မရဏ။ | |

သောက။ပရိဒေဝ။ဒုက္ခ။ဒေါမနဿ။ ဥပါယာသတို့သည်ဖြစ်ကုန်၏။

(သောကာ။ပရိဒေဝ။ဒုက္ခ။ဒေါမနဿ။ဉပါယာသ။ဤငါးပါးတို့ကိုဇာတိ၏။ မုချအကျိုးရင်းမဟုတ်။ အကျိုးဆက်မျှသာဖြစ်သောကြောင့်။ဇရာမရဏာ၌သွင်း၍ယူအပ်၏။)

---

အဝိဇ္ဇာ။ ၅။ အဝိဇ္ဇာဟူသည်ကား။ဟုတ်မှန်သည့်အတိုင်းကိုမသိခြင်းတည်း။ ဟုတ်မှန်သည့်အတိုင်းကိုသိခြင်းဆိုသည်မှာ။သစ္စာလေးပါးတရား*မဂ္ဂင်ရှစ်ပါး*တရားတို့ကိုသိခြင်းတည်း။သို့ဖြစ်၍ထိုတရားတို့ကိုမသိခြင်းသည် အဝိဇ္ဇာမည်သတည်း။ (ဝိဇ္ဇာသိခြင်းအနက်။ အဝိဇ္ဇာမသိခြင်းအနက်ပေး၏။)

---

သင်္ခါရ။ ၆။ သင်္ခါရဟူသည်ကား။ လောကီကုသိုလ်အကုသိုလ်စေတနာတည်း။ ။ကာမာဝစရကုသိုလ်။ရူပဗြဟ္မာဖြစ်စေတတ်သော။ ရူပါဝစရကုသိုလ်စေတနာသည်။ပုညာဘိသင်္ခါရမည်၏။ ဒွါဒသရိုက် အကုသိုလ် စေတနာသည် အပုညာဘိသင်္ခါရမည်၏။အရူပဗြဟ္မာဖြစ်စေတတ်သောအရူပကုသိုလ်စေတနာသည်။အာနေဉ္ဇာဘိသင်္ခါရမည်၏။ထိုမှတပါးလည်း။ကာမာဝစရကုသိုလ်စေတနာသည် ကိုယ်ဖြင့်ပြုအပ်သော ကာယဒွါရရိုက်မှ ရှောင်ကြဉ်၍ ဖြစ်သောအခါ။ ကာယသင်္ခါရ။ နှုတ်ဖြင့်ပြုအပ်သော ဝစီဒွါရရိုက်မှရှောင်ကြဉ်၍ဖြစ်သောအခါ။ ဝစီသင်္ခါရ။ စိတ်ဖြင့်ပြုအပ်သော မနောဒွါရရိုက်မှ ရှောင်ကြဉ်၍ ဖြစ်သော အခါ။ စိတ္တသင်္ခါရမည်၏။ အကုသိုလ်စေတနာ ကာမာဝစရ ကုသိုလ်စေတနာတို့ကို။ကာယသင်္ခါရ။ ဝစီသင်္ခါရ။ စိတ္တသင်္ခါရဟူ၍ ဝေဘန်ရမည်။ရူပကုသိုလ်စေတနာ။အရူပကုသိုလ်စေတနာတို့

---

* ဒုတိယပိုင်းပုဒ်မ(၃၅)မှာကြည့်။
* ဒုတိယပိုင်းပုဒ်မ(၃၄)မှာကြည့်။

ကိုစိတ္တသင်္ခါရတပါးသာဝေဘန်လေ။ ။ယခုအခါအများ ပြောလေ့ရှိကြသည်မှာ။ ခပ်သိမ်းသော သတ္တဝါတို့သည့် သင်္ခါရဘဲ။ တနေ့နေ့သေကြရမည် မချဘဲဟူ၍ ပြောလေ့ရှိကြသည်။ သင်္ခါရဟူသော ပါဠိဘာသာသည်။ မြန်မာဘာသာပြန်သော်။မမြဲဟုအဓိပ္ပါယ်ရသည့်ထင်မှတ်၍။သည့်ကဲ့သို့ပြောဆိုလေ့ရှိကြသည်။ လောကီကုသိုလ်အကုသိုလ်စေတနာကံသည် သင်္ခါရမည်ကြောင်းကိုမသိကြ။ ထိုကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ဟု ဟောတော်မူသော တရားကိုနားမလည်နိုင်အောင်ရှိကြသည်။

---

*အဝိဇ္ဇာကြောင့်။ သင်္ခါရဖြစ်ပုံ။*

၇။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ဟန်ကား။ သစ္စာလေးပါးတရား။ မဂ္ဂင်ရှစ်ပါးတရားတို့ကိုမသိမမြင်သောအဝိဇ္ဇာမှောင်ကြီးရှိသော ပုဂ္ဂိုလ်သည် သတ္တဝါတို့ဓမ္မတာအတိုင်း။ ချမ်းသာသုခကိုအလိုရှိ၍။ လောကီကုသိုလ် အကျိုးဟူသော ဆင်းရဲဒုက္ခကို။ ချမ်းသာသုခထင်မှတ်မှားသဖြင့်။ကာမာဝစရကုသိုလ်။ရူပါဝစရကုသိုလ်မှုကိုပြု၏။ထိုအခါကုသိုလ်ကံစေတနာဟူသော ပုညာဘိသင်္ခါရသည် အဝိဇ္ဇာကြောင့်ဖြစ်သည်မည်၏။ ။သတ္တဝါတို့ဓမ္မာအတိုင်း။ ယခုမျက်မှောက်ဘဝ၌ပင် ကာမဂုဏ်စည်းစိမ်ချမ်းသာ ဥစ္စာပစ္စည်းတို့ကိုအလိုရှိ၍လောဘတိုက်တွန်းသောကြောင့်။ အကုသိုလ်မှုကိုပြု၏။ဒေါသအမျက်တိုက်တွန်းသောကြောင့်တပါးသော သတ္တဝါကို နှိပ်စက်ကလူပြု၏။ အဝိဇ္ဇာ မောဟ တိုက်တွန်းသောကြောင့်။မှန်သောတရားကိုမသိမမြင်၍။အကိရိယဒိဋ္ဌိ။ အဟေတုကဒိဋ္ဌိ။နတ္ထိကဒိဋ္ဌိအယူကိုယူမိ၏။ ထိုအခါအကုသိုလ်စေတနာ ကံဟူသော။ အပုညာဘိသင်္ခါရသည် အဝိဇ္ဇာကြောင့် ဖြစ်သည်မည်၏။ ။အရူပဗြဟ္မာ၏ အဖြစ်သည်။ မမြဲသောကြောင့်။ အပါယ်လေးပါးနှင့် နီးလှသော

ကြောင့်။ ဒုက္ခပင်ဖြစ်သည့်ကိုမသိ။ မြဲသောသုခစစ်ဟုထင်မှတ်မှား၍။အာရုပ္ပကမ္မဋ္ဌာန်းကိုအားထုတ်၏။ ထိုအခါ အရူပါဝစရကုသိုလ်ကံ စေတနာဟူသော။ အာနဉ္ဇာဘိသင်္ခါရသည်။အဝိဇ္ဇာကြောင့်ဖြစ်သည့်မည်၏။ ။အဝိဇ္ဇာမရှိလျှင်ဆိုအပ်ခဲ့ပြီးသော သင်္ခါရတို့သည်မဖြစ်နိုင်။ထိုကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဟူသောကုသိုလ် အကုသိုလ်စေတနာကံသည်ဖြစ်၏ဟု မှတ်အပ်သတည်း။

---

ဝိညာဏ်။ ဂ။ ဝိညာဏ် (ဝိညာဉ်)ဟူသည်ကား။အကျဉ်းအားဖြင့်စိတ်တည်း။ ဝိညာဏ်သည် ပဋိသန္ဓေဝိညာဏ်။ပဝတ္တိဝိညာဏ်ဟူ၍နှစ်ပါးပြား၏။ ပဋိသန္ဓေ ဝိညာဏ်ကား။ ပဋိသန္ဓေတည်သည့်အခါ ဖြစ်သော ဝိညာဏ်တည်း။ ပဝတ္တိဝိညာဏ်ကား။ ပဋိသန္ဓေ တည်ပြီးနောက်။ သေသည့်တိုင်အောင်ရှိနေသောဝိညာဏ်တည်း။ ဤနှစ်ပါးတွင်။သင်္ခါရ၏အကျိုး ဖြစ်သော ဝိညာဏ်အရာ၌။ ပဋိသန္ဓေဝိညာဏ်သာလျှင်လိုရင်းပဓာနဖြစ်သတည်း။ ။သင်္ခါရမည်သောလောကီကုသိုလ်။ အကုသိုလ်ကံ စေတနာကို ပြုသောသူ သည်သေဆေသာအခါ၌။အကုသိုလ်ကံစေတနာဟူသော အပုညာဘိသင်္ခါရကြောင့်။ အပါယ်လေးဘုံ၌။ ပဋိသန္ဓေ ဝိညာဏ်ဖြစ်လေ၏။ ကာမာဝစရ ကုသိုလ်ကံစေတနာ။ ရူပါဝစရကုသိုလ်ကံစေတနာဟူသောပုညာဘိသင်္ခါရကြောင့်၊ လူ့ဘုံ။ နတ်ဘုံ။ဗြဟ္မာ့ဘုံ၌။ပဋိသန္ဓေဝိညာဏ်ဖြစ်လေ၏။အရူပါဝစရကုသိုလ်ကံစေတနာဟူသော။ အာနဉ္ဇာဘိသင်္ခါရကြောင့် အရူပဗြဟ္မာ့ဘုံ၌။ ပဋိသန္ဓေဝိညာဏ်ဖြစ်၏။ ( ဝိညာဏ်နှင့်စိတ်။ အဓိပ္ပါယ် အတူတူဖြစ်ကြောင်းကို အမြဲသတိပြုပါလေ။)

---

နာမ်ရုပ်။ ၉။ နာမ်ဟူသည်ကား။ စိတ်နှင့်အတူတူ ဖြစ်ခြင်း။ စိတ်နှင့် အတူတူချုပ်ခြင်း။ စိတ်နှင့်အတူတူ အာရုံရှိခြင်း။ စိတ်နှင့်အတူတူမှီရာရှိခြင်း။ဤလေးပါးသော လက္ခဏာတို့ဖြင့် စိတ်၌ယှဉ်တတ်သော တရားသည်။ စေတသိက် မည်၏။ ပီတိ။ ဆန္ဒ။ လောဘ။ ဒေါသ။ မောဟ။ မာန။ ရှက်ခြင်း။ ကြောက်ခြင်း။ သတိ။ ဇီဝိတိန္ဒြေ။ ကရုဏာ။ မုဒိတာ။ အစရှိသဖြင့်။ စေတသိက် ၅၂ *ပါးရှိ၏။ ထို ၅၂ ပါးတွင်။ စိတ်ကို ထည့်သွင်း၍။ ၅၃ ပါးသောတရားတို့သည်။ နာမ်တရားမည်၏။ ။စိတ်နှင့်ဝိညာဏ်သည် အတူတူဖြစ်ပါလျက်။ နာမ်အရကို။ စိတ်စေတသိက်နှစ်ပါးလုံးကို မကောက်မယူဘဲ။ အဘယ့်ကြောင့် စေတသိက်ကိုသာ ယူရသနည်းဟူမူကား။ စိတ်နှင့်တကွကောက်ယူသည်ရှိသော်။ အကျိုးဝိညာဏ်အကြောင်းဝိညာဏ်နှစ်ပါးတို့အတူတကွဖြစ်ခြင်းဖြစ်ရာ ရော်သည်။ ထိုကြောင့်အကြောင်းဝိညာဏ်အရာ၌။နာမ်အရကို။ စေတသိက်ကိုသာ ကောက်ယူ ရသတည်း။ ရုပ်ဟူသည်ကား။ အချမ်း ကြောင့်ဖင်း။ အပူကြောင့်ဖင်း။ ဖောက်ပြန်တတ်သောတရားသည်ရုပ်မည်၏။ မြေဓာတ်။ ရေဓာတ်။ မီးဓာတ်။ လေဓာတ်။မျက်စိ။နား။နှာခေါင်း။လျှာ။ကိုယ်။ဇီဝိတ။ အာဟာရ။အစရှိသဖြင့်။ ရုပ် ၂၈ *ပါးရှိ၏။

---

ဝိညာဏ်ကြောင့်။ နာမ်ရုပ် ဖြစ်ပုံ။ ၁၀။ ဝိညာဏ်ကြောင့်။ နာမ်ရုပ် ဖြစ်ဟန်ကား။ ဝိညာဏ်သည်။ တန်ခိုး အကြီးဆုံး ဖြစ်သော ပဓါနဓာတ်ကြီး မည်၏။ ထိုဓါတ်ကြီး ဖြစ်ပေါ်သည် ရှိသော်။ ဆိုအပ်ခဲ့ပြီးသောနာမ်ရုပ်တို့သည် ဖြစ်ပေါ်ကြကုန်၏။ ။ရုပ် ၂၈ပါး တွင်အချို့သော ရုပ်ကား။ ပဋိသန္ဓေတည်ပြီး နောက်ကာလ

---

* နောက်ဆက်တွဲအစဉ်နံပါတ်(၈)မှာကြည့်။

* နောက်ဆက်တွဲအစဉ်နံပါတ်(၂၉)မှာကြည့်

သို့ရောက်မှပေါ်သည်။ ။ထိုရုပ် ၂၈ ပါးတွင်။အခြေခံရုပ်ကား။မြေ။ရေ။လေ။မီးဟူသောဓာတ်ကြီးလေးပါးပေတည်း ကြွင်းသောရုပ်တို့ကား။ ထိုဓာတ်ကြီးလေးပါးမှာမှီတွယ်၍ပါရသောရုပ်ငယ်ရသာတည်း။ ။နာမ်ကို။နာမကာယခေါ်၏။ရုပ်ကို။ရူပကာယခေါ်၏။ ။ထိုနာမကာယ။ရူပကာယနှစ်ပါးတွင်။ အရူပလေးဘုံ၌ကား။ ဝိညာဏ်နှင့်အတူတကွ။နာမကာယဖြစ်ပေါ်သည်။ ရူပကာယမပေါ်ပြီ။အသညသတ်ဘုံ၌ကား။ပုညာဘိသင်္ခါရဟုဆိုအပ်သော။ပဥ္စမဈာန်ကုသိုလ်စေတနာကြောင့်။ ရူပကာယသက်သက်သာ ပေါ်သည်။ ဝိညာဏ်။ နာမကာယနှစ်ပါးမပေါ်ပြီ။ ကြွင်းသောဖြဟ္မာ ၁၅ ဘုံ။နတ်ခြောက်ဘုံ။လူ့ဘုံ။အပါယ်လေးဘုံ။၌ ၂၆ ဘုံတို့၌ကားဝိညာဏ်ဖြစ်ပေါ်လျှင်။ ဝိညာဏ်နှင့်တကွ။နာမကာယ။ရူပကာယနှစ်ပါးတပြိုင်နက်ဖြစ်ပေါ်၏။ ။ထိုသို့ဖြစ်ပေါ်ရာ၌လည်း။ရူပကာယဖြစ်ပေါ်ကြပုံအမျိုးမျိုးရှိ၏။ ။ဥပပတ်ပဋိသန္ဓေ။ သံသေဒဇပဋိသန္ဓေ။ အဏ္ဍဇပဋိသန္ဓေ။ ဇလာဗုဇပဋိသန္ဓေဟူ၍လေးမျိုးရှိ၏။ ။ပဋိသန္ဓေဝိညာဏ်ပေါ်သည်နှင့်တပြိုင်နက်။လုံးရပ်သဏ္ဌာန်ပြည့်စုံပြီး။ရူပကာယခန္ဓာ ဖြစ်ပေါ်သည်ကား။ ဥပပတ်ပဋိသန္ဓေတည်း။ နတ်ပြည်။ဗြဟ္မာ့ပြည်။ ငရဲပြည်တို့၌ဖြစ်၏။ ။ဥပပတ်ပုဂ္ဂိုလ်ကဲ့သို့။ အပြီးအစီးကြီးကြီး မွေးမားမဖြစ်မူ၍။ ပျက်စီးနားစသောအင်္ဂါရုံလင်ကာမျှနှင့်။သစ်ခေါင်း။ရွှံ့။ရေစသည်တို့၌။ ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်ပေါ်သောရူပကာယသည်။ သံသေဒဇပဋိသန္ဓေမည်၏။ အစ၌။သတ္တဝါကောင်မှန်းသိသာရုံပေါ်ပေါက်၍။ နောက်မှသတ္တဝါမျိုးအားလျော်စွာတနေ့တခြား ကြီးပွါးသည်။ ။ကြက်ဥက်စသော အဥ၌ဖြစ်သောပဋိသန္ဓေသည်။အဏ္ဍဇပဋိသန္ဓေမည်၏။ လူ။နွား။ကျွဲ။ဆင်။မြင်း။စသော။ သားအိမ်၌ပဋိသန္ဓေသည်။ ဇလာဗုဇ *

---

* ဂဗ္ဘသေယျပဋိသန္ဓေလည်းခေါ်သည်။

မည်၏။ ဤပဋိသန္ဓေနှစ်ပါးကား။ အစဉ်ပကတိမျက်စိဖြင့် မမြင်နိုင်သော။အလွန်သေးငယ်သောကလလရေကြည်တည်ပြီးမှတနေ့တခြားကြီးပွါးရ၏။ တဘန်ကြီးပွါးပြီးမှ။ မျက်စိ။နား။နှာခေါင်း။လျှာတို့ဖြစ်ပေါ်ကုန်၏။ ။စိတ်ဝိညာဏ်မှ။စေတသိက်နာမ်ခန္ဓာတို့သည်။ပေါက်ဘွားကြကုန်သည်ဖြစ်၍။ဝိညာဏ်သည်အမိနှင့်တူ၏။စေတသိက်နာမ်ခန္ဓာတို့သည်။အမိမှ ပေါက်ဘွားသော သားကောင်း သားဆိုးတို့နှင့် တူကုန်၏။ ။ဝိညာဏ်ချုပ်သော်။ထိုဝိညာဏ်နှင့်အတူ။နာမ်ရုပ်တို့သည်လည်းချုပ်ကြကုန်၏။ ။မှတ်ရန်အထူးမှာ။ထိုပဋိသန္ဓေဝိညာဏ်သည်။လွန်ခဲ့သည့်ဘဝမှ။ဤယခုဘဝသို့ပြောင်းရွှေ့၍ ဖြစ်လာသည်မဟုတ်။ လွန်ခဲ့သောဘဝကအကြောင်းနှင့်ကင်း၍ဖြစ်သည်လည်းမဟုတ်။ ဥပမာအဘယ်ကဲ့သို့ နည်းဟူမူကား။ တောတောင်စသည်တို့၌ ပဲ့တင်သံသည် ပကတိအသံလာ၍ဖြစ်သည်လည်းမဟုတ်။ ထိုပကတိအသံနှင့်ကင်း၍ဖြစ်သည်လည်းမဟုတ်သကဲ့သို့တည်း။

---

သဠာယတန။

၁၁။ သဠာယတနဟူသည်ကား။ စက္ခာယတနမည်သောမျက်စိအကြည်ဓာတ်။သောတာယတနမည်သော။နားအကြည်ဓာတ်။ဃာနာယတနမည်သော။နှာခေါင်းအကြည်ဓာတ်။ဇိဝှါယတနမည်သော။လျှာအကြည်ဓာတ်။ ကာယာယတနမည်သော ကိုယ်ကာယအကြည်ဓာတ်။ မနာယတနမည်သော။စိတ်ဝိညာဏ်အကြည်ဓာတ်။ ဤအကြည်ဓာတ်ခြောက်ပါးသည်။သဠာယတနမည်၏။

---

ဝိညာဏ်ကြောင့်။ သဠာယတနဖြစ်ပုံ။

၁၂။ ဝိညာဏ်ကြောင့်သဠာယတနဖြစ်ဟန်ကား။ ။ရုပကာယကြောင့်မျက်စိအကြည်။ နားအကြည်။ နှာခေါင်းအကြည်။လျှာအကြည်။ ကိုယ်ကာယ အကြည်။ ဤရုပ်အ

ကြည်ငါးပါးတို့သည် ဖြစ်ပေါ်ကုန်၏။ နာမကာယကြောင့်။ မနောဟူသော စိတ်ဝိညာဏ် အကြည်သည် ဖြစ်ပေါ်လာ၏။ ။ရူပကာယကြောင့် ရုပ်အကြည်ငါးပါး ဖြစ်ပေါ် ရာ၌။ဥပမာကား။ထန်းသီးအုန်းသီးတို့မှာအတော်ကြီးကြလျှင်။ အစေ့အိမ်။ အခံအိမ်ပေါ်ပေါက်၍လာသကဲ့သို့။ ထို့အတူ။ အဏ္ဍဇသတ္တဝါ။ဇလာဗုဇသတ္တဝါတို့မှာ။ ပဋိသန္ဓေတည်နေပြီးနောက် ကာလ၌။ မျက်စိ။နား။ နှာခေါင်း။ လျှာဟူသော ရုပ်အကြည်လေးပါးတို့ ဖြစ်ပေါ် ချိန်ကျသောအခါ။ မျက်စိအိမ်။နားအိမ်။နှာခေါင်းအိမ်။ လျှာအိမ်တို့နှင့်တကွ။ ပသာဒမည့်သောဓာတ်ကြည်တို့သည်ဖြစ်ပေါ်၍လာကုန်၏။ ကိုယ်ကာယအကြည်မူကား။ ပဋိသန္ဓေဝိညာဏ်နှင့် အတူတကွ တည်လာ၏။ ။ဥပပတ်ပုဂ္ဂိုလ်။ သံသေဒဇပုဂ္ဂိုလ်တို့၌ကား။ရုပ်အကြည်ငါးပါးတို့သည်။ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်ကုန်၏။ ။ဗြဟ္မာတို့၌ကား။နှာခေါင်းအိမ်။ လျှာအိမ်။ ကိုယ်ကာယအိမ်တို့မှာ။ အိမ်သက်သက်သာ ရှိကြကုန်၏။ ပသာဒဓာတ်ကြည့် မရှိကြကုန်။ ။နာမကာယကြောင့်သာ။မနာယတနဟူသောဝိညာဏ်ဖြစ်ရသည်မဟုတ်။မျက်စိအိမ်။နားအိမ်။နှာခေါင်းအိမ်။လျှာအိမ်။ ကိုယ်ကာယအိမ်။ ဟဒယဝတ္ထုရုပ်မည်သော နှလုံးအိမ်။ ဤခြောက်ပါးသော ဝတ္ထုရုပ်ကြောင့်လည်း ဝိညာဏ်ဖြစ်ပေါ်ရ၏။ မျက်စိအိမ်ရှိသောကြောင့်။စက္ခုဝိညာဏ်ဖြစ်ပေါ်ရ၏။ နားအိမ်ရှိသောကြောင့်။သောတဝိညာဏ်ဖြစ်ပေါ်ရ၏။ နှာခေါင်းအိမ်ရှိသောကြောင့်။ ဃာနဝိညာဏ်ဖြစ်ပေါ်ရ၏။ လျှာဝတ္ထုရုပ် ရှိခြင်းကြောင့်။ ဇိဝှါဝိညာဏ်ဖြစ်ပေါ်ရ၏။ ကာယဝတ္ထုရုပ်ရှိခြင်းကြောင့်။ ကာယဝိညာဏ်ဖြစ်ပေါ်ရ၏။ ဟဒယဝတ္ထုရုပ် ရှိခြင်းကြောင့်။ ကြွင်းသောဝိညာဏ်များ။ ထိုက်သည့်အားလျော်စွာ ဖြစ်ပေါ်ရ၏။ ။ထိုအကြည့် ခြောက်ပါးသည်။ ခန္ဓာကိုယ်၌ ဒွါရ (အပေါက်) ခြောက်ပါး မည်၏။ အရည်

အရောင်ကဲ့သို့။ ရွှန်း ရွှန်းစက်စက်၊ဖိတ်ဖိတ်လည်သော အကြည်ဓာတ်မျိုးဖြစ်၏။ ဒွါရဆိုသော်လည်း။ အပေါက်ဟင်းလင်း မဟုတ်။ မှန်တံခါးများကဲ့သို့ ဖိတ်ဖိတ်လည်သောအကြည့်တံခါးမျိုးသာတည်း။ ။ကိုယ်ကာယ အကြည်ကား။တကိုယ်လုံးမှာအတွင်းအပြင်အနှံ့အပြားပေါ်၏။ ။မနောအကြည်ကား။ဝိညာဏ်ဟုဆိုအပ်သော။ လျှမ်းလျှမ်းတောက်သောနာမ်အကြည်ပေတည်း။ ။နေဝန်းသဏ္ဌာန်စသောအဆင်းသဏ္ဌာန်အထည်ဝတ္ထုဟူသမျှသည်။ စက္ခုအကြည်။မနောအကြည်။ ဤအကြည်နှစ်ခုဌ်တပြိုင်နက်။ အရိပ်အသွင်ထင်ပြဆိုက်တိုက်ရသည်။ ဤအခါ ဤကား နေဝန်းတည်း။ ဤကားလဝန်းတည်း။ ဤသို့စသဖြင့်မြင်ကြသိကြရသည်။အသံမျိုးဟူသမျှသည်။သောတအကြည်။ မနောအကြည်။ဤအကြည်နှစ်ခုမှာ။ပုံသဏ္ဌာန်အရိပ်အသွင်ထင်ပြဆိုက်တိုက်ရသည်။ ကြွင်းသောအကြည် လေးခုတို့မှာလည်း။ဤကဲ့သို့ပင်ဖြစ်သတည်း။ မှတ်ရန်အထူးမှာ။

| | |
|---|---|
| ၁။ စက္ခု (မျက်စိ) အကြည်<br>၂။ ရူပါရုံ (အဆင်း)<br>၃။ စက္ခုဝိညာဏ် | ဓာတ်ဘက်-၃ ခု။ |
| ၁။ သောတ (နား) အကြည်<br>၂။ သဒ္ဒါရုံ (အသံ)<br>၃။ သောတဝိညာဏ် | ဓာတ်ဘက်-၃ ခု။ |
| ၁။ ဃာန (နှာခေါင်း)အကြည်<br>၂။ ဂန္ဓာရုံ (အနံ့)<br>၃။ ဃာနဝိညာဏ် | ဓာတ်ဘက်-၃ ခု။ |
| ၁။ ဇိဝှါ (လျှာ) အကြည်<br>[illegible]။ အရသာ အာရုံ<br>[illegible]ဝိညာဏ် | ဓာတ်ဘက်-၃ ခု။ |

၁။ (ကိုယ်) ကာယအကြည်
၂။ အတွေ့အာရုံ
၃။ ကာယဝိညာဏ်
} ခေတ်ဘက်–၃

၁။ ဘဝင်ခေါ်သောမနောအကြည်
၂။ အာရုံခြောက်ပါးတွင်တပါးပါး
၃။ မနောဝိညာဏ်
} ခေတ်ဘက်–၃ံခု။

ဤခေတ်ဘက်တို့ကိုလည်းမှတ်အပ်၏။

---

ဖဿ။ ၁၃။ ဖဿ ဟူသည်ကား။ အကျဉ်း အားဖြင့်။ အထက်က ပြဆိုခဲ့သော အတွင်းအကြည်ခေတ် ခြောက်ပါးနှင့်မိမိတို့၏ဆိုင်ရာခေတ်ဘက်ဖြစ်သော အပြင်ခေတ် ဝတ္ထုတခုခုနှင့်တိုက်ဆိုင်တွေ့ထိခြင်းတည်း။ ။စက္ခု(မျက်စိ)အကြည်မှာ။ လူရိပ်စသည်ထင်၍ ထိခိုက်သည့်နှင့်တပြိုင်နက်။စက္ခုဝိညာဏ်လည်းဖြစ်ပေါ်၏။ စက္ခုသမ္ဖဿလည်းဖြစ်ပေါ်၏။ ထို့အတူ။ သောတ(နား)အကြည်။ သဒ္ဒ(အသံ)အာရုံ။သောတဝိညာဏ်။ ဤသုံးပါးပေါင်းဆုံမိသည်နှင့် တပြိုင်နက်။ သောတသမ္ဖဿဖြစ်ပေါ်၏။ ဃာန(နှာခေါင်း)အကြည်။ဂန္ဓ(အနံ့)အာရုံ။ဃာနဝိညာဏ်။ ဤသုံးပါးပေါင်းဆုံမိသည်နှင့်တပြိုင်နက်။ ဃာနသမ္ဖဿဖြစ်၏။ ဇိဝှါ(လျှာ)အကြည်။ရသအာရုံ။ ဇိဝှါဝိညာဏ်။ ဤသုံးပါးပေါင်းဆုံမိသည်နှင့်တပြိုင်နက်။ ဇိဝှါသမ္ဖဿဖြစ်ပေါ်၏။ (ကိုယ်) ကာယအကြည်။ဖောဋ္ဌဗ္ဗာရုံ(အတွေ့)ကာယဝိညာဏ်။ဤသုံးပါးပေါင်းဆုံမိသည်နှင့်တပြိုင်နက်။ ကာယသမ္ဖဿဖြစ်ပေါ်၏။ ဘဝင်မနောအကြည်။ အာရုံခြောက်ပါးတွင်တပါးပါး။ မနောဝိညာဏ်။ ဤသုံးပါးပေါင်းဆုံမိသည်နှင့်တပြိုင်နက်။ မ

နောသမ္ဘဿ ဖြစ်ပေ၏။ ။စက္ခုအကြည့်သည်။ မိမိမှာ ထင်လာသောအဆင်းကိုလက္ခံရုံမျှသာစွမ်းနိုင်သည်။ထိုအဆင်းကိုအာရုံမပြုနိုင်။ စက္ခုဝိညာဏ်သည်။ ထိုအဆင်းကို အာရုံပြုရုံမျှသာပြုနိုင်သည်။ ကောင်းသောအဆင်းဖြစ်သည်၊ မကောင်းသော အဆင်းဖြစ်သည်ကို ထင်ရှား၍လာအောင် မပြုတတ်မပြုနိုင်။ဖဿဓာတ်သည်သာလျှင်။ အာရုံကောင်းလျှင်ကောင်းသလော၊မကောင်းလျှင် မကောင်းသလောက်။ ကောင်း မကောင်းကို အကုန်ထွက် ပေါ် ထင်ရှား၍ လာအောင် ပြုနိုင်သည်။ ။ကြွင်းသော အာရုံငါးပါး၊ ဖဿငါးပါးတို့၌လည်း။ ဤစက္ခုသမ္ဖဿနည်းတူဥပမာနှင့်တကွ သိလေ။ ။ဤမျက်စိအတွေ့။နားအတွေ့အစရှိသော ဖဿမည်သည်။ ခံစားစံစားသော နှာ ရာတို့၌၎င်း။ သာယာသော အရာတို့၌၎င်း။ စက်ဆုပ်မှုကြောက်လန့်မှုတို့၌၎င်း။ ဖဿသည် အချုပ်အချာဖြစ်၏။

---

ဝေဒနာ။ ၁၄။ ဝေဒနာ ဟူသည်ကား။ အကျဉ်း အားဖြင့် ကောင်းသောရသ။မကောင်းသောရသကို ခံစားစံစားခြင်းတည်း။ (ရသဆိုသည်မှာ။ဥပမာအဆင်း၌ လှပတင့်တယ် နှစ်သက်ဘွယ်သောဂုဏ်ကို ကောင်းသောရသ ဆိုသည်။ မလှမပ နှစ်သက်ဘွယ်မရှိသည်ကို။ မကောင်းသောရသ ဆိုသည်မှတ်လေ။) ။အထက်၌ပြဆိုခဲ့သည့်အတိုင်း။မျက်စိနှင့် အဆင်းသဏ္ဌာန်ကိုမြင်ကြသောအခါ။ စက္ခုဝိညာဏ်သည်။အဆင်းသဏ္ဌာန်မှန်းသိရုံမျှသာတည်း။ကောင်းသောရသ။မကောင်းသောရသကို။ ထင်ရှားပေါ်ထွက်အောင် မတတ်နိုင်။ ဖဿသည်သာလျှင်တတ်နိုင်သည်။ ထိုသို့ဖဿကြောင့်။ ကောင်းသောရသပေါ်လာသောအခါ။ထိုရသကို သာယာရွှင်လန်းသဖြင့်စံစား၏။ထိုအခါသုခသောမနဿ

ဝေဒယိတခါတ်ဖြစ်ပေါ်လာ၍ခံစားသည့်မည်၏။မကောင်းသောရသပေါ်လာသောအခါ။ထိုရသကိုဆင်းရဲငြိုငြင်စွာခံစားရ၏။ထိုအခါ။ဒုက္ခဒေါမနဿဝေဒယိတခါတ် ဖြစ်ပေါ်လာ၍ခံစားရသည့်မည်၏။ ။ဖဿအားအခန်လျှင်။ဝေဒနာအားသန်၏။ဖဿပြော့လျှင်။ ဝေဒနာပြော့၏။ ။ဤဝေဒနာဟူသောဝေဒယိတ ခါတ်ကြီးကား။ သုံးဆဲ့တဘုံ၌။ အလွန်ကျော်စော ထင်ရှားသော ခါတ်ကြီးပေတည်း။ သုခသောမနဿဝေဒယိတခါတ်ကြီးနှင့် အနေရများသော သူကို။လူချမ်းသာခေါ်သည်။ဒုက္ခဒေါမနဿဝေဒယိတ ခါတ်ကြီးနှင့်အနေရများသောသူကိုလူဆင်းရဲခေါ်သည်။ ။ထိုဝေဒယိတ ခါတ်သည်။ စက္ခု(မျက်စိ) အတွေ့မှ ဖြစ်ပေါ်သောစက္ခုသမ္ဖဿဇာဝေဒနာ။သောတ(နား)အတွေ့မှဖြစ်ပေါ်သော။သောတသမ္ဖဿဇာဝေဒနာ။ ဃာန (နှာခေါင်း) အတွေ့မှ ဖြစ်ပေါ်သော။ ဃာနသမ္ဖဿဇာဝေဒနာ။ ဇိဝှါ (လျှာ) အတွေ့မှ ဖြစ်ပေါ်သော။ ဇိဝှါသမ္ဖဿဇာ ဝေဒနာ။ (ကိုယ်) ကာယမှ ဖြစ်ပေါ်သော ကာယသမ္ဖဿဇာ ဝေဒနာ။ဘဝင်မနောအတွေ့မှဖြစ်ပေါ်သော။ မနောသမ္ဖဿဇာ ဝေဒနာဟူ၍ ခြောက်ပါးအပြားရှိ၏။ သုခ။ဒုက္ခ။ဥပေက္ခာ* ဟူ၍ သုံးပါးစီပြားပြန်၏။ ။အဆင်း သဏ္ဌာန်ကို မြင်၍ မျက်စိအတွေ့နှင့်ကြုံကြိုက်ရာ။ မျက်နှာ ရွှင် ရွှင်လန်းလန်း ပြမူ။ထိုသူမှာသုခဝေဒနာဖြစ်ပေါ်၍နေသည်ကိုသိရ၏။မျက်နှာညှိုးညှိုးနွမ်းနွမ်းပြမူဒုက္ခဝေဒနာဖြစ်ပေါ်၍နေသည်ကိုသိရ၏။ ။ထိုဝေဒနာခြောက်ပါးတို့သည်။ခပ်သိမ်းကုန်သော

---

* ဥပေက္ခာဝေဒနာဟူသည်ကား။ စိတ်ရွှင်လောက်သောအာရုံမျိုးလည်းမဟုတ်စိတ်ညှိုးနွမ်းလောက်သောအာရုံမျိုးလည်းမဟုတ်သောဝေဒနာမျိုးတည်း။ ဥပမာ။ သစ်ပင်ချုံမြက် စသည်တို့ကို။ မပြတ်မြင်နေကြရာ" မြို့ကြီး၌လှည်း။ရထား။သံ။မော်တော်ကားသံအစရှိသောအသံတို့ကို။ မပြတ်ကြားနေကြရာစသည်တို့၌။ဥပေက္ခာဝေဒနာ၏အဓိပ္ပါယ်ကိုသိရာ၏။

သဏ္ဍဝါတို့၌။ အလှည့်အလည်အားဖြင့်။ မပြတ် ဖြစ်ပေါ်၍ နေသတည်း။

---

တဏှာ။ ၁၅။ တဏှာဟူသည်ကား။အဆင်းအသံအနံ့စသည့်တို့၌။ သာယာရုံမက်တပ်နှစ်သက်ခြင်းတည်း။ ။ဥပမာကား။ အလွန်လှပတင့်တယ် ချစ်စဘွယ်သောမိန်းမကိုမြင်သောယောကျ်ားအား၌။သုခဝေဒနာသည်ဖြစ်ပေါ်လာ၏။ထိုဝေဒနာသည်စက္ခု၊ အရသာ။စက္ခုမြိန်ရှက်မှုမည်၏။ ထိုစက္ခုအရသာကိုမသွတ်ချင်။မခွါချင်တိုး၍သာ ထိုမိန်းမ၏မျက်နှာကို မြင်ချင်သောစိတ်သည် ဖြစ်၏။ ထိုသို့ တပ်နှစ်သက်သောစိတ်ဖြစ်လာသောအခါ။တဏှာဖြစ်ပေါ်လာသည်မည်၏။ ဤတဏှာသည်။ စက္ခုသမ္ဖဿဇာဝေဒနာကြောင့် ဖြစ်၏။ ။ကြွင်းသော ဝေဒနာကြောင့် ဖြစ်သောတဏှာတို့၌လည်း။ ဤစက္ခုသမ္ဖဿဇာ ဝေဒနာကြောင့်ဖြစ်သော တဏှာနည်းတူ ဥပမာနှင့်တကွသိလေ။ ။အဆင်းသဏ္ဌာန်၌တပ်နှစ်သက်သောရူပတဏှာ။ အသံ(သဒ္ဒါရုံ)၌ တပ်နှစ်သက်သောသဒ္ဒတဏှာ။ အနံ့(ဂန္ဓာရုံ)၌တပ်နှစ်သက်သော ဂန္ဓတဏှာ။ အရသာ(ရသာရုံ) ၌တပ်နှစ်သက်သော ရသတဏှာ၊ အတွေ့(ဖောဋ္ဌဗ္ဗာရုံ)၌တပ်နှစ်သက်သော ဖောဋ္ဌဗ္ဗတဏှာ။ဓမ္မာရုံ၌တပ်နှစ်သက်သော။ဓမ္မတဏှာဟူ၍ခြောက်ပါးပြား၏။ ။ဓမ္မာရုံမည်သည်ကား။ ရူပါရုံ။သဒ္ဒါရုံ။ ဂန္ဓာရုံ။ရသာရုံ။ဖောဋ္ဌဗ္ဗာရုံ။ ဤအာရုံငါးပါးကိုချန်လှပ်၍။ ကြွင်းသမျှအလုံးစုံသည် ဓမ္မာရုံမည်၏။ ထိုကြောင့် လောဘပွါးသောအမှုကိုပြုပြီးနောက်။ထိုလောဘအမှုကိုပင်။ ပြုပုံ မှုပုံနှင့်တကွ အမှတ်ရတိုင်းသာယာသော။ နောက်ဖြစ်သောတဏှာသည်။ ရှေးဖြစ်သော လောဘဓမ္မလျှင် အာရုံ ရှိသောကြောင့်။ ဓမ္မတဏှာ မည်၏။ ထို့အတူ။ ဒေါသ။ မာန။ ဒိဋ္ဌိ။ သဒ္ဓါ။ပညာ။ဒါန။သီလ။ ဘာဝနာစသော အမှုတို့ကို ပြုပြီး

နောက်ပြုံပုံမူပုံအမူအရာနှင့်တကွအမှတ်ရ၍။ထိုဒေါသ။မာနအစရှိသည်တို့ကို သာယာသောနောက် တဏှာသည်။ ဓမ္မတဏှာမည်၏။ဓမ္မတဏှာနှယ်အလွန်ကျယ်ဝန်းများပြား၏။

---

ဥပါဒါန်။ ၁၆။ ဥပါဒါန်မည်သည်ကား။အကျဉ်းအားဖြင့်။အစွဲအလမ်းအားကြီးသောတဏှာသည်ဥပါဒါန်မည်၏။ ကြွက်ကိုကြောင်ခဲသကဲ့သို့။ ဘားကိုမြွေခဲသကဲ့သို့။ မြဲမြဲစွဲစွဲတပ်သောတဏှာသည် ဥပါဒါန်မည်၏။ ။တဏှာကား။အလိုနည်းခြင်း၏ဆန့်ကျင်ဘက်။ဥပါဒါန်ကား။ ရောင့်ရဲတင်းတိမ်ခြင်း၏ဆန့်ကျင်ဘက်။ ဤသို့နှစ်ပါးအထူးကိုလည်းသိအပ်၏။ ။ဥပါဒါန်ကား။လေးပါးအပြားရှိ၏။ လေးပါးဟူသော်ကား။ကာမုပါဒါန်။ဒိဋ္ဌုပါဒါန်။သီလဗ္ဗတုပါဒါန်။အတ္တဝါဒုပါဒါန်။ဤလေးပါးတည်း။ ။ထိုလေးပါးတို့တွင်။ကာမုပါဒါန်ဆိုသည်ကား။ အထက်၌ ပြဆိုခဲ့ပြီးသော တဏှာခြောက်ပါးသည်ပင်လျှင်။ အစွဲအလမ်း အားကြီးသောအခါ။ ကာမုပါဒါန်မည်၏။ ။ဒိဋ္ဌုပါဒါန်ဆိုသည်ကား။ သုံးပါးသောနိယတမိစ္ဆာဒိဋ္ဌိကြီး။ ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိအစရှိသော အစွဲအလမ်း အလွန်ပြင်းသောမိစ္ဆာဒိဋ္ဌိကိုပင် ဆိုသတည်း။ ။သီလဗ္ဗတုပါဒါန်ဟူသည်ကား။ မြတ်စွာဘုရားလက်ထက်တော်၌။ ဂေါဝတိကတက္ကဒွန်း။ ကုက္ကုရဝတိကတက္ကဒွန်း*တို့ကဲ့သို့။ နွားတို့၏အလေ့အကျင့်။ ခွေးတို့၏အလေ့အကျင့်ကို။ ဝဋ်ဒုက္ခမှ ကျွတ်လွတ်စေတတ်သော အလေ့အကျင့်ဟုစွဲလမ်းမှုသည်။သီလဗ္ဗတုပါဒါန်မည်၏။ ။အတ္တဝါဒုပါဒါန် ဆိုသည်ကား။ ငါငါ။ ငါ့ပစ္စည်း။ ငါ့ဉစ္စာ

---

* ထိုတက္ကဒွန်းတို့၏အလေ့အကျင့်ကိုသိလိုမူ။ နောက်ဆက်တွဲအစဉ်နံပါတ် ၆ နှင့် ၇ မှာကြည့်။

အစရှိသဖြင့်ပြောဆိုကြ စွဲလမ်းကြသော သက္ကာယဒိဋ္ဌိပင်တည်း။ ။ထိုလေးပါးသော ဒိဋ္ဌိတို့တွင်။ မြတ်စွာဘုရားသာသနာတော်ကိုကိုးကွယ် ယုံကြည်သောသူတို့၌။ ကာမုပါဒါန်။ အတ္တဝါဒုပါဒါန်နှစ်ပါးသာရှိ၏။ ဘုရားသာသနာ၌ရှိသောလူမျိုးတို့၌လည်း။ သီလဗ္ဗတုပါဒါန်မှာ။ ဂေါသီလ။ ဂေါဝတအယူအတိုင်း ကျင့်သောသူတို့၌သာရှိ၏။ ဒိဋ္ဌုပါဒါန်မှာ။သာသနာတော်ကိုမယုံကြည်သောသူတိုင်း၌ရှိ၏။ ။သဠာယတန ဖြစ်လျှင်။ ဖဿ မဖြစ်ဘဲ မနေနိုင်။ ဖဿဖြစ်လျှင်။ ဝေဒနာမဖြစ်ဘဲမနေနိုင်။ ဝေဒနာဖြစ်လျှင်။ တဏှာမဖြစ်ဘဲမနေနိုင်။တဏှာဖြစ်လျှင်။ဥပါဒါန်မဖြစ်ဘဲမနေနိုင်။ ရေသည် နိမ့်ရာသို့ မစီးဘဲမနေနိုင်သကဲ့သို့တည်း။ ။အဆင်းအသံအနံ့စသည်တို့ကိုတပ်မက်သော လောဘကား။ တဏှာ။ ထိုတဏှာဖြစ်ပေါ်လာသဖြင့်။ မြဲစွဲစွာ စွဲလမ်းတတ်သော။နောက်နောက်လောဘကား။ဥပါဒါန်။ ဤသို့ထူးသည်ကိုလည်းမှတ်လေ။

---

၁၁၀။ ၁၇။ ဘဝဟူသည်ကား။အကျဉ်းအားဖြင့်။ ဖြစ်ခြင်း ပွါးခြင်းတည်း။ ။ကမ္မဘဝ။ ဥပပတ္တိဘဝဟူ၍ နှစ်ပါးအပြားရှိ၏။ ကမ္မဘဝဆိုသည်ကား။ကုသိုလ်ဖြစ်သည်။ အကုသိုလ်ဖြစ်သည်။ကုသိုလ်ပွါးသည်။ အကုသိုလ်ပွါးသည်ဟူလိုသတည်း။ ။ကာမဂုဏ်ချမ်းသာကိုစံစားအံ့ဟုနှလုံးပြု၍။ ဒုစရိုက်မှုကိုပြုကျင့်လျှင်အပါယ်ဘုံ၌ဖြစ်အံ့။ အပါယ်ဘုံသို့ရောက်ကြောင်းဖြစ်သော။ အကုသိုလ်ကံသည်။ ကမ္မဘဝမည်၏။ ကံကြောင့် ဖြစ်သော ရုပ်ခန္ဓာသည်။ ဥပပတ္တိဘဝမည်၏။လူ့ပြည်။နတ်ပြည်။ဗြဟ္မာ့ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာကိုစံစားအံ့ဟုနှလုံးပြု၍။သုစရိုက်ကိုပြုကျင့်အံ့။ လူ့ပြည်။နတ်ပြည်။ ဗြဟ္မာ့ပြည်သို့ရောက်ကြောင်းဖြစ်သော ကု

သိုလ်ကံသည် ကမ္မဘဝမည်၏။ ကံကြောင့်ဖြစ်သော ခန္ဓာ သည်ဥပပတ္တိဘဝမည်၏။ ဥပပတ္တိဘဝသည်။ ကာမဘဝ။ ရူပဘဝ။ အရူပဘဝဟူ၍သုံးပါး။ သညီဘဝ။ အသညီဘဝ။ နေဝသညီနာသညီဘဝဟူ၍သုံးပါး။ ဧကဝေါကာယဘဝ။ စတုဝေါကာယဘဝ။ ပဉ္စဝေါကာယဘဝဟူ၍သုံးပါး။ ဤသို့ ကိုးပါးပြား၏။ ထိုကိုးပါးတို့တွင်။ ကာမဆယ့်တဘုံ၌ပဋိ သန္ဓေတည်နေခြင်းသည်။ ကာမဘဝမည်၏။ ရူပဖြဟ္မာဘုံ၌ ပဋိသန္ဓေတည်နေခြင်းသည်ရူပဘဝမည်၏။ အရူပဖြဟ္မာဘုံ ၌ပဋိသန္ဓေတည်နေခြင်းသည်။ အရူပဘဝမည်၏။ အသည သတ်ဖြဟ္မာဘုံ။ နေဝသညာနာသညာ။ ဖြဟ္မာဘုံမှ တပါး။ ကြွင်းသော ၂၉ ဘုံ၌။ ပဋိသန္ဓေတည်နေခြင်းသည်။ သညီဘ ဝမည်၏။ အသညသတ်ဘုံ၌ ပဋိသန္ဓေတည်နေခြင်းသည် အသညီ ဘဝမည်၏။ နေဝသညာနာသညာဘုံ၌ ပဋိသန္ဓေ တည်နေခြင်းသည်။ နေဝသညီ နာသညီ ဘဝမည်၏။ အသ ညသတ်ဘုံ၌။ ပဋိသန္ဓေတည်နေခြင်းသည်။ ဧကဝေါကာ ယဘဝမည်၏။ အရူပဖြဟ္မာလေးဘုံ၌။ ပဋိသန္ဓေတည်နေ ခြင်းသည်။ စတုဝေါကာယဘဝမည်၏။ ကြွင်းသော ၂၆ ဘုံ ၌ပဋိသန္ဓေတည်နေခြင်းသည်။ ပဉ္စဝေါကာယဘဝမည်၏

---

ဥပါဒါန် ကြောင့်။ ဘဝဖြစ် ပုံ။

၁၈။ ဥပါဒါန်ကြောင့် ဘဝဖြစ်ဟန်ကား။ ယခုဘဝ၌ ကာမဝတ္ထုတို့၌တွယ်တာသော ကာမုပါဒါန်ရှိနေကုန်သော သူတို့အား နောင်ဘဝ အဆက်ဆက် တို့ကို လှမ်းမြော်၍ တွယ်တာတောင့်တသောကါမုပါဒါန်တရားသည်ထင်ရှား ရှိနေ၏။ ယခုဘဝ၌မည်သည့်အလှူကိုလှူကြလျှင်။ ဘယ်မျှ လောက်ကြီးကျယ်သောလူ့စည်းစိမ်။ နတ်စည်းစိမ်ကိုရနိုင် သည်ဟူ၍ လောကီချမ်းသာနှင့်စပ်သောအလှူဒါနကုသိုလ် အကျိုးကို ကြားနာကြရသောအခါ။ ကာမုပါဒါန်လှို့ဆော်

သောကြောင့်။ ထိုအလှူကိုလှူဒါန်းလိုသောသဒ္ဓါဆန္ဒဖြစ်ကြ
သဖြင့်လှူဒါန်းကြကုန်၏။ သဒ္ဓါဆန္ဒအလွန်အားကြီးသောသူ
တို့မှာ မိမိတို့ပိုင်ပစ္စည်း အလုံးကိုပင် စွန့်ကြ၍လှူဒါန်းကြကုန်
၏။ ငါးပါးသီလအကျိုး။ ရှစ်ပါးသီလအကျိုး။ ဆယ်ပါးသီလ
အကျိုးများကို ကြားနာရ၍။ ကာမုပါဒါန် လှုံ့ဆော်သော
ကြောင့်သီလဆောက်တည်ကြကုန်၏။ အချို့သောသူတို့မှာ
မိမိတို့၏ဥစ္စာကိုယူသောအတွက်ကြောင့်၎င်း။ သူတပါးတို့
၏ ဥစ္စာကို ရလိုယူလို သောကြောင့်၎င်း။ ကာမုပါဒါန်လှုံ့
ဆော်သဖြင့်။ အကုသိုလ်ဒုစ္စရိုက်မှုတို့ကိုပြုကျင့်ကြကုန်၏။
ဤကားကာမုပါဒါန်ကြောင့်ကာမာဝစရဒါနကုသိုလ်မှု။ သီ
လကုသိုလ်မှု။ ဥပေါသထ ကုသိုလ်မှုဟုဆိုအပ်သော။ ကု
သိုလ်ကမ္မဘဝဖြစ်ပုံအကုသိုလ်ကမ္မဘဝဖြစ်ပုံတည်း။ ။
ဒါနကုသိုလ် သီလကုသိုလ် ပြုမှသာလျှင် နောက်နောက်
သောဘဝတို့၌ အသက်ရှည်ခြင်း။ အဆင်းလှခြင်း။ ချမ်း
သာကြီးခြင်း။ ခွန်အားကြီးခြင်း။ ဉာဏ်ကြီးခြင်း ဟူသော
ကောင်းကျိုးတရား ငါးပါးနှင့်ပြည့်စုံသော လူ့အဖြစ်။ နတ်
အဖြစ်ကိုရသည်ဟု ကြားနာကြရသောအခါ အတ္တဝါဒုပါ
ဒါန်လှုံ့ဆော်သောကြောင့်။ ထိုကဲ့သို့သောအကျိုးကိုရခြင်း
ငှါ။ ဒါနကုသိုလ်သီလကုသိုလ်တို့ကိုပြုကြကုန်၏။ ။ဘာ
ဝနာများကိုပွါးများကြလျှင်။ ကာမာဝစရ ကုသိုလ်အနေမျှ
ပွါးများနိုင်ကြမူ။ လူ့ပြည်နတ်ပြည်၌ မည်သို့ထူးမြတ်သော
လူ့အဖြစ်။ နတ်အဖြစ်ကိုရသည်ဟူ၍၎င်း။ ရူပါဝစရဈာန်
ထအောင်ပွါးများနိုင်ကြမူ။ ရူပဗြဟ္မာအဖြစ်ကိုရသည်ဟူ၍
၎င်း။ အရူပါဝစရဈာန်ရအောင်ပွါးများနိုင်ကြမူ။ အလွန်အ
သက်ရှည်သော အရူပဗြဟ္မာ အဖြစ်ကို ရသည်ဟူ၍၎င်း။
ကြားနာကြရသောအခါ အတ္တဝါဒုပါဒါန် လှုံ့ဆော်သော
ကြောင့်ထိုအဖြစ်တို့ကိုရကြလို၍။ ထိုဘာဝနာတရားတို့ကို
အားထုတ်ကြကုန်၏။ ရသေ့ ရဟန်း ပြုကြကုန်၏။ ဤကား

အတ္တဝါဒုပါဒါန်ကြောင့်၊ ဒါန သီလ ဘာဝနာဟူသော ကုသိုလ်ကမ္မဘဝဖြစ်ပွါးပုံတည်း။ ကာမုပါဒါန်ကြောင့်စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်းတည်းဟူသော ဘောဂသမ္ပတ္တိကိုအလိုရှိကြကုန်၏။ အတ္တဝါဒုပါဒါန်ကြောင့်ကောင်းမြတ်သော ဘဝကိုရခြင်း။ ကောင်းမြတ်သော ဘဝနှင့် ပြည့်စုံခြင်းဟူသောဘဝသမ္ပတ္တိကိုအလိုရှိကြကုန်၏။ ကာမုပါဒါန်။ အတ္တဝါဒုပါဒါန်ကြောင့်။ ကမ္မဘဝဖြစ်ပုံကိုသိသာသဖြင့်။ ဒိဋ္ဌုပါဒါန်။ သီလဗ္ဗတုပါဒါန် အစွမ်းအားဖြင့် ကမ္မဘဝဖြစ်ပုံကိုလည်းဆိုလွယ်စရာရှိပြီဖြစ်၍အကျယ်မရေးပြီ။

သံခါရပစ္စယာဝိညာဏံ။ သင်္ခါရကြောင့်ဝိညာဏ်ဖြစ်သည်ဆိုရာ၌။ သင်္ခါရအရကား။ ကုသိုလ် အကုသိုလ်မှုကိုဟောသည်။ ဘဝပစ္စယာ ဇာတိ။ ဘဝကြောင့် ဇာတိဖြစ်သည်ဆိုရာ၌။ ကမ္မဘဝအရကား ကုသိုလ်အကုသိုလ်မှုကိုပင် ဟောသည်။ ဤသို့ အတူတူ ဖြစ်ပါလျက်။ အဘယ်ကြောင့်တဘန်ဟောပြန်သနည်းဟုမေးဘွယ်ရှိ၏။ အတူတူမဟုတ်။ ထူးခြားကွဲပြားပါသည်။ အဘယ်သို့ ကွဲပြားသနည်းဟူမူ။ သင်္ခါရပစ္စယာ၌ သင်္ခါရအရကား။ ယခုမျက်မှောက်ဘဝပဋိသန္ဓေ၏ အကြောင်းဖြစ်သော ။ရှေးဘဝကံ။ ဤဘဝပစ္စယာဇာတိ၌။ ကမ္မဘဝအရကား။ နောင်ဘဝပဋိသန္ဓေ၏အကြောင်းဖြစ်သောမျက်မှောက်ဘဝကံ။ဤသို့ထူးခြားကွဲပြား၏။

---

ဇာတိ။ ၁၉။ ဇာတိဟူသည်ကား။ ရှေးဘဝ၌ ပြုခဲ့သောကံတည်းဟူသောအကြောင်းကြောင့်။ နောက်နောက်ဘဝမှာပဋိသန္ဓေ ကိစ္စအားဖြင့်။ ရှေးဦးအစ ဘဝသစ် ခန္ဓာဖြစ်ဆဲသည်ဇာတိမည်၏။ နောက်ရင့်ခြင်းကာလသည် ဇရာမည်၏။ ခန္ဓာပျက်စီးသေဆုံးခြင်းသည်မရဏမည်၏။ ဇာတိ၏အ

ကြောင်းဖြစ်သော ဘဝဟူသည်ကား။ ကမ္မဘဝတပါးသာတည်း။ ထိုကမ္မဘဝ ဟူသော ကုသိုလ်ဖြစ်မှု အကုသိုလ်ဖြစ်မှုသည်လည်း။ နောင်ပဋိသန္ဓေ အကျိုးပေးနိုင်လောက်အောင်။ အောင်မြင်သောအမှုလည်းရှိသည်။ မအောင်မြင်သောအမှုလည်းရှိသည်။ ဒုစ္စရိုက်ဆယ်ပါးသည်အောင်မြင်သော အကုသိုလ်မှုတည်း။ သုစရိုက် ဆယ်ပါး။ ပုညကိရိယာဝတ္ထု ဆယ်ပါး တို့သည် အောင်မြင်သော ကုသိုလ်မှုတည်း။ ဥပါဒါနပစ္စယာ ဘဝေါဟူသောပုဒ်၌။ အောင်မြင်သည်ဖြစ်စေ။ မအောင်မြင်သည် ဖြစ်စေ။ ကုသိုလ်မှုအကုသိုလ်မှု အလုံးစုံကိုပင် လိုအပ်၏။ ဘဝပစ္စယာ ဇာတိဟူသောနောက်ပုဒ်၌ကား။ အောင်မြင်သော ကုသိုလ်မှု အကုသိုလ်မှုကိုသာလျှင်အလိုရှိအပ်၏။

---

ကမ္မဘဝကြောင့်။ ဇာတိဖြစ်ပုံ (ဘဝသစ်တည်ထောင်ပုံ။)

၂၀။ ကမ္မဘဝဟူသော ကုသိုလ်ကံ။ အကုသိုလ်ကံကြောင့်။ ဇာတိဟူသော ပဋိသန္ဓေဘဝသစ်ထူထောင်ဟန်ကား။ စိတ်နှင့်တကွစိတ်နှင့်ယှဉ်သောတရားစုတို့ကိုရပ်တည်မရထိုထိုဝတ္ထုအာရုံသို့တပြေးတည်းပြေး၍နေရအောင်။ မပြတ်မစဲဆော်လျက်ဆွလျက်နေသောတရားကား။ကုသိုလ်မှုအကုသိုလ်မှု ကံစေတနာတည်း။ ထိုသို့ဆော်မှု။ ဆွမှု။စေ့ဆော်မှုသည်။ တဘဝတဘဝတွင်သတ္တဝါမြွတာသေဆုံးရာမှာပင် ရပ်တန့်သည်ဟူ၍မရှိပြီ။ သတ္တဝါသေဆုံးသည်နောက် ဘဝသစ် ဖြစ်ပေါ်အောင်။ တသွန်တည်း တဆက်တည်း အတွင်နှင်လေတော့သည်။ တဏှာကျန်၍ နိဗ္ဗာန်သို့ရောက်မှရပ်တန့်ကွယ်ဆုံးလေတော့သည်။ ယခုဘဝကံစေတနာသည်။သတ္တဝါသေဆုံးကာလ။မျက်စိအကြည် (စက္ခုပသာဒ)နားအကြည် (သောတပသာဒ) နှာခေါင်းအကြည် (ဃာနပသာဒ)လျှာအကြည်(ဇိဝှါပသာဒ)ကိုယ်ကာယအ

ကြည် ( ကာယပသာဒ )။ မိန်းမအင်္ဂါဓာတ် (ဣတ္ထိဘာဝ) ယောကျ်ားအင်္ဂါဓါတ်(ပုမ္ဘာဝ)ဇီဝိတ။ဟဒယရုပ်ဟူသော နှလုံး။ဤကိုးခုသောရုပ်တို့ကိုဖြစ်စေ၍။ ဇာတိဟူသောဘဝ သစ်ထူထောင်၏။ ဤရုပ်ကိုးခုသည်ကမ္မဇရုပ်ကိုးခုမည်၏။ ကမ္မဇရုပ်ဆိုသည်မှာ။ ကံကြောင့်ဖြစ်သောရုပ်ဟူလိုသည်။ မျက်စိအကြည်။ နားအကြည်။ နှာခေါင်းအကြည်။ လျှာအ ကြည်။ ကိုယ်ကာယအကြည်။ ဟဒယဝတ္ထုနှလုံးအကြည်။ ဤအကြည်ဓာတ်ခြောက်ခုတို့သည်။မိမိတို့ဆိုင်ရာဆိုင်ရာ ဝိညာဏ်နှင့်တကွ ဖြစ်ပေါ်လာ၏။ အကြည်ဓာတ်ခြောက်ခု သည့်ရုပ်မည်၏။ ဝိညာဏ်သည်နာမ်မည်၏။ အထက်ကပြ ဆိုခဲ့သည်အတိုင်းရူပကာယ။နာမကာယဟူ၍။ သတ္တဝါတ ယောက်တွင်ကိုယ်ကာယနှစ်ခုရှိ၏။ ဝိညာဏ်ကြောင့် နာမ် ရုပ်ဖြစ်ဟန်အခန်းနှင့် ဆက်၍ကြည့်လေ။ ဘဝသစ်ဖြစ်ပုံထူ ထောင်ပုံထင်ရှားလတ္တံ့။ဇီဝိတရုပ်ဟူသည်ကား။ကမ္မဇရုပ် တို့ကိုထူထောင်သောကံသည်ထိုရုပ်တို့နှင့်အတူထက်ကြပ် မရှိပြီ။ဇီဝိတသာလျှင်ထက်ကြပ်ရှိ၏။ထိုသို့ကမ္မဇရုပ်တို့ကို သတ္တဝါသေသည်တိုင်အောင်စောင့်ရှောက်သည်ပိုး၍သွား ပေသောဓါတ်ဝိသေသအထူးတခုကိုဇီဝိတရုပ်ဆိုသည်မှတ် အပ်၏။ကမ္မဇရုပ်ကိုးခုတို့သည်ထူထောင်သည်မှစ၍။သတ္တ ဝါသေသည်တိုင်အောင်ဇီဝိတ၏အစွမ်းအားဖြင့် အစဉ်အ မြဲဖြစ်ပွါး၍နေနိုင်ကြ၏။စိတ်။ဥတု။အာဟာရတို့ကြောင့်ဖြစ် သောရုပ်တို့သည် ကွယ်ချည်ပျောက်ချည် နေကြသကဲ့သို့။ ထိုကမ္မဇရုပ်ကိုးခုတို့သည် ကွယ်ချည်ပျောက်ချည် နေကြ သည်ဟူ၍မရှိကြကုန်။ ထို့ဇီဝိတသည်လူအများတို့သမုတ် ကြထင်မှတ်ကြသောအသက်မဟုတ်။ထူးသောဓါတ်တမျိုး ပေတည်း။ထိုဇီဝိတသည်ဝိညာဏ်လည်းမဟုတ်။ဇီဝိတသည် ရုပ်တရား။ဝိညာဏ်သည်နာမ်တရားဖြစ်၏။ဟဒယဝတ္ထုရုပ် ၌ဖြစ်သော မနော (စိတ်) အကြည်သည် ဓာတ်ရင်း။ ဓာတ်

မင်းဖြစ်သောဝိညာဏ်ပင်တည်း။ အထက်က ဆိုခဲ့သည့်အတိုင်း ဝိညာဏ်သည်အမိနှင့်တူသည်။ နာမ်ရုကားသားဆိုးသားကောင်းနှင့်တူသည်မှန်လျှင်။ဘဝသစ်ထူထောင်ရာ၌သားဆိုးတို့မှ အမိပေါက်ဘွားပြန်သည်ဟု ဆိုရာမရောက်ပြီလောဟုမေးရန်ရှိ၏။အဖြေကား။ သစ်စေ့မှသစ်ပင်ဖြစ်၏။ သစ်ပင်မှသစ်စေ့ဖြစ်၏။ဤသို့ဖြစ်ရာ၌။ ပဌမသစ်စေ့ကားတခြား။ ဒုတိယသစ်စေ့ကားတခြား ဖြစ်သတည်း။ ထို့အတူ။ ပဌမခေတ်မင်းဖြစ်သောဝိညာဏ်ကတခြား။ ထိုဝိညာဏ်မှပေါက်ဘွားသောနာမ်ရုမှဆက်သွယ်၍ဖြစ်ပေါ်လာသော။ ဒုတိယခေတ်မင်းဝိညာဏ်ကားတခြားဖြစ်သတည်း။ ပဌမခေတ်မင်းဝိညာဏ်သည်ကား။နာမ်ရုပ်တို့ကို ထူထောင်ပြီးနောက်ချုပ်ကွယ်လေ၏။ ပဌမသစ်စေ့ပုပ်သွေးသွားသကဲ့သို့တည်း။ ။ပဋိသန္ဓေဝိညာဏ်သည်။စေတနာကံဟောင်းစီမံရာ။ ညွှန်ပြရာ တိုက်တွန်းရာ ဖြစ်၏။ ။စေတနာကံဟောင်းသည်လယ်မြေနှင့်တူ၏။ ပဋိသန္ဓေ ဝိညာဏ်သည်စပါးမျိုးစေ့နှင့်တူ၏။ တဏှာသည်။မျိုးစေ့၏အတွင်း၌ ပါရှိသော အဆီအစေးနှင့်တူ၏ဟူ၍ ဥပမာပြတော်မူ၏။ ။

ဝိညာဏ်နှင့် စိတ်သည်။ အထက်က ပြဆိုခဲ့သည့်အတိုင်း။ အနက်အဓိပ္ပါယ်သဘောအတူတူဖြစ်၏။ ။စိတ်ဝိညာဏ်သည်။သတ္တဝါ၏အတ္တသာရမဟုတ်။မဟုတ်ကြောင်းကား။ သတ္တဝါတို့သည်။ပကတိအလိုအားဖြင့်ကား။ အစဉ်ထာဝရကောင်းမြတ် ချမ်းသာသည်ကိုသာ အလိုရှိကြ၏။ စိတ်၏ပကတိအလိုကား မကောင်းရာသို့သာ အစဉ်ထာဝရ ဆောင်ခြင်းသဘောရှိ၏။သတ္တဝါတို့၏ပကတိအလိုနှင့်စိတ်၏ပကတိအလိုသည်။ ဆန့်ကျင်ဘက် နေကြ၏။ ထိုကြောင့် စိတ်ဝိညာဏ်သည် သတ္တဝါ တို့၏ ပိုင်ရာ နိုင်ရာမဟုတ်။ ထိုကြောင့်။စိတ်ဝိညာဏ်သည်သတ္တဝါ၏အတ္တသာရ မဟုတ်ကြောင်းကိုသိအပ်၏။

(သောက။ ပရိဒေဝ။ ဒုက္ခ။ ဒေါမနဿ။ ဥပါယာသတို့သည်။ အိလွှယ်သော တရားများ ဖြစ်သော ကြောင့်။ အကျယ်မရေးပြီ။)

---

ဝဋ်ဖြစ်မှုနှစ်ပါး။ ၂၁။ ဝဋ်ဖြစ်မှုလနှစ်ပါးရှိ၏။နှစ်ပါးဟူသည်ကား။အဝိဇ္ဇာနှင့် တဏှာဖြစ်သတည်း။ ။ဤပဋိစ္စသမုပ္ပါဒ်သည့်ရေးအဘို့ကို ဟောတော်မူလိုသောအားဖြင့်။ အဝိဇ္ဇာလျှင် အရင်းမူလရှိသော။ အလုံးစုံသောပဋိစ္စသမုပ္ပါဒ်။ နောက်အဘို့ကိုဟောတော်မူလိုသောအားဖြင့်။ တဏှာလျှင် အရင်းမူလ။ ဇရာမရဏအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်ဟူ၍နှစ်ပါးရှိ၏။ထိုနှစ်ပါးတို့တွင်။ဒိဋ္ဌိစရိုက်ပွါးများသောသူတို့အား။ အဝိဇ္ဇာသည်သံသရာသို့ဆောင်တတ်။ သံသရာ၏ အကြီးအကဲဖြစ်သောကြောင့်။အဝိဇ္ဇာမူလရင်းရှိသော ပဋိစ္စသမုပ္ပါဒ်ကိုဟောတော်မူ၏။ တဏှာစရိုက်ပွါးများသောသူတို့အား။ တဏှာသည်။ သံသရာကိုဆောင်တတ်။ သံသရာ၌ အကြီးအကဲဖြစ်သောကြောင့်။ နောက်ဖြစ်သောတဏှာမူလရင်းရှိသောပဋိစ္စသမုပ္ပါဒ်ကိုဟောတော်မူ၏။

---

ဝဋ်သုံးပါး။ ၂၂။ ဝဋ်သုံးပါးသည်အဘယ်နည်းဟူမူကား။

| | | |
|---|---|---|
| (၁) | သင်္ခါရ<br>ဘဝ | ဤနှစ်ပါးသည်<br>ကမ္မဝဋ်။ |
| (၂) | တဏှာ<br>ဥပါဒါန် | ဤနှစ်ပါးသည်<br>ကိလေသဝဋ်။ |
| (၃) | ဝိညာဏ်<br>နာမ်ရုပ်<br>သဠာယတန<br>ဖဿ<br>ဝေဒနာ | ဤငါးပါးသည်<br>ဝိပါကဝဋ်။ |

ဤသို့သုံးပါးတည်း။

အစပ်သုံးပါး။ ၂၃။ အစပ်သုံးပါးဟူသည်ကား။

(၁) ရှေးအတိတ်အကြောင်းပစ္စုပ္ပါန်မျက်မှောက်အကျိုးဖြစ်သော သင်္ခါရနှင့်ဝိညာဏ်၏ အကြား။အစပ်(သင်္ခါရသည်ရှေးအကြောင်း။ ဝိညာဏ်သည်။မျက်မှောက်ဘဝအကျိုး။)

(၂) ပစ္စုပ္ပါန် မျက်မှောက်ဘဝအကျိုး။ ပစ္စုပ္ပါန်မျက်မှောက်ဘဝအကြောင်းဖြစ်သော။ ဝေဒနာနှင့်တဏှာ၏အကြား။ အစပ် (ဝေဒနာသည် မျက်မှောက် ဘဝ အကျိုး။ တဏှာသည်မျက်မှောက်ဘဝအကြောင်း။)

(၃) ပစ္စုပ္ပါန်အကြောင်း။နောက်ဘဝအနာဂါတ်အကျိုးဖြစ်သော။ ဘဝနှင့်ဇာတိ၏အကြား။ အစပ် ( ဘဝသည် မျက်မှောက်ဘဝ အကြောင်း။ဇာတိသည်နောက်ဘဝအကျိုး။)

ဤသို့သုံးပါးတည်း။

---

သင်္ဂဟလေးပါး။ ၂၄။ အကျဉ်းချုံး၍ယူခြင်းဟူသောသင်္ဂဟလေးပါးမည်သည်ကား။

| | |
|---|---|
| အဝိဇ္ဇာ<br>သင်္ခါရ | ပဌမသင်္ဂဟ။ |
| ဝိညာဏ်<br>နာမ်ရုပ်<br>သဠာယတန<br>ဖဿ<br>ဝေဒနာ | ဒုတိယသင်္ဂဟ။ |
| တဏှာ<br>ဥပါဒါန်<br>ဘဝ | တတိယသင်္ဂဟ။ |

ဇာတိ
ဇရာ
မရဏ
} စတုတ္ထသင်္ဂဟ၊
ဤသို့လေးပါးတည်း။

---

အခြင်း အရာနှစ်ဆယ်။

၂၅။ အခြင်းအရာနှစ်ဆယ်ဟူသည်ကား။

(၁) အဝိဇ္ဇာ
သင်္ခါရ
တဏှာ
ဥပါဒါန်
ဘဝ
} ရှေးအတိတ်အကြောင်း ငါးပါး။

(၂) ဝိညာဏ်
နာမ်ရုပ်
သဠာယတန
ဖဿ
ဝေဒနာ
} မျက်မှောက်ဘဝပစ္စုပ္ပန် အကျိုးငါးပါး။

(၃) အဝိဇ္ဇာ
သင်္ခါရ
တဏှာ
ဥပါဒါန်
ဘဝ
} ဂုဏ်းအကြောင်းငါးပါး။

(၄) ဝိညာဏ်
နာမ်ရုပ်
သဠာယတန
ဖဿ
ဝေဒနာ
} နောက်ဘဝအနာဂါတ် အကျိုးငါးပါး။

ဤသို့အခြင်းအရာနှစ်ဆယ်ဖြစ်သတည်း။ ။နံပါတ်-၁ နှင့် ၂။နံပါတ်-၃နှင့်-၄ကိုစပ်၍ကြည့်။ ။နံပါတ် ၁ တွင် ပါရှိသောအတိတ်အကြောင်းငါးပါးကြောင့်။နံပါတ် ၂ တွင်ပါရှိသောပစ္စုပ္ပါန်အကျိုးငါးပါးဖြစ်၏။ ။နံပါတ် ၃ တွင်ပါရှိသောပစ္စုပ္ပါန်အကြောင်းငါးပါးကြောင့်။နံပါတ် ၄ တွင် ပါရှိသော အနာဂါတ် အကျိုးငါးပါး ဖြစ်၏။ ။ဤသို့မှတ်လေ။

---

ပဋိစ္စသမုပ္ပါဒ်အကျဉ်းပါဌ်တော်။ ၂၄။ ပဋိစ္စသမုပ္ပါဒ်အကျဉ်းပါဌ်တော်ကို။ နှုတ်ငုံအရကျက်၍ဆောင်ထားအပ်၏။ပါဌ်တော်ကား။

အဝိဇ္ဇာပစ္စယာသင်္ခါရာ။သင်္ခါရပစ္စယာဝိညာဏံ။ဝိညာဏပစ္စယာ နာမရူပံ။ နာမရူပပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာဥပါဒါနံ။ဥပါဒါနပစ္စယာဘဝေါ။ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿဒုက္ခက္ခန္ဓဿသမုဒယောဟောတိ။

( ပဋိစ္စသမုပ္ပါဒ် တရားတော်သည်။ အလွန် နက်နဲသိမ်မွေ့ခဲခက်သောကြောင့်တကြောင်း။ထိုတရားတော်ကို ကောင်းစွာနားမလည်လျှင်။သံသရာစက်လည်ပုံကိုသိခြင်းငှါမတွမ်းနိုင်သောကြောင့်တကြောင်း။ သံသရာစက်လည်ပုံကိုမသိလျှင်။ သံသရာဝဋ်ဆင်းရဲကိုမသိ။သံသရာဝဋ်ဆင်းရဲကိုမသိလျှင်။ ထိုဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း တရားကို နားလည်နိုင်မည်မဟုတ်သောကြောင့် တကြောင်း။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုသိလျှင်။ဗုဒ္ဓဘာသာတရားကို အသင့်အလျော် နားလည်သော ပုဂ္ဂိုလ်အဖြစ်သို့ ရောက်အံ့ ဖြစ်သောကြောင့် တကြောင်း။ ထိုအကြောင်းများကြောင့်

မကျဉ်းလွန်းမကျယ်လွန်း အသင့်အလျော် ရေးသားလိုက် ပါသည်။ အကြိမ်ကြိမ် အဘန်ဘန် သင်အံလေ့ကျက် ကြ ပါကုန်။)

---

ဗောဓိ ပက္ခိယ တရား ၃၇ ပါး။ ၂၇။ သ်သရာဝဋ်ဆင်းရဲမှ ထွက်မြောက် ကြောင်း တရားကား။ ဗောဓိပက္ခိယတရားတည်း။ ။မဂ်ဉာဏ်၏ အပင်းအသင်းတွင် ပါဝင်သောတရားဖြစ်၍။ ဗောဓိပက္ခိ ယမည်ကုန်၏။ ။ထိုဗောဓိပက္ခိယတရားစုကား။သုံး ဆယ့်ခုနစ်ပါးအပြားရှိ၏။သုံးဆယ့်ခုနစ်ပါးဟူသော်ကား။

| | |
|---|---|
| သတိပဋ္ဌာန် | ၄–ပါး။ |
| သမ္မပ္ပဓါန် | ၄–ပါး။ |
| ဣဒ္ဓိပါဒ် | ၄–ပါး။ |
| ဣန္ဒြေ | ၅–ပါး။ |
| ဗိုလ် | ၅–ပါး။ |
| ဗောဇ္ဈင် | ၇–ပါး။ |
| မဂ္ဂင် | ၈–ပါး၊ |

ပေါင်း ၃၇ ပါး။ တည်း။

---

သတိပ ဋ္ဌာန်လေး ပါး။ ၂၈။ သတိပဋ္ဌာန် မည်သည်ကား။ လွန်စွာခိုင်မြဲစွာ တည်သောသတိဟူလိုသည်။ ။ထိုသတိပဋ္ဌာန်လေးပါး ဟူသည်ကား။

(၁) ထွက်သက် ဝင်သက် အစရှိသော ရူပကာ ယ၌ ခိုင်မြဲစွာ တည်သော သတိဟူသော။ ကာယာနုပဿနာသတိပဋ္ဌာန်။

(၂) ဝေဒနာတရားတို့၌ ခိုင်မြဲစွာတည်သော သ တိဟူသော။ ဝေဒနာနုပဿနာသတိပဋ္ဌာန်။

(၃) ရာဂနှင့်တကွသောစိတ်။ ရာဂ ကင်းသော စိတ် အစရှိ သော စိတ် အပြားၓ၌ ခိုင်မြဲစွာ. တည်သောသတိဟူသော။ စိတ္တာနုပဿနာ သတိပဋ္ဌာန်။

(၄) နီဝရဏာအစရှိသောဓမ္မတို့၌။ ခိုင်မြဲစွာတည် သောသတိဟူသော။ ဓမ္မာနုပဿနာ သတိ ပဋ္ဌာန်။

ဤသို့လေးပါးတည်း။ ။ထိုလေးပါးတို့တွင်။ ထွက်သက် ဝင်သက်ဟူသော အဿာသပဿာသကာယတခု၌။ ခိုင် မြဲစွာ တည်လျှင်ပင်။ အလုံးစုံ၌ တည်သည်ပင်မည်၏။ အ ဘယ့်ကြောင့် နည်းဆိုသော်၊ မိမိစိတ်ထားလိုရာ ဝတ္ထုအာ ရုံတခုခု၌ တည်နိုင်သောအစွမ်းရှိသောကြောင့်တည်း။ ။ ရေမည်သည် အလွတ်ထားခဲ့လျှင်၊ နိမ့်ရာသို့ စီးမြဲဓမ္မတာ ဖြစ်သကဲ့သို့။ သတ္တဝါတို့၏စိတ်မည်သည်။ လွှတ်၍ထားခဲ့ လျှင်။ မကောင်းရာသို့သာ တွင်တွင်သွားမြဲဓမ္မတာ ဖြစ်၍။ မကောင်းရာ၌သာ မွေ့လျော် တတ်သောကြောင့်။ ထိုစိတ် ကိုနိုင်အောင်။ မိမိထားလိုရာအာရုံတခုခု၌ တည်ရအောင်၊ ကာယဂတာ သတိပဋ္ဌာန် ဘာဝနာမှုကို။ ရှေးဦးစွာ အား ထုတ်ရသည်။ ။လောက၌။စိတ်ကို အစိုးမရသောသူကို ဥမ္မတ္တကအရူးဟုခေါ်ကြသည်။စိတ်ကိုအစိုးရသော ပကတိ လူကောင်းဖြစ်သူတို့သည်။ လောက၌အရူး မဟုတ်သော် လည်း။ ဘာဝနာကမ္မဋ္ဌာန်းအရာတို့၌စိတ်ကိုအစိုးမရသော သူရူးတို့သာဖြစ်ကြကုန်၏။ လောက၌သူရူးသည်။ ထမင်း စားမည်ဟုထမင်းပွဲသို့ရောက်ပါလျက်။မိမိစိတ်ကိုအစိုးမရ သည်အတွက်။ ထမင်းစားမှုပြီးစီးအောင် ငြိမ်ငြိမ်နေခွင့်မရ ဘဲ။၄-၅-၆ လုပ်စားမိလျှင်၊ ထမင်းပွဲကို သွန်မှောက်၍ ထ သွားသကဲ့သို့။ ဤလူကောင်း သူကောင်း တို့သည်။ ဘုရား

ဂုဏ်တော်ကိုကြည်ညိုသောအလုပ်ကိုငါလုပ်မည်ဟု။ ကြိုးစားပါ သော်လည်း။ စိတ်ကို အစိုးမရကြသည် အတွက်။ ဘုရားဂုဏ်တော်၌။ စိတ်ကိုတည်ငြိမ်စွာနေအောင်အစိုးမရကြ။ ဘုရားအာရုံကိုလွှတ်၍။ အခြားအာရုံတခုခုသို့ အခါများစွာထွက်သွားလွင့်ပါးလျက်ရှိနေကြကုန်၏။ ထိုကြောင့်ကာယဂတာသတိပဋ္ဌာန်ဘာဝနာမှုကို။ ရှေးဦးစွာ မတည်ထောင်မူ၍။ သမထဝိပဿနာမှုတို့ကို ပြုလုပ်သော သူတို့သည်။ အထိန်းဖြစ်သောကြိုးမရှိသေးသည့်နွားရိုင်းကိုထွန်တွင်း လှည်းတွင်းသို့သွင်း၍ အသုံးပြုကြသည်နှင့်တူ၏။ ထိုနွားကိုလိုရာစခန်းသို့။ ဖြောင့်ဖြောင့်တန်းတန်း.သွားအောင်မတတ်နိုင်သကဲ့သို့။မိမိတို့၏စိတ်ကိုထားလိုရာ အာရုံတခုခု၌။ ခိုင်မြဲစွာတည်အောင် မတတ်နိုင်ကြလတ့်။ ။သမထလမ်းကိုမလိုက်လို၍။ ဈာန်မရသောရဟာ သုက္ခဝိပဿက၏လမ်းဖြစ်သော။ ဝိပဿနာမှု သက်သက်ကို အားထုတ် လိုလျှင်။ ကာယဂတာသတိထမြောက်ပြီးမှ။ဝိပဿနာသို့တက်ကြရသည်။ ။ကာယဂတာသတိကမ္မဋ္ဌာန်းကို။အသီးအခြားမလုပ်လိုပြီ။ ဝီရိယကိုသာ ထက်သန်စွာ အားထုတ်၍။ ဝိပဿနာဘာဝနာမှာပင်။ ကာယဂတာသတိလည်း အပြီးပါအောင်အားထုတ်မည်ဆိုလျှင်။ ဉာဏ်ဝီရိယအထူးရှိသူဖြစ်ပါလျှင်ပြီးစီးပါ၏။

(သတိပဋ္ဌာန်လေးပါးလုံး၏ အကျယ်ကိုသိလိုမူ၊ မဟာသတိပဋ္ဌာနသုတ်မှာရှုပါလေ။)

---

သမ္မပ္ပဓါန်။ ၂၉။ သမ္မပ္ပဓါန်ဟူသည်ကား။ တွန့်တိုခြင်း။နောက်သို့ဆုတ်ယုတ်ခြင်းမရှိသောဝီရိယတည်း။ အားထုတ်မှုအရာ၌။လွန်စွာအပင်အပန်းခံနိုင်သောဝီရိယဟူလို။ ။သမ္မပ္ပဓါန်၏အင်္ဂါလေးပါးရှိ၏။လေးပါးဟူသောကား။အရေကြွင်း

စေအင်္ဂါတပါး။အကြောင်းကြွင်းစေအင်္ဂါတပါး။ အရိုးကြွင်း စေအင်္ဂါတပါး။ အသားအသွေး အကုန်ခမ်းခြောက်လေ စေအင်္ဂါတပါး။ဤလေးပါးတည်း။ ဝီရိယကိုအားထုတ်နိုင်လျှင်။ရထိုက်သောတရားမျိုးသာမှန်ပါစေ။မရသမျှငါမနေ။ မပေါက်သမျှငါမနေ။ မရောက်သမျှငါမနေ။ ဝီရိယကို မလျှော့ပြီဟု။အလွန်အားထုတ်ခြင်းဟူလိုသည်။ ။သမ္မပ္ပဓါန်လေးပါးဟူသည်ကား။

(၁) ဖြစ်ကုန်ပြီးသော အကုသိုလ် တရားတို့ကို ပယ်ခြင်းငှါလုံ့လပြုသောဝီရိယ။

(၂) မဖြစ်သေးသော အကုသိုလ်တရားတို့ကို။ မဖြစ်စိမ့်သောငှါလုံ့လပြုသောဝီရိယ။

(၃) မဖြစ်သေးသောကုသိုလ်တရားတို့ကို။ ဖြစ်စိမ့်သောငှါလုံ့လပြုသောဝီရိယ။

(၄) ဖြစ်ပြီးသောကုသိုလ်တရားတို့ကို။ ပွါးများစေခြင်းငှါလုံ့လပြုသောဝီရိယ။

ဤလေးပါးတည်း။ ။ထိုလေးပါး တို့တွင်။ အကုသိုလ်ပဟာင်းရကိုအကုန်ပယ်မှုဟူသည်ကား။ ဘုရားသာသနာနှင့် ကြုံကြိုက်ဆဲ အခါ၌သာ ဖြစ်နိုင်သော အမှုပေတည်း။ နောင်ဘဝ အဆက်ဆက်ဖြစ်လတံ့သော အကုသိုလ်သစ်များကို မဖြစ်လာရအောင်ပြုမှုဟူသည်လည်း။ ဘုရားသာသနာနှင့်ကြုံကြိုက်ဆဲအခါ၌သာလျှင် ဖြစ်နိုင်သောအမှုပေတည်း။ ။ထိုအကုသိုလ် နှစ်မျိုးတို့ကို ပယ်သတ်မှုဆိုသည်ကား။ အထက်ကပြဆိုခဲ့ပြီးသော။သက္ကာယဒိဋ္ဌိ၏အနုသယအသိုက်အအုံကြီးကို အကုန်အစင် ဖြိုဖျက်မှုတည်း။ ထိုအသိုက်အအုံကြီးကို ဖြိုဖျက်မှုဆိုသည်လည်း။ အနတ္တ

ဘာဝနာ အလုပ်ပေတည်း။ အနတ္တ ဘာဝနာ အလုပ်မည်သည်လည်း။ ဘုရားသာသနာတွင်း၌သာရှိ၏။ ဘုရားသာသနာမရှိခိုက်အခါ၌၊ အနတ္တဟူသောအသံမျှပင်။လောက၌မရှိ။အနတ္တအသံဆိုသည်ကား။ ရုပ်နာမ်။ခန္ဓာ။အာယတန*ဓာတ်* ပဋိစ္စသမုပ္ပါဒ်အသံတို့တည်း။ကာယဂတာသတိကိုတည်ထောင် ပြီးလျှင်။ အစိုးမရသော မိမိစိတ်ကို အစိုးရအောင်။ငြိမ်သက်အောင်ပြုပြီးမှ။ သမထဝိပဿနာ အလုပ်တို့ကိုအားထုတ်ခြင်းသည်။ အနတ္တဘာဝနာအလုပ်မည်သတည်း။အနတ္တဘာဝနာကောင်းစွာထမြောက်သဖြင့်။သက္ကာယဒိဋ္ဌိ၏ အနုသယဘုံကြီးအကုန်ပျက်စီးမှ။ ခပ်သိမ်းသောအကုသိုလ်တို့သည်ချုပ်ငြိမ်းကုန်၏။ ။မဖြစ်သေးသောကုသိုလ်တရားကို။ ဖြစ်ရအောင်အားထုတ်ခြင်း။ ဖြစ်ပြီးသောကုသိုလ်တရားကို ပွါးများအောင်အားထုတ်ခြင်း ဆိုသည်လည်း။ ထိုကာယဂတာသတိကို တည်ထောင်မှုမှစ၍။ အနတ္တဘာဝနာကိစ္စထမြောက်အောင် အားထုတ်ခြင်းကိုပင်ဆိုသတည်း။ ။မြတ်စွာဘုရား သာသနာတော်တွင်း၌ကြုံကြိုက် ကြရကုန်သော သူတော် ကောင်း အပေါင်းတို့သည်။ ဒိဋ္ဌိ၏ အနုသယနိုင်ငံကြီးကို ဖြိုဖျက်ကြရန်။ သတိပဋ္ဌာန်တရားတို့ကို။ သမ္မပ္ပဓာန်ဟူသော။ မဆုတ်မနစ်သော လုံ့လဖြင့်အားထုတ်ကြကုန်ရာ၏။

---

ဣဒ္ဓိပါဒ် လေးပါး။ ၁၀။ ဣဒ္ဓိပါဒ်ဟူသည်ကား။ပြီးစီးပေါက်ရောက်ထမြောက်အောင်မြင်ခြင်းအမျိုးမျိုး၏အခြေအမြစ်တည်း။ ။ထိုဣဒ္ဓိပါဒ်သည်လေးပါးအပြားရှိ၏။ ။လေးပါးဟူသော်ကား။

---

* နောက်ဆက်တွဲအစဉ်နံပါတ်(၂)မှာကြည့်။

* နောက်ဆက်တွဲအစဉ်နံပါတ်(၁၇)မှာကြည့်။

(၁) ဆန္ဒဟူသော။ဆန္ဒိဒ္ဓိပါဒ်။
(၂) ဝိရိယဟူသော။ဝိရိယိဒ္ဓိပါဒ်။
(၃) စိတ်ဟူသော။စိတ္တိဒ္ဓိပါဒ်။
(၄) ပညာဟူသော။ဝီမံသိဒ္ဓိပါဒ်။

ဤလေးပါးတည်း။ ။ဆန္ဒဆိုသည်ကား။ လိုချင်ခြင်း။ ရချင်ခြင်း။ပေါက်ရောက်ချင်ခြင်း။ ပြည့်စုံချင်ခြင်း။ ပြီးစီးချင်ခြင်းတည်း။ ။အလွန်အကြူး ထက်သံသော ဆန္ဒတိုဆိုလိုသည်။ ထိုဆန္ဒိဒ္ဓိကိုယခုဘဝတွင်မရလျှင်မနေနိုင်။ မရလျှင်သေရသည်ကကောင်းသေး၏ဟု။ မရဘဲနေရသည်ထက်။ အသေကိုအမြတ်ထားနိုင်သောဆန္ဒဟူလိုသည်။ တေမိမင်း၏ဆန္ဒ။ဘုရားလက်ထက်တော်၌။ထိုးနန်းစည်းစိမ်။ သူဌေးစည်းစိမ်။သူကြွယ်စည်းစိမ်တို့ကိုစွန့်ပြစ်၍ရဟန်းပြုလုပ်ကြသောသူတို့၏ဆန္ဒတို့ကဲ့သို့တည်း။ ။ဝိရိယဆိုသည်ကား။ အထက်ကပြဆိုအပ်ခဲ့ပြီးသော။ အင်္ဂါလေးပါးနှင့် ပြည့်စုံသောသမ္မပ္ပဓါန် ဝိရိယကိုဆိုသည်။ ထိုကဲ့သို့ဝိရိယနှင့်ပြည့်စုံသောသူသည်။ ဝိရိယပိုက်ထုတ်နိုင်လျှင်ရ၏ဟူသောတရားတော်ကိုကြားနာရလျှင်။ ငါကန်ငါရတော့မည်ဟု ထင်၏။ နေ့ညဉ့် မပြတ် ဘယ်မျှလောက် အပန်း ခံရမည် ဆိုသော်လည်းစိတ်မတွန့်။ အပန်းခံရသော်လည်းစိတ်မတွန့်။ ကြာမြင့်စွာ အားထုတ်၍ နေရသော် လည်း စိတ်မတွန့် မကွက်။ ဤကဲ့သို့သော ဝိရိယကိုဆိုသတည်း။ ။စိတ်ဆိုသည်ကား။ သာသနာတော်ကို တွေ့ကြုံ၍။ တရားတော်ကိုကြားနာရသော အခါမှစ၍။ ထိုဆန္ဒိတို့၌ စွဲလမ်း မှုတည်း။ အလွန် အကြူး ထက်သန် ခိုင်မာသော စိတ် စွဲလမ်းခြင်းတည်း။ အခြားသော အမှုတို့၌ စိတ်မပါ။ ဆန္ဒိမှု တို့၌သာ။ စိတ်သွား၍နေ၏။ အငွိယအလုပ်ကို။ အထုံဝါသနာစွဲသူကဲ့

သို့။အစွဲသန်လှသောစိတ်မျိုးကိုဆိုသည်။ ။ဝိမံသပညာခိုသည်ကား။သံသရာဝဋ်ဆင်းရဲကြီးကျယ်ပုံကိုကောင်းစွာမြင်နိုင်သောပညာ။ ဈာန်တို့၏အကျိုး အာနိသင်ကိုကောင်းစွာမြင်နိုင်သောပညာ။ခဲခက်နက်နဲသောတရားဓမ္မသဘာဝတို့၌ဖြန့်ဖြူးစွာကျက်စားနိုင်သောပညာကိုဆိုသတည်း။ ထိုပညာနှင့်ပြည့်စုံသောသူသည်။ ဈာန်အစီးအပွါးတို့မှတပါး။အလုံးစုံသောလောကီတရားချမ်းသာစီးပွါးမှုတို့၌စိတ်မရှိ။နက်နဲသော ဈာန်အစီးအပွါး ကြီးတို့၌သာ စိတ်ရှိနိုင်တော့သည်။ ။ဘာဝနာဂတာသတိကို စွဲမြဲခြင်းသည်ပင်လျှင်စိတ်ကို ထူထောင်မှုမည်၏။ ရတင်ပဋိပတ်စုသည် တို့ကိုအားထုတ်ခြင်းသည်။ဝိရိယကိုထူထောင်မှုမည်၏။ခံတိကြီးလေးပါးစသော နက်နဲသောဓမ္မသဘာဝ (တရားသဘော) တို့ကိုကြိဘန်လေ့ကျက်မှုသည်။ဝိမံသကို ထူထောင်မှုမည်သတည်း။

---

ဣန္ဒြေ ငါးပါး ၃၁။ ဣန္ဒြေဟူသည်ကား။ အစိုးရမင်း၏ အစိုးရမှုသည်။ဣန္ဒြေမည်၏။ ။ဤအရာ၌ကား။ဗိတ်ကိုအစိုးရခြင်းသည်လိုရင်းတည်း။ ။ဣန္ဒြေသည်ငါးပါးအပြားရှိ၏။ ငါးပါးဟူသော်ကား။

(၁) သဒ္ဓါဟူသော။သဒ္ဓိန္ဒြေ။

(၂) ဝီရိယဟူသော။ဝီရိယိန္ဒြေ။

(၃) သတိဟူသော။သတိန္ဒြေ။

(၄) သမာဓိဟူသော။သမာဓိန္ဒြေ။

(၅) ပညာဟူသော။ပညိန္ဒြေ။

ဤငါးပါးတည်း။ ။ထွက်သက် ဝင်သက် ကမ္မဋ္ဌာန်း အလုပ်စသောဘာဝနာအလုပ်ဖြင့်။ တန်ခိုးခွန်အားတိုးတက်

ပွါးစီးလေအောင်။ ပျိုးထောင်ပြုပြင်၍ ထားအပ်သောသဒ္ဓါ
သည်။ဘာဝနာသဒ္ဓါမည်၏။ ဤဘာဝနာသဒ္ဓါကို သဒ္ဓိန္ဒြေ
ဆိုသည်။ ။ယခုအခါ လူအများတို့မှာ။ ဒါနပြုခြင်း။သီ
လဆောက်တည်ခြင်း။ အတုအပဘာဝနာမှု ပြုခြင်းတို့ကို
တိုက်တွန်းသော သဒ္ဓါသည်။ ပကတိသဒ္ဓါမည်၏။ ထိုပက
တိသဒ္ဓါသည်။စိတ်ကိုအစိုးရသည်ဆိုသော်လည်း။အထက်
ကပြခဲ့ပြီးသောသူရူး ဥပမာအတိုင်း။ ပကတိလူတို့၏စိတ်
ရူး စိတ်နောက်ကို ပြောက်ငြိမ်းအောင် အုပ်ချုပ်နိုင်သည်မ
ဟုတ်။ ဆိုအပ်ခဲ့ပြီးသောဒါနစသော လောကီကုသိုလ်မှုတို့
သည်။ပကတိသဒ္ဓါ၏အစိုးရမှုနှင့်ဖြစ်နိုင်သော ကုသိုလ်မျိုး
တည်း။ ကမ္မဋ္ဌာန်းဘာဝနာအလုပ်နှင့်တွေ့လျှင်။ ထိုပကတိ
သဒ္ဓါသည်။စိတ်ကိုအစိုးမရ။ စိတ်သည် လွတ်ရာတပါးသို့
ထွက်သွား၏။ ။ကာယဂတာသတိကိုအားထုတ်မှုသည်
ဘာဝနာသဒ္ဓါကိုပျိုးထောင်မှုတည်း။ ။ဝီရိယသည်။ပက
တိဝီရိယ။ဘာဝနာ ဝီရိယဟူ၍နှစ်ပါးပြား၏။ ကာယိကဝီရိ
ယ။စေတသိကဝီရိယဟူ၍လည်းနှစ်ပါးရှိ၏။ ပကတိဝီရိယ
မှာသိသာပြီ။ လောကမှုတို့၌ ပကတိဝီရိယလွန်ကဲသောသူ
တို့မှာ။ဘာဝနာဝီရိယထမြောက်လွယ်၏။ ပိဋကပါတ်ရတင်
အစရှိသောရတင်မှုကြီးများသည်။ ကာယိကဝီရိယဘာဝ
နာမှုတို့ပင်တည်း။ (ကာယိကဝီရိယ ဆိုသည်မှာ။ ကိုယ်
ဖြင့်လုံ့လထုတ်ခြင်း။ စေတသိကဝီရိယ ဆိုသည်မှာ။ စိတ်
ဖြင့်လုံ့လထုတ်ခြင်းတည်း။) ကာယိကဝီရိယ ဘာဝနာကို
ထူထောင်မိ၍။ အဇ္ဈိပ်အနေနည်းပါးသဖြင့်။ ထကြွလုံ့လဝီ
ရိယနှင့်ပြည့်စုံပါသော်လည်း။ စေတသိကဝီရိယမရှိသော်။
ကမ္မဋ္ဌာန်းအာရုံသည် ထင်မြင်ထွံမြဲခြင်းသို့မရောက်နိုင်။ ။
ကမ္မဋ္ဌာန်း ဘာဝနာအလုပ်မည်သည်။ ကာယိကဝီရိယ။ စေ
တသိက ဝီရိယနှစ်ပါးနှင့်ပြည့်စုံသော သူမှသာလျှင် အမြန်
ထမြောက်နိုင်၏။ ။ကာယဂတာသတိထူထောင်မိသည်

မှစ၍။ တနေ့တခြားတိုးပွါးလာသောဘာဝနာဝီရိယကို။ ဝီရိယိန္ဒြေဟုဆိုသတည်း။ ။သတိန္ဒြေဟုဆိုသည်ကား။ ကောင်းစွာတည်ထောင်အပ်သော ကာယဂတာသတိမှစ၍။ လောကုတ္တရာသမ္မာသတိမဂ္ဂင်တိုင်အောင် ကြီးပွါး၍သွားသော သတိပဋ္ဌာန်ခေါ်သောဘာဝနာသတိကိုဆိုသတည်း။ (သမ္မာသတိမဂ္ဂင်အကြောင်းကို။ မဂ္ဂင်ရှစ်ပါးအခန်းတွင်ကြည့်။) ။ သမာဓိန္ဒြေ။ ပညိန္ဒြေတို့ကိုလည်း။ ထိုနည်းတူပင်သိအပ်၏။

---

ဗိုလ်ငါးပါး

၃၂။ ဗိုလ်ဟူသည်ကား။ ဆန့်ကျင်ဘက် တရားတို့ကိုအားတိုက်ဘိစီးတတ်ခြင်း။ ဆန့်ကျင်ဘက်ဖြစ်သောရန်သူနှင့်တွေ့ကြုံလျှင်။ မတုန်လှုပ်ဘဲ။ အခြေ မြဲခြင်း အနက်ကြောင့်ဗိုလ်မည်၏။ ။ဗိုလ်ငါးပါးဟူသည်ကား။

(၁) သဒ္ဓါဗိုလ်။

(၂) ဝီရိယဗိုလ်။

(၃) သတိဗိုလ်။

(၄) သမာဓိဗိုလ်။

(၅) ပညာဗိုလ်။

ဟူ၍။ ဣန္ဒြေအတိုင်း ငါးပါးရှိ၏။ ။သက္ကာယဒိဋ္ဌိနိုင်ငံကြီးကိုတိုက်ဖျက်ရန်။ ဗိုလ်မှူးကြီးငါးယောက်ဆိုလိုသည်။ ။ သဒ္ဓိန္ဒြေတွင် ပြဆိုခဲ့ပြီးသောအတိုင်း။ သဒ္ဓါသည်။ ပကတိသဒ္ဓါ။ ဘာဝနာသဒ္ဓါနှစ်ပါးတို့တွင်။ ပကတိသဒ္ဓါသည်။ တဏှာနှင့် အလိုက်သင့်ပေါင်း၍။ လှူဒါန်းမှု။ သီတင်း သီလဆောက်တည်မှုစသောလောကီကုသိုလ်တို့ကိုသာ ဖြစ်ပွါးစေနိုင်၏။ တဏှာကိုခုခံတိုက်ခိုက်မတွန်းမလှန်နိုင်။ တဏှာကသာထိုသဒ္ဓါကို ပွါးများခြင်း မရှိရအောင် တွန်းလှဲနင်း

လျှင်။ ကြွင်းသောဇုဂ္ဂိုလ်သုံးပါးတို့အတွက်။ ဝိပဿနာမှုန့်မတက်နိုင်မရှိပြီဟုမှတ်အပ်၏။

---

ဗောဓျှင်၏အဓိပ္ပါယ်။ ဗောဓျှင်၏အပြား။

၃၃။ ဗောဓျှင်ဟူသည်ကား။ မဂ်ဉာဏ်၏အင်္ဂါ။ မဂ်ဉာဏ်၏အတောင်အလက်တည်း ။(သမ္ဗောဇ္ဈင်ဟူ၍လည်းခေါ်၏။) အဘယ်ကြောင့်မဂ်ဉာဏ်၏အင်္ဂါ။ မဂ်ဉာဏ်၏အတောင်အလက် မည်သနည်းဟူမူကား။ ငှက်တို့သည်အမိဝမ်းတွင်းမှတကြိမ်ပေါက်ဘွါး၍။တဘန်ဥခွံတွင်းမှပေါက်ဘွားရပြန်၏။ ထိုနောက်အတောင်အလက်စုံလင်သော အခါ အသိုက်မှပျံတက်၍။ အလိုရှိရာသို့ပျံသွားကုန်သကဲ့သို့ ထို့အတူ။ ဘာဝနာအားထုတ်သောပုဂ္ဂိုလ်တို့သည်။ ကာယဂတာသတိ တည်ထောင်မိသဖြင့်။ သမထ အလုပ် ထမြောက်သောအခါ။ ရှေးရှေးသော ဘဝ အဆက်ဆက်ကပါရှိကြသောစိတ်ရူး။ စိတ်နောက်အတွင်းမှ တကြိမ်ကျွတ်လွတ်ကုန်၏။တဘန်ဝိပဿနာလမ်းသို့တက်၍။ ရုပ်နာမ်ခန္ဓါတို့၌ဝိပဿနာအမြင်ပေါက်သောအခါ။ရှုံ့ရင်းသောအဝိဇ္ဇာ၊ တကြိမ် ကျွတ်လွတ်ကုန်၏။ ထို့နောက် ဗောဇ္ဈင်ခုနစ်ပါး ကြီးပွါးရင့်သန်သောအခါ။ လောကုတ္တရာမဂ်ဉာဏ်၏ အတောင်အလက်စုံလင်သဖြင့်။ သမ္ဗောဓိမည်သောမဂ်ဉာဏ်သို့ရောက်၍။ ပုထုဇ္ဇန်ဘုံမှပျံတက်၍။ အရိယာဘုံသူ။ အရိယာဘုံသားအဖြစ်သို့ပေါက်ရောက်ကြကုန်၏။ ထိုကြောင့်။ မဂ်ဉာဏ်၏အင်္ဂါ။ မဂ်ဉာဏ်၏အတောင်အလက်မည်သတည်း။ ။ဗောဇ္ဈင်ခုနစ်ပါးဟူသည်ကား။

(၁) သတိသမ္ဗောဇ္ဈင်။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်။

(၃) ဝီရိယသမ္ဗောဇ္ဈင်။

(၄) ပီတိသမ္ဗောဇ္ဈင်။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်။

(၆) သမာဓိသမ္ဗောဇ္ဈင်။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်။

ဤခုနစ်ပါးတည်း။ ။သတိပဋ္ဌာန်။သတိန္ဒြေ။သတိဗိုလ်။ သမ္မာသတိမဂ္ဂင်ခေါ်သောသတိသည်။သတိသမ္ဗောဇ္ဈင်မည်၏။ဝီမံသိဒ္ဓိပါဒ်။ပညိန္ဒြေ။ပညာဗိုလ်။သမ္မာဒိဋ္ဌိမဂ္ဂင်ခေါ်သော ပညာသည်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်မည်၏။ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ဝိပဿနာဉာဏ်ဆယ်ပါးတို့ဖြင့် ရှုခြင်းကိုလည်းဓမ္မဝိစယဆိုသည်။( ဝိပဿနာဉာဏ်ဆယ်ပါးအခကြောင်းကိုနောက်မှပြဆိုလတ္တံ့ ) သမ္မပ္ပဓာန်။ဝီရိယိဒ္ဓိပါဒ်။ ဝီရိယိန္ဒြေ။ ဝီရိယဗိုလ်။သမ္မာဝါယာမမဂ္ဂင်ခေါ်သော ဝီရိယသည်။ဝီရိယသမ္ဗောဇ္ဈင်မည်၏။ ။ကာယဂတာသတိစသည်တည်ထောင်မိ၍။ထင်မြင်မှုတိုးပွါး၍လာသောအခါ။ ဝမ်းမြောက်ခြင်းနှစ်သက်ခြင်းသည်။ ပီတိသမ္ဗောဇ္ဈင်မည်၏။ ။စိတ်မငြိမ်မသက်။ စိတ်အကြံများခြင်းကြောင့် ဖြစ်ကုန်သော။ ကိုယ်စိတ်နှစ်ပါးပူပန်ခြင်းခပ်သိမ်းတို့၏။ အစဉ်အတိုင်း ငြိမ်းချမ်း၍လာခြင်းသည်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်မည်၏။ ။သမာဓိန္ဒြေ။ သမာဓိဗိုလ်။ သမာဓိမဂ္ဂင်ဟုဆိုအပ်သောသမာဓိတရားသည်။ သမာဓိသမ္ဗောဇ္ဈင်မည်၏။ ။ကမ္မဋ္ဌာန်း အလုပ်အားထုတ်ရာ၌။ နည်းလမ်းကျသောအခါ၌။ ကြောင့်ကြ စိုက်မှုတို့မှ ကင်းရှင်းခြင်းသည်။ ဥပေက္ခာသမ္ဗောဇ္ဈင်မည်၏။ ။ဤဗောဇ္ဈင်ခုနစ်ပါးတို့၏ ညီညွတ်ခြင်းသို့ရောက်သောအခါ။ဘာဝနာအားထုတ်သောပုဂ္ဂိုလ်သည်။ ကာယဂတာသတိ အတွက်နှင့် လည်း လိုလေသေးသည်မရှိ။အနိစ္စထင်မြင်မှု။အနတ္တထင်မြင်မှုအတွက်နှင့်လည်း

လိုလေသေးသည်မရှိ။ ကာယိကပီတိ။ စေတသိကပီတိ။ တို့အတွက်နှင့်လည်း စိတ်ပူပန်ရသည်မရှိ စိတ်ချပြီး ထို သုံးဌာနဌစိတ်ချရသဖြင့်။ အိပ်မက်တွင်မှ မမြင်ဘူးရသော နိဗ္ဗာန်အသင်းကြီးကို ကောင်းစွာမြင်ရပေတော့မည်ဟုဝမ်း မြောက်ဝမ်းသာခြင်းသည်ဖြစ်၏။ စိတ်ပူပန်ခြင်း ခပ်သိမ်း မှငြိမ်းခြင်းသည်ဖြစ်၏။

---

မဂ္ဂင်ရှစ်ပါး ၃၄။ မဂ္ဂင်ရှစ်ပါး၌။ မဂ်ဆိုသည်ကား။ ကိလေသာတို့ကိုပယ်သတ်ကြောင်း။ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော တရားစုကိုမဂ်ဆိုသတည်း။ အဓိပ္ပါယ်အကျဉ်းမှာ။ နိဗ္ဗာန်သို့ရောက်ကြောင်း ကျင့်စဉ်လမ်းတည်း။ ။မဂ္ဂင်ရှစ်ပါး ဟူသည်ကား။

(၁) သမ္မာဒိဋ္ဌိ မဂ္ဂင်။
(၂) သမ္မာသင်္ကပ္ပ ။
(၃) သမ္မာဝါစာ ။
(၄) သမ္မာကမ္မန္တ ။
(၅) သမ္မာအာဇီဝ ။
(၆) သမ္မာဝါယာမ ။
(၇) သမ္မာသတိ ။
(၈) သမ္မာသမာဓိ ။

ဤရှစ်ပါးတည်း။ ။သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသည်ကား။သစ္စာ လေးပါးတို့၌သိတတ်သောဥာဏ်တည်း။ ။သမ္မာသင်္ကပ္ပ မဂ္ဂင် ဟူသည်ကား။ သံသရာ ဝဋ်ဒုက္ခမှ ထွက်မြောက် ကြောင်းအကြံအစည်။ သတ္တဝါတပါးကို မပျက်စီးစေလို သော ဒေါသမှကင်းသော အကြံအစည်။ သတ္တဝါတပါး

မပင်ပန်းစေလိုသော အကြံအစည်တို့သည်။ သမ္မာသင်္ကပ္ပ
မဂ္ဂင်မည်၏။ ။သမ္မာဝါစာဟူသည်ကား။ မဟုတ်မမှန်
သောစကားကိုဆိုခြင်းဟူသော။ မုသာဝါဒမှ ရှောင်ကြဉ်
ခြင်း။ ချောပစ်ကုန်းတိုက်သောစကားဟူသော ပိသုဏာဝါ
စာမှ ရှောင်ကြဉ်ခြင်း။ ကြမ်းကြုတ်ဆဲရေးသောစကားဟူ
သော ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်း။ အကျိုးမရှိ ပြိန်ဖျင်း
သောစကားဟူသောသမ္ဖပ္ပလာပမှရှောင်ကြဉ်ခြင်းတို့သည်
သမ္မာဝါစာ မဂ္ဂင်မည်၏။ ။သမ္မာကမ္မန္တ ဟူသည်ကား။
သူ၏ အသက်ကို သတ်ခြင်း ဟူသော ပါဏာတိပါတမှ
ရှောင်ကြဉ်ခြင်း။ သူ၏ဥစ္စာကိုခိုးယူခြင်းဟူသော။ အဒိန္နာ
ဒါနမှရှောင်ကြဉ်ခြင်း။ သူတပါး၏ သားမယားကို ပေါင်း
သော်မှီဝဲကာမစပ်ရှက်ခြင်းဟူသော။ ကာမေသုမိစ္ဆာစာရ
မှရှောင်ကြဉ်ခြင်းတို့သည်။ သမ္မာကမ္မန္တမဂ္ဂင်မည်၏။ ။
သမ္မာ အာဇီဝ ဟူသည်ကား။ အကုသိုလ် မကောင်းသော
ယုတ်ညံ့သောအသက်မွေးခြင်းကိုပယ်၍။အပြစ်ကင်းသော
ကောင်းမြတ်သော အသက်မွေးခြင်းဖြင့်။ အသက်ကိုမွေး
ခြင်းသည်။ သမ္မာ အာဇီဝမည်၏။ ။သမ္မာဝါယာမ ဟူ
သည်ကား။ မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို။
မဖြစ်စိမ့်သောငှါ အထူး လုံ့လပြုခြင်း။ ဖြစ်ပြီးသောအကု
သိုလ်တရားတို့ကို ပယ်ခြင်းငှါအထူးလုံ့လပြုခြင်း။ မဖြစ်
ကုန်သေးသောကုသိုလ်တရားတို့ကိုဖြစ်စိမ့်သောငှါ အထူး
လုံ့လပြုခြင်း။ဖြစ်ကုန်ပြီးသောအကုသိုလ်တရားတို့ကို။ အ
စဉ်မပြတ်တည်စေခြင်းငှါ၎င်း။ လွန်စွာအဆင့် ပွါးစေခြင်း
ငှါ၎င်း။ပြည့်စုံစေခြင်းငှါ၎င်း။အထူးလုံ့လထုတ်ခြင်း။ ဝီရိ
ယံကိုဖြစ်စေ ခြင်း။စိတ်ကိုချီးမြှောက်ခြင်း။ သမ္မပ္ပဓါန်အခန်း
တွင် ပြဆိုခဲ့သော။ အင်္ဂါလေးပါးနှင့်ပြည့်စုံသောလုံ့လဖြင့်
အစွမ်းကုန်အားထုတ်ခြင်းသည်။သမ္မာဝါယာမမည်၏။ ။
သမ္မာသတိ ဟူသည် ကား။ ကိလေသာကို လွန်စွာ ပူပန်

သွေ့ခြောက်စေတတ်သော။ သမ္မပ္ပဓါန်လုံ့လရှိသည်ဖြစ်၍။ ကောင်းစွာအပြားအားဖြင့် သိတတ်သောပညာ အဆင်အခြင်နှင့်ဝုင်း။သတိနှင့်ဝုင်းပြည့်စုံသည်ဖြစ်၍။လောက၌။လောဘ။ဒေါသကိုပျောက်၍။ရူပကာယခန္ဓာကိုယ်၌။ ရူပကာယကိုအဘန်တလဲလဲရှု၍နေခြင်းသည်။ ဝေဒနာတို့၌။ ဝေဒနာကိုအဘန်တလဲလဲ ရှု၍နေခြင်းသည်။ စိတ်၌။ စိတ်ကိုအဘန်တလဲလဲရှု၍နေခြင်း။နိဝရဏစသောတရားတို့၌။ နိဝရဏစသော တရားကို။ အဘန်တလဲလဲ ရှု၍ နေခြင်းတို့သည်။ သမ္မာသတိမည်၏။ ။သမ္မာသမာဓိဟူသည်ကား။ပဌမဈာန်ကိုပြည့်စုံစေ၍နေခြင်း။ ဒုတိယဈာန်ကိုပြည့်စုံစေ၍နေခြင်း။ တတိယဈာန်ကိုပြည့်စုံစေ၍နေခြင်း။စတုတ္ထဈာန်ကိုပြည့်စုံစေ၍နေခြင်းတို့သည်။သမ္မာသမာဓိမည်၏။

သမ္မာဝါစာ။ သမ္မာကမ္မန္တ။ သမ္မာအာဇီဝ။ ဤမဂ္ဂင်သုံးပါးသည်။ သီလက္ခန္ဓာမည်၏။ သမ္မာဝါယာမ။ သမ္မာသတိ။ သမ္မာသမာဓိ။ ဤမဂ္ဂင် သုံးပါးသည်။ သမာဓိက္ခန္ဓာမည်၏ သမ္မာဒိဋ္ဌိ။ သမ္မာသင်္ကပ္ပ။ ဤမဂ္ဂင်နှစ်ပါးသည်။ ပညာက္ခန္ဓာမည်၏။ခန္ဓာဆိုသည်ကား။အဘို့အစုတည်း။သီလအဘို့အစု။သမာဓိအဘို့အစု။ ပညာအဘို့အစုဆိုလိုသည်။ ။သီလဆိုသည်မှာ။ ဤဗောဓိပက္ခိယအရာ၌။ ပစ္စည်းနှင့် ပြည့်စုံခြင်း။ ဘောဂသမ္ပတ္တိ။ ကောင်းမြတ်သော ဘဝနှင့် ပြည့်စုံခြင်း။ဘဝသမ္ပတ္တိတို့ကိုငဲ့ခြင်းရှိသောသီလမျိုးကိုမယူအပ်။ သမ္မာဝါစာ။ သမ္မာကမ္မန္တ။ သမ္မာအာဇီဝ။ ဤမဂ္ဂင်သုံးပါးကား။ သီလမျိုး သက်သက် ဖြစ်၍။ သီလ ဝိသုဒ္ဓိ စင်စစ်တည်း။ ။ထိုအာဇီဝဋ္ဌမကသီလသည်။ လူတို့၏ အာဇီဝဋ္ဌမကသီလ။ရဟန်းတို့၏အာဇီဝဋ္ဌမကသီလဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင်။ ကာယဒုစ္စရိုက်သုံးပါး။ ဝစီဒုစ္စရိုက်လေးပါးတို့၏လုံခြုံခြင်းသည်။ လူတို့၏ အာဇီဝဋ္ဌမကသီလမည်၏။ အထက်ကပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း။ ၅စ်ပါးသီ

လ။ ဆယ်ပါးသီလများသည်။ ထိုအာဇီဝဋ္ဌမကသီလ၌ အမွန်းတင် သီလစုပေတည်း။ ရဟန်းတို့၏ ၂၂၇ ပါးသော သိက္ခာပုဒ်အပေါင်းတို့၏လုံခြုံခြင်းသည်။ ရဟန်းတို့၏အာဇီဝဋ္ဌမကသီလမည်သတည်း။

သမ္မာဝါယာမ။ သမ္မာသတိ။ သမ္မာသမာဓိဟူသောသမ္မာဓိက္ခန္ဓမဂ္ဂင် သုံးပါး၌။ သုဒ္ဓဝိပဿနာယာနိကလမ်း။ သမထဝိပဿနာယာနိကလမ်းဟူ၍နှစ်လမ်းရှိ၏။ ကာယဂတာသတိတည်ထောင်ပြီးနောက်။ သမထလမ်းသို့မလိုက်မူ၍။ ဒိဋ္ဌိဝိသုဒ္ဓိအစရှိသောဝိပဿနာလမ်းသက်သက်ကိုအားထုတ်ခြင်းသည်။ သုဒ္ဓဝိပဿနာယာနိကလမ်းမည်၏။ ကာယဂတာသတိတည်ထောင်ပြီးလျှင်။ ဈာန်သမာပတ်ဟု ဆိုအပ်သောသမထလမ်းသို့တက်၍။ ပဌမဈာန်အစရှိသော ဈာန်သမာပတ် တပါးပါးမှ။ ဝိပဿနာ လမ်းသို့ တက်၍ အားထုတ်ခြင်းသည်။ သမထဝိပဿနာယာနိကလမ်းမည်၏။

သမ္မာဝါစာ။ သမ္မာကမ္မန္တ။ သမ္မာအာဇီဝ။ ဤသီလက္ခန္ဓမဂ္ဂင်သုံးပါးသည်။ ကာယဒုစ္စရိုက်သုံးပါး။ ဝစီဒုစ္စရိုက်လေးပါးတို့ကို ပယ်ဖျက်ရန် တရား စုတည်း။ သမ္မာဝါယာမ။ သမ္မာသတိ။ သမ္မာ သမာဓိ။ ဤသမာ ဓိက္ခန္ဓ မဂ္ဂင် သုံးပါးသည်။ မနောဒုစ္စရိုက်သုံးပါးကို ပယ်ဖျက်ရန်တရားစုတည်း။ သမ္မာဒိဋ္ဌိ။ သမ္မာသင်္ကပ္ပ ဟူသော ပညာက္ခန္ဓာနှစ်ပါးသည်။ ကံသုံးပါး၏အဖြစ်မှုလမျိုးစေ့အနေနှင့်။ သတ္တဝါတို့၏ကိုယ်ခန္ဓာတခုလုံး၌။ ကိမ်းဝဋ်တည်ထောင်၍။ သံသရာ၌အစဉ်အမြဲလိုက်ပါ၍နေသော။ အထက်၌ဆိုအပ်ခဲ့ပြီးသောသက္ကာယဒိဋ္ဌိ၏အနုသယဘုံအသိုက်အအုံကြီးကိုပယ်ဖျက်ရန်တရားစုတည်း။ ။ဤဗောဓိပက္ခိယတရား ၃၇ ပါးတို့သည်။ သာသနာတော်၌။ အနတ္တ အဘိုးထိုက်သော အမြိုက်ရတနာတို့သည်ကုန်၏။

သစ္စာလေးပါး။

၃၅။ အထက်၌အမြွက်မျှသာဆိုအပ်ခဲ့ပြီးသောသစ္စာလေးပါးဟူသည်ကား။

(၁) ဒုက္ခသစ္စာ။

(၂) သမုဒယသစ္စာ။

(၃) နိရောဓသစ္စာ။

(၄) မဂ္ဂသစ္စာ။

ဤလေးပါးတည်း။ ။သစ္စာဆိုသည်ကား။ မဖောက်မပြန်မှန်သောတရားတည်း။ ။မြတ်စွာဘုရား၏ဒေသနာတော်ဟူသမျှသည်။ ထိုသစ္စာလေးပါးမှ လွတ်သော မည်သည်မရှိ။ သစ္စာလေးပါးသို့သာ ကိုင်းရှိုင်း ကြကုန်၏။ ထို့ကြောင့်။ သစ္စာလေးပါးတရားသည်။ အထွဋ်အမြတ် အချက်အချာဖြစ်သတည်း။ ။ထိုသစ္စာလေးပါးတို့တွင်။ ဒုက္ခသစ္စာ ဟူသည်ကား။ ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲ၏။ အိုမင်းရင့်ရော်ရခြင်းသည်လည်းဆင်းရဲ၏။နာဖျားမကျန်းမာရခြင်းသည်လည်းဆင်းရဲ၏။ သေရခြင်းသည်လည်းဆင်းရဲ၏။ မချစ်မနှစ် လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့် အတူတကွပေါင်းယှဉ်ရခြင်းသည်လည်းဆင်းရဲ၏။ ချစ်နှစ်လိုအပ်သောသတ္တဝါသင်္ခါရတို့နှင့် ကွေကွင်းကင်းကွာ မပေါင်းယှဉ်ရခြင်းသည်လည်း ဆင်းရဲ၏။ ဆိုအပ်ခဲ့ပြီးသော ပဋိသန္ဓေနေခြင်းစသောသဘောတရားတို့သည်။ငါ့အားမဖြစ်ပါမူ ကောင်းလေစွ စသည်ဖြင့် တောင့်တခြင်းကိုမရအောင်။ ထိုတောင့်တတိုင်းမရခြင်းသည်လည်းဆင်းရဲ၏။ အကျဉ်းအားဖြင့်။ ခန္ဓာငါးပါးတို့သည်လည်းဆင်းရဲကုန်၏။ ဤပဋိသန္ဓေနေခြင်းအစရှိသောတရားသည်ဒုက္ခသစ္စာမည်၏။ ။သမုဒယ သစ္စာဟူသည်ကား။ လောဘ ဟူသော တဏှာသည်။ တဘန်ဘဝသစ်ကိုဖြစ်စေတတ်သောအလေ့ရှိ၏။နှစ်

သက်ခြင်းတပ်ခြင်းဖြစ်၏။ ထိုထိုကိုယ်၏အဖြစ်။ထိုထိုအာရုံ၌အလွန်နှစ်သက်တတ်၏။ဤတဏှာဟူသော သဘောတရားသည်။ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာမည်၏။ ။ထိုလောဘဟူသောတဏှာ၏ အကြွင်းမဲ့ တပ်ခြင်းကင်းရာ။ချုပ်ရာ။စွန့်ရာ။ လွတ်ရာဖြစ်သော နိဗ္ဗာန်သည်ရှိ၏။ ဤနိဗ္ဗာန်ဟူသော သဘောတရားသည်။ နိရောဓသစ္စာမည်၏။ ။ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သောအထက်၌ ပြဆိုအပ်ခဲ့ပြီးသော မဂ္ဂင်ရှစ်ပါးတို့သည်။ မဂ္ဂသစ္စာမည်၏။

---

ဝိသုဒ္ဓိခုနစ်ပါး။ ၃၆။ ဝိသုဒ္ဓိခုနစ်ပါးဟူသည်ကား။

(၁) သီလဝိသုဒ္ဓိ။
(၂) စိတ္တဝိသုဒ္ဓိ။
(၃) ဒိဋ္ဌိဝိသုဒ္ဓိ။
(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ။
(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။
(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ။
(၇) လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိ။

ဤခုနစ်ပါးတည်း။ ။ထိုဝိသုဒ္ဓိ ခုနစ်ပါးကို ပွါးများအားထုတ်မှုသည်။ ဗောဓိပက္ခိယ တရားတို့ကို ပွါးများ သည်မည်၏။ (သုဒ္ဓိဆိုသည်မှာ။ စင်ကြယ်ခြင်း အနက်တည်း။) သီလက္ခန္ဓမဂ္ဂင်သုံးပါးသည်။သီလဝိသုဒ္ဓိမည်၏။ ။ဥပစာရ်သမာဓိ။အပ္ပနာသမာဓိနှစ်ပါးသည်။စိတ္တဝိသုဒ္ဓိမည်၏။ သမထလမ်းကိုအားထုတ်သော။ သမထယာနိကပုဂ္ဂိုလ်၌သာလိုအပ်၏။ ။မြေဓာတ်။ ရေဓာတ်။ မီးဓာတ်။ လေဓာတ်။

အာကာသဓာတ်။ ဝိညာဏဓာတ်ဟူ၍ကိုယ်ခန္ဓာ၌ဓာတ် ခြောက်ပါးကိုခွဲခြမ်းမှုပိုင်နိုင်လျှင်ပင်။ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်၏။ ။ မြေ။ ရေ။ မီး။ လေ။ ၌ဓာတ်ကြီး လေးပါးနှင့် အာကာသဓာတ် တို့၏ဖြစ်ပေါ်ရန်အကြောင်းကား။ ကံ။ စိတ်။ ဥတု။ အာဟာ ရ။ ၌လေးပါးတည်း။ စက္ခုဝိညာဏ်စသော ဝိညာဏ်ခြော ပါး၏ဖြစ်ပေါ်ရန်အကြောင်းကား။ အသီးသီးသောအတွင်း အာယတနခြောက်ပါးနှင့် အပအာယတနဝတ္ထုရုပ် ခြောက် ပါးတည်း။ ၌အကြောင်းစုကို ပိုင်နိုင်လျှင်ပင်။ ကင်္ခါဝိတရ ဏဝိသုဒ္ဓိဖြစ်၏။ ။မဂ်ဟုတ်သည် မဟုတ်သည်ကို ပိုင်း ခြား၍ သိသဖြင့်။ မဂ်မဟုတ်သည်၌ မဂ်ဟူသော အမှတ် သညာကို သုတ်သင်ခြင်းသည်။ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိ သုဒ္ဓိ မည်၏။ ။ပြဆိုခဲ့ပြီးသော။ စက္ခု ဝိညာဏ်ဓာတ်စ သောဓာတ်ခြောက်ပါးတို့၌။ အနိစ္စ။ ဒုက္ခ။ အနတ္တလက္ခဏာ ရေးသုံးပါးတို့ကို ကောင်းစွာထင်မြင်လျှင်။ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိဖြစ်၏။ ။လောကုတ္တရာမဂ်ဉာဏ်လေးပါး သည်။ လောကုတ္တရာဉာဏဒဿနဝိသုဒ္ဓိမည်သတည်း။

---

**ဘာဝနာလေးဆယ်။** ၃၇။ ဘာဝနာလေးဆယ်ဟူသည်ကား။ ခဏ္ဍငါးပါးတို့သည်။

(၁) အနိစ္စာ။ မမြဲသောအနိစ္စတရားတို့သာတည်း။

(၂) ဒုက္ခာ။ ဆင်းရဲအတိဖြစ်သောဒုက္ခတရားတို့ သာတည်း။

(၃) ရောဂါ။ အနာရောဂါတို့သာတည်း။

(၄) ဂဏ္ဍာ။ အိုင်းအနာတို့သာတည်း။

(၅) သလ္လာ။ ငြောင့်တို့သာတည်း။

(၆) အဃာ။ အကျိုးမဲ့တို့သာတည်း။

(၇) အာဗာဓာ။ အနာတို့သာတည်း။

(၈) ပရေ။ သူစိမ်းပြင်ပတို့သာတည်း၊

(၉) ပလောကာ။ ဖရိုဖရဲ။ ပြိုကွဲ။ ပျက်ပြား မျိုးတို့ သာတည်း။

(၁၀) ဤတီ။ ဘေးရန်တို့သာတည်း။

(၁၁) ဥပဒ္ဒဝါ။ အပြင်းအထန်နှိပ်စက်တတ်သော ဥပဒ္ဒဝေါတို့သာတည်း။

(၁၂) ဘယာ။ ကြောက်လန့်ဘွယ်သော ဘေးတို့ သာတည်း။

(၁၃) ဥပသဂ္ဂါ။ ကပ်ငြိတတ်သော အန္တရာယ်တို့ သာတည်း။

(၁၄) စလာ။ လှုပ်ရှား တတ်သော တရားတို့သာ တည်း။

(၁၅) ပဘင်္ဂု။ ပျက်စီးခြင်း အလေ့ရှိသောတရား တို့သာတည်း။

(၁၆) အဓုဝါ။ မခိုင်မမြဲသောတရားတို့သာတည်း။

(၁၇) အတာနာ။ ခိုကိုးရာမဟုတ်သော တရားတို့ သာတည်း။

(၁၈) အလေနာ။ ပုန်းအောင်းရာမဟုတ်သော တ ရားတို့သာတည်း။

(၁၉) အသရဏာ။ ကိုးကွယ်ရာမဟုတ်သော တ ရားတို့သာတည်း။

(၂၀) ရိတ္တာ။ အနှစ်သာရမှဆိတ်သော တရားတို့ သာတည်း။

(၂၁) တုစ္ဆာ။အချည်းနှီးတို့သာတည်း။
(၂၂) သုညာ။သုညဟုခေါ်အပ်သော။ အခွံအကာ တို့သာတည်း။
(၂၃) အနတ္တာ။ငါငါဟုအမှတ်မပြုထိုက်။အတွင်း မပြုထိုက်သောတရားတို့သာတည်း။
(၂၄) အာဒီနဝါ။ကိုးကွယ်ရာမရှိသော တရားတို့ သာတည်း။
(၂၅) ဝိပရိဏာမဓမ္မော။ ဘောက်ပြန်တတ်သော တရားတို့သာတည်း။
(၂၆) အသာရကာ။ အနှစ်မရှိသောတရားတို့သာ တည်း။
(၂၇) အဃ မူလာ။ မကောင်းမှု ဖြစ်ပွါးရန် အ ကြောင်းရင်းတို့သာတည်း။
(၂၈) ဝဓကာ။သူသတ်။ယောကျ်ားအာဏာသား တို့သာတည်း။
(၂၉) ဝိဘဝါ။ ပျက်ပြုန်းဆုံးပါးတတ်သောတရား တို့သာတည်း။
(၃၀) အာသဝါ။အာသဝ*တရားလေးပါးနှင့် တ ကွဖြစ်သောတရားတို့သာတည်း။
(၃၁) သင်္ခတာ။ ပြုရမှုဖြစ်နိုင်တည်နိုင်သောတရား တို့သာတည်း။
(၃၂) မာရာမိသာ။ သူသတ်ယောကျ်ား မာရ်ငါး ပါး✱ တို့၏ဥစ္စာတို့သာတည်း။

---

* နောက်ဆက်တွဲအစဉ်နံပါတ်(၃)မှာကြည့်။
✱ နောက်ဆက်တွဲအစဉ်နံပါတ်(၂၆)မှာကြည့်။

(၃၃) ဇာတိဓမ္မာ။ ခဏချင်းမှာ။ အကောင်း အဆိုး ဖြစ်တတ်သော သဘောရှိသော တရားတို့ သာတည်း။

(၃၄) ဇရာဓမ္မာ။ ဟောင်းနွမ်းရင့်ဆွေးခြင်းသဘော ရှိသောတရားတို့သာတည်း။

(၃၅) ဗျာဓိဓမ္မာ။ ဖျားနာခြင်း သဘောရှိသော တရားတို့သာတည်း။

(၃၆) မရဏဓမ္မာ။ သေဆုံးခြင်း သဘောရှိသော တရားတို့သာတည်း။

(၃၇) သောကဓမ္မာ။ စိုးရိမ် ပူဆွေးမှုကို။ ဖြစ်စေ ခြင်းသဘောရှိသောတရားတို့သာတည်း။

(၃၈) ပရိဒေဝဓမ္မာ။ ငိုကြွေးခြင်းကို ဖြစ်စေခြင်း သဘောရှိသောတရားတို့သာတည်း။

(၃၉) ဥပါယာသဓမ္မာ။ သက်ကြီးရှိုက်တငင်ပင် ပန်းခြင်းကို ဖြစ်စေခြင်းသဘောရှိသောတ ရားတို့သာတည်း။

(၄၀) သံကိလေသိကဓမ္မာ။ ညစ်နွမ်းသောအကု သိုလ်တရားတို့ကို ဖြစ်ပွါးစေခြင်း သဘော ရှိသောတရားတို့သာတည်း။

---

န္ဓါငါး ပါး

၃၀။ ခန္ဓာငါးပါးဟူသည်ကား။

(၁) ရူပက္ခန္ဓာ။

(၂) ဝေဒနက္ခန္ဓာ။

(၃) သညာက္ခန္ဓာ။

(၄) သင်္ခါရက္ခန္ဓာ။

(၅) ဝိညာဏက္ခန္ဓာ။

ဤငါးပါးတည်း။ ။အဆင်းဝိုင်းဝိုင်းရွဲ၍။ အကာအရံဖြစ်ဟွန်းဆိုတိုင်အောင်။ ကြီးကြီးငယ်ငယ် ကိုယ်ထည် သဏ္ဌာန်ဖြစ်၍ နေကုန်သော။ မြေ။ရေ။လေ။ မီး။ ဤဓာတ်ကြီးလေးပါးနှင့်တကွ။မျက်စိ။နား။နှာခေါင်း။လျှာ။ကိုယ်ကာယ။အသံ။ အနံ့။အရသာအစရှိသောရုပ်ငယ်တို့ကို။ရူပက္ခန္ဓာခဆိုသည်။ ။အကောင်းအဆိုး အမျိုးမျိုးသော ခံစားမှုခံစားမှုတို့ကို။ ဝေဒနက္ခန္ဓာခဆိုသည်။ ။မွေးဘွားစအခါကစ၍။အမိအဘအစရှိသဖြင့်။အမှတ်သညာထားမှုကို။ သညာက္ခန္ဓာခဆိုသည်။ ။သင်္ခါရက္ခန္ဓာခဆိုသည်ကား။ ။ကြံစည်မှု။ ပြောဆိုမှု။လုပ်ဆောင်မှု အလုံးစုံတို့တည်း။ ။စိတ်ကိုဝိညာဏက္ခန္ဓာဆိုရ၏။ ။ဤသို့အကျဉ်းအားဖြင့်မှတ်ရာ၏။ ငါ၏ကိုယ်။ငါ၏အင်္ဂါဟူ၍ငှင်း။ အပူအချမ်း။ အကြမ်းအနုစသည်ကိုတွေ့ထိ၍သိသောအခါ။ ငါသိသည်ဟူ၍ငှင်း။ ဤသို့အစရှိသည်တို့သည်။ ရူပက္ခန္ဓာ၌ သာယာ စွဲလမ်း မှုတည်း။ ။မျက်စိ အာရုံကို ခံစားမှု၌။ ငါကောင်း သည်။ ငါ ဝမ်းမြောက်သည်အစရှိသည်တို့သည်။ဝေဒနက္ခန္ဓာ၌သာယာစွဲလမ်းမှုတည်း။ ။ဘယ်သင်းဘယ်ဟာကို ငါသိ၏။ ငါမှတ်မိ၏။ ငါမမေ့ဟု သာယာစွဲလမ်းမှုသည်။သညာက္ခန္ဓာ၌ သာယာစွဲလမ်းမှုတည်း။ငါအားထုတ်သည်။ငါကြောင့်ကြစိုက်သည်။ ငါ ပြောလို။ မြင်လို။ ကြားလိုသည်။ ငါ လှူသည်။ ငါသီလဆောက်တည်သည်။ ငါတတ်သည်။ ငါလိမ္မာသည် အစရှိသည်တို့သည်။သင်္ခါရက္ခန္ဓာ၌သာယာမှုတည်း။ ။ငါကြံသည် ။ငါသိသည်။ ငါ၏စိတ်အစရှိသဖြင့် စွဲလမ်းမှုသည်။ ဝိညာဏက္ခန္ဓာ၌စွဲလမ်းမှုတည်း။

---

၃၉။ အထက်၌ပြဆိုခဲ့ပြီးသော ဝိပဿနာဘာဝနာ လေးဆယ်တို့တွင်၊နံပါတ်-၁-၉-၁၄-၁၅-၁၆-၂၅-၂၆ ၂၉-၃၁-၃၆-တို့သည်။ အနိစ္စလက္ခဏာ ဆယ်ပါး မည်ကုန်၏။နံပါတ်၈-၂၀-၂၁-၂၂-၂၃တို့သည်။အနတ္တလက္ခ ဏာငါးပါး မည်ကုန်၏။ ကြွင်းသော လက္ခဏာတို့ သည်။ ဒုက္ခလက္ခဏာနှစ်ဆယ့်ငါးပါးမည်ကုန်၏။

---

၄၀။ ဝိပဿနာဉာဏ်သည်။ ဆယ်ပါးအပြားရှိ၏ ဆယ့်ပါးဟူသည့်ကား။

(၁) သမ္မသနဉာဏ်။

(၂) ဥဒယဗ္ဗယဉာဏ်။

(၃) ဘင်္ဂဉာဏ်။

(၄) ဘယဉာဏ်။

(၅) အာဒီနဝဉာဏ်။

(၆) နိဗ္ဗိန္ဒဉာဏ်။

(၇) မုဉ္စိတုကမျတာဉာဏ်။

(၈) ပဋိသင်္ခါဉာဏ်။

(၉) သင်္ခါရုပေက္ခာဉာဏ်။

(၁၀) အနုလောမဉာဏ်။

ဤဆယ်ပါးတည်း။ ။ထိုဝိပဿနာဉာဏ်ဆယ်ပါးသန့် ရှင်းခြင်းသို့ရောက်အောင်ဘာဝနာပွါးဟန်ကိုအကျဉ်းအါး ဖြင့်ပြပေအံ့။ ။ရုပ်နာမ်တရားတို့ ဖြစ်ခြင်း၏အကြောင်း။ ဖြစ်ခြင်း။ပျက်ခြင်းတို့ကိုအာရုံပြု၍။အနိစ္စ။ဒုက္ခ။အနတ္တ လက္ခ ဏာရေး သုံးပါးတို့ကိုနှလုံးသွင်းအပ်၏။ ဤသို့ နှလုံးသွင်း

ဘန်များသော်။ သမ္မာသနဥာဏ်သည်ဖြစ်၏။ ။ထို့နောက် ယာခုဖြစ်ဆဲ ဖြစ်ကုန်သော ရုပ်နာမ်တို့သည်။ ယာခုဘဝတွင် ရှေဦးအစဖြစ်ခြင်းသည်ဥဒယတည်း။ထိုရုပ်နာမ်တို့၏ ခဏချင်းခဏချင်းပျက်ခြင်းဘောက်ပြန်ခြင်းသည်။ ဝယတည်း။ ဤသို့ရုပ်နာမ်တရားတို့၏ယာခုဖြစ်၍ဖြစ်၍။ ယာခုပျက်၍ပျက်၍ငြိမ်းကြခြင်းသည်။ ဥဒယဗ္ဗယတည်း။ ဤသို့အဘန်တလဲလဲဥဒယဗ္ဗယကိုရှုအပ်သည်ရှိသော်။ဥဒယဗ္ဗယဉာဏ်သည်ဖြစ်၏။ထိုနောင်မှ။ရုပ်နာမ်တရားတို့သည်ရှေးဘဝ၌။အဝိဇ္ဇါတဏှာကံတို့ကြောင့်ရင်း။ဤဘဝ၌ စားသောက် အပ်သော အာဟာရတို့ကြောင့်ရင်းဖြစ်ရကုန်၏။ အရဟတ္တမဂ်ဖြင့်အဝိဇ္ဇာတဏှာချုပ်ငြိမ်းခြင်းသို့ရောက်မှသာလျှင် ဤရုပ်နာမ်တို့သည်။ ငြိမ်းခြင်းကုန်ခြင်းသို့ရောက်ရာ၏ဟူ၍ ထင်လာ၏။ဤသို့ထင်လာရသောဥဒယဗ္ဗယအာရုံသည်။ သမုဒအာရ၌ဥဂ္ဂဟနိမိတ်ထင်သည်နှင့်တူ၏။ထို့နောင်။ သစ္စာလေးပါးကိုရမ်းဆသေါအားဖြင့်မြင်၏။ထိုသစ္စာလေးပါးကိုရမ်းဆသောအားဖြင့် မြင်ခြင်းနှင့်တကွ။ ဖြစ်ခြင်းပျက်ခြင်းဥဒယဗ္ဗယကိုမြင်၏။ထိုသို့မြင်အပ်သောဥဒယဗ္ဗယအာရုံသည် ကသိုဏ်းအရာ၌ပဋိဘာဂနိမိတ်ကိုထင်လာသည်နှင့်တူ၏။ ဥဒယဗ္ဗသဉာဏ်ထင်သည်ရှိသော်။ထိုဝိပဿနာပွါးသော ပုဂ္ဂိုလ်၏ ကိုယ်မှ အရောင် အလင်းသည် ထွက်၏။ ထိုအရောင်အလင်းသည်။နေရာတိုက်ဆန်းအတွင်း၌ရင်း။ တယူဇနာ။ နှစ်ယူဇနာအစရှိသော အရပ်တိုင်အောင်ရင်း နှံ့၍ဖြစ်လေ၏။ထိုအရောင်အလင်းကိုလက္ခဏာရေးသုံးပါး၌တင်၍ရှုအပ်၏။နာမ်ရုပ်တို့၏ဖြစ်ခြင်းပျက်ခြင်းတို့ရှုဘန်များသေါအခါ။ဥဒယဗ္ဗယဉာဏ်သည်။ •အလွန်သန့်ရှင်းသောအဖြစ်သို့ရောက်လေ၏။ ။ထို့နောင်ခန္ဓာငါးပါးတို့သည်ဖြစ်၍။ ခဏချင်းပျက်စီးကုန်၏။ ခဏချင်းပျက်စီးကုန်၏။ ထိုသို့ခဏချင်းခဏချင်းပျက်စီးလေရကား။အနိစ္စ။ဒုက္ခ။အနတ္တသာ

ဟု ပျက်စီးခြင်းကိုအာရုံပြု၍ရှုအပ်၏။ ထို့နောင်မှ။ စက္ခုပ
သာဒဟူသောစက္ခာယတနမှစ၍။ အာယတန ခြောက်ပါး
တို့သည်လည်း။ ခဏမျှသာတည်၍ပျက်စီးလေရကား။ အ
နိစ္စ။ဒုက္ခ။အနတ္တသာဟု။ ပျက်စီးခြင်းကို အာရုံပြု၍ရှုအပ်၏။
ဤသို့နာမ်ရုပ်တို့၏။တခဏအတွင်း၌။ပျက်၍ပျက်၍ပျောက်
ကုန် ငြိမ်းကုန်ခြင်းကိုအာရုံပြု၍ အဘန်တလဲလဲ ရှုဘန်များ
သောအခါ။ ဘင်္ဂဉာဏ်သည် ထင်လာလေ၏။ ။ထိုသို့
ခန္ဓာငါးပါးတို့၏ ပျက်ခြင်းကိုအာရုံပြု၍ ရှုဘန်များသဖြင့်။
ဘင်္ဂဉာဏ် သန်သန်ဖြစ်ပေါ်လာသောအခါ။ တိုင်းပြည်အ
လုံး မီးပိုင်း၍ လာသောအခါ။ အလန့်တကြား အိပ်ရာမှအ
ဆောတလျင်နိုးသောယောကျ်ားသည်။ ခိုမှီပုန်းအောင်းရာ
အရပ်ကိုရှာကြံ၍မရ။ အလွန်ကြောက်မက်ဘွယ်သာထင်
သကဲ့သို့။ သုံးဆယ့်တဘုံ၌။ အဘယ်တစုံတရာခိုကိုးရာမ
ရ ကြောက်မက်ဘွယ်သာတည်းဟု။ လွန်စွာရှေးရှုထင်၏။
ထိုအခါ ဘယဉာဏ် အလွန်သန့်ရှင်းခြင်းသို့ ရောက်၏။ ဤ
သို့ဘယဉာဏ် သန်သန်ဖြစ်သည်ရှိသော်။ အာဒိနဝဉာဏ်
လည်း ဖြစ်သည် သာလျှင်တည်း။ သတ္တဝါတို့သည်၊ ပဋိ
သန္ဓေဖြစ်ပြီး၍ ပျက်စီးရသည်မှတပါး။ ချမ်းသာဟူသည်မ
ရှိ။ ထိုသို့ ဖြစ်ပြီး၍ ပျက်စီးခြင်း ဟူသည် လည်း။ အလွန်
ကြောက်မက်ဘွယ်ရှိသည်သာလျှင်တည်း။ အလွန်များစွာ
သောအပြစ်ရှိသည်သာလျှင်တည်းဟု။ အာဒိနဝဉာဏ်ဖြစ်
၏။ ။အာဒိနဝဉာဏ် သန်သန်ဖြစ်သည် ရှိသော်။ နိဗ္ဗိန္ဒ
ဉာဏ်လည်း ဖြစ်သည်သာလျှင်ကတည်း။ ။ဘင်္ဂဉာဏ်
ဘယဉာဏ်။ နိဗ္ဗိန္ဒဉာဏ်။ ဤဉာဏ် သုံးပါးသည် သဘော
အားဖြင့် မထူး။ နှလုံးသွင်းအံ့ချင်းအရာ အနည်းငယ်မျှသာ
လျှင်ထူး၏။ ရုပ်နာမ်တို့၏ပျက်စီးခြင်းကိုဖြစ်၍ဘယဉာဏ်
ဖြစ်ပေါ်လာသဖြင့်။ ကြောက်လန့်ဘွယ်သော အချင်းအရာ
အားဖြင့် ထင်သော ခဏ၌။ ဘယဉာဏ်။ ထိုသို့ကြောက်

လန့်ဘွယ်ထင်သည်ကိုအကြောင်းပြု၍ အဖြစ်ရှိသောအား
ဖြင့်ထင်လာသောခဏ၌။ အာဒီနဝဉာဏ်။ငြီးငွေ့ဘွယ်အား
ဖြင့်။ ထင်လာသောခဏ၌။ နိဗ္ဗိန္ဒဉာဏ်သည်ဖြစ်၏။ ဤသို့
လျှင်အခိုက်အတန့်အားဖြင့် သာထူးသည်ဟူလိုသည်။ ။
နိဗ္ဗိန္ဒဉာဏ် ဖြစ်ပေါ်ပြီးနောက်။ မုဉ္စိတုကမျတာဉာဏ်ဖြစ်
စေခြင်းငှာ။ ဘာဝနာပွါးပုံအထူးအခြားမရှိ။ ရှေးဆိုအပ်ခဲ့
ပြီးသောနည်းအတိုင်း။ရုပ်နာမ်တရားတို့၏။ ခဏအတွင်း၌။
ပျက်၍ပျက်၍ပျောက်ကွယ်ငြိမ်းကွယ်သော မရဏာမီးအစုတို့
ကိုအာရုံပြု၍။ အနိစ္စ။ ဒုက္ခ။ အနတ္တဟုရှုဘန်များသောအခါ။
လူ့အဖြစ်။နတ်အဖြစ်။ဗြဟ္မာ့အဖြစ်တို့၌။ အလွန်ငြီးငွေ့ခြင်း
နိဗ္ဗိန္ဒဉာဏ် သံန်သန် ဖြစ်သည်ရှိသော်။ ထိုခဏ၌ သံသရာ
ဝဋ်ဆင်းရဲမှ လွတ်လိုသော။ မုဉ္စိတုကမျတာဉာဏ်သည်
ဖြစ်၏။ ။ထို့နောင်။နာမ်ရုပ်တို့၏။ဖြစ်ခြင်းဟူသော။ဥပါဒ်။
ခဏတည်ခြင်း ဟူသော။ ဌီ။ ခဏချင်း ပျက်ခြင်း ဟူသော
ဘင်။ ဤဥပါဒ်။ ဌီ။ ဘင်တရားတို့ကိုထင်၍။ အကြိမ်ကြိမ်အ
ဘန်ဘန် ရှုသည်ရှိသော်။ ပဋိသင်္ခါဉာဏ်သည်ဖြစ်၏။ ။
မုဉ္စိတုကမျတာဉာဏ်။ ပဋိသင်္ခါဉာဏ်။ သင်္ခါရုပေက္ခာ
ဉာဏ်။ ဤဉာဏ်သုံးပါးတို့သည်။ အချင်းအရာ။ အနုအရင့်
မျှသာ ကွဲလွဲကြ၏။ သဘောမှိကဲ့ပြား တူကြ၏။ ပဋိသင်္ခါ
ဉာဏ် သန်သန် ဖြစ်သောအခါ။ ရုပ်နာမ်တို့၌ တပ်ခြင်း နှစ်
သက်ခြင်းမရှိ။ ဘေးဟူ၍လည်းမထင်သဖြင့်။ ရုပ်နာမ်တို့၌
လျစ်လျူရှု၍။ လက္ခဏာရေးသုံးပါးဖြင့်သာ ရှုလျက်တည်
၏။ဤသို့ဘေးလည်းမထင်။ တပ်လည်းမတပ်။အနိစ္စ။ဒုက္ခ။
အနတ္တသာဟုရှုဘန်များသောအခါ။ သင်္ခါရုပေက္ခာဉာဏ်
သည်ဖြစ်၏။ ။ထို့နောင်။ထိုရုပ်နာမ်တရားတို့၏ပျက်စီး
ခြင်းဘင်ကိုအာရုံပြု၍။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု နှလုံး သွင်း
ခြင်းကိုပြုသဖြင့်။ ရုပ်နာမ်တရားတို့၏လက္ခဏာတို့ကို။ ဝါ
ဖဘ်သကဲ့သို့။ ထုချေထောင်းပွတ်သည် ရှိသော်။ သင်္ခါရု

ပေကျွာဉာဏ်ရင့်ခြင်းသို့ ရောက်သဖြင့်။ သစ္စာလေးပါးတို့ကိုဖုံးလွှမ်းတတ်ကုန်သော။ အထပ်ထပ်သော ကိလေသာတို့ကို အရိယာမဂ်ကိုပြုဖြင်တတ်သော ပရိကံ။ မဂ်၏အနီးၝ ဖြစ်သော ဥပစာ။ မဂ်၏ရှေးအဘို့၌ ဖြစ်သော ပရိကံ အစရှိသည့်တို့အားဇင်း။ နောင်ဖြစ်လတံ့သော အပ္ပနာအားရင်း လျော်သောအနုလုံ။ ဤပရိကံ။ဥပစာ။ အနုလုံဟူသော အနုလောမဉာဏ် သုံးပါး တို့ဖြင့် ခွါ၍ ပျောက်ပျက် စေသည် ကာလရုပ်နာမ်တရားတို့၏ချုပ်ရာနိဗ္ဗာန်ကို ရှေးဦးစွာအာရုံပြုသော ဂေါတြဘူဉာဏ်သည်။ အနုလောမဉာဏ် သုံးပါးနှင့်တစပ်တည်းဖြစ်၏။ ။ဂေါတြဘူဉာဏ်သည်။နိဗ္ဗာန်ကို တုန်တုန်လှုပ်လှုပ်သာအနိုင်အာရုံပြုနိုင်၏။ အနုလောမဉာဏ်သုံးပါးတို့သည်။ ကိလေသာတို့ကို သန့်ရှင်း စေနိုင်၏။နိဗ္ဗာန်ကိုအာရုံမပြုနိုင်။ ဂေါတြဘူဉာဏ်သည်နိဗ္ဗာန်ကို အာရုံပြုနိုင်၏။ ကိလေသာတို့ကိုမသန့်ရှင်းနိုင်။ မဂ်ဉာဏ်၏ ရှေ့အဘို့၌ တည်၏။ မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြု၍ ကိလေသာတို့ကို ပျောက်ပျက်နိုင်၏။ ။ဂေါတြဘူနောင်။ မဂ်ဖြစ်သောသောတာပတ္တိမဂ်သို့ ဆိုက်ရောက်လေ၏။

---

မဂ်ပုဂ္ဂိုလ် ၄ယောက်။ ဖိုလ်ပုဂ္ဂိုလ် ၄ယောက်။

၄၁။ သောတာပတ္တိမဂ်စိတ်ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက်။ ကိလေသာဆယ်ပါးတို့တွင်။ သက္ကာယဒိဋ္ဌိ။ဝိစိကိစ္ဆာ။ ဤကိလေသာနှစ်ပါး အကြွင်းအကျန်မရှိကင်းပြတ်၏။ ဂါမသုဂတိခုနစ်ဘုံမှာလည်း။ခုနစ်ဘဝမှ နောက်ဖြစ်လတံ့သော။လောဘကြမ်း။ဒေါသကြမ်း။မောဟကြမ်း။အလုံးစုံသော အကုသိုလ်ကိလေသာ အကြမ်းတို့သည် ကင်းချုပ်ကြကုန်၏။ ပဋိစ္စ သမုပ္ပါဒ် စက်ရထားကြီး ကျိုးပျက်လေ၏။သောတာပတ္တိမဂ်ပုဂ္ဂိုလ်သည်။ဆိုအပ်ခဲ့ပြီးသောကိလေသာနှစ်ပါးမှကြွင်းသော။လောဘ။ဒေါသ။မောဟ။မာန။

ထိန။ ဥဒ္ဓစ္စ။ အဟိရိက။ အနောတ္တပ္ပ။ ဤရှစ်ပါးတို့ကို မပယ်သေး။ ။သကဒါဂါမိ မဂ်သို့ အဆိုက်တွင်။ ကာမသုဂတိ ခုနစ်ဘုံမှာ။ နှစ်ဘဝမှနောက် ဖြစ်လတံ့သော။ အတန်ငယ် ထုက်သန် သေးသော။ လောဘကြမ်း။ ဒေါသကြမ်း။ မောဟကြမ်း။အလုံးရုံသောအကုသိုလ်ကိလေသာအကြမ်းတို့သည် ချုပ်ငြိမ်းကြလေ၏။ ။အနာဂါမိမဂ်သို့ အဆိုက်တွင်။ ကာမဇာတိမျိုး အကြွင်း အကျန်မရှိ ချုပ်ငြိမ်းလေ၏။ ကာမဂုဏ်ကိုခံစားချင်သော။ ကာမဘုံ၌ နောင်တဘန်ဖြစ်စေတတ်သော။ ကာမရာဂ။ ဒေါသတည်းဟူသော ကိလေသာနှစ်ပါး ကင်းပြတ် လေ၏။ ။အရဟတ္တ မဂ်သို့ အဆိုက်တွင်။ အလွန်အားနည်းသိမ်မွေ့စွာ ကြွင်းကျန်၍နေသော။ ရူပဘုံ။ အရူပဘုံတို့၌ ဖြစ်စေတတ်သော ဘဝရာဂ။ မောဟ။မာန။ထိန။ ဥဒ္ဓစ္စ။အဟိရိက။ အနောတ္တပ္ပ။ ဤကိလေသာခုနစ်ပါးတို့သည် အကြွင်းအကျန်မရှိချုပ်ငြိမ်းကြကုန်၏။တစုံတခုသောကိလေသာအညစ်အကြေးမှုမရှိပြီ။ အတုမရှိ သန့်ရှင်းစင်ကြယ်သော အဖြစ်သို့ ရောက်လေ၏။ ။မဂ်ပုဂ္ဂိုလ်လေးယောက်တို့သည်။ မိမိတို့၏ မဂ်စိတ်ဖြစ်ဆဲခဏတွင်သာ မဂ်ပုဂ္ဂိုလ်ဟုခေါ်ဆိုရသည်။ မဂ်နှင့်ဖိုလ်အကြား မျက်စိ တမှိတ်မျှ မကြာ။ မဂ်စိတ်ကျလျှင်။ ဖိုလ်သို့ရောက်ကြသည်ဖြစ်၍။ ဖိုလ်ပုဂ္ဂိုလ်သာ ဖြစ်ကုန်လေတော့သည်။ ။ဤသို့မဂ်ဖိုလ်ကိုရပြီးသောပုဂ္ဂိုလ်တို့သည် အရိယာပုဂ္ဂိုလ်မည်၏။

---

နိရောဓသံမာပတ်ချမ်းသာ။

၄၂။ အရိယာ ပုဂ္ဂိုလ်တို့သည်။ နိဗ္ဗာန်ကို အခါခပ်သိမ်း အမြဲမြင်နေကြရသည်မဟုတ်။ မဂ်စိတ်ဖိုလ်စိတ်ဖြစ်သောအခါ၊ အာရုံပြု၍နေသောကာလအတွင်း၌သာ မြင်၍နေသည်။အာရုံမပြုသည့်အခါမှာကား။ သင်္ခါရဒုက္ခမှုတို့ကို

အာရုံပြုသော အမျိုးမျိုးသောစိတ်များဖြစ်နေကြကုန်သည်သာတည်း။အကုသိုလ်စိတ်မကင်းသေးသောအရိယာတို့မှာ အကုသိုလ်စိတ်များ ဖြစ်သည့်အခါ ဖြစ်နေသေးသည်သာတည်း။ မိမိတို့သန္တာန်၌ အာရုံခြောက်ပါး လှုံ့ဆော်တိုင်း။ ဝိညာဏ်ခြောက်ပါးနှင့်တကွ။နာမက္ခန္ဓာလေးပါးတို့။ ခြောက်ပါးရန်၌ တကြွကြွ တရွရွဖြစ်ပေါ်၍ နေသည်ကို သည်းမခံသိုလှ၍။ဝိညာဏ်ခြောက်ပါးတို့၏ ခုနစ်ရက်စသဖြင့်ချုပ်ငြိမ်း၍နေသော။နိရောဓသမာပတ်ကိုဝင်စား၍နေကြကုန်၏။ဤနိရောဓသမာပတ်ကိုဒိဋ္ဌဓမ္မနိဗ္ဗာန်ဟုခေါ်သတည်း။ထိုနိရောဓသမာပတ် ဝင်စားသော အခါ၌။ စိတ်။ စေတသိက်။ စိတ်ကြောင့်ဖြစ်သောရုပ်များ အကုန်ချုပ်၍။ကံ။ဥတု။အာဟာရတို့ကြောင့်ဖြစ်သောရုပ်သက်သက်နှင့်နေသည်ကို။ နိရောဓသမာပတ်ချမ်းသာဆို၏။

---

နိဗ္ဗာန်တရား။ ၄၃။ ယခုအခါ နိဗ္ဗာန်တရားကို ပြဆိုပေအံ့။ ။ နိဗ္ဗာန် ဟူသည်ကား။ အကျဉ်းအားဖြင့် နာမ်ရုပ်တရားတို့၏ တဘန် အသစ်ဖြစ်ပေါ်ခြင်းဓာတ်မရှိဘဲ အကြွင်းမဲ့ချုပ်ခြင်းတည်း။ ။ထိုနိဗ္ဗာန်သည်။အတုမရှိမြင့်မြတ်သောပရမသုခကြီးဖြစ်၏။ အလွန်နက်နဲ သိမ်မွေ့၏။ အလွန်ချမ်း၏။ ။သုခသည်နှစ်မျိုးရှိ၏။ နှစ်မျိုးဟူသော်ကား။သန္တိသုခ။ဝေဒယိတသုခ ဤနှစ်မျိုးတည်း။သန္တိသုခဆိုသည်ကား။ ဖြစ်ပွါးနှိပ်စက်၍နေသော မကောင်းသောတရားတို့၏လွတ်ငြိမ်းခြင်းဟူသောသန္တိသုခတမျိုး။မကြာမီကောန္တတွေ့ကြုံရတော့မည်ဟုနှလုံးပူဆွေး၍နေရသောမကောင်းသောတရားတို့၏ပျောက်လွတ်ငြိမ်းခြင်းဟူသော သန္တိသုခတမျိုး။တွေ့ရလိမ့်မည်လား။ အကယ်တွေ့ခဲ့ပါလျှင်အခက်ကြီးခက်ပါပြီဟုကြံ၍ ပူဆွေးနေရသော မကောင်းသော တရားတို့၏

ပျောက်လွတ်ငြိမ်းခြင်းဟူသောသန္တိသုခတမျိုး။ ဤသုံးမျိုး သောသုခတို့သည်။ စံစားရန် တစုံတခုသော ဝတ္ထုကိုရ၍။ စံစားရသော သုခမျိုး မဟုတ်ကုန်။ ကြိုကြိုက်၍ နေသော မကောင်းသော တရားတို့မှ လွတ်ငြိမ်း သော သုခမျိုးသာ တည်း။ ဤသန္တိသုခမျိုးတို့မှာ။ တစုံတခုသောဝတ္ထုကိုမရ သည့်ပြင်။ မိမိတို့ကပင် ဆိုက်ရောက်သောဥပါဒ်ဘေးရန် များလွတ်ငြိမ်းရအောင် ငွေအကုန်ခံရကြသေး၏။ ။မိမိရ ှိသောလူ့စည်းစိမ်နတ်စည်းစိမ်တို့ကိုစံစားမှုသည်။ ဝေဒ ယိတသုခမျိုးမည်၏။ ။ထိုသုခနှစ်မျိုးတို့တွင်။ သန္တိသုခ သည်သာ အကြီး အကဲ အထွဋ်အမြတ်ဖြစ်ပေ၏။ ဝေဒယိ တသုခသည်ကား။ အယုတ်အညံ့သာဖြစ်၏။ ။အတွင်း ဘေးရန်။အပြင်ဘေးရန်တို့ဖြင့်ပူပန်ပင်ပန်း၍ သန္တိသုခကို မရသော သူအား။ စကြာမင်္ဂတ်မင်း၏ စည်းစိမ် သော်မှ လည်း။ အကျိုးမရှိအချည်းနှီး သာတည်း။ ဥစ္စာပစ္စည်းနှင့် ပြည့်စုံ၍ မြို့ရွာအလယ်၌တင့်တယ်စွာနေရသောလူတို့၏သု ခသည်။ဝေဒယိတသုခတည်း။ ပစ္စည်းဥစ္စာတို့မှကင်းရှင်း၍ တောအလယ်ချုံအလယ်၌နေရသောရဟန်းတို့၏သုခသည် သန္တိသုခတည်း။ ။မျက်စိအာရုံ၌အပြစ်ကိုမမြင့်မှု၍။မျက် စိအာရုံကို အလိုရှိကုန်သူတို့အား။ မျက်စိအာရုံကို တွေ့ရ ခြင်းသည်သုခမည်၏။ မတွေ့ရခြင်းသည်ဒုက္ခမည်၏။မျက် စိအာရုံ၌အပြစ်ကိုမြင်၍။မျက်စိအာရုံမှကင်းခြင်းကိုအလိုရှိ ကုန်သောသူတို့အား။မျက်စိအာရုံကိုမတွေ့ရခြင်းသည်သုခ မည်၏။ တွေ့ရခြင်းသည် ဒုက္ခမည်၏။ ။အဝိဇ္ဇာတဏှာ ပွါးစီးအုပ်စိုး၍ နေသောသတ္တဝါတို့သည်။ ဝေဒယိတသုခ ကိုသာ သုခဟူ၍ ထင်မြင်နိုင်ကြကုန်၏။ သန္တိသုခကိုသုခ ဟူ၍မထင်နိုင်မမြင်နိုင်။ဝေဒယိတသုခကိုသာရှာကြံလိုက် စားကြကုန်၏။သန္တိသုခကိုအလိုပင်မရှိကြကုန်။ ။ပညာ အလေ့အကျင့်အားခြင်း အုပ်စိုးသောသူ အပေါင်းတို့သည်။သန္တိ

သုခကိုသာအလိုရှိကြကုန်၏။ အံဝိဇ္ဇာတဏှာ အရပ်စိုးသော ဝေဒယိတ သုခကို အလွန်ကြောက်ကြကုန်၏။ ရွံရှာစက်ဆုပ်ကြကုန်၏။ ။အထက်ကပြခဲ့သော။ နိရောဓသမာပတ်ချမ်းသာကိုထောက်သဖြင့်လည်း။ ဝေဒယိတသုခခံစားမှု စံစားမှုသည်။ ယုတ်ညံ့သော ချမ်းသာဖြစ်၏။ မွန်မြတ်သောချမ်းသာမဟုတ်။ အတွင်းသန္တာန်၌မငြိမ်သက်။ မသိမ်မွေ့လှုပ်ရှား။ ရုန့်ရင်းသော တရားတို့၏ ကင်းငြိမ်းခြင်းဟူသော သန္တိသုခသည် သာလျှင်။ အလွန့်အမြတ် ချမ်းသာအစစ်ဖြစ်ကြောင်းကို သိအပ်၏။ ။အကျဉ်းအားဖြင့်ဆိုသော်။ ဝေဒယိတသုခသည်။ တဏှာရာဂနှင့်မကောင်းသောသုခဝေဒနာကိုခံစားစံစားခြင်းတည်း။ သန္တိသုခံဆိုသည်မှာ။ မကောင်းသောတရားတို့မှလွတ်ငြိမ်းသဖြင့်။ အလွန်ချမ်းခြင်းတည်း။ ။သန္တိသုခသည်။ ဝေဒယိတသုခထက်သာလွန်၍ အမွန်အမြတ် ဖြစ်ကြောင်းကို ဥပမာတခုပြဦးအံ့။ တကိုယ်လုံး ခွါခွါနူ၍ ရပ်တည်ရာမရ ဟစ်အော်ငင်ပန်း၍ နေသောသူကို။ သိကြားမင်းကိုယ်တိုင်ဆင်းလာပြီးလျှင်။ ခဏ ချင်းနူနာပျောက်ငြိမ်းသည်ကို အလိုရှိသလော။ စကြာမင်းစည်းစိမ်ကိုအလိုရှိသလောမေးလျှင်။ ထိုသူနာသည်။ စကြာမင်းစည်းစိမ်ကိုမရလျှင် နေပါစေတော့။ နူနာပျောက်ငြိမ်းခြင်းကိုသာအလိုရှိပါသည်ဟုဆိုလတံ့သတည်း။ နူနာပျောက်ငြိမ်းခြင်းသည် သန္တိသုခ ဖြစ်၏။ တစုံ တခုသော ဝတ္ထုအထည်ကိုရသည်မဟုတ်။ ထိုသို့မဟုတ်သော်လည်း။ ထိုသူမှာထိုသန္တိသုခသည်။ စကြာမင်း၏ စည်းစိမ်ထက် အဆသိန်းသန်းမက သာလွန်မွန် မြတ်လေသည်။ ။ဤဥပမာဖြင့်။ သန္တိသုခသည်။ ဝေဒယိတသုခထက်သာလွန်မွန်မြတ်ကြောင်းကိုသိရာ၏။

နိဗ္ဗာန်၌။ သုခဝေဒနာကို ခံစားမှု စံစားမှု မရှိခြင်းသည် သာလျှင် ချမ်းသာမှုပေတည်း။ အပျော်အပါး ခံစားမှု စံစား

မှုမည်သည်။ တပ်နှစ်သက်သောတဏှာဟုခေါ်အပ်သော ကိလေသာ ရောဂါအနာဆိုး စွဲကပ်သောသူတို့မှာသာ အသုံးကျသည်။ ထိုသူတို့မှာ ချမ်းသာ သုခဆိုလျှင် ခံစားစရာ စံစားစရာသို့သာ စိတ်ညွတ်လေသည်။ တဏှာဟူသော ကိလေသာရောဂါဆိုးစွဲကပ်လျက်ရှိနေသောကြောင့်။ ဤကဲ့သို့ စိတ်ညွတ်လေသည်။ ခံစားခြင်း စံစားခြင်းရှိလျှင် တဏှာရှိ၏။ တဏှာရှိလျှင်ချမ်းသာသုခမရှိဒုက္ခသာလျှင်ရှိ၏။

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ တဘန်အသစ်ဖြစ်ပေါ်ခြင်းမရှိသည်ကို နိဗ္ဗာန်ဆိုလျှင်။ ထိုနိဗ္ဗာန်သည်ပရမတ်မဟုတ်။ အချည်းနှီးသက်သက်တည်းဟု စောဒနာရန်ရှိ၏။ အဖြေကား။ ပရမတ်သည် ပြုပြင်ခြင်းရှိသော သင်္ခတ ပရမတ်။ ပြုပြင်ခြင်းကင်းသောအသင်္ခတပရမတ်ဟူ၍နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့သည်။ အချင်းချင်းဖြောင့်ဖြောင့် ဆန့်ကျင်ကြ၏။ သင်္ခတပရမတ်မျိုး၏အချင်းအရာသည်။ အသင်္ခတပရမတ်မျိုးမှာအလျှင်းမရှိ။ အသင်္ခတပရမတ်မျိုး၏အချင်းအရာလည်း။ သင်္ခတပရမတ်မှာအလျှင်းမရှိ။ ထို့ကြောင့်ထိုနှစ်မျိုးတို့၏ ပရမတ်သဘောကိုရှာကြံလိုလျှင်။ သူ့လမ်းနှင့်သူရှာကြံအပ်၏။ နိဗ္ဗာန်၏သုခကိုရှာကြံလိုလျှင်။ ခံစားစံစားသော ဝေဒယိတသုခသဘောမျိုးနှင့်မရှာကြံအပ်။ ထိုသဘောမျိုးနှင့်ရှာကြံလျှင် နိဗ္ဗာန်တရားကိုရမ်းဆ၍မသိမမြင်နိုင်။

လောကီချမ်းသာအပေါင်းတို့တွင်။ ဈာန်ချမ်းသာသည် အမွန်အမြတ် ဆုံးဖြစ်၏။ ။ပဌမဈာန်၌ရှိသော ဝိတက်ဝိစာရတို့သည်။ ဒုတိယဈာန်ကို ပွါးသောသူမှာ။ အနာဆိုးနှိနာကြီးမည်ကုန်၏။ ထိုသူကိုဆင်းရဲဒုက္ခဖြစ်လေအောင် လွှမ်းမိုးနှိပ်စက်ကုန်၏။ ဥပမာမှာ။ နူနာကြီးနှင့်။ ဝိတက်ဝိစာရရှိသော ပဌမဈာန်သုခကိုသာယာသော ဈာနနိကန္တိဟူသော တဏှာသည်တူ၏။ ရှားမီးကြီးနှင့်ပဌမဈာန်သုခသည်တူ၏။ နူနာကြီး ကင်းရှင်းသောသူနှင့်။ ပဌမဈာနနိကန္တိတဏှာ

ကင်းရှင်းပြီးသောပုဂ္ဂိုလ်သည်တျ၏။ ထိုပုဂ္ဂိုလ်မှာ။ ပဥ္စမ
ဈာန်သုခ၌ သာယာသောဈာန နိကန္တိ တဏှာ၏ ကင်းငြိမ်း
ခြင်းသည်။ သန္တိ သုခမည်၏။ ဤနည်းအတိုင်း။ နူနာကြီးဥပ
မာနှင့်တကွ။ နေဝသညာနာသညာယတနဈာန်တိုင်အောင်
အဆင့်ဆင့်ဆိုလေ။ ။နေဝသညာနာသညာယတနဈာန်
သုခသည်လည်း။ သိမ်မွေ့သောဈာန နိကန္တိတဏှာ ရှိသေး
သောကြောင့်။ စင်စစ်သန္တိ သုခမဟုတ်။ တဏှာအကြွင်းမဲ့
ချုပ်ငြိမ်းခြင်းဟူသောနိဗ္ဗာန သုခသာလျှင်။ သန္တိ သုခ ဖြစ်
လေသတည်း။ ပုထုဇ္ဇန် ဖြစ်သော နေဝသညာ နာသညာ
ဖြဟ္မာသည်တဏှာရှိသေးသောကြောင့် ငရဲဇာတိရှိ၏။ ငရဲ
သို့မျက်စောင်းထိုးလျက်ပင်ရှိ၏။ ။ဤကဲ့သို့သုခ အမျိုး
မျိုးကိုအဆင့်ဆင့်တက်၍ ကြည့်လျှင်ပြုပြင်ခြင်းကင်းသော
တဏှာအကြွင်းမဲ့ချုပ်ငြိမ်းသော အသင်္ခတနိဗ္ဗာနသုခသည်
အမွန်မြတ်ဆုံးဖြစ်သောပရမသုခဖြစ်ကြောင်းကိုသိရ၏။

နိဗ္ဗာန်သည် ထင်ရှားရှိသောတရားဖြစ်ကြောင်းကို အ
ဘယ်ကဲ့သို့သိနိုင်သနည်းဟူမူကား။ တဏှာအကြွင်းမဲ့ချုပ်
ငြိမ်းခြင်းသည်နိဗ္ဗာန်မည်ကြောင်းကို။ အထက်၌ပြဆိုအပ်
ခဲ့ပြီ။ တဏှာသည် အကြွင်းမဲ့ချုပ်ငြိမ်းနိုင်သောတရားဟုတ်
မဟုတ်ကိုစစ်ဆေးရန်ရှိ၏။ တဏှာ။ လောဘ။ ဒေါသ။ မော
ဟအစရှိသောအကုသိုလ်တရားတို့ကို။ သီလ။ ဘာဝနာအစ
ရှိသော ကုသိုလ်တရားတို့ဖြင့်။ တခဏမျှ ချုပ်ငြိမ်း စေနိုင်
ကြောင်းကိုအများပင်သိကြကုန်၏။ ထိုသို့တခဏချုပ်ငြိမ်း
ခြင်းကိုတဒင်္ဂပဟာန်ဟုခေါ်၏။ ထိုသို့တဒင်္ဂပဟာန်အားဖြင့်
အကုသိုလ်တရားတို့ကို ပယ်ရှားခြင်းသည်။ လူ့ပြည်။ နတ်
ပြည်၌ဖြစ်နိုင်၏။ အကုသိုလ်တရားတို့ကို။ တဘင အပိုင်းအ
ခြားဖြင့်လည်းပယ်ရှားနိုင်၏။ ဤကဲ့သို့ပယ်ရှားခြင်းသည်။
ဝိက္ခမ္ဘနပဟာန်မည်၏။ ဗြဟ္မာ့ပြည်၌ဖြစ်၏။ ထိုသို့ခဏမျှဖြင့်
ငံသော်၎င်း။ တဘဝအပိုင်းအခြားဖြင့်သော်၎င်း။ အကုသိုလ်

တရားတို့ကို ပယ်ရှားနိုင်လျှင် နောက်တဘန် ထပ်၍မပေါ်။ အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း သည်လည်း ဖြစ်နိုင်သလျှင်က တည်း။ထိုအကြွင်းမဲ့ချုပ်ငြိမ်းခြင်းသည်။ သမုစ္ဆေဒပဟာန် ဟုခေါ်၏။ အဝိဇ္ဇာတဏှာအစရှိသော အကုသိုလ်တရားအ ပေါင်းတို့ကို အကြွင်းမရှိ သမုစ္ဆေဒအားဖြင့် ပယ်ရှားခြင်း သည်။ နိဗ္ဗာန်မည်သတည်း။ ။သီလကုသိုလ်ဖြင့် အကု သိုလ်တရားတို့ကို ခဏမျှပယ်ရှားနိုင်၏။ ဘာဝနာကုသိုလ် ဖြင့် တဘာဝအပိုင်းအခြားဖြင့်ပယ်ရှားနိုင်၏။ ဗောဓိပက္ခိယ တရား ၃၇ ပါးတို့ဖြင့်အကြွင်းမဲ့ပယ်ရှားနိုင်သတည်း။ ။

ဥပမာဖြင့်မြဦးအံ့။ လောက၌အနာရောဂါဖြစ်ခြင်းလည်းအ မှန်ရှိ၏။အနာရောဂါပျောက်ငြိမ်းခြင်းလည်းအမှန်ရှိ၏။ရော ဂါပျောက်ငြိမ်းခြင်းမရှိခဲ့သော်။ရောဂါကပ်ရောက်သော သူ တို့သည်။ ရောဂါမှ ထမြောက်သည်ဟူ၍ပင် မရှိရာ။ တနာ တည်းနာ၍နေရလတံ့။ ထိုကဲ့သို့ကားမဟုတ်။ ရောဂါပျော် ငြိမ်းခြင်းသည်ကေန္တရှိ၏။ ။ရောဂါမှလွတ်ငြိမ်းသောသူတို့ လည်းကေန္တရှိ၏။ထို့ကြောင့်လောက၌ရောဂါပျောက်ငြိမ်း ခြင်းသည်ကေန္တရှိ၏ဟုသိအပ်လေသတည်း။ထို့အတူကိ လေသာချုပ်ငြိမ်းခြင်း။ ခန္ဓာချုပ်ငြိမ်းခြင်းသည်လည်း။ အ မှန်စင်စစ်ရှိ၏ဟုသိအပ်သတည်း။

ရဟန္တာပုဂ္ဂိုလ်သည်။နိဗ္ဗာန်စံယူတော် မူပြီးသည်နောင်။ တဖုံတရာသို့ ကပ်ရောက်သည်မရောက်သည်အကြောင်း မှာ။ ကျမ်းပြုဆရာ တဦးနှင့်တဦး မညီ ကွဲပြားကြ၏။ ။ ဤနိဗ္ဗာန်နှင့် စပ်လျဉ်းသော အကြောင်းတို့၌။ နိဗ္ဗာန်ကို ဓိမြ မြင်တော်မူကြကုန်ပြီးသောအရိယာပုဂ္ဂိုလ်တို့၏ နှုတ်ထွက် စကားတော် များကိုသာ။ စိတ်ချ ယုံကြည် မှတ်ယူအပ်၏။ နိဗ္ဗာန်ကို ဓိဠ္ဌမမြင်ဘူး ကြကုန်သော သူတို့၏ စကားဖြစ်ခဲ့ လျှင်စိတ်ချမှတ်ယူအပ်သည်မဟုတ်သေး။သို့ရာတွင်နိဗ္ဗာန် စကားမှာ။ အများအတိမ်းရှိမည်ကို အလွန်ကြီးကြောင့်ကြ

စိုးရိမ်ရန်မရှိ။ဗောဓိပက္ခိယတရားတို့မှာသာ။မှားမည်တိမ်းမည်ကိုစိုးရိမ်ခွင့်ရှိသည်။ ဗောဓိပက္ခိယတရားတို့ကိုအမှန်အကန်သိ၍။ နည်းလမ်းကျကျအားထုတ်ကြပါလျှင် နိဗ္ဗာန်ရကားကိုအများအတိမ်းပြောဆိုမိကြကုန်ငြားသော်လည်း။ တကယ်မှန်သောနိဗ္ဗာန်သို့သာရောက်ကြကုန်လတံ့။ ။

ဥပမာ ဆိုသော်။ ဘီလပ်မြို့ကြီးသို့ မရောက်ဘူး မမြင်ဘူးသောသူ နှစ်ဦးသည်။ ဘီလပ်မြို့၏ အခြေအနေနှင့် စပ်လျဉ်း၍ စာတွေ့နှင့် အငြင်းအခုံဖြစ်ကြ၏။ ထိုသို့သဘော ကွဲပြားငြင်းခုံကြငြားသော်လည်း။ ဘီလပ်မြို့သို့သွားသောသင်္ဘောတွင်စီးလိုက်ပါသွားကြပါလျှင်။ အမှန်ဖြစ်သော ဘီလပ်မြို့သို့ရောက်ကြပေကုန်လတ့ံ။ ထို့အတူ။ နိဗ္ဗာန်စကား၌ ကွဲပြားကြသော်လည်း။ နိဗ္ဗာန်ရောက်ကြောင်း တရားမှန်အတိုင်း။နည်းလမ်းကျကျ ကျင့်ဆောင်ကြပါမူ။ နိဗ္ဗာန် အမှန်သို့ရောက်ကြမည်ဖြစ်သတည်း။

---

သာသနာ့တော်တွင်း ရှိသော ပုဂ္ဂိုလ် လေးမျိုး။

၄၄။ မြတ်စွာ ဘုရား သာသနာတော်ကို ယုံကြည်၍ လေးမြတ် ဆည်းကပ် ကိုးကွယ် ကြကုန်သော သတ္တဝါအပေါင်းတို့တွင်။ပုဂ္ဂိုလ်လေးမျိုးရှိကြောင်းကိုသိအပ်၏။ ။လေးမျိုးဟူသော်ကား။

(၁) ဥဂ္ဃဋိတညူပုဂ္ဂိုလ်။

(၂) ဝိပဉ္စိတညူပုဂ္ဂိုလ်။

(၃( နေယျပုဂ္ဂိုလ်။

(၄) ပဒပရမပုဂ္ဂိုလ်။

ဤလေးမျိုးတည်း။ ။ဥဂ္ဃဋိတညူ ပုဂ္ဂိုလ် မျိုးဆိုသည်ကား။ မြတ်စွာဘုရားနှင့် ကိုယ်တိုင် တွေ့ကြုံရသဖြင့်။ တခဏသောတရားဒေသနာကိုဟောတော်မူရာ။သင်္ခေပအကျဉ်းစကား

အဆုံး၌ မဂ်ဖိုလ်ကိုရနိုင်သောပုဂ္ဂိုလ်မျိုးတည်း။ ထိုပုဂ္ဂိုလ်မျိုးတို့တွင်။ အချို့သောပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ်ကိုရကြကုန်၏။ အချို့သကဒါဂါမိမဂ်ကို။ အချို့အနာဂါမိမဂ်ကိုရကြကုန်၏။ အချို့သောပုဂ္ဂိုလ်တို့သည် ဟောတော်မူသော်တရားတော်အဆုံး၌။ ခဏချင်း အရဟတ္တမဂ်ကိုရ၍ရဟန္တာဖြစ်ကြကုန်၏။အောက်မဂ်ကစ၍တဖြည်းဖြည်း အဆင့်ဆင့်မတက်ရကြကုန်။ ။သင်္ခေပအကျဉ်း ဟောတော်မူရုံမျှနှင့်မဂ်ကိုမရနိုင်သေး။ထိုသင်္ခေပအကျဉ်းကိုအကျယ်ချဲ့၍ဟောတော်မူမှသာ မဂ်ကိုရနိုင်သော ပုဂ္ဂိုလ်မျိုးသည်။ ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုးမည်၏။ထိုပုဂ္ဂိုလ်မျိုးလည်းဥဃ္ဃါဋိတညူပုဂ္ဂိုလ်မျိုးကဲ့သို့။အချို့သောတာပန်။ အချို့သကဒါဂါမ်၊ အချို့အနာဂါမ်။အချို့ခဏချင်းရဟန္တာဖြစ်ကြကုန်၏။ ။

နေယျပုဂ္ဂိုလ်မျိုးဆိုသည်ကား။ အကျဉ်း အကျယ်အားဖြင့် ဟောတော်မူသော်လည်း။ တရားတော်အဆုံး၌မဂ်ဖိုလ်ကိုမရနိုင်ကြကုန်။ထိုတရားဒေသနာတော်ကို။ ကြားနာဆောင်ရွက်လေ့ကျက်မှတ်သား၍ထားပြီးလျှင်၊ ထိုဒေသနာတော်လာရှိတိုင်း သောတရားကို များစွာ သော နေ့ရက် လနှစ်တို့ဖြင့် ကျင့်ကြံ၍ပွါးများအားထုတ်မှသာ မဂ်ဖိုလ်ကိုရနိုင်သောပုဂ္ဂိုလ်မျိုးသည်။နေယျပုဂ္ဂိုလ်မျိုးမည်၏။ ။ဘုရားသာသနာတော်နှင့်တွေ့ကြုံ၍။ ဘယ်လိုပင်တရားကိုအားထုတ်သော်လည်း။ယခုဘဝတွင်မဂ်ဖိုလ်ကိုမရနိုင်ကြ၍။ ဝါသနာဘာဂီ ပါရမီမျှကိုသာရထိုက်သောပုဂ္ဂိုလ်သည်။ ပဒပရမပုဂ္ဂိုလ်မည်၏။ ။ယခုအခါသည်။နေယျပုဂ္ဂိုလ်။ပဒပရမပုဂ္ဂိုလ်နှစ်မျိုးတို့၏ ခေတ်သမယဖြစ်၏။ ။ထိုပုဂ္ဂိုလ်နှစ်မျိုးတို့တွင်။ နေယျပုဂ္ဂိုလ်သည်။ ဗောဓိပက္ခိယတရားတို့ကိုကောင်းစွာကျင့်နိုင်ပါလျှင်။ ယခုဘဝတွင်သောတာပန်မဂ်ကိုရနိုင်၏။ (အချို့သောကျမ်းပြုဆရာတို့က အရဟတ္တမဂ်ကိုပင် ရနိုင်သေး၏ ဆိုကြကုန်သည်။ ဤအကြောင်း၌

သဘောကွဲပြားကြသည်။ သဘောနှစ်သက်ရာ ယူတော်မူကြပါကုန်။) ဗောဓိပက္ခိယတရားတို့ကိုမကျင့်ဘဲသေလွန်ခဲ့လျှင်။ ဤသာသနာတော်တွင်းမှာမဂ်ကိုမရနိုင်ကြကုန်။ ။ ပဒပရမပုဂ္ဂိုလ်သည်။ဗောဓိပက္ခိယတရားတို့ကိုကောင်းစွာကျင့်နိုင်ပါမူ။ ဤသာသနာတော်တွင်း၌ပင်လျှင်။နောက်ဘဝဖြစ်သောနတ်ပြည်မှာမဂ်ကိုရနိုင်ရာ၏။

---

## အကျဉ်းချုပ်တရား။

သီလ။ ၄၅။ ဖြတ်စွာဘုရား ဟောကြားတော် မူအပ်သော

သမာဓိ။ ပိဋကတ်တော် သုံးပုံကို အကျဉ်းချုံး၍ အနှစ်သာရကို ယူ

ပညာ။ သည်ရှိသော် ။သီလ။သမာဓိ။ပညာ။ဤသုံးပါးသာရှိ၏။ သီလဖြင့်အပါယ်ဘုံမှလွန်မြောက်၏။ သမာဓိဖြင့် ကာမဘဝယ်တဘုံမှ လွန်မြောက်၏။ မဂ်ပညာ ဖိုလ်ပညာဖြင့် အလုံးစုံသောဘုံမှလွန်မြောက်၏။ သီလဖြင့်တခဏတည်းဟူသော တဒင်္ဂပဟာန်အားဖြင့် ကိလေသာကို ပယ်နိုင်၏၊ သမာဓိဖြင့် တဘာဝ အပိုင်းအခြားတည်းဟူသော ဝိက္ခမ္ဘနပဟာန်အားဖြင့် ကိလေသာကို ပယ်နိုင်၏။ ပညာဖြင့် အကြွင်းမဲ့ဖြတ်ကင်းချုပ်ငြိမ်းခြင်းတည်းဟူသော သမုစ္ဆေဒပဟာန်အားဖြင့်ကိလေသာကိုပယ်နိုင်၏။ ။သီလ။သမာဓိတို့သည်ကား။ သာသနာမရှိသောသုညကပ္ပာတို့၌လည်း။အစဉ်ခါဝရကပ္ပာတန်ဆာကဲ့သို့ဖြစ်၍အမြဲရှိနေကြကုန်၏။ဤစကြာဝဠာ၌သာမဟုတ်။ ခပ်သိမ်းသောအနန္တစကြာဝဠာတို့၌ပင်ဤတရား ၂ ပါးရှိ၏။ ထို့ကြောင့်။ စကြာဝဠာတို့၌။လူ့ပြည်။နတ်ပြည်။ဗြဟ္မာ့ပြည်တို့သည်။အစဉ်ခါဝရှိကြကုန်၏။ ဤတရားရသည့် ဖြစ်တတ်သော သဘောဖြစ်၍။ ဖြစ်ကြောင်းတရားကိုသာမြတ်စွာဘုရားဟောတော်မူသည်။ဤတရားရ

သည်။ သာသနာပအခါရသော့လမ်းဖြစ်၍။ အဝိဇ္ဇာထဏှာ
ကို အကြွင်းမဲ့မပယ်နိုင်ချေ။ ဤတရားနှစ်ပါးတို့ကို အလွန်
ကြာနသခဲရခြင်းတည်းဟူသော သဒ္ဓမ္မသဝန် အတိဒုလ္လဘံ
ဟူ၍မယူသာ။ သီလဘာဝနာအစရှိသော ပုညကိရိယာမျိုး
ဆယ်ပါး။သုစရိုက်ဆယ်ပါးတို့ကို။ကမ္ဘာအဆက်ဆက်။အ
ထက် နတ် သိကြား ဗြဟ္မာ လူပညာရှိ ရသော့ဦးပြည်းအစရှိ
သောသူတို့သည်။ သာသနာပသုညကမ္ဘာတို့၌သင်ကြားပြ
သနိုင်ကြ၏။ ဒါနမှု။ သီလမှု။ ဘာဝနာမှုတို့သည်။ ဖြစ်လေ
ရာဘဝတိုင်း၌ မလုပ်ချင် မနေနိုင်သော သဘာဝ ဒုက္ခဖြစ်
ကြောင်းကိုဟောတော်မူ၏။ ။ပညာသည်မြတ်စွာဘုရား
သာသနာတော်တွင်း၌သာရှိ၏။ သီလသမာဓိသည်။ အခါ
ခပ်သိမ်း အနန္တစကြဝဠာတို့၌ ရှိနေသော တရား ဖြစ်သော
ကြောင့်။မြတ်စွာဘုရားပွင့်တော်မူခြင်းသည်။ ဤသီလသမာ
ဓိတရား နှစ်ပါးတို့ကို ဟောတော်မူရန် ပွင့်တော်မူသည် မ
ဟုတ်။သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်းဖြစ်သော
မဂ်ပညာဖိုလ်ပညာကို ဟောတော်မူခြင်းငှါ ပွင့်တော်မူ၏။
မြတ်စွာဘုရားပွင့်တော်မူသည့်အခါ အနည်းငယ်တိမ်မြုပ်
၍နေသော။ဒါန။သီလ။ ဘာဝနာတရားများကိုနှုံသောသူတို့
အပါယ်ဘေးမှ လွတ်စေခြင်းငှါ ထပ်မံ၍ ဟောတော်မူ၏။
သာသနာပ၌မူကား။ သုညကမ္ဘာ အသင်္ချေပင် ကြာသော်
လည်း။ မဂ်ပညာ။ ဖိုလ်ပညာကို ကြားရုံမျှအခွင့်မရှိပြီ။ ထို့
ကြောင့်။ သာသနာတော်တွင်း၌ ကြိုကြိုက်ကြကုန်သောသူ
တို့သည်။ နောက်နောက်သော ဘဝ။ နောက်နောက်သော
ဘုရားသာသနာတော်မှာ ရဟန္တာဖြစ်နိုင်ကြရန်။မဂ်ဉာဏ်။
ဖိုလ်ဉာဏ်၏မျိုးစေ့ အနေမျှကိုအရအမိရည်သန်ကြသဖြင့်။
သီလ။ သမာဓိမျိုးနှစ်ပါးတို့ထက်။အလွန်တွေ့ကြုံခဲလှသော
ပရမတ္ထပညာမျိုးကိုအားခဲ၍ယူကြကုန်ရာ၏။သို့မှသာလျှင်
သာသနာတော်တွင်း၌ လူဖြစ်ကျိုး နပ်လတံ့။ ပရမတ္ထပညာ

မျိုးစေ့အနေမျှ ရအောင်လို့ လမထုတ်ကြပါလျှင်။သာသနာ
တော်တွင်းမှာဖြစ်လျက်။ သာသနာပမှာ လူဖြစ်ရသကဲ့သို့ရှိ
နေကြကုန်လတံ့။

---

ပဒပရမ ပုဂ္ဂိုလ်။ နေယျ ပုဂ္ဂိုလ် ၂ပါးအကြောင်း။

၄၆။ ပဒပရမ ပုဂ္ဂိုလ်ဖြစ်လျှင်။ ဘုရားသာသနာ
တွင်း၌ ကြုံကြိုက်ဆဲအခါမှာ။ ဝါသနာ ဘာဂီ ပါရမီဖြစ်ရ
အောင်။ သီလမျိုးကိုလည်းဆည်းဘူးအပ်၏။ သမာဓိမျိုးကို
လည်းဆည်းဘူးအပ်၏။ ပညာမျိုးကိုလည်းဆည်းဘူးအပ်
၏။ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း အထေခက်အပုံဖြစ်
သော။အနိုသဝိတသီလမျိုးကိုလည်းဆည်းဘူးရာ၏။ဒါနမှာ
လည်း။ နိဗ္ဗာန်ကို တောင့်တရည်ရော်၍ ပြုအပ်သော။ ဝိဝဋ္ဋ
နိဿိတဒါနမျိုးကိုဆည်းဘူးရာ၏။ ။နေယျပုဂ္ဂိုလ်ဖြစ်လျှင်
ယခုဘဝတွင်သော်ငင်း။ နောက်ဘဝနတ်ပြည်သို့ရောက်မှ
သော်ငင်း။သောတာပန်ဖြစ်အောင်အားထုတ်အပ်၏။အားမ
ထုတ်မှိုစိတ်ကိုမလျော့ရ။ အစွမ်းကုန်အားထုတ်၍ရနိုင်ပုံမ
ရှိပါမှသာလျှင်။ ငါသည် ပဒပရမပုဂ္ဂိုလ် ဖြစ်ဟန်ရှိသည်။
ထိုပုဂ္ဂိုလ်တို့ကျင့်လမ်း အတိုင်းကျင့်မှသာ သင့်လျော်မည်
ဟု သဘော ပိုက်ပြီးလျှင်။ ဝါသနာ ဘာဂီ ပါရမီ ကုသိုလ်
မြောက်အောင်။ သီလ။ သမာဓိ။ ပညာကို ဆည်းဘူးအပ်၏။
ယခုဘဝတွင် သောတာပတ္တိမဂ်ကိုရအောင် ကြိုးစားအား
ထုတ်သောသူသည်။ဒါနကိုပြုရန်မလို။ ။ပဒပရမပုဂ္ဂိုလ်
သည်။နေယျပုဂ္ဂိုလ်ဖြစ်သည်ကို။ မိမိကိုယ်ကိုမိမိအကဲခပ်
နိုင်စရာရှိသည်။နေယျပုဂ္ဂိုလ်ဖြစ်သည်ထင်လျှင်။ ယခုဘဝ
တွင်သော်ငင်း။နောက်ဘဝနတ်ပြည်၌သော်ငင်း။ သောတာ
ပန်မဖြစ်လျှင်။ မိမိပြုအပ်ခဲ့ပြီးသော။သီလ။သမာဓိ။ပညာကု
သိုလ်တို့သည်။ ပါရမီမြောက်သော ကုသိုလ်တို့ဖြစ်ကြကုန်
လံတံ့။ ယခုအခါမှာ။ နတ်ပြည်။ ဗြဟ္မာ့ပြည်တို့၌။ သောတာ

ပန်အရိယာ အပြည့်ရှိကြကုန်၏။ ထိုအရိယာတို့သည်။ ဘုံစဉ် စံ၍ သွားကြ ကုန်လတံ့။ အောက်သို့ လည်ခွင့် မရှိကြကုန်ပြီ။ အကနိဋ္ဌဘုံသို့ ရောက်သောအခါ။ ပရိနိဗ္ဗာန်စံကြကုန်လတံ့။ နောက်ဘဝနတ်ပြည်၌ သောတာပန် ဖြစ်လတံ့သောနေယျပုဂ္ဂိုလ်သည်။ နတ်ပြည် ခြောက်ထပ်၌ ရှိသောသုဓမ္မာစရပ် အသီးအသီးတို့မှာ။ တရားဟောကြကုန်သောနတ်ဗြဟ္မာတို့၏တရားဓမ္မများကိုကြားနာရသဖြင့်သောတာပန်ဖြစ်လတံ့။ သုဓမ္မာစရပ်တို့မှတပါး။ အခြားသော နေရာဌာနတို့၌လည်း။အသူနေအဘော်အပေါင်းဖြစ်ကြကုန်သောအရိယာနတ်တို့၏ပြောဟောကြသောတရားဓမ္မကိုကြားနာရ၍သောတာပန်ဖြစ်လတံ့။

---

စရဏမျိုး။ ဝိဇ္ဇာမျိုး။

၄၇။ သီလသမာဓိသည် စရဏမျိုးမည်၏။ ပညာသည်ဝိဇ္ဇာမျိုးမည်၏။စရဏသည်။ခြေလက်နှင့်တူ၏။ ဝိဇ္ဇာသည်မျက်စိနှင့်တူ၏။ သီလသမာဓိနှင့်ပြည့်စုံ၍ပညာချို့တဲ့သောသူတို့သည်။ခြေလက်အင်္ဂါပြည့်စုံ၍။မျက်စိအလင်းမရသောသူနှင့်တူကုန်၏။ ဝိဇ္ဇာစရဏနှစ်ပါးမှချို့တဲ့သောသူသည်။ ခြေလက်အင်္ဂါ မျက်စိအင်္ဂါအကုန်ချို့တဲ့၍ အသက်ရှိသည်ဟူ၍ ပြောပစရာမရှိသောသူနှင့်တူ၏။ ယခုသာသနာတွင်း၌ ရှိနေကြကုန်သော သူအပေါင်း တို့တွင်။ အချို့သောသူတို့သည်။ သီလသမာဓိဟူသောစရဏနှင့်ပြည့်စုံကြကုန်၏။ ဗောဓိပက္ခိယ တရားတို့ကိုကျင့်ခြင်းတည်းဟူသောဝိဇ္ဇာမျိုးမရှိကြကုန်။ ထိုသူတို့သည်စရဏနှင့်ပြည့်စုံသည့်အတွက်။နောက်ဘုရား၏သာသနာတော်ကိုတွေ့ကြုံကြရာ၏။ ထိုရာတွင်။ဝိဇ္ဇာမျိုးမရှိသည်အတွက်။ နောက်ဘုရားဟောတော်မူသော တရားကို ကြားနာကြရသော် လည်း

မဂ်ဉာဏ်ကိုမရနိုင်ကြကုန်။ ဒါနသီလစရဏာနှင့် ပြည့်စုံခဲ့ကြသဖြင့် အသက်ထက်ဆုံး မြတ်စွာဘုရားနှင့် ပေါင်းဘက်ကြရကုန်၏။ရှေးဘုရားသာသနာကပိဇ္ဇာမျိုးမပါခဲ့သောကြောင့် အကျွတ်တရားမရကြကုန်။ ။အချို့သောသူတို့သည်၊ ဝိဇ္ဇာမျိုးနှင့် ပြည့်စုံကြကုန်သော်လည်း၊ စရဏမျိုး နည်းပါးကြကုန်၏။ထိုသူတို့သည်။ဝိဇ္ဇာမျိုးရှိကြသောကြောင့်။အကယ်၍နောက်ဘုရားတရားကို ကြားနာခွင့်ရကြပါမူ။ မဂ်တရားကိုရနိုင်ကြကုန်ရာ၏။ စရဏတရား နည်းပါးကြကုန်သည်အတွက်။ နောက်ဘုရားနှင့်တွေ့ကြုံနိုင်ရန်အခွင့်မှကား။ အလွန်ခဲယဉ်းလှကုန်၏။ ။ယခုဘဝ၌ ဒါနနည်းပါး၍ ဒုက္ခရိက်အားကြီးလျက်ရှိနေကြကုန်သောသူတို့သည်။အပါယ်ကျမှ အားကြီးလျက် ရှိနေကြကုန်၏။ အကယ်၍ ရှေးရှေးသော ဘဝတို့၌ ပြုခဲ့ကြဘူးသော ကုသိုလ်ကံထောက်ပံ့၍ လူ့ဘဝကို ရကြကုန် ငြားကြသော်လည်း။ ဒါနနည်းပါးခဲ့သည်အတွက်။ ဖြစ်လေရာဘဝတို့၌ ဓနဥစ္စာ ချို့တဲ့သဖြင့် ကိုယ်ဝိတ်နှစ်ပါးမချမ်းသါသောကြောင့်။ကုသိုလ်ကောင်းမှုတို့ကိုအားမထုတ်နိုင်ကြသည်အတွက်။ အပါယ်သို့သာမကြာမီကျရောက်ကြကုန်ရာ၏။ ထိုကြောင့်။ ဒါန။ သီလဟူသော စရဏ တရား နည်းပါးသော သူတို့သည်။ နောက်ဘုရားနှင့် တွေ့ကြုံနိုင်ကြရန် အခွင့်အလွန်နည်းပါးကြကုန်၏။ ။ထိုကြောင့်။ ဝိဇ္ဇာစရဏနှစ်ပါးနှင့်ပြည့်စုံသောသူမှ နောက်ဘဝ၌ကျွတ်နိုင်ရာသည်။ဝိဇ္ဇါမျိုးသာပါ၍စရဏမျိုး နည်းပါးခဲ့လျှင်။နောက်ဘုရားသာသနာနှင့်ပင်တွေ့ကြုံခွင့်မရှိ။ စရဏမျိုးသာပါ၍ ဝိဇ္ဇာမျိုးမရှိပြန်လျှင်။ နောက်ဘုရားသာသနာနှင့် တွေ့ကြုံသော်လည်း မဂ်တရားကို မရ။ ထို့ကြောင့်။အထက်၌ပြဆိုခဲ့ပြီးသည်အတိုင်း။ပဒပရမပုဂ္ဂိုလ်သည်။ ပါရမီမြောက်သော ဒါန သီလ ဘာဝနာကုသိုလ်တို့ကိုအားထုတ်ရာ၏။ (သီလသမာဓိပညာအရာ၌။ သီလဆို

သည်မှာ။ဒါနလည်းပါဝင်၏)။ ။အဝိဇ္ဇာတဏှာအလွန်ဖုံးလွှမ်း၍ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကိုပင် အလိုမရှိနိုင်ကြကုန်သောသူတို့မှာ အပါယ်သို့မကျရုံ အကျိုးငှါ။ လူ့စည်းစိမ်။ နတ်စည်းစိမ်တို့ကို တောင့်တ၍ ပြုအပ်သော ဝဋ္ဋနိဿိတဒါနသီလအစရှိသော ကုသိုလ်ကောင်းမှုတို့ကိုအားထုတ်ကြရာ၏။ ထိုသူတို့သည်။ သာသနာတော်အတွင်း၌ လူဖြစ်ကျိုး မနပ်ကြကုန်။ အဘယ့်ကြောင့် ဆိုသော်။ ဝဋ္ဋနိဿိတဒါနသီလဘာဝနာကုသိုလ်တို့သည် သာသနာပအခါ အစဉ်ဓာဝရရှိနေသော ကုသိုလ်မျိုးဖြစ်သောကြောင့်တည်း။

---

သမထဘာဝနာ။ ဝိပဿနာဘာဝနာနှစ်ပါးတို့တွင်။ ဝိပဿနာဘာဝနာသည် သာသနာတွင်း၌ သာရှိကြောင်း။

၄၈။ သမထဘာဝနာ။ ဝိပဿနာဘာဝနာနှစ်ပါးတို့တွင်။သမထဘာဝနာသည်။ အခါခပ်သိမ်းကမ္ဘာတိုင်း၌အစဉ်ဓာဝရရှိ၏။ ဝိပဿနာ ဘာဝနာသည် သာသနာတော်တွင်း၌သာရှိ၏။ ထို့ကြောင့်။သာသနာတော်တွင်း၌ လူဖြစ်ကျိုးနပ်ရအောင် ဝိပဿနာဘာဝနာကို အားထုတ်အပ်၏။ ဝိပဿနာ ဘာဝနာ မည်သည် အလွန်နက်နဲ သိမ်မွေ့၏။ ပြောဟောပြသသော ဆရာနံ့ရာကျလိုလှ၏။ ။သမထဘာဝနာသည်ကားပြောဟောမှု အလွန်လွယ်၏။ နိမိတ်အထင်ရအောင်အားထုတ်မှုအလွန်ခဲယဉ်း၏။ လောကစီးပွါးတဘက်ရှာ၍နေသောသူတို့နိမိတ်အထင်ရဘို့ရာ လွန်စွာခဲယဉ်း၏။ မရနိုင်သလောက်ပင် ခဲယဉ်း၏။ ဆိတ်ငြိမ်ရာသို့ထွက်၍ အပြင်းအထန် အားထုတ်မှ နိမိတ်ကို ရနိုင်ရန်ရှိသည်။ ဝိပဿနာဘာဝနာအလုပ်မူကား။လောကီစီးပွါးအလုပ်ကိုလုပ်ရင်းဖြစ်နိုင်၏။ မြတ်စွာဘုရားလက်ထက်တော်၌။ သမထဘာဝနာကို ပေါက်ရောက်အောင် အားထုတ်နိုင်သောလူသည် အလွန်နည်းလှ၏။ အိမ်၌နေ၍လောကီစီးပွါး

ရှာချက်။ သမထအလုပ်ကိုစွဲမြဲကြသူအလွန်များ၏။ သို့ရာ
တွင် သမထကမ္မဋ္ဌာန်းပေါက်ရောက်သော လူအလွန် နည်း
လှ၏။ ရဟန်းတို့သာ များ၏။ ဝိပဿနာ ကမ္မဋ္ဌာန်း ပေါက်
ရောက်၍ သောတာပန် ဖြစ်ကြသူကား လူ၌အလွန်များ၏။
သောတာပန်ထထောင်မျှ။ ရဟန်းသောတာပန်တယောက်
ခန့်မျှသာရှိ၏။ လူသောတာပန်ထည်းကလည်း။ အိမ်တွင်နေ
၍လောကီစီးပွါးအလုပ်ကိုလုပ်ကိုင်ရင်း။ ဝိပဿနာကိုအား
ထုတ်၍ သောတာပန်ဖြစ်သောသူသာလျှင်များ၏။ အယုတ်
သဖြင့် အိမ် အစေခံပင် ဖြစ်သော် လည်း။ သံဝေဂ သတိ
ကောင်းကောင်းရှိပါလျှင်။ ဝိပဿနာအလုပ်ကို အားထုတ်
ကသောတာပတ္တိမဂ်ကိုရနိုင်သည်သာတည်း။ ။ဤဝိပဿ
နာအရာ၌ ကိုယ်ခန္ဓာမှာ အနိစ္စအနေနှင့်။ အကြွင်းအကျန်
မရှိ ဖြစ်ခြင်း ပျက်ခြင်းကို မြင်နိုင်သည်သာလို ရင်းဖြစ်၏။
သဗ္ဗေ သင်္ခါရာ အနိစ္စနှင့်ပင်။ ဖြစ်ခြင်း ပျက်ခြင်းတို့ကို တ
ကိုယ်လုံးချို၍ မြင်နိုင်ပါလျှင်။ အနိစ္စတလုံး၌ပင်ပြီးစီးနိုင်ပါ
၏။ နာမ်ရုပ်နှစ်ခုလုံးနှင့်သော်လည်းပြီးစီးနိုင်ပါ၏။ ဝေဒနာတ
လုံးနှင့်သော်၎င်း။ ပညာတလုံးနှင့်သော်၎င်းပြီးစီးနိုင်ပါ၏။ ။
မျက်စိဖြင့် မြင်သကဲ့သို့။ ဉာဏ်အမြင် ပေါက်မှ ဝိပဿနာ
ဉာဏ်ဖြစ်သည်။ အဘိဓမ္မာကျမ်းဂန်တတ်၍။ ဓမ္မသဘာဝ
တို့ကို နေရာကျ သိနိုင်သော ဉာဏ်မျိုးသည်။ ဝိပဿနာ
ဉာဏ်မဟုတ်။ သုတမယဉာဏ်မည်၏။ ယခုအခါ၌သုတမယ
ဉာဏ်နှင့် ထင်မြင်နှလုံးသွင်းခြင်းကိုပင် ဝိပဿနာဉာဏ်ဟု
ထင်မှတ်သူများ၏။ ။ရုပ်ခန္ဓာတခြား။ နာမ်ခန္ဓာတခြား။
ကွဲကွဲပြားပြားမျက်စိနှင့်မြင်သကဲ့သို့။ သိခြင်းမြင်ခြင်းသည်
ဝိပဿနာဉာဏ်မည်၏။ စိန္တာမယဉာဏ်ဟူ၍လည်း ခေါ်
၏။ ။ဘာဝနာအရာ၌ စာပေကျမ်းဂန်တတ်ခြင်းကိုမလို
လှ။ နေရာကျပြောပြသမည့်ဆရာကောင်းသာလိုလှ
၏။ သို့ဖြစ်၍ ထိုဆရာကောင်းကိုရလျှင် ကျမ်းဂန်မတတ်

သောသူပင်ဖြစ်ခြားသော်လည်း။ အစွမ်းကုန်အားထုတ်ပါ က ဘာဝနာ ပေါက်ရောက် သဖြင့်။ သောတာပန် ဖြစ်နိုင် သည်သာတည်း။ ။သောတာပန်ပုဂ္ဂိုလ်သည်။ချမ်းသာ သည်ဟုထင်မှတ်ခြင်းတည်းဟူသော သုခသညာကိုမပယ် နိုင်သေး။ သုခသညာကို ရဟန္တာဖြစ်မှ အပြီးတိုင် ပယ်နိုင် သည်။အနိစ္စနှင့်အနတ္တလက္ခဏာတို့ကိုသောတာပတ္တိမဂ်ကို ရလျှင်အပြီးတိုင်ထင်မြင်နိုင်၏။ဒုက္ခလက္ခဏာကိုကားအရ ဟတ္တမဂ်ကိုရမှသာလျှင်အပြီးတိုင်ထင်မြင်နိုင်သည်။သော တာပန်။ သကဒါဂါမ်။ အနာဂါမ်ပုဂ္ဂိုလ်တို့သည်။ ဒုက္ခကို အပြီးတိုင်မထင်မြင်နိုင်ကြကုန်သေးသည့်အတွက်ကြောင့် တဏှာနှင့်မာနကိုမပယ်နိုင်ကြကုန်သေး။ သောတာပန်ဖြစ် ရုံကာမျှဖြင့်။ ဤသူကားသောတာပန်ပုဂ္ဂိုလ်တည်းဟုသိနိုင် ဘို့ရာခဲယဉ်း၏။ ထို့ကြောင့်။ယခုအခါဘာဝနာအားထုတ် ကြသော်လည်းမဂ်ကိုရသောသူမရှိ။မဂ်ကိုမရနိုင်ဟုအများ ပြောဆိုလေ့ရှိကြကုန်၏။ ဤကဲ့သို့ကားမမှတ်အပ်။ ဝိပဿ နာဘာဝနာကို အားထုတ်ပါမူ။ သောတာပတ္တိမဂ်ကို ရနိုင် သည်သာတည်းဟုမှတ်အပ်၏။ ။ထို့မှတပါး။အထူးမှတ်ရန် အချက်ကြီးတခုကို ပြဆိုဦးအံ့။ ဖြည့်ဆည်းဘူးခဲ့သော ပါရ မီသည်ပြည့်ခြင်းသို့ရောက်သောအခါ။ ဘုရားသာသနာနှင့် မတွေ့ချင်သော်လည်းမနေရ။မကျွတ်ချင်သော်လည်း မနေ ရ။တွေ့ရကျွတ်ရမည်မုချဟု။"ယခုအခါအများ ထင်မှတ်၍ နေကြသည်။ ဤကဲ့သို့ကား မဟုတ်။ ရဟန္တာဖြစ်နိုင်သော နောက်ဆုံးဘဝဖြစ်သော ပစ္ဆိမဘဝိက သားပင် ဖြစ်ခြား သော်လည်း မြဲသောနိယတဗျာဒိတ်ရရှိပြီးသောသူမဟုတ် လျှင်။ ဘုရားသာသနာတော်နှင့် တွေ့ကြုံလျက်ပင်။ ကိုယ် တွင်း ကိလေသာသောင်းကြမ်းမှု အားကြီးသည်အတွက်။ ယခုဘဝတွင်မဂ်မရလေ။ယခုဘဝပြုသောမကောင်းမှုကံ၏ ကြောင့် အပါယ်၌ ဘဝရှည်လျားစွာ၍နေ့ပြန်လျှင်။ မေတ္တေယျ

မြတ်စွာဘုရား၏ သာသနာတော်၌လည်း အပါယ် ဘဝမှ လွတ်ဦးမည်မဟုတ်။ နောက်ကာလ၌လည်း သုညကပ္ပာ များစွာရှိတော့သည်။ အဇာတသတ်မင်း။ ရဟန်းရှင်သုဒိန် တို့သည်။ ယခုဘဝ၌ကျွတ်ထိုက်သောသူတို့ပင်တည်း။ အဇာတသတ်မင်းသည် အဘကိုသတ်မိသဖြင့်။ ဗိတုဃာတကကံကိုကျူးလွန်ခြင်းကြောင့်။ယခုဘဝ၌အကျွတ်တရားမရနိုင်။နောင်သံသရာ၌။ကပ္ပာနှစ်သင်္ချေတိုင်အောင်မျောလေ၍ ပစ္စေကဗုဒ္ဓါဖြစ်လတ့ံ။ ရဟန်းရှင်သုဒိန်သည်။ အသက်ငယ်ရွယ်စဉ်အခါ၌။ကာမဂုဏ်အရိုက်အလိုက်အစာကြူး၍နေ၏။အရွယ်ကြီးရင့်သောအခါ၌။ စိတ်ကြည်လင်ခွင့်မရရှိနေ၏။ ပဌမအရွယ်ငယ်စဉ်အခါ၌။ ဘုရားသာသနာမှာရဟန်းပြုခဲ့ပါလျှင်။ ယခုဘဝ၌ပင် ရဟန္တာဖြစ်ရလတ့ံ။ ဒုတိယအရွယ်၌ပြုခဲ့ပါလျှင်။အနာဂါမ်ဖြစ်၍။ သေလွန်လျှင်သုဒ္ဓါဝါသ်ဘုံ ဖြပ်ဘွားဘုံမှာ ရဟန္တာဖြစ်ရလတ့ံ။ တတိယ အရွယ်ရောက်စ၌၊ရဟန်းပြုမိပါမူကား။သကဒါဂါမ်အဖြစ်။သောတာပန် အဖြစ်သို့ရောက်၍။ အပါယ်သံသရာမှ အစဉ်ဓာဂ်ရ လွတ်ငြိမ်းလေအံ့ဟု မြတ်စွာဘုရားဟောကြားတော်မူသည်ကိုထောက်။ ။သို့ဖြစ်၍ယခုဘဝ၌မဂ်ကိုရနိုင်လောက်အောင် ရင့်သန်သောပါရမီရှိသော်လည်း။ အကုသိုလ်မှုသောင်းကြမ်း၍နေလျှင်မဂ်ကိုရနိုင်မည်မဟုတ်။ ဒါနသီလမှုတို့ကိုသာအားထုတ်၍။ ဝိပဿနာဘာဝနာမှ လစ်လပ်၍နေလျှင်လည်းမဂ်ကိုရနိုင်မည်မဟုတ်။ထို့ကြောင့်။ သာသနာတော် တွင်း၌။ သာသနာ တော်ကို ယုံကြည် လေးမြတ်ဆည်းကပ်ကိုးကွယ်သော သူတော်ကောင်းတို့သည်။ အယုတ်သဖြင့် သောတာပတ္တိမဂ်ကိုရအောင်။ ဝိပဿနာဘာဝနာကို သမ္မပ္ပဓါန်လုံ့လဖြင့်နောက်သို့ဆုတ်ခြင်းမရှိ။ ဖွဲဖွဲမြဲမြဲ အားထုတ်ရာ၏။ သာသနာတော်တွင်း၌သာ ဝိပဿနာဘာဝနာရှိသည်အကြောင်းကိုလည်း အမြဲမှတ်ယူပြီးလျှင်။

လူ့ဘောင်မှထွက်၍ တောချုံ၌မနေနိုင်သော်လည်း၊ ရွာ၌ တွင်နေ၍ လောကီစီးပွါးကို ရှာကြံလျက် ဗိပဿနာဘာဝ နာကိုအားထုတ်အပ်၏။

ဗုဒ္ဓဘာသာသာသနာပကျမ်းဤတွင်၌ပြီး၏။

## အထူးနှိုးဆော်

# ကြော်ငြာစာ။

☞ ဤကျမ်းကိုရေးသားပြုစုသော–မင်းတိုင်ပင်အမတ်ကြီး–ဦးဘော–သည်။ ပန်းတနော်နယ်ပိုင် ဝန်ထောက်မင်းဖြစ်စဉ်အခါက။ ဗုဒ္ဓဘာသာအသင်းတို့၏ တောင်းပန်ချက်အရ။ ခရစ်ယာန်–မိုဟာမက်–ဟိန္ဒူ–အယူဝါဒတို့နှင့် ယှဉ်ပြိုင်၍။ဗုဒ္ဓမြတ်စွာ၏ တရားတော်သည်။ စင်စစ်ဟုတ်မှန်ကြောင်းပြဆိုရာပြဆိုကြောင်းဖြစ်သောအညာဝါဒနိဂ္ဂဟကျမ်းကိုရေးသားထားလေသည်။ ။အယူဝါဒတခုနှင့်တခုမည်ကဲ့သို့ခြားနားသည်ကိုဂုဏ်။ဗုဒ္ဓသာသနာတရားတော်သည်မည်ကဲ့သို့သိမ်မွေ့သည်ကိုဂုဏ်။ သူတော်ကောင်းတို့အထူးနှလုံးသွင်းရန်။ ပတ်ပတ်နပ်နပ် ကြည့်ရှုသင့်လှပါ၍။ ဤအညာဝါဒနိဂ္ဂဟကျမ်း–ဒုတိယပုံနှိပ်ခြင်းကို။ အသိုးသက်သာနိုင်သမျှအဘိုးထားဖြင့်အမျိုးသားတို့၏အကျိုး။ သာသနာတော်၏အကျိုးမြှော်ကိုးလျက်။ စာမျက်နှာနံပါတ်–၂၀၅ ရှိစာအုပ်ကြီးတအုပ်လျှင်–၁၂ပဲ–မျှနှင့်၊ ကျိုက်လပ်မြို့ဆံယဖြတ်လမ်း။ မမြအင်ဆန်းတွင် ရောင်းချပါကြောင်း အထူးနှိုးဆော်ကြော်ငြာလိုက်ပါသည်။

# နောက်ဆက်တွဲ။

ဗုဒ္ဓဘာသာစာပေကျမ်းဂန်တို့၌အသုံးအစွဲများသော
ပါဠိဘာသာဝေါဟာရများကိုသိသာလွယ်
အောင်သရုပ်အဓိပ္ပါယ်နှင့်တကွ
မြန်မာဘာသာပြန်ဆိုချက်။

အလွယ်တကူရှာ၍တွေ့စေခြင်းငှါ။အက္ခရာစဉ်
ပြဆိုထားသတည်း။

## အ

(၁) အဘိညာဏ (အဘိညာဉ်) ခြောက်ပါးဟူသည်ကား။

၁။ သေလတ့်သော သတ္တဝါ၊ ပဋိသန္ဓေ နေလတံ့သောသတ္တဝါ၊ အပါယ်လေးပါးသို့လားလတံ့ သော သတ္တဝါ၊ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်သို့ လားလတံ့သောသတ္တဝါ။ ဤသို့စသဖြင့် မျက်မှောက် ပစ္စုပ္ပန်၌ဖြစ်သော အာရုံကိုငင်း။ နောက် အနာဂတ် ကာလ၌ ဖြစ်လတံ့သော အာရုံကို ငင်း။ လွန်ခဲ့ ပြီးသော အတိတ်ကာလ၌ဖြစ်သော အာရုံကို ငင်း။ သိမ်မွေ့စွာသော ရူပါရုံအပေါင်းတို့ကို မြင်တတ်သော။ ဒိဗ္ဗစက္ခု အဘိညာဉ်လည်းတပါး။

၂။ နတ်တို့၏နားကဲ့သို့။ သိမ်မွေ့စွာသောအသံကိုကြားတတ်သော။ဒိဗ္ဗသောတအဘိညာဉ်လည်းတပါး။

၃။ အထူးထူး အပြားပြား တန်ခိုး ဘန် ဆင်းတတ်သောဣဒ္ဓိဝိဓအဘိညာဉ်လည်းတပါး။

၄။ သူတပါး၏စိတ်ကိုသိတတ်သော။ ပရစိတ္တ ဝိဇာနအဘိညာဉ်လည်းတပါး။

၅။ အရဟတ္တမဂ်ဉာဏ်ဟုဆိုအပ်သော။အာသ ဝေါတရားလေးပါးတို့ကိုကုန်စေတတ်သော် အာသဝက္ခယအဘိညာဉ်လည်းတပါး။

၆။ ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို၊ အလိုရှိ တိုင်းအောက်မေ့သင်ခြင်းသိမြင်တတ်သော ပုဗ္ဗေနိဝါသအဘိညာဉ်လည်းတပါး။

ဤခြောက်ပါးတည်း။ ။အဘိ။ကြီးမြတ် သော။ဉာဏ။ဉာဏ်။ ကြီးမြတ်သောဉာဏ် ဟူလိုသည်။

---

(၂) အာယတနခြောက်ပါးဟူသည်ကား။

၁။ စက္ခာယတန။မျက်စိအကြည်။
၂။ သောတာယတန။နားအကြည်။
၃။ ဃာနာ ယတန။ နှာခေါင်း အကြည်။
၄။ ဇိဝှါယတန။လျှာအကြည်။
၅။ ကာယာယတန။ ကိုယ်ကာယ အကြည်။
၆။ မနာယတန။မနော်အကြည်။

ဤခြောက်ပါးတို့သည်အတွင်း အာယတနမည်ကုန်၏။

၇။ ရူပါယတန။အဆင်းအာရုံ။
၈။ သဒ္ဒါယတန။အသံအာရုံ။
၉။ ဂန္ဓာယတန။အနံ့ အာရုံ။
၁၀။ ရသာယတန။အရသာအာရုံ။
၁၁။ ဖောဋ္ဌဗ္ဗာယတန။ အတွေ့ အာ ရုံ။
၁၂ ဓမ္မာယတန။ဓမ္မအာရုံ။

ဤခြောက်ပါးတို့သည် ပြင်ပအာယတနမည်ကုန်၏။

(၃) အာသဝလေးပါး။ အာသဝေါတရားလေးပါးဟူသည်ကား။

၁။ တောင့်တခြင်းကို စွဲလမ်း၍ ရွက်ဆောင်ရခြင်း။ကာမာသဝလည်းတပါး။

၂။ ဘဝဖြစ်လို၍ရွက်ဆောင်ရခြင်း။ဘဝါသဝလည်းတပါး။

၃။ ငါငါဟုစွဲလမ်းသော။ သက္ကာယဒိဋ္ဌိအယူဖြင့် ရွက်ဆောင်ရခြင်း။ ဒိဋ္ဌာသဝ လည်းတပါး။

၄။ ဒုက္ခစသောမကောင်းသောအနိဋ္ဌာရုံတို့ကို လွန်မင်းစွာ မနှစ်သက်သည်ဖြစ်၍။ သုခစသောကောင်းသောဣဋ္ဌာရုံတို့ကို သာအလိုရှိသဖြင့်။ တောင့်တခြင်း။ ကြောင့်ကြခြင်း။ တွေးတောကြံစည်ခြင်းတို့၌။မိမိ၏အာရုံအလိုအတိုင်းမပြည့်စုံနိုင်သည်ကို။ ပြည့်စုံနိုးနိုးနှင့်ရွက်ဆောင်ရခြင်းအဝိဇ္ဇာသဝလည်းတပါး။

ဤလေးပါးတည်း။ ။မျောက်စိဖြင့်ဘွင့်လှစ်ရခြင်း။ အဦးအစဖြစ်၍။အာဒိ၊ထိုသို့ဘွင့်ဖွင့်သဖြင့်။ ပြင်ပရူပါရုံဝတ္ထုတို့။ စက္ခုပသာဒဟူသော မျက်စိ အကြည့်၌။ အရေး အရိပ်ထင်ခြင်း။သပဟ။ထိုထင်အပ်သောရုပ်ခါတ်ကို။ မိမိ၏အာရုံ၌ ရွက်ဆောင်ခြင်း။ ဝဟ။ ဤသို့လျှင်။ အာဒိ။ သပဟ။ ဝဟ တည်းဟူသောသဘောကိုပေါင်းရ၍။ အခေါ်လွယ်ရအောင်။အာသဝဟူ၍ခေါ်၏။

# က

(၄) ကာမဂုဏ(ကာမဂုဏ်)ငါးပါးဟူသော်ကား။

၁။ ရူပ။အဆင်း၌တွယ်တာခြင်းလည်းတပါး။
၂။ သဒ္ဒ။အသံ၌တွယ်တာခြင်းလည်းတပါး။
၃။ ဂန္ဓ။အနံ့၌တွယ်တာခြင်းလည်းတပါး။
၄။ ရသ။အရသာ၌တွယ်တာခြင်းလည်းတပါး
၅။ ဖောဋ္ဌဗ္ဗ။ အတွေ့၌ တွယ်တာ ခြင်းလည်း တပါး။

ဤငါးပါးတည်း။

---

(၅) ကိလေသာဆယ်ပါးဟူသည်ကား။

၁။ လောဘ။အလိုကြီးခြင်းလည်းတပါး။
၂။ ဒေါသ။အမျက်ကြီးခြင်းလည်းတပါး။
၃။ မောဟ။မသိခြင်း။ရိုက်မဲခြင်းလည်းတပါး။
၄။ မာန။ စိတ်ကြီးဝင်ခြင်း။ ဂုဏ်ရောက် ခြင်း လည်းတပါး။
၅။ ဒိဋ္ဌိ။ ဘောက်ပြန်သော အယူကို ယူခြင်း လည်းတပါး။
၆။ ဝိစိကိစ္ဆာ။ ဤဟာ မကောင်း။ တွေးတောခြင်း လည်းတပါး။
၇။ ထိန။ငိုက်မျည်းတွေဝေခြင်းလည်းတပါး။
၈။ ဥဒ္ဓစ္စ။စိတ်ပြန့်လွင့်ခြင်းလည်းတပါး။
၉။ အဟိရိက။မကောင်းမှုကိုပြုရန်မရှက်ခြင်း လည်းတပါး။
၁၀။ အနောတ္တပ္ပ။မကောင်းမှုကိုပြုရန်မကြောက် ခြင်းလည်းတပါး။

ဤဆယ်ပါးတည်း။

ရင်းထောင့်ငါးရာပဟူသည်ကား။

စေတသိက် ၅၂ ပါးတွင်း၊ စိတ်ကိုထည့်သည်ဖြင့်။ နာမ်တရား .... .... .... .... .... ၅၃။

(၁) ပထဝီဓာတ်။ (၂) အာပေါဓာတ်။ (၃)တေဇောဓာတ်။ (၄)ဝါယောဓာတ်။ (၅) စက္ခုပသာဒ။ (၆) သောတပသာဒ။ (၇) ဃာနပသာဒ။ (၈) ဇိဝှါပသာဒ။ (၉) ကာယပသာဒ။ (၁၀) ရူပါရုံ။ (၁၁)သဒ္ဒါရုံ။ (၁၂)ဂန္ဓာရုံ။ (၁၃) ရသာရုံ။(၁၄)ဣတ္ထိဘာဝ။(၁၅)ပုရိသဘာဝ။ (၁၆)ဟဒယ။(၁၇)ဇီဝိတ။(၁၈) အာဟာရ။ (၁၉)အာကာသဓာတ်။ (၂၀) ဓာတိ။(၂၁)ဇရတာ။ (၂၂)အနိစ္စတာ ဟူ၍ရုပ် .... .... .... .... ၂၂။

ပေါင်း ၇၅။

အဇ္ဈတ္တဗဟိဒ္ဓအတွင်းအပြင်နှစ်ပါးနှင့်မြှောက်။ ၂။

၁၅၀။

ကိလေသာဆယ်ပါးနှင့်မြှောက် .... ၁၀။

၁၅၀၀။

ဖြစ်သတည်း။

(၆) ကုဏ္ဍုရဝတိကဘာဏ္ဍာဃွန်းတို့၏အယူသည်ကား။

ဂေါဝတိကတဏ္ဍာဃွန်းတို့ကဲ့သို့ အယူ ရှိသဖြင့်။ ခွေးတို့နှင့် တူစွာ သွားလာနေထိုင်စားသောက်မှုတည်း။ဤအကျင့်သည်။ပေါ့ပေါ့

ကျင့်လျှင်။ခွေးဖြစ်ဘတ်၏။ တင်းတင်းကျင့်လျှင် ငရဲကျတတ်၏။ ထိုအကျင့်ကို ကျင့်သောဇမ္ဗုက တက္ကဒွန်းကြီးသည်။ အသူရကာယ်ဖြစ်လေ၏။

---

ဂ

(၇) ဂေါဝတိကဘက္ကဒွန်းတို့၏အယူသည်ကား။

ရှေးရှေးသော ဘဝတို့က ပြုခဲ့သမျှသော မကောင်းမှု ကံပေါင်းရသည်။ ယခုဘဝ၌ နွားများကဲ့သို့အနွှဲ်းအပေါ်ခံ၍။ တဘဝလုံး ပြုခဲ့လျှင်။နေ့စဉ်ကောင်းကျိုးကို ပေးကြသဖြင့်။ ယခုဘဝ၌ပင် ရှေး မကောင်းမှု ကံပေါင်းရ ကုန်ခြင်းဆုံးခြင်း သို့ရောက်၏။ ယခုဘဝတွင်။ မကောင်းမှုအသစ်လည်းမဖြစ်။မကောင်းမှုအကုသိုလ်အကုန်မျိုးဖြတ်လျှင်။နောင်အမြဲခါဝရချမ်းသါသုခကိုရ၏ ဟူ၍ယူသောအယူတည်း။ ။ထိုအယူကို ယူ၍ကျင့်သောသူသည် နွားကဲ့သို့သွားလာနေထိုင်စါးသောက်၏ဤအကျင့်သည်ပေါ်ပေါ်ကျင့်လျှင်နွားဖြစ်တတ်၏။ တင်းတင်းကျင့်လျှင်ငရဲသို့ကျတတ်၏။

---

စ

(၈) စေတသိက။စေတသိက် ၅၂ ပါးဟူသည်ကား။

(၁) ဖဿ။ဝေဒနာ။သညာ။စေတနာ။ဧကဂ္ဂတာ။ ဇီဝိတိန္ဒြေ။မနသိကာရ။ ဟူ၍ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ခေါ်သော စေတသိက် .... .... .... ၇။

(၂) ဝိတက်။ ဝိစာရ။ အဓိမောက္ခ။ ဝီရိယ။ ပီတိ
ဆန္ဒ။ ဟူ၍ ပကိဏ်း စေတသိက် ခေါ်
သောစေတသိက်။ ၆။

(၃) မောဟ။ အဟိရိက။ အနောတ္တပ္ပ။ ဥဒ္ဓစ္စ။
လောဘ။ ဒိဋ္ဌိ။ မာန။ ဒေါသ။ ဣဿာ။ မစ္ဆရိ
ယ။ ကုက္ကုစ္စ။ ထိန။ မိဒ္ဓ။ ဝိစိကိစ္ဆာ။ ဟူ၍ အ
ကုသိုလ် စေတသိက် ခေါ်သော စေတ
သိက်။ ၁၄

(၄) သဒ္ဓါ။ သတိ။ ဟိရီ။ ဩတ္တပ္ပ။ အလောဘ။
အဒေါသ။ တတြမဇ္ဈတ္တတာ။ ကာယ
ပဿဒ္ဓိ။ စိတ္တပဿဒ္ဓိ။ ကာယလဟုတာ။
စိတ္တလဟုတာ။ ကာယမုဒုတာ။ စိတ္တမုဒု
တာ။ ကာယကမ္မညတာ။ စိတ္တကမ္မည
တာ။ ကာယပါဂုညတာ။ စိတ္တပါဂုည
တာ။ ကာယုဇ္ဇုကတာ။ စိတ္တုဇ္ဇုကတာ ဟူ
၍။ သောဘဏသာဓာရဏ စေတသိက်
ခေါ်သောစေတသိက်။ ၁၉

(၅) သမ္မာဝါစာ။ သမ္မာကမ္မန္တ။ သမ္မာအာဇီဝ
ဟူ၍ ဝိရတီစေတသိက်ခေါ်သောစေတ
သိက်။ ၃။

(၆) ကရုဏာ။ မုဒိတာ။ ဟူ၍ အပ္ပမညာစေ
တသိက်ခေါ်သောစေတသိက်။ ၂။

(၇) ပညိန္ဒြေဟူသောအမောဟစေတသိက် ၁။

---

ပေါင်း ၅၂။

ဤ ၅၂ ပါးတည်း။ ။နံပါတ် ၁နှင့် ၂ ကို။
အညသမာန် စေတသိက် ၁၃ဟုခေါ်၏။ နံ
ပါတ် ၃ကိုအကုသိုလ် စေတသိက် ၁၄ဟု

ခေါ်၏။ ကြွင်းသောစေတသိက်တို့ကိုသော ဘဏာစေတသိက် ၂၅ ဟုခေါ်၏။ ဤ၄စေတသိက်သုံးမျိုးကိုပေါင်းသော် ၅၂ပါးဖြစ်သတည်း။

---

(၉) စရဏတဆယ့်ငါးပါးဟူသည်ကား။

(၁) သီလသံဝရ။သီလကိုကောင်းစွာစောင့်စည်းခြင်း။ ၁။

(၂) ဣန္ဒြိယသံဝရ။ မျက်စိ။နား။နှာခေါင်း။ဇိဝှါ။ကိုယ်ကာယ။စိတ်မနော ဟူသောဣန္ဒြေခြောက်ပါးတံခါးတို့၏လုံခြင်း။ ၁။

(၃) ဘောဇနေမတ္တညုတာ။ ပစ္စည်းလေးပါးတို့ကိုခံစားသုံးဆောင်ခြင်း၌။အတိုင်းအရှည်ကိုသိခြင်း။ ၁။

(၄) ဇာဂရိယာနုယောဂ။ ညဉ့်၏သုံးဘို့တဘို့ဖြစ်သော။ နောက်ဆုံး အဘို့၌သာလျှင်ကျိန်းစက်တော်မူ၍။အခါခပ်သိမ်း မဟာကြိယာဉာဏ်။သမာပတ်ဉာဏ်စသော စိတ္တုပ္ပါဒ်တို့ဖြင့် နိုးကြားတော်မူခြင်း။ ၁။

(၅) သဒ္ဓါ။သတိ၊ဟိရီ။ဩတ္တပ္ပ။သုတ။ဝီရိယ။ ပညာဟူ၍သူတော်ကောင်းတရား။ ၇။

(၆) ပဌမဈာန်။ ဒုတိယဈာန်။ တတိယဈာန်။ စတုတ္ထဈာန်ဟူသောရူပါဝစရဈာန်။ ၄။

ပေါင်း ၁၅။

ဤတဆယ့်ငါးပါးတည်း။

## ဇ

(၁၀) ဇောဟူသည်ကား။ ။အလွန်ပြင်းထန်သော အဟုန်ရှိသော စိတ်ကိုဇောခေါ်သတည်း။ ကုသိုလ်ဇော၊ အကုသိုလ်ဇောတို့သည်မနောနှလုံးမှဖြစ်ကုန်၏။

---

## ဈ

(၁၁) ဈာန်အင်္ဂါငါးပါးဟူသည်ကား။

(၁) ဝိတက်။ စိတ်ကို အာရုံပေါ်သို့ ရောက်လွှင့်တင်ခြင်း။

(၂) ဝိစာရ။ ဝိတက်တင်၍ အာရုံပေါ်သို့ ရောက်ပြီးသောစိတ်ကို ထိုအာရုံပေါ်မှဆုတ်လန်၍ မကျရအောင်ဆီးပင့်တင်ခြင်း။

(၃) ပီတိ။ နှစ်သက်ခြင်း။

(၄) သုခ။ ကိုယ်စိတ်နှစ်ပါး။ မြေ့ရွှင်လန်း ချမ်းသာခြင်း။

(၅) ဧကဂ္ဂတာ။ စိတ်၏ငြိမ်သက် တည်ကြည်ခြင်း။

ဤငါးပါးတည်း။

---

## ည

(၁၂) ဉေယျဓံတရားငါးပါးဟူသည်ကား။

(၁) နိဗ္ဗာန်မှတပါး။ လောကီဝဋ်တရား၊ လောကုတ္တရာတရားဟုဆိုအပ်သော၊ သင်္ခါရ။

(၂) ဖေါက်ပြန်ခြင်း အနက်ရှိသော။ လောကီတရားအပေါင်းဟုဆိုအပ်သော၊ ဝိကာရ။

(၃) စိတ်သည်။ အာရုံကို သိခြင်းလက္ခဏာ။ စေတသိက်သည်။ ငါးဆယ့်နှစ်ပါးသော လက္ခဏာ။ ရုပ်သည်။ အပူအအေးဖြစ်သော ဥတုတို့ကြောင့်ဖောက်ပြန်ခြင်းလက္ခဏာ။ နိဗ္ဗာန်သည်။ ဝဋ်တရားမှထွက်မြောက်ခြင်းလက္ခဏာ။ ဤသို့စသဖြင့်ရှင်း။ ။လောကီစိတ်၊ စေတသိက်။ ရုပ်တရားတို့သည်။ အနိစ္စ။ ဒုက္ခ။ အနတ္တလက္ခဏာ။ မဂ်စိတ်ဖိုလ်စိတ်တို့သည် အနိစ္စ။ ဒုက္ခ။ အနတ္တလက္ခဏာ။ နိဗ္ဗာန်သည်။ အနတ္တလက္ခဏာ။ ဤသို့အားဖြင့်ရှင်း။ ။ လောကီ။ လောကုတ္တရာ ခပ်သိမ်းကုန်သော တရားတို့၏လက္ခဏာ။

(၄) အကြောင်း တရားတို့သည် မပြုမပြင်အပ်သော မဂ်ဖိုလ်၏အာရုံဖြစ်သော နိဗ္ဗာန်။

(၅) ဤမည်သော ပရမတ္ထဓမ္မ၏ အပေါင်းအစိတ်ကို။ ဤသို့သော အမည်ဖြင့်တင်၍ ခေါ်ဝေါ်ခြင်းဟုဆိုအပ်သောပညတ်။

ဤသို့လျှင်။ သင်္ခါရ။ ဝိကာရ။ လက္ခဏာ။ နိဗ္ဗာန်ပညတ်။ ဤတရား ငါးပါးသည်။ ဉေယျံ တရားငါးပါးမည်သတည်း။

---

# တ

(၁၃) တဏှာသုံးပါးဟူသည်ကား။

(၁) ကာမ ဆယ့်တစ်ဘုံ၌ ဖြစ်သော ချမ်းသာသုခကိုတပ်တတ်သောကာမတဏှာ။

(၂) ရူပဗြဟ္မာ ၁၆ ဘုံ၌ဖြစ်သော ချမ်းသာသုခကိုတပ်တတ်သော။ရူပတဏှာ။

(၃) အရူပဗြဟ္မာလေးဘုံ၌ဖြစ်သောချမ်းသာသုခကိုတပ်တတ်သော။ အရူပတဏှာ။
ဤသုံးပါးတည်း။

တနည်းကား။

(၁) ရူပါရုံ စသော ဝတ္ထုကာမကို တပ်တတ်သော။ ကာမတဏှာ။

(၂) ဓဝရုမြဲသောဘဝကိုတပ်တတ်သော။ ဘဝတဏှာ။ (သဿတဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာ။)

(၃) ဘဝမဖြစ်ခြင်း။ ဘဝပြတ်ခြင်းကိုတပ်တတ်သော။ ဝိဘဝတဏှာ (ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သောတဏှာ။)
ဤသုံးပါးလည်းဟူ၏။

၎င်း—ခြောက်ပါးဟူသည်ကား။ ။ရူပ။ (အဆင်း) တဏှာ။ သဒ္ဒ (အသံ) တဏှာ။ ဂန္ဓ (အနံ့) တဏှာ။ ရသတဏှာ။ ဖောဋ္ဌဗ္ဗ (အတွေ့) တဏှာ။ ဓမ္မတဏှာ။ ။ဤခြောက်ပါးတည်း။

၎င်း—တရာ့ရှစ်ပါးဟူသည်ကား။ ။ရူပတဏှာစသောတဏှာခြောက်ပါးကို။ ကာမဘဝ။ ရူပဘဝ။ အရူပဘဝဟု ဆိုအပ်သော ဘုံသုံးပါးဖြင့်မြှောက်၍တဆယ့်ရှစ်ပါး။ ထိုတဆယ့်ရှစ်ပါးကို။ အတွင်းအဇ္ဈတ္တသန္တာန်။ ပြင်ပ။ ဗဟိဒ္ဓသန္တာန် ဖြင့်မြှောက်၍။ သုံးဆယ့်ခြောက်ပါး။ ထိုသုံးဆယ့် ခြောက်ပါးကို ပစ္စုပ္ပန်။ အတိတ်။ အနာဂတ်ကာလသုံးပါးဖြင့် မြှောက်၍။ တဏှာအပြားတရာ့ရှစ်ပါးဖြစ်သတည်း။

# ဒ

(၁၄) ဒိဗ္ဗအပြားကား ရှစ်ဆယ့်ငါးပါးရှိ၏။ ။ရှစ်ဆယ်ငါးပါးဟူသော်ကား။ သက္ကာယဒိဗ္ဗ ၂၀ ။ဖြဟ္မာလ သုတ်တွင် ဟောတော်မူသောဒိဗ္ဗ ၆၂ ပါး။ ထိုမှတပါး။ ကမ္မပထ မြောက်သော မိစ္ဆာဒိဗ္ဗိကြီး ၃ ပါး။ ဤ၈၅ ပါးတည်း။

(၁) သက္ကာယဒိဗ္ဗ ၂၀ ဟူသည်ကား။ ။ရူပက္ခန္ဓာ၌ လေးပါး။ဝေဒနက္ခန္ဓာ၌လေးပါး။သညက္ခန္ဓာ၌လေးပါး။ သင်္ခါရက္ခန္ဓာ၌လေးပါး။ ဝိညာဏက္ခန္ဓာ၌လေးပါး။ဤနှစ်ဆယ်တည်း။ ။

ရူပက္ခန္ဓာ၌လေးပါးဟူသည်ကား။

၁။ ရုပ်ဟူသည်အတ္တပင်တည်း။အတ္တဟူသည်လည်း ရုပ်ပင်တည်းဟု။ ရုပ်နှင့်အတ္တကိုနှစ်ပါးမကွဲပြား။တပါးတခုတည်းသာဟုရှု၏။ (ဤသူကား ရုပ်သက်သက်ကို အတ္တဟုယူသည်။)

၂။ ရုပ်ရှိသောနာမ်တရားကို။ အတ္တဟူ၍ရှု၏။ သစ်ပင်ကိုအရိပ်ရှိ၏ဟု ရှုသကဲ့သို့။ အတ္တကိုရုပ်ရှိသောတရားဟုရှုသည်။ သစ်ပင်ကို စွဲ၍အရိပ်ဖြစ်သကဲ့သို့ အတ္တကိုစွဲ၍ ရုပ်ဖြစ်သည်ဟုလို ( ဤသူကားနာမ်သက်သက်ကို အတ္တဟုယူသည်။)

၃။ အတ္တ၌ရုပ်ကိုရှု၏။ ပန်းနံ့ သည် ပန်းပွင့်နှင့် ကင်း၍မဖြစ်။ပန်းပွင့်၌မှီ၍ဖြစ်သကဲ့သို့။ ရုပ်သည်အတ္တနှင့်ကင်း၍မဖြစ်။ အတ္တ၌မှီ၍သာ ဖြစ်သည် ဟုလို။ (ဤသူလည်း နာမ်သက် သက်ကိုအတ္တဟုယူသည်။)

၄။ ရုပ်၌အတ္တကိုရှု၏။ ကြေးတိုက်၌ပတ္တမြားကိုရှုသကဲ့သို့။ ရုပ်၌ အတ္တကို ရှုသည်။ ပတ္တမြားသည်ကြေးတိုက်၌တည်သကဲ့သို့။အတ္တသည်ရုပ်၌တည်သည်ဟူလို ( ဤသူကား နာမ်သက်ကိုပင်အတ္တဟုယူသည်။)
ဤလေးပါးတည်း။

ဤပြဆိုခဲ့ပြီးသည့်ကိုမှီသဖြင့်။ဝေဒနက္ခန္ဓာ။ သညာက္ခန္ဓာ။သင်္ခါရက္ခန္ဓာ။ ဝိညာဏက္ခန္ဓာတို့၌။လေးပါးစီပြားပုံကိုသိလေ။

အတ္တဟူသည်ကား။ ခန္ဓာကိုယ်အတွင်း၌ရှိသည်ဟုမိစ္ဆာဒိဋ္ဌိတို့ကကြံဆဟောပြောသော အတ္တတည်း ဟူသော ဝတ္ထုတည်း။ (အင်္ဂလိပ်ဘာသာအားဖြင့်။ ဆိုလ် ဟုခေါ်သည်။)

(၂) ဗြဟ္မဇာလ သုတ်တွင် ဟောတော်မူသော ဒိဋ္ဌိ ၆၂ ပါးဟူသည်ကား။ ။ရုပ်ဝေဒနာစသည်ကိုအတ္တဟူ၍၎င်း။ လောကဟူ၍၎င်း။ ယူ၍ အတ္တ သည်၎င်း။ လောကသည်၎င်း။ ပျက်စီးခြင်းမရှိမြဲ၏ဟုယူသော။ သဿတဒိဋ္ဌိလေးပါး။ ။အချို့သော သတ္တဝါသင်္ခါရသည်မြဲ၏။ အချို့သောသတ္တဝါ သင်္ခါရသည်မမြဲဟူသော။ ဧကစ္စသဿတဒိဋ္ဌိလေးပါး။ ။ပဋိဘာဂနိမိတ်ကို လောကဟုယူ၍။လောကသည်အဆုံးရှိ၏။ လောကသည်အဆုံးမရှိစသဖြင့် ယူသော။ အန္တာနန္တိကဒိဋ္ဌိလေးပါး။ ။ငုပ်ခြင်းပေါ်ခြင်းတို့၏ အစွမ်းဖြင့်။ ရေ၌ပြေးသွားတတ်သည် ဖြစ်၍။

ဘမ်းယူခြင်း၌ ခဲခက်သောငါးစင်းဟုယခုကာလ ခေါ်ဝေါ်ကြသော အမရာ့မည့်သောငါးကဲ့သို့။ သဿတ၊ ဥစ္ဆေဒစသည်တခုခုနှ၌ တည်တံ့ခိုင်မြဲမရှိ။ ပြန့်လွင့်သောအယူဟူသော။ အမရာဝိက္ခေပဒိဋ္ဌိလေးပါး။ ။အတ္တ လောကသည်အကြောင်းမရှိဘဲ ဖြစ်လိုရာဖြစ်၏ဟုယူသော။ အဓိစ္စ သမုပ္ပန္နဒိဋ္ဌိနှစ်ပါး။ ။အတ္တသည် သညာရှိ၏ဟု ယူသော။ သညီဝါဒဒိဋ္ဌိ ၁၆ ပါး။ ။အတ္တသည်သညာ မရှိဟုယူသော အသညီဝါဒဒိဋ္ဌိရှစ်ပါး။ ။အတ္တသည်။ သညာရှိသည်လည်းမဟုတ်။ မရှိသည် လည်း မဟုတ်ဟုယူသော။ နေဝသညီ နာသညီဝါဒဒိဋ္ဌိ ရှစ်ပါး။ ။သစ်ပင်မှကြွေကျသော သစ်ရွက်သည်။ တဘန် စိမ်းရှင်ခြင်း မရှိသကဲ့သို့။ သတ္တဝါသေလျှင်တဘန်မဖြစ်ပြီ။ ပြတ်လေတော့ သည်ဟု ယူသော။ ဥစ္ဆေဒဒိဋ္ဌိ ခုနှစ်ပါး။ ။မျက်မှောက်ပစ္စုပ္ပန်ဘဝ၌။မြတ်သောနိဗ္ဗာန်သို့ ရောက်၏ဟု ယူသော။ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိငါးပါး။ ။ဤသို့လျှင် ၆၂ ပါးဖြစ်သတည်း။ ။ထို ၆၂ ပါးတွင် ရှေ့ ၁၈ ပါးသည်။ ရှေး၌ဖြစ်သောတရားကို အစဉ်လျှောက်၍ မှားသောအားဖြင့်ယူသောကြောင့်။ ပုဗ္ဗန္တာနုကပ္ပိကဒိဋ္ဌိမည်၏။ နောက် ၄၄ ပါးသည်။ နောက် အဘို့၌ဖြစ်သောတရားကို အစဉ်လျှောက်သဖြင့်။ ကြံဆ၍ယူသောကြောင့်။ အပရန္တာနုကပ္ပိကဒိဋ္ဌိ မည်၏။ ။ထိုဒိဋ္ဌိ ၆၂ ပါးတို့တွင်။ သာမညအား

ဖြင့်ခုနစ်ပါးတို့သာ။ ဥစ္စေဒဒိဋ္ဌိ။ ကြွင်းသော ၅၅ ပါး တို့မှာ။ သဿတ ဒိဋ္ဌိ ချည်း သာ တည်း။ ။ထို ၆၂ ပါးသောဒိဋ္ဌိတို့ကိုအသီးအ သီးခွဲစိတ်ဝေဘန်၍ပြဦးအံ့။ ။သဿတဒိဋ္ဌိ သည်အဘယ်သို့လေးပါးပြားသနည်းဟူမူ။

၁။ ပုဗ္ဗေနိဝါသအဘိညာဉ်ဖြင့်။ ဘဝတသိန်း ကိုသာမြင်၍။ထိုထက်အလွန်မမြင်နိုင်သော ကြောင့်။ အတ္တ သည်ရင်း။ လောက သည် ရင်း။ ပျက်စီးခြင်းမရှိမြဲ၏ဟုယူသော သဿ တဒိဋ္ဌိတပါး။

၂။ ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့်။ ကမ္ဘာတဆယ် ကို သာမြင်၍။ ထိုထက် အလွန်မမြင်နိုင်သော ကြောင့်။အတ္တသည်ရင်း။လောကသည်ရင်း ပျက်စီးခြင်းမရှိ မြဲ၏ဟုယူသော သဿတ ဒိဋ္ဌိတပါး။

၃။ ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့်။ ကမ္ဘာလေးဆယ် ကိုသာမြင်၍။ ထိုထက် အလွန် မမြင်နိုင် သော ကြောင့်။ အတ္တသည်ရင်း။ လောက သည်ရင်း။ ပျက်စီးခြင်းမရှိမြဲ၏ဟုယူသော သဿတဒိဋ္ဌိတပါး။

၄။ ပုဗ္ဗေနိဝါသဉာဏ်ကိုမရဘဲကြံဆ၍။အတ္တ သည်ရင်း။ လောကသည်ရင်း။ ပျက်စီးခြင်း မရှိမြဲ၏ဟုယူသောသဿတဒိဋ္ဌိတပါး။

အဘယ်သို့ကေစ္စသဿတဒိဋ္ဌိလေးပါးဖြစ်သနည်းဟူမူ။

၁။ မဟာဗြဟ္မာ့ဘုံမှ စုတေ၍။ လူ့ပြည်၌ ဖြစ် လာသော ပုဂ္ဂိုလ် တပါးသည်။ ရသေ့ပြုသ

ဖြင့်။ ဈာန် အဘိညာဉ်ကိုရ၍။ ပုဗ္ဗေ နိဝါသ ဉာဏ်ဖြင့် အောက်မေ့ သည့် ရှိသော်။ ထို ဗြဟ္မာ တဘဝကိုသာ မြင်၍။ ထိုထက်အလွန်မမြင်သောကြောင့်။ ငါတို့ကား အမြဲမတည်။ မဟာဗြဟ္မာ့ဘုံ၌ ရှိသော ငါတို့ကို ဘန်ဆင်းသော မဟာဗြဟ္မာကြီးကား မြဲ၏ ဟုယူသောဧကစ္စသဿတဒိဋ္ဌိတပါး။

၂။ ခိဍ္ဍာပဒေါသိကမည်သောနတ်တို့သည်။ မိမိတို့စည်းစိမ်၌ယစ်မူးမျော်ပါးခြင်းလွန်၍ သတိမေ့လျော့ သဖြင့်။ အာဟာရကို မသုံးဆောင်ဘဲ နေသော ကြောင့်။ စုတေ၍ လူ့ပြည်၌ ဖြစ်သောအခါ ရသေ့ပြုသဖြင့် ဈာန် အဘိညာဉ်ကိုရ၍။ ပုဗ္ဗေနိဝါသဉာဏ်ဖြင့် အောက်မေ့သည့်ရှိသော်။ ထိုနတ်ဖြစ်သော ဘဝကို သာမြင်၍။ ထိုထက် အလွန်မမြင် သောကြောင့်။ ငါတို့ကားအလွန်မြူးထူးပျော်ပါးခြင်းကြောင့်စုတေရကုန်သည်။ ငါတို့အဘော်နတ်တို့ကား။ မြူးထူးပျော်ပါးခြင်းမရှိသောကြောင့်စုတေခြင်းမရှိ။ အမြဲတည်ကုန်သည်ဟုယူသောဧကစ္စသဿတဒိဋ္ဌိတပါး။

၃။ မနောပဒေါသိက မည်သော နတ်တို့တွင်။ နတ်သား နှစ်ယောက်တို့သည်။ တဦးနှင့်တဦးလွန်စွာအမျက်ထွက်ကြ၍ နှစ်ဦးစလုံးစုတေကြသောအခါ လူ့ပြည်၌ ဖြစ်ကြ၍။ ရသေ့ ပြု သဖြင့်။ ဈာန်အဘိညာဉ်ကို ရကာလ။ ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့်။ အောက် မေ့သည့်ရှိသော်။ ထိုနတ်ဘဝ တခုကိုသာမြင်

ရှိ၍။ ထိုထက်အလွန်မမြင်သောကြောင့်။ ငါတို့ကား အချင်းချင်းဒေါသထွက်၍ ပြစ်မှားသောကြောင့်။ စုတေ ပျက်စီးရ ကုန်သည့် ငါတို့၏ အဘော်နတ်တို့ကား စိတ်ဖြင့် ပြစ်မှားခြင်းမရှိသောကြောင့်စုတေပျက်စီးခြင်းမရှိ။အမြဲတည်ကုန်သည်ဟုယူသော ဧကစ္စသဿတဒိဋ္ဌိတပါး။

၄။ ဈာန် အဘိညာဥ်ကို မရဘဲ ကြံဆ၍။ ရုပ်သည်သာမမြဲ။အတ္တမူကား ပျက်စီးခြင်းမရှိ အမြဲတည်သည်ဟုယူသောဧကစ္စသဿတဒိဋ္ဌိတပါး။

ဤသို့လေးပါးဖြစ်သတည်း။

အဘယ်သို့အန္တာနန္တိကဒိဋ္ဌိလေးပါးဖြစ်သနည်းဟူမူ။

၁။ ဈာနလာဘီပုဂ္ဂိုလ်သည်။ကသိုဏ်းပဋိဘာဂနိမိတ်ကို။ စကြဝဠာ အပိုင်းအခြား ဆုံးအောင်မပွါးစေမူ၍။ ထိုထိုပဋိဘာဂနိမိတ်ကိုလောကဟုအမှတ်ရှိ၍။ လောကသည်အဆုံးရှိ၏ဟုယူသောအန္တဝါဒိဋ္ဌိတပါး။

၂။ စကြဝဠာ အပိုင်းအခြားဆုံးအောင် ပွါးစေ၍။ လောကသည် အဆုံးမရှိဟုယူသောအနန္တဝါဒိဋ္ဌိတပါး။

၃။ အောက် အထက်အားဖြင့် မပွါးစေဘဲ။ ဖီလာအပြန့်အားဖြင့်သာပွါးစေ၍။ လောကသည် အောက်အထက်အားဖြင့်အဆုံးရှိ၏။ ဖီလာအပြန့်အားဖြင့် အဆုံးမရှိဟုယူသောအန္တာနန္တိကဒိဋ္ဌိတပါး။

၄။ ဈာန်ကိုမရဘဲ မိမိအကြံအားဖြင့်။ လောက သည်အဆုံးရှိသည်လည်းမဟုတ်။ အဆုံးမ ရှိသည်လည်း မဟုတ်ဟုယူသော။ နေဝတ္တိ နာနုဋ္ဌိကဒိဋ္ဌိတပါး။

ဤသို့လေးပါးဖြစ်သတည်း။

အဘယ်သို့ အမရာဝိက္ခေပဒိဋ္ဌိလေးပါးဖြစ်သနည်းဟူမူ။

၁။ ငါသည် ဤကားကုသိုလ်၊ ဤကား အကု သိုလ်ဟုမှန်စွာမသိချေ။ ထိုသို့မသိဘဲလျက် ဤကားကုသိုလ်။ ဤကားအကုသိုလ်ဟုဖြေ ကြားခြေသော်။ မုသာဝါဒဖြစ်ရာ၏။ ထိုသို့ မုသာဝါဒ ဖြစ်သည်ရှိသော်။ နောက်နှိပ် ပန်းဆင်းရဲဖြစ်ရာ၏။ နတ်ရွာမဂ်ဖိုလ်၏အန္တ ရာယ်လည်းဖြစ်ရာ၏ဟု ကြံ၍။ မုသာဝါဒမှ ကြောက်ရွံ့ သောကြောင့်။ ကုသိုလ် ဟူ၍ လည်းအယူမရှိ။ အကုသိုလ်ဟူ၍လည်း အ ယူမရှိ။ ကုသိုလ်။ အကုသိုလ်မှတပါးဟူ၍ လည်းအယူမရှိ။ ဤသုံးပါးပင် မဟုတ်ဟူ၍ လည်းအယူမရှိ။ ဤသုံးပါးပင်မဟုတ်သည် မဟုတ်ဟူ၍လည်း အယူမရှိဟုပယ်၏။ ဤ သို့ တည်တန့်ခြင်း မရှိ ပျံ့လွင့်သော အယူ ရှိသော ပုဂ္ဂိုလ်၏ အယူဖြစ်သော အမရာ ဝိက္ခေပဒိဋ္ဌိတပါး။

၂။ ဤကားကုသိုလ်။ ဤကားအကုသိုလ်ဟုဖြေ ကြားပြီးနောက်။ ပညာ ရှိတို့က သင်သည် ကောင်းစွာ ဖြေကြားပေ၏ ချီးမွမ်းလျှင်။ ငါ

အား ဆန္ဒ။ ရာဂ ဖြစ်ရာ၏။ သင် သည် မကောင်းသဖြင့်ဖြေကြားဓိသည်ဟု ဆိုလျှင်။ ဒေါသ။ပဋိဃဖြစ်ရာ၏။ ထိုသို့ ဆန္ဒ။ ရာဂ။ ဒေါသ။ပဋိဃဖြစ်သည်ရှိသော်။စွဲလမ်းခြင်း ဥပါဒါန်ဖြစ်ရာ၏။ဥပါဒါန်ဖြစ်သည်ရှိသော်။ ပင်ပန်းခြင်းဖြစ်ရာ၏စသဖြင့်ကြံ၍။အထက်က ပြဆိုခဲ့သည် အတိုင်း ပယ်၍။ ပျံ့လွင့်သောအယူရှိသော ပုဂ္ဂိုလ်၏အယူဖြစ်သော အမရာဝိက္ခေပဒိဋ္ဌိတပါး။

၃။ မသိဘဲလျှက်။ ကုသိုလ်အကုသိုလ်ဟုဖြေကြားခဲ့သည်ရှိသော်။ပညာရှိတို့သည်။ မည်သည့် တရားသည် ကုသိုလ် မည်သနည်း။ မည်သည့်အကြောင်းကြောင့်ကုသိုလ်မည်သနည်းစသဖြင့် စိစစ်သည်ရှိသော်။ ပြည့်စုံအောင်ဖြေကြားခြင်းငှါ မစွမ်းနိုင်ရာ။ ထိုသို့ မစွမ်းနိုင်သည်ရှိသော်။ငါ့အား ပင်ပန်းခြင်းဖြစ်ရာ၏ စသဖြင့်ကြံ၍။ပညာရှိတို့ စိစစ်အံ့သည်မှကြောက်သောကြောင့်။ မဖြေ ကြားဘဲရှေးနည်းပယ်၍ပျံ့လွင့်သောအယူရှိသော ပုဂ္ဂိုလ်၏ အယူဖြစ်သော အမရာဝိက္ခေပဒိဋ္ဌိတပါး။

၄။ တမလွန် လောက ရှိမရှိ။ သတ္တ ဝါ ရှိ မရှိ။ ကောင်းမှု မကောင်းမှု တို့၏ အကျိုး ရှိ မရှိ။ သတ္တဝါသေသည် နောက်ဖြစ်မဖြစ်ကို မေးသည်ရှိသော်။ အလွန်မိုက်မဲ တွေဝေသည် ဖြစ်၍။ ရှိမရှိ။ ဖြစ် မဖြစ်ကို မဖြေကြားဘဲ။ ရှေးနည်းပယ်၍။ တည်တန့်ခြင်းမရှိ။ ပျံ့လွင့်

သောအယူရှိသောပုဂ္ဂိုလ်၏အယူဖြစ်သေး
အမရာဝိက္ခေပနိဗ္ဗာန်တပါး။
ဤသို့လေးပါးဖြစ်သတည်း။

အဘယ်သို့ အမိစ္စသမုပ္ပန္နနိဗ္ဗာန်နှစ်ပါးဖြစ်သနည်းဟူမူ။

၁။ အသညသတ်ဘုံမှစုတေ၍။ လူ့ပြည်၌ ဖြစ်
သောပုဂ္ဂိုလ်သည်။ချာန်အဘိညာဉ်ကိုရ၍
ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့် အောက်မေ့သည်ရှိ
သော်။ ယခုမျက်မှောက်ဘဝ ပဋိသန္ဓေကို
သာမြင်၍။ ငါသည် ရှေးကမဖြစ်ဘူးသေး။
တစုံတရာသော အကြောင်း မရှိဘဲ။ ယခုမှ
ဖြစ်သည်။ထိုကြောင့်။အတ္တသည်၎င်း။လော
ကသည်၎င်း။အကြောင်းမရှိဖြစ်လိုရာဖြစ်၏
ဟုယူသောပုဂ္ဂိုလ်၏အယူဖြစ်သော။ အဓိစ္စ
သမုပ္ပန္နနိဗ္ဗာန်တပါး။

၂။ ချာန် အဘိညာဉ်ကို မရဘဲ ကြံဆ၍ အတ္တ
သည်၎င်း။ လောကသည်၎င်း။ အကြောင်း
နှင့် ကင်း၍ ဖြစ်လိုရာ ဖြစ်၏ဟု ယူ သော
ပုဂ္ဂိုလ်၏အယူဖြစ်သော။အဓိစ္စသမုပ္ပန္န နိဗ္ဗာန်
တပါး။
ဤသို့နှစ်ပါးဖြစ်သတည်း။

အဘယ်သို့ သညီဝါဒနိဗ္ဗာန်တဆယ့်ခြောက်ပါးဖြစ်သ
နည်းဟူမူ။

၁။ ကသိုဏ်း ရုပ်ကို အတ္တ။ ကသိုဏ်းရုပ်လျှင်
အာရုံရှိသော နာမက္ခန္ဓာကို သညာဟုယူ၍
၎င်း။ကြံဆကာမျှဖြင့်၎င်း။ ရုပ်ရှိသောအတ္တ
သည်သေသည့်မှနောက်၌မြဲ၏။ သညာရှိ၏
ဟုယူသောရူပီနိဗ္ဗာန်တပါး။

၂။ အရူပဈာန်၏ အာရုံကိုအတွက္ခ။ အရူပ သမာပတ်ကိုသညာဟုယူ၍ငင်း။ ကြံဆကာမျှဖြင့်ငင်း။ ရုပ်မရှိသော အတွက္ခသည်။ သေသည်မှနောက်၌ သညာရှိ၏ဟု ယူသော အရူပီဒိဋ္ဌိတပါး။

၃။ ရုပ်ရှိ ။ရုပ်မရှိသောအတွက္ခသည်။သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟုယူသောရူပါရူပီဒိဋ္ဌိတပါး။

၄။ ရုပ်ရှိ သည်လည်း မဟုတ်။ ရုပ် မရှိသည်လည်းမဟုတ်သောအတွက္ခသည်။ သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟုယူသော။နေဝရူပီနာရူပီဒိဋ္ဌိတပါး။

၅။ ဈာနလာဘီပုဂ္ဂိုလ်သည်။ကသိုဏ်းပဋိဘာဂ နိမိတ်ကို စကြဝဠာ အပိုင်းအခြား ဆုံးအောင် မပွါးစေဘဲ။ ထိုပဋိဘာဂနိမိတ်ကိုအပ္ပဟုအမှတ်ရှိ၍ အတွက္ခသည် အဆုံးရှိ၏။ သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟုယူသော။အန္တဝါဒိဋ္ဌိတပါး။

၆။ စကြဝဠာအပိုင်းအခြားဆုံးအောင် ပွါးစေ၍။ အဆုံးမရှိသောအတွက္ခသည်။ သေသည် မှနောက်၌မြဲ၏။သညာရှိ၏ဟုယူသော။အနန္တဝါဒိဋ္ဌိတပါး။

၇။ အောက်အထက်အားဖြင့်မပွါးစေဘဲ။ဖီလာအပြန့်အားဖြင့်သာပွါးစေ၍။အဆုံးရှိ။အဆုံးမရှိသောအတွက္ခသည်။ သေသည်မှ နောက်၌မြဲ၏။ သညာရှိ၏ဟုယူသော အန္တာနန္တိကဒိဋ္ဌိတပါး။

၈။ ကြီးသောအားဖြင့် အဆုံး ရှိသည်လည်း မဟုတ်။မရှိသည်လည်းမဟုတ်သောအတ္တသည်။ သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟုယူသော။နေဝန္တနာန္တိကဒိဋ္ဌိတပါး။

၉။ သမာပတ်ကို ဝင်စားသည်၏ အစွမ်းဖြင့်။ တခုတည်းသောသညာရှိသောအတ္တသည်။ သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟုယူသော။ဧကတ္တသညီဒိဋ္ဌိတပါး။

၁၀။ သမာပတ် ဝင်စားသည်၏ အစွမ်းဖြင့်။ အထူးထူးသော သညာရှိသော အတ္တ သည်။ သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟုယူသောနာနတ္တသညီဒိဋ္ဌိတပါး။

၁၁။ ကျဉ်းသောကသိုဏ်းရုပ်၏အစွမ်းဖြင့်။ငယ်သောနည်းသောသညာရှိသောအတ္တသည်။ သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟုယူသော။ပရိတ္တသညီဒိဋ္ဌိတပါး။

၁၂။ ကျယ်ပြန့်သောကသိုဏ်းရုပ်၏အစွမ်းဖြင့်။ ကျယ်ပြန့်သော သညာရှိသောအတ္တသည်။ သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟုယူသော။အပ္ပမာဏသညီဒိဋ္ဌိတပါး။

၁၃။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ ပဌမစျာန်သုံးဘုံ၊ ဒုတိယစျာန် သုံးဘုံ။ တတိယစျာန် သုံးဆုံ၌ ဖြစ်သည်ကိုမြင်၍။ စင်စစ် ချမ်းသာခြင်းရှိသောအတ္တသည်။သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ဟု ယူသော။ ဧကန္တသုခီ သညီဒိဋ္ဌိတပါး။

၁၄။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ ငရဲ၌ဖြစ်သည်ကို မြင်၍။ စင်စစ် ဆင်းရဲခြင်း ရှိသော အတ္တ သည်။သေသည်မှနောက်၌မြဲ၏။ သညာရှိ၏ ဟုယူသောဧကန္တဒုက္ခီသညီဒိဋ္ဌိတပါး။

၁၅။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။လူ့ဘုံ၌ ဖြစ်သည် ကိုမြင်၍။ချမ်းသာခြင်း ဆင်းရဲခြင်းရှိသော အတ္တ သည်။ သေသည်မှ နောက်၌ မြဲ၏။ သညာရှိ၏ဟုယူသောသုခဒုက္ခီဒိဋ္ဌိတပါး။

၁၆။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်သည်ကို မြင်၍။ ဆင်းရဲခြင်း ချမ်း သာ ခြင်းမရှိသော အတ္တသည်။ သေသည်မှနော် ၌မြဲ၏။သညာရှိ၏ဟုယူသော။အဒုက္ခမသုခီ သညီဒိဋ္ဌိတပါး။
ဤသို့တဆယ့်ခြောက်ပါးဖြစ်သတည်း။

အသညီဝါဒဒိဋ္ဌိ။နေဝသညီနာသညီဝါဒဒိဋ္ဌိတို့၌ လည်းသညီဝါဒ၌ဆိုခဲ့ပြီးသည်ကိုကြည့်၍မှတ်လေ။ ။ အကျဉ်းအားဖြင့်သာပြဆေအံ့။ ။အဘယ်သို့အသညီ ဝါဒရှစ်ပါးဖြစ်သနည်း့ဟူမူ။

၁။ ရုပ်ရှိသောအတ္တသည်။သေသည်မှနောက်၌ မြဲ၏။သညာမရှိဟုယူသောရူပီဒိဋ္ဌိတပါး။

၂။ ရုပ်မရှိသော အတ္တသည်။ သေသည်မှနော် ၌မြဲ၏။ သညာမရှိဟုယူသော။ အရူပီဒိဋ္ဌိတ ပါး။

၃။ ရုပ်ရှိ။ရုပ်မရှိသောအတ္တသည်။ သေသည်မှ နောက်၌မြဲ၏ သညာမရှိဟုယူသော။ရူပါရူ ပီဒိဋ္ဌိတပါး။

၄။ ရုပ်ရှိသည်လည်းမဟုတ်။မရှိသည်လည်းမဟုတ်သောအတ္တသည်။သေသည်မှနောက်၌မြဲ၏။သညာမရှိဟုယူသော၊ နေဝရူပီနာရူပီဒိဋ္ဌိတပါး။

၅။ အဆုံးရှိသောအတ္တသည်။သေသည်မှနောင်၌မြဲ၏။ သညာမရှိဟုယူသော။ အန္တဝါဒိဋ္ဌိတပါး။

၆။ အဆုံးမရှိသော အတ္တသည်။ သေသည်မှနောက်၌မြဲ၏။သညာမရှိဟုယူသော။ အနန္တဝါဒိဋ္ဌိတပါး။

၇။ အောက်အထက်အားဖြင့် အဆုံးရှိသော ဖီလာ အပြန့်အားဖြင့် အဆုံးမရှိသော အတ္တသည်။သေသည်မှနောက်၌မြဲ၏။ သညာမရှိဟုယူသော။အန္တာနန္တိကဒိဋ္ဌိတပါး။

၈။ အဆုံးရှိသည်လည်းမဟုတ်။မရှိသည်လည်းမဟုတ်သောအတ္တသည်။ သေသည်မှနောင်၌မြဲ၏။ သညာမရှိဟုယူသော။ နေဝန္တာနာနန္တိကဒိဋ္ဌိတပါး။

ဤသို့ရှစ်ပါးဖြစ်သတည်း။

အဘာယ်သို့နေဝသညီနာသညီဝါဒရှစ်ပါးဖြစ်သနည်းဟူမူ။

၁။ ရုပ်ရှိသောအတ္တသည်။သေသည်မှနောက်၌မြဲ၏။သညာရှိသည်လည်းမဟုတ်။မရှိသည်လည်းမဟုတ်ဟုယူသော။ရူပီဒိဋ္ဌိတပါး။

၂။ ရုပ်မရှိသောအတ္တသည်။သေသည်မှနောက်၌မြဲ၏။သညါရှိသည်လည်းမဟုတ်မရှိသည်လည်းမဟုတ်ဟုယူသော။အရူပီဒိဋ္ဌိတပါး။

၃။ ရုပ်ရှိ။ ရုပ်မရှိသောအတ္တသည်။ သေသည့်မှ နောက်၌မြဲ၏။ သညာရှိသည်လည်းမဟုတ် မရှိသည်လည်းမဟုတ်ဟုယူသောရူပါရူပီ ဒိဋ္ဌိတပါး။

၄။ ရုပ်ရှိသည်လည်းမဟုတ်။ မရှိသည်လည်း မဟုတ်သောအတ္တသည်။ သေသည့်မှနောက် ၌မြဲ၏။ သညာ ရှိသည်လည်းမဟုတ်။ မရှိ သည်လည်း မဟုတ်ဟုယူသော။ နေဝရူပီ နာရူပီဒိဋ္ဌိတပါး။

၅။ အဆုံးရှိသော အတ္တသည်။ သေသည့်မှနောင် ၌မြဲ၏။ သညာ ရှိသည် လည်းမဟုတ်။ မရှိ သည်လည်း မဟုတ်ဟု ယူသော။ အန္တဝါ ဒိဋ္ဌိတပါး။

၆။ အဆုံးမရှိသော အတ္တသည်။ သေသည့်မှ နောက်၌မြဲ၏။ သညာရှိသည်လည်းမဟုတ်။ မရှိသည်လည်း မဟုတ်ဟုယူသော။ အနန္တ ဝါဒိဋ္ဌိတပါး။

၇။ အောက်အထက်အားဖြင့် အဆုံးရှိသော။ ဖီ လာအပြန့် အားဖြင့် အဆုံးမရှိသော အတ္တ သည်။ သေသည့်မှ နောက်၌မြဲ၏။ သညာရှိ သည်လည်းမဟုတ် မရှိသည်လည်းမဟုတ် ဟုယူသော။ အန္တာနန္တိကဒိဋ္ဌိတပါး။

၈။ အဆုံး ရှိသည် လည်း မဟုတ်။ မရှိ သည် လည်းမဟုတ်သောအတ္တသည်။ သေသည့်မှ နောက်၌မြဲ၏။ သညာရှိသည်လည်း မဟုတ် မရှိသည်လည်းမဟုတ်ဟုယူသော။ နေဝန္တာ နာနန္တိကဒိဋ္ဌိတပါး။

ဤသို့ရှစ်ပါးဖြစ်သတည်း။

အဘယ်သို့ ဥစ္စွေဒဓိပ္ပါယ်ခုနစ်ပါးဖြစ်သနည်းဟူမူ။

၁။ အတ္တသည်။ ကိုယ်ခန္ဓာ ပျက်သည်ရှိသော်။ အကြွင်းမဲ့ ပြတ်သောအားဖြင့်ပျက်၏။ သေသည်မှနောက်၌တဘန်ပဋိသန္ဓေနေခြင်းမရှိပြီဟုယူသောဥစ္စွေဒဓိပ္ပါယ်တပါး။

၂။ လူတို့၏အတ္တသည်။ အကြွင်းမဲ့မပြတ်။ နတ်ပြည်၌နတ်တို့၏ အတ္တသည်သာကိုယ်ခန္ဓာပျက်သည် ရှိသော်။ အကြွင်းမဲ့ ပြတ်သောအားဖြင့်ပျက်၏။တဘန် ပဋိသန္ဓေနေခြင်းမရှိပြီဟုယူသောဥစ္စွေဒဓိပ္ပါယ်တပါး။

၃။ နတ်တို့၏အတ္တသည် အကြွင်းမဲ့မပြတ်။ ရူပဗြဟ္မာတို့၏အတ္တသည်သာ ကိုယ်ခန္ဓာပျက်သည်ရှိသော်။ အကြွင်းမဲ့ ပြတ်သော အားဖြင့်ပျက်၏။ တဘန် ပဋိသန္ဓေနေခြင်းမရှိပြီဟုယူသောဥစ္စွေဒဓိပ္ပါယ်တပါး။

၄။ ရူပဗြဟ္မာတို့၏ အတ္တသည်။ အကြွင်းမဲ့ မပြတ်။ အာကာသာနဉ္စာယတန ဗြဟ္မာတို့၏ အတ္တသည်သာ။ သေသည်ကာလအကြွင်းမဲ့ ပြတ်သော အားဖြင့် ပျက်၏။ တဘန်ပဋိသန္ဓေမနေပြီဟုယူသော။ဥစ္စွေဒဓိပ္ပါယ်တပါး။

၅။ အာကာသာနဉ္စာယတန ဗြဟ္မာတို့၏ အတ္တသည်အကြွင်းမဲ့မပြတ်။ ဝိညာဏဉ္စာယတနဗြဟ္မာတို့၏အတ္တသည်သာ။သေသည်ကာလအကြွင်းမဲ့ပြတ်သောအားဖြင့်ပျက်၏။တဘန်ပဋိသန္ဓေမနေပြီဟုယူသော။ဥစ္စွေဒဓိပ္ပါယ်တပါး။

၆။ ဝိညာဏဉ္စာယတနပြဟ္မာတို့၏အတ္တသည်။
အကြွင်းမဲ့မပြတ်။အာကိဉ္စညာယတနပြဟ္မာ
တို့၏ အတ္တသည်သာ။ သေသည့် ကာလအ
ကြွင်းမဲ့ပြတ်သောအားဖြင့်ပျက်၏။တဘန်ပ
ဋိသန္ဓေမနေပြီဟုယူသော။ဥစ္ဆေဒဒိဋ္ဌိတပါး။

၇။ အာကိဉ္စညာယတနပြဟ္မာတို့၏အတ္တသည်။
အကြွင်းမဲ့မပြတ်။ နေဝသညာနာသညာယ
တနပြဟ္မာတို့၏အတ္တသည်သာ။ သေသည့်
ကာလအကြွင်းမဲ့ ပြတ်သောအားဖြင့် ပျက်
၏။တဘန်ပဋိသန္ဓေမနေပြီဟုယူသောဥစ္ဆေ
ဒဒိဋ္ဌိတပါး။
ဤသို့ခုနစ်ပါးဖြစ်သတည်း။

အဘယ်သို့ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ငါးပါးဖြစ်သနည်း
ဟူမူ။

၁။ စကြာမန္ဓာတ်။ ဝသဝတ္တိနတ်တို့၏ ကာမ
ဂုဏ်နှင့်တူသောကာမဂုဏ်ကိုခံစားရသော
သူသည်။ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌။နိဗ္ဗာန်
သို့ရောက်၏ဟုယူသော။ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန
ဝါဒဒိဋ္ဌိတပါး။

၂။ ကာမဂုဏ်ကို ခံစားသော သူသည်။ မျက်
မှောက်ဘဝ၌နိဗ္ဗာန်သို့မရောက်။ ရူပါဝစရ
ပဌမ ဈာန်ကို ဝင်စားသော သူသည်သာ။
မျက်မှောက်ဘဝ၌နိဗ္ဗာန်သို့ရောက်၏ဟုယူ
သော။ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိတပါး။

၃။ ပဌမဈာန်ကို ဝင်စားသောသူသည်။ မျက်
မှောက်ဘဝ၌ နိဗ္ဗာန်သို့ မရောက်။ ဒုတိယ
ဈာန်ကို ဝင်စားသော သူသည်သာ။ မျက်

မျှောက်ဘဝဌ်နိဗ္ဗါန်သို့ရောက်၏ဟုယူသော ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိတပါး။

၄။ ဒုတိယဈာန်ကိုဝင်စားသောသူသည်။ မျက်မှောက် ဘဝ၌နိဗ္ဗာန်သို့ မရောက်။ တတိယဈာန်ကို ဝင်စားသော သူသည်သာ။ မျက်မှောက် ဘဝ၌ နိဗ္ဗာန်သို့ ရောက်၏ ဟုယူသော။ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိတပါး။

၅။ တတိယဈာန်ကိုဝင်စားသောသူသည်။မျက်မှောက်ဘဝ၌နိဗ္ဗာန်သို့မရောက်။ စတုတ္ထဈာန်ကိုဝင်စားသောသူသည်သာ။ မျက်မှောက်ဘဝ၌ နိဗ္ဗာန်သို့ရောက်၏ဟုယူသော။ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိတပါး။

ဤသို့ငါးပါးဖြစ်သတည်း။

(၃) ကမ္မပထမြောက်သော မိစ္ဆာဒိဋ္ဌိကြီး သုံးပါးဟူသည်ကား။

၁။ အကိရိယမိစ္ဆာဒိဋ္ဌိတပါး။

၂။ အဟေတုကမိစ္ဆာဒိဋ္ဌိတပါး။

၃။ နတ္ထိကမိစ္ဆာဒိဋ္ဌိတပါး။

ဤသုံးပါးတည်း။ ။ဤမိစ္ဆာဒိဋ္ဌိသုံးပါး အကြောင်းကို။ဤကျမ်း၌ပဌမပိုင်းပုဒ်မ ၁၃ တွင်ပြဆိုပြီးဖြစ်သတည်း။

မှတ်ရန်အထူးမှာ။ ။သက္ကာယဒိဋ္ဌိနှစ်ဆယ်။ဗြဟ္မဇာလသုတ်တွင် ဟောတော်မူသော ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးတို့သည်မဂ်ကိုတားမြစ်နိုင်၏။လူ့ပြည်၊နတ်ပြည်၊ ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်း ဟူသော သုဂတိကို မတားမြစ်နိုင်။ ။အကိရိယဒိဋ္ဌိ။အဟေတုကဒိဋ္ဌိ။နတ္ထိကဒိဋ္ဌိ။ဤဒိဋ္ဌိသုံးပါးသာလျှင်မဂ်ကိုရင်း။သုဂတိကိုရင်းတားမြစ်၏။

(၁၅) ဒွါရခြောက်ပါးဟူသည်ကား။

၁။ စက္ခုပသာဒ။မျက်စိအကြည်ဓာတ်။
၂။ သောတပသာဒ။နားအကြည်ဓာတ်။
၃။ ဃာနပသာဒ။နှာခေါင်းအကြည်ဓာတ်။
၄။ ဇိဝှါပသာဒ။လျှာအကြည်ဓာတ်။
၅။ ကာယပသာဒ။ကိုယ်ကာယအကြည်ဓာတ်။
၆။ မနပသာဒ။နှလုံးအကြည်ဓာတ်။

ဤအကြည်ဓာတ်ခြောက်မျိုးကို။သဘိုဟ်ကျမ်း ဒွါရသင်္ဂဟ၌။ ဒွါရဟုခေါ်သည်။ ဒွါရဆိုသည်ကား အပေါက်ဟင်းလင်းကိုဆိုသည်။ ။ဒွါရသည်နှစ်မျိုးရှိ၏။နှစ်မျိုးဟူသည်ကား။အာကာသဒွါရ(ဟင်းလင်းအပေါက်)။ မဏ္ဍူဒွါရ ( မှန်ကဲ့သို့အကြည်အပေါက်) ဤနှစ်မျိုးတည်း။ ။အာကာသဒွါရဆိုသည်ကား။ခံတွင်းပေါက်။လည်ချောင်းပေါက်။ နှာခေါင်းပေါက်။ မျက်စိပေါက် အစရှိသော ဒွါရကိုး ပေါက်ဟူ၍ ဆိုအပ်သော အပေါက်ရှ။ မွေးညှင်းပေါက်ရှသည်။အာကာသဒွါရမျိုးမှတည်း။ ။ဆိုခဲ့သောစက္ခုအကြည် အစရှိသော အကြည်ဓာတ် ခြောက်ပါး တို့သည်ကား။ အာကာသဒွါရမဟုတ်။ မှန်တံခါးနှင့်အလားတူသော။ အကြည်ပေါက် အလင်းပေါက်တို့ပေတည်း။

---

၆

(၁၆) မေ္ဃဂုဏ။တရားဂုဏ်တော်ခြောက်ပါးဟူသည် ကား။

၁။ ပရိယတ္တိဓမ္မသည်။ မိမိအနက်ဖြစ်သော သီလဖြင့်အစ၏ကောင်းခြင်း။ သမထ။ဝိပဿ

နာ။ မဂ်။ ဖိုလ်။ သမာဓိ တို့ဖြင့် အလယ်၏ ကောင်းခြင်း။ နိဗ္ဗာန်ဖြင့် အဆုံး၏ကောင်းခြင်းရှိ၏။ ထို့ကြောင့် တရား တော်သည်။ သွာက္ခာတတာမည်၏။

၂။ ကိုးပါးသောလောကုတ္တရာဓမ္မကို။ အကြင်ပုဂ္ဂိုလ်သည်ရ၏။ ထိုပုဂ္ဂိုလ်၏ သန္တါပညာဖြင့် သိစေအပ်သည်ကိုကြည့်၍။ ကရိဏ်းဖြစ်၍ဖြစ်သော်ပစ္စဝေက္ခဏာဉာဏ်ဖြင့်သာ သိအပ်သောကြောင့်။သန္ဒိဋ္ဌိကမည်၏။

၃။ မဂ်လေးပါးသည်အကျိုးပေးသည်ရှိသော်။ လက်ဖြစ်တတ္တက်။ချုပ်တပြက်အစရှိသော ကာလအထူးကိုမငံ့မူ၍အကျိုးကိုပေးတတ်သောကြောင့်။အကာလိကမည်၏။

၄။ လောကုတ္တရာတရားသည်။ ထက်ဝန်းကျင်မှ စင်ကြယ် သောကြောင့်။ လာလှည့်။ ခပ်သိမ်းသောပူပန်ခြင်းကိုငြိမ်းစေတတ်သော ဤတရားတော်တည်းဟူသောသိတ္တာရေကို ကြည့်လှည့်လော့။ ချိုးသောက် လှည့်လော့ ဟုခေါ် ခြင်းငှါ ထိုက်သောကြောင့်။ ဧဟိပဿိကမည်၏။

၅။ မဂ်တရား။ ဖိုလ်တရား။ နိဗ္ဗာန်တရားသည်။ နိဗ္ဗာန်သို့ ဆောင်တတ် မျက်မှောက် ပြုအပ်သည်၏ အဖြစ်သို့ ရောက်အောင် ဆောင်တတ်သောကြောင့်။ဩပနေယိကမည်၏။

၆။ ဥဂ္ဃဋိတညူအစရှိသောပုဂ္ဂိုလ်တို့သည်။မိမိတို့၏ စိတ်၌သာလျှင်ငါးကား မဂ်ဖိုလ်ကို ပွါးစေအပ်။ရောက်စေအပ်ပြီ။နိဗ္ဗာန်ကိုမျက်

မှောက် ပြုအပ်ပြီဟူ၍။ သိအပ် ခံစား အပ်
သည်ဖြစ်၍။သူ၏ဦးခေါင်း၌တန်ဆာကဲ့သို့။
ဆောင်ရသောမဂ်ဖိုလ်ကိုတပည့်။ တပည့်ရ
သောမဂ်ဖိုလ်ကိုဆရာသည်။ ခံစားခြင်း၌
မတတ် ကောင်းသောကြောင့်။ ပစ္စတ္တံ ဝေဒိ
တဗ္ဗောဝိညူဟိမည်၏။
ဤခြောက်ပါးတည်း။

---

(၁၇) ရတင်ဆယ့်သုံးပါးဟူသည်ကား။

၁။ လှူလာသောသင်္ကန်းကိုမသုံးမခံပယ်၍။မြေ
ပုံမှသွားမြေမှုန့်အလါးသို့။စက်ဆုပ်ဘွယ်
သို့ရောက်လာသောသင်္ကန်းကိုဆောင်ခြင်း
ပံသုကူရတင်တပါး။

၂။ လေးထည်မြောက်သောသင်္ကန်းကိုပယ်၍။
သင်္ကန်းသုံးထည်ကိုသာဆောင်ခြင်း။ တိစီ
ဝရိက်ရတင်တပါး။

၃။ ပိဏ္ဍိယာ လော ပ ဘောဇဉ်မှ ပိုလွန် သော
တဆယ် လေးဘတ် လာဘ်ကိုပယ်၍။ အ
ပေါင်း အာမိသတို့၏ သပိတ်၌ ကျခြင်းကို
ရှာလေ့ ရှိသဖြင့် ဆွမ်းအလို့ ငှါ သွားခြင်း
ပိဏ္ဍပါတ်ရတင်တပါး။

၄။ အိမ်စဉ် ကျော်၍ လျှပ်ပေါ်သော သွားလာ
ခြင်းကို ပယ်၍။ အိမ်စဉ် မပြတ် ဆွမ်းရပ်
လေ့ရှိခြင်း။သပ္ပဒါနရတင်တပါး။

၅။ အထူထူးသောနေရာ၌ စားခြင်းကို ပယ်၍။
တနေရာတည်း၌စားခြင်း။ ဧကာသနိက် ရ
တင်တပါး။

၆။ နှစ်ခုမြောက်သော ခွက်ကိုပယ်၍ တခွက်တည်း၌သာ စားခြင်း။ ပတ္တပိဏ္ဍိက် ရတင်တပါး။

၇။ ဂိလာနပုဂ္ဂိုလ်။ ဝိနည်းရှိ၏ တိုက်၍။ ပိုလျှံကြွင်းကျန်သော ဘောဇဉ်ကို ပယ်၍။ မြစ်ပယ်သည့် နောက်မှရသော ဆွမ်းကို စားခြင်း။ခလုပစ္ဆာဘတ္တိကရတင်တပါး။

၈။ ရွာနီးကျောင်းကိုပယ်၍တော၌နေခြင်း။ အာရညကင်ရတင်တပါး။

၉။ အုတ်။ ကျောက်။သစ်ရွက်။မြက်။ အင်္ဂတေ။ ဤငါးပါးသောအမိုးကိုပယ်၍။သစ်ပင်ရင်း၌နေခြင်း။ရုက္ခမူရတင်တပါး။

၁၀။ အမိုးကိုရင်း။ သစ်ပင်ရင်းကိုရင်း ပယ်၍။ လွင်တီးဟင်းလင်း၌နေခြင်း။အဗ္ဘောကာသိကရတင်တပါး။

၁၁။ သင်းချိုင်း မဟုတ်သော အရပ်ကိုပယ်၍။ သင်းချိုင်း၌နေခြင်း။သုသာန်ရတင်တပါး။

၁၂။ ကောင်း မကောင်း ရုံစမ်း မေးမြန်း ကြည့်ရှုခြင်းဟူသော ကျောင်း၌လျှပ်ပေါ်လော်လည်ခြင်းကို ပယ်၍ ရှေဦးညွှန်ကြားတိုင်းသော ကျောင်း၌နေခြင်း။ယထာသန္တတိရတင်တပါး။

၁၃။ လျောင်း လှည်း ခြင်း ကိုပယ်၍။ ထိုင်၍ နေခြင်း။နိသဇ်ရတင်တပါး။

ဤတဆယ့်သုံးပါးတည်း။

(၁၈) ဓာတ်တဆယ့်ရှစ်ပါးဟူသည်ကား။

၁။ စက္ခုဓာတု။ မျက်စိအကြည်ဓာတ်။
၂။ သောတဓာတု။ နားအကြည်ဓာတ်။
၃။ ဃာနဓာတု။ နှာခေါင်းအကြည်ဓာတ်။
၄။ ဇိဝှါဓာတု။ လျှာအကြည်ဓာတ်။
၅။ ကာယဓာတု။ ကိုယ်ကာယအကြည်ဓာတ်။
၆။ ရူပဓာတု။ အဆင်းဓာတ်။
၇။ သဒ္ဒဓာတု။ အသံဓာတ်။
၈။ ဂန္ဓဓာတု။ အနံ့ဓာတ်။
၉။ ရသဓာတု။ အရသာဓာတ်။
၁၀။ ဖောဋ္ဌဗ္ဗဓာတု။ အတွေ့ဓာတ်။
၁၁။ စက္ခုဝိညာဏဓာတု။ မျက်စိဝိညာဉ်ဓာတ်။
၁၂။ သောတဝိညာဏဓာတု။ နားဝိညာဉ်ဓာတ်။
၁၃။ ဃာနဝိညာဏဓာတု။ နှာခေါင်းဝိညာဉ်ဓာတ်။
၁၄။ ဇိဝှါဝိညာဏဓာတု။ လျှာဝိညာဉ်ဓာတ်။
၁၅။ ကာယဝိညာဏဓာတု။ ကိုယ်ကာယဝိညာဉ်ဓာတ်။
၁၆။ မနောဓာတု။ နှလုံးဓာတ်။
၁၇။ မနောဝိညာဏဓာတု။ နှလုံးဝိညာဉ်ဓာတ်။
၁၈။ ဓမ္မဓာတု။ သုခုမရုပ်၁၆။ စေတသိက် ၅၂။ နိဗ္ဗာန်ဟုဆိုအပ်သောဓမ္မဓာတ်။
ဤ ၁၈ ပါးတည်း။

---

နိ

(၁၉) နီဝရဏခြောက်ပါးဟူသည်ကား။

၁။ ကာမဂုဏ်ကိုခံစားလိုသော။ ကာမစ္ဆန္ဒနီဝရဏ။

၂။ အမျက်ဒေါသဟူသော။ဗျာပါဒနီဝရဏ။
၃။ ငိုက်မျည်းထိုင်းမှိုင်းခြင်းဟူသော။ ထိနမိဒ္ဓနီဝရဏ။
၄။ ပျံ့လွင့်ခြင်း။ပူပန်ခြင်းဟူသော။ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ။
၅။ ပထဝီ ကသိုဏ်း စသည်ကို ကြည့်ရှုအားထုတ်လျှင်ဤကဲ့သို့ဖြစ်သည်ဟုဟောသောဆရာသည်။ အဟုတ်အမှန်သိ၍ ဟောလေသလော။ မသိဘဲယမ်းဆ၍ ဟောလေသလော။ဟောအပ်သောတရားသည်မှန်သော့တရားဟုတ်ပါ၏လောစသဖြင့်။ ကမ္မဋ္ဌာန်းဆရာ၌ရင်း။ ကမ္မဋ္ဌာန်းလမ်းကြောင်း၌ရင်း။ ယုံမှားတွေးတောခြင်း။ ဝိစိကိစ္ဆာနီဝရဏ။
၆။ တွေဝေခြင်းဟူသော။အဝိဇ္ဇာနီဝရဏ။
ဤ၆ခြောက်ပါးတည်း။

---

ပ

(၂၀) ပါရမီဆယ်ပါးဟူသည့်ကား။
၁။ ဒါနပါရမီ။လှူဒါန်းခြင်း။
၂။ သီလပါရမီ။ သီလစောင့်ထိန်းခြင်း။ ကိုယ်နှုတ်နှစ်ပါးကိုသိမ်းဆည်းခြင်း။
၃။ နိက္ခမ ပါရမီ။ ကာမဘေး။ ဘဝဘေး တို့မှထိတ်လန့်သဖြင့်တောထွက်ခြင်း။
၄။ ပညာပါရမီ။ ဟုတ်မှန်တိုင်းသော သဘောတရားကို။ထိုးထွင်း၍သိမြင်ခြင်း။
၅။ ဝီရိယပါရမီ။ စိတ်ကိုမလျှော့မရဲ။ ခိုင်မြဲစွာအားသစ်ကြိုးပမ်းခြင်း။
၆။ ခန္တီပါရမီ။ဆင်းရဲဒုက္ခတို့ကို။နှလုံးခိုင်ခန့်သဖြင့်သည်းခံနိုင်ခြင်း။

၇။ သစ္စာပါရမီ။ မိမိသိမြင်တိုင်း။ ဟုတ်မှန်တိုင်း ကိုသာမြွက်ဆိုခြင်း။

၈။ အဓိဋ္ဌာန်ပါရမီ။ ဒါန။ သီလ။ နိက္ခမ။ ပညာစ သည်တို့ ၌ကြံ့ခိုင်စွာမြဲခြင်း။

၉။ မေတ္တာ ပါရမီ။ သူတပါး ကျေးဇူး များ ရ အောင်။ ကောင်းကျိုးကို လွန်စွာ သည်ပိုး ခြင်း။

၁၀။ ဥပေက္ခာပါရမီ။ ချီးမြှောက်။ ရှုပ်ချ။ နှစ်ဌာန၌ လျစ်လျူရှုခြင်း။

ဤဆယ်ပါးတည်း။ ။ဥပသဒ္ဒါနှင့်ယှဉ်၍။ ဒါနဥပ ပါရမီစသဖြင့် ဆိုပြန်လျှင်။ ဥပပါရမီဆယ်ပါး ဖြစ်ပြန် ၏။ ပရမတ္ထသဒ္ဒါနှင့်ယှဉ်၍။ ဒါနပရမတ္ထပါရမီစသဖြင့် ဆိုပြန်လျှင်။ ပရမတ္ထပါရမီဆယ်ပါးဖြစ်ပြန်၏။ ။ပါရ မီသချုပ်အပြားသုံးဆယ်ဖြစ်၏။

---

(၂၁) ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်ဟူသည်ကား။

| | | |
|---|---|---|
| ၁။ | ဒုဂ္ဂတိအဟိတ်။ | ပုထုဇ္ဇန်ပုဂ္ဂိုလ် လေးယောက်။ |
| ၂။ | သုဂတိအဟိတ်။ | |
| ၃။ | ဒွိဟိတ်။ | |
| ၄။ | တိဟိတ်။ | |
| ၅။ | သောတာပတ္တိမဂ္ဂဋ္ဌာန်။ | အရိယာပုဂ္ဂိုလ် ရှစ်ယောက်။ |
| ၆။ | ၎င်း ဖလဋ္ဌာန်။ | |
| ၇။ | သကဒါဂါမိမဂ္ဂဋ္ဌာန်။ | |
| ၈။ | ၎င်း ဖဋ္ဌလာန်။ | |
| ၉။ | အနာဂါမိမဂ္ဂဋ္ဌာန်။ | |
| ၁၀။ | ၎င်း ဖလဋ္ဌာန်။ | |
| ၁၁။ | အရဟတ္တမဂ္ဂဋ္ဌာန်။ | |
| ၁၂။ | ၎င်း ဖလဋ္ဌာန်။ | |

ဤတကျိပ်နှစ်ယောက်တည်း။

ဗ

(၂၂) ဗုဒ္ဓဂုဏ။ဘုရားဂုဏ်တော်ကိုးပါးဟူသည်ကား။

၁။ ကိလေသာ အပေါင်းတို့ကို ဖျက်ဆီးတတ်သောသတ္တိ။ ။အဝိဇ္ဇာတဏှာမာနအစရှိသောတရားတို့ဖြင့်ပြုပြင်အပ်သောသံသရာစက်ကို အရဟတ္တမဂ်ဖြင့် ဖျက်ဆီး တတ်သောသတ္တိ။ ။လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့၏။အလှူကိုခံခြင်းငှါထိုက်တော်မူသောသတ္တိ။ ။ဆိတ်ကွယ်ရာ အရပ်၌။ မကောင်းမှုကို ပြုကျင့်ခြင်းငှါ ထိုက်တော်မမူသောသတ္တိ။ ။ဤသို့သော အကြောင်းကြောင့်။အရဟံမည်တော်မူ၏။

၂။ အလုံးစုံသောတရားတို့ကို။ မဘောက်မပြန် ကိုယ်တော်တိုင် သာလျှင် သိတော် မူပြီးသောသတ္တိ။ ။မနှိုင်း ယှဉ် အပ် သောသဗ္ဗညုတ ဉာဏ်နှင့် ပြည့်စုံ တော် မူသောသတ္တိ။ ။သူတပါးတို့ မနှိုးအပ်သည် ဖြစ်၍။ မိမိအလိုလို သာလျှင်။ မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ။ စင်စစ် နိုးတော် မူပြီးသောသတ္တိ။ ။ဤသို့သောအကြောင်းကြောင့်။သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

၃။ ဝိဇ္ဇာသုံးပါး။ ဝိဇ္ဇာရှစ်ပါး။ စရဏတဆယ့်ငါးပါးနှင့်ပြည့်စုံတော်မူသောကြောင့်။ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

၄။ မြတ်သောနိဗ္ဗာန်သို့ စံလွန် ကြွသွားတော်မူသောသတ္တိ။ ။ကောင်းသော စကားကို ဆိုတော်မူတတ်သောသတ္တိ။ ။ဤသို့သော အကြောင်းကြောင့်။သုဂတမည်တော်မူ၏။

(မှတ်ရန်။ ။စကားခြောက်ခွန်းဟူသည်ကား။ (၁) သီလဝန္တကို။ ဒုဿီလဟူသောစကား။ (၂) ဒုဿီလကိုသီလဝန္တဟူသောစကား။ (၃) ဒေဝဒတ်သည် ငရဲလား၏ ဟူသော စကား။ (၄) မီးပူဇော် သော်သူသည်။ သုဂတိ သို့လား၏ ဟူသောစကား။ (၅) ဟုတ်တိုင်းဖြင့် ဟောအပ်သောစကား။ (၆) ဒါနသီလကိုပြုအပ်သုံးအပ်၏ဟူသောစကား။ဤခြောက်ခွန်းတည်း။ ။ ထိုတွင်။တတိယ။ဆဋ္ဌမမြောက်ဖြစ်သောစကားနှစ်ခွန်းကိုသာမြတ်စွာဘုရားဆိုတော်မူ၏။အကြွင်းလေးခွန်းကိုဆိုတော်မမူ။)

၅။ လောကသုံးပါးကို ပိုင်းခြား၍ သိတော်မူသောသတ္တိကြောင့်။ လောကဝိဒူမည်တော်မူ၏။

၆။ မြတ်စွာဘုရားအား နှိုင်းယှဉ်အပ်သောသူသည်။နတ်နှင့်တကွသောလူအပေါင်း၌မရှိ။ သီလ။ သမာဓိ။ ပညာ။ ဝိမုတ္တိဉာဏဒဿန အစရှိသော။ ငလောကုတ္တရာ ကျေးဇူးတို့ဖြင့် ခပ်သိမ်းသော လူနတ်တို့ထက်။ လွန်မြတ်တော်မူသောကြောင့်။ အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏။

၇။ မြတ်သောနိဗ္ဗာန်တည်းဟူသော။ပရမတ္ထအကျိုးတို့ဖြင့်။ လူနတ်တို့ကို ထိုက်သည်အားလျော်စွာ ဆုံးမတော်မူတတ်သော ကြောင့်။ သတ္ထာဒေဝမနုဿာနံမည်တော်မူ၏။

၈။ ဉေယျဓမ်တရားငါးပါးတို့ကို။ အရဟတ္တမဂ်နှင့်တကွ သဗ္ဗညုတဉာဏ်အစရှိသည်တို့၏ အစွမ်းဖြင့် သိမြင်တော်မူပြီး။ သိမြင်တော်မူ

ဆဲ။သိမြင်တော်မူလတ့ံ ဖြစ်တော်မူသည်၏ အဲဖြစ်ကြောင့်။ဗုဒ္ဓမည်တော်မူ၏။

၉။ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသောသတ္တိ။ ။ကိလေသာတည်းဟူသော မကောင်းမှု တရားတို့ကို ချိုးပဲ့ ဖျက်ဆီးတော်မူတတ်သောသတ္တိ။ ။မဂ်ဖိုလ်အစရှိသောတရားရတနာတို့ကိုကောင်းစွာခွဲခြားဝေဘန်၍ဟောတော်မူတတ်သောသတ္တိ။ ။များစွာ ဘာဝနာ အစရှိသည် တို့ဖြင့်။ ပွါးစီး တော်မူသောသတ္တိ။ ။ဤသို့သောအကြောင်းကြောင့်။ဘဂဝါမည်တော်မူ၏။ ဤကိုးပါးတည်း။

---

# ဘ

(၂၃) ဘဝင်္ဂ။ဘဝင်စိတ်ဟူသည်ကား။ ။ပဋိသန္ဓေစိတ်ဖြစ်ပြီးနောက်ကာလ၌။ အဆက်ဆက်ဖြစ်၍သွားသော စိတ်ရကို။ ဤမျက်မှောက်ဘဝ၌။ဘဝမပြတ်အောင် မြစ်ရေ အယဉ်ကဲ့သို့ဆက်လက်၍သွားသော စိတ်ဖြစ်ခြင်းကြောင့်။ဘဝင်္ဂ။ဆဝင်မည်၏။ ဘဝင်စိတ်ဟုခေါ်၏။ ။ဤပဋိသန္ဓေစိတ်။ ဘဝင်စိတ်ရကို။ကံပေးသောနိမိတ်အာရုံကိုယူ၍။ ကံဖြစ်ချရာဘဝ၌။ကံအစွမ်းအားလျော်စွာဖြစ်သောစိတ်ရဖြစ်ခြင်းကြောင့်။ကံ၏အကျိုးဝိပါက်စိတ်ဟုခေါ်၏။ ။ဤဝိပါက်စိတ် အစဉ်သည်။ ဗျာပါရကင်းလျက် အလွန် ငြိမ်သက်စွာ ဖြစ်၍ နေခြင်းကြောင့်။ ထိုဘဝင်စိတ်ဖြစ်၍နေသောအခါ။ ပုဂ္ဂိုလ်သည်တစုံ

တရားမသိပြီ။ ဤကဲ့သို့နေသည်ကိုအိပ်ပျော်နေသည်။မြေ့ာနေသည်။ မေ့နေသည်ဟုခေါ်ကြ၏။ ။ဤဘဝင်ခေါ်သောမူလရင်းစိတ်အစဉ်သည်။နှလုံးသွေးဟာဒယဝတ္ထုရုပ်ပေါ်၌ဖြစ်၍နေ၏။

---

(၂၄) ဘုန်းတော်ခြောက်ပါးဟူသည့်ကား။

၁။ အလျာမျှုပမာဏရှိသော ကိုယ်တော်ကိုဖြစ်စေခြင်း။ကောင်းကင်သွားခြင်းစသည်ဖြင့်။ စိတ်ကဲ့သို့ လျှင်မြန်ပေါ့ပါးအောင်။ ကိုယ်တော်ကို ဖြစ်ခြင်း။ စကြာဝဠာ တိုက်ကိုဖုံးသွမ်းခြင်း၌ ဖွမ်းနိုင်သော ကိုယ်တော် အတိုင်းအရှည်ကြီးအောင်ဖြစ်စေခြင်း၊ လိုရာအရပ်သို့အလိုရှိတိုင်း ရောက်ခြင်း။ မိဋ္ဌာန်ခြင်း အစရှိသောအားဖြင့်။ အလို အတိုင်းပြီးစေခြင်း။ ဝသီတော်သို့ ရောက် သဖြင့်။ စိတ်ပိုင် အစိုးရခြင်း။ တန်ခိုး အဘိညာဉ်၌ ဝသီတော်ဖြင့် လိုတိုင်းပါအောင် လေ့လာတော်မူခြင်း။ သတ္တဝါ၏အသွင်စသည်ကိုပြခြင်း။ ကောင်းကင်သွားခြင်း စသည်ဖြင့် တစုံတခု ပြုတော်မူသော်လည်း။ အမှတ်မရှိသောအရပ်၌ အဆုံးသို့ ရောက်စေခြင်း။ ဤရှစ်ပါး အပြားရှိသော။ လောကီတန်ခိုးတို့ကိုအစိုးရတော်မူခြင်းဟုဆိုအပ်သော။ ဣဿရိယဘုန်းတော်။

၂။ ထိုလောကီဖြစ်သောဣဿရိယဘုန်းတော်ကဲ့သို့။ ကောင်းကင် သွားခြင်း။ အလျာမျှုရှိ

သောကိုယ်တော်ကို ဘန်ဆင်းခြင်း စသည်တို့ဖြင့်ပြီးသော လောကုတ္တရာတရားဟုဆိုအပ်သော။ဓမ္မဘုန်းတော်။

၃။ လောကသုံးပါး၌။ထက်ဝန်းကျင်နှံ့၍ကျော်စောတော် မူသော။ မရေ တွက် နိုင်သော ကျေးဇူးတော်တို့ကြောင့်ရအပ်သည်ဖြစ်၍ အလွန် စင်ကြယ်စွာသော ကျော်စောခြင်း ဟုဆိုအပ်သော။ယသဘုန်းတော်။

၄။ အဆင်းတော်ကို ဘူးမျှော် ကုန်သော သူအပေါင်းတို့အား။ မျက်စိ ကြည့်ခြင်းကို ဖြစ်စေခြင်းငှါ စွမ်းနိုင် သော။ ၃၂ ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး။ ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် ပြည့်စုံသော။ ရူပကာယတော်၏ တင့်တယ်ခြင်း အသရေဟုဆိုအပ်သော။သိရီဘုန်းတော်။

၅။ ကိုယ်တော်၏ အစီးအပွါး ခပ်သိမ်း သော သတ္တဝါတို့၏အစီးအပွါးတို့ကိုအလိုရှိအပ်တော်ငွတအပ်သည်နှင့်လျော်စွာ။အလိုတော်ရှိတိုင်း ပြီးစေနိုင်သည်သာ ဖြစ်၍။ လိုအပ်သော အကျိုးကိုပြီးစေနိုင်ခြင်းဟု ဆိုအပ်သော။ကာမဘုန်းတော်။

၆။ လောကသုံးပါးတို့၏ အရိအသေအလေးအမြတ်ပြုရာ။ဆရာအဖြစ်ကိုပြီးစေတတ်သော သမ္မာဝါယာမ၊ ကောင်းမြတ် စင်ကြယ်စွာ သောလုံ့လတော်ဟုဆိုအပ်သော။ ပယတ္တဘုန်းတော်။

၌ခြောက်ပါးတည်း။

---

## မ

(၂၅) မသွား လာအပ်သော မိန်းမနှစ်ဆယ် ဟူသည် ကား။

၁။ အမိစောင့်သောမိန်းမ။
၂။ အဘစောင့်သောမိန်းမ။
၃။ မိဘနှစ်ပါးစောင့်သောမိန်းမ။
၄။ မောင်ကြီး၊မောင်ငယ်စောင့်သောမိန်းမ။
၅။ အစ်မ၊ညီမစောင့်သောမိန်းမ။
၆။∀ဆွေမျိုးစောင့်သောမိန်းမ။
၇။ အမျိုးအနွယ်စောင့်သောမိန်းမ။
၈။Aသီတင်းသုံးဘော်စောင့်သောမိန်းမ။
၉။ မင်းဒဏ်ထားသောမိန်းမ။
၁၀။ ဥစ္စာဖြင့်ဝယ်၍ယူသောမိန်းမ။
၁၁။ အလိုတူသင့်နေသောမိန်းမ။
၁၂။ ပဒိုသန္တေကပင်မှန်းထားသောမိန်းမ။
၁၃။ အသုံးအဆောင်ပေး၍ယူသောမိန်းမ။
၁၄။ အဝတ်တန်ဆာပေး၍ယူသောမိန်းမ။
၁၅။ မိဘထိမ်းမြားသောမိန်းမ။
၁၆။ ခေါင်းခုံကရွတ်ကိုချ၍သင့်နေသောမယား။
(ထင်းရွေ့မိန်းမကိုဆိုလိုသည်။)
၁၇။ ကျွန်မကိုယူ၍ပြုသောမယား။
၁၈။ သူရင်းငှါးအမှုလုပ်ကိုယူ၍ပြုသောမယား။
၁၉။ စစ်မြေ၌သုံ့ပန်းလက်မှရသောမယား။
၂၀။ အခိုက်အတန့်သာယူသောမယား။

ဤနှစ်ဆယ်တည်း။ ။နံပါတ် ၃ ကစ၍ နံပါတ် ၈ တိုင်။ ဤမိန်းမ ၈ ယောက်ကို သွားလာကျူးလွန်သော် ယောက်ျားမှာကံမြောက်၏။မိန်းမမှာကံမမြောက်။ ။

ကြွင်းသောမိန်းမတို့ကို သွားလာကျူးလွန်သော်။ နှစ်ဦးပင်ကာမမြောက်၏။(မိန်းမမှာအလိုတူမှကာမမြောက်သည်။ အလိုမတူသော်ကာမမြောက်။)

---

(၂၆) မာဂ်ငါးပါးဟူသည်ကား။

၁။ အသိန်း မက များလှစွာ သော ကိ လေ သာ တည်းဟူသောကိလေသမာဂ်။

၂။ အဘန် တလဲလဲ။ ဘဝ သုံးပါး၌ ဖြစ်တတ်သော။ခန္ဓမာဂ်။

၃။ ခန္ဓာ စသည်တို့ကို ပြုတတ်သော။ ကုသိုလ် အကုသိုလ်စေတနာဟုဆိုအပ်သော။ အဘိသင်္ခါရမာဂ်။

၄။ ခန္ဓာငါးပါးတို့၏ အဘန်တလဲလဲ ပျက်ခြင်းဟုဆိုအပ်သော။မစ္စုမာဂ်။

၅။ ဝသဝတ္တီနတ်သားဟု ဆိုအပ်သော။ ဒေဝပုတ္တမာဂ်။

ဤငါးပါးတည်း။

---

(၂၇) မိးဆယ့်တပါးဟူသည်ကား။

(၁) ရာဂမိး။ (၂) ဒေါသမိး။ (၃) မောဟမိး။ (၄) ဇာတိမိး။ (၅) ဇရာမိး။ (၆) မရဏမိး။ (၇) သောကမိး။ (၈) ပရိဒေဝမိး။ (၉) ဒုက္ခမိး။ (၁၀) ဒေါမနဿမိး။ (၁၁) ဥပယာသမိး။

ဤဆယ့်တပါးတည်း။

---

(၂၈) မေတ္တာ ၅၂၈ ပါးဟူသည်ကား။

| | |
|---|---|
| အနောဓိသမေတ္တာ | ၅ ပါး။ |
| ဩဒိသမေတ္တာ | ၇ (ပေါင်း) |
| ပုဂ္ဂိုလ်တပါးတပါး၌မေတ္တာ | ၁၂။ |
| ဘာဝနာကံ | ၄ (မြှောက်) |
| ဒိသာဖရဏမေတ္တာ၌လည်း | ၄၈။ |
| အရပ်တပါးလျှင် ၄၈ ပါးစီ | |
| အားဖြင့်အရပ် | ၁၀ (မြှောက်) |
| | ၄၈၀။ |
| ယခင်မေတ္တာဘာဝနာကံ | ၄၈ (ပေါင်း) |
| ပေါင်း | ၅၂၈။ |

ဤသို့လျှင် မေတ္တာ ဘာဝနာကံ ၅၂၈ ပါးတို့သည်ဖြစ်ကုန်၏။

အနောဓိသမေတ္တာငါးပါးဟူသည်ကား။ ။သဗ္ဗေသတ္တာမှစ၍။အတ္တဘာဝပရိယာပန္နာတိုင်အောင်။ အလုံးစုံသောသတ္တဝါတို့ကို။ အတ္တ။ပါဏ။ဘူတ။ ပုဂ္ဂလ။ အတ္တဘာဝ ပရိယာပန္နဟူသော အမည်ငါးပါးတို့ဖြင့် ပွါးခြင်း ပင် တည်း။ ။ဩဓိသ မေတ္တာ ခုနစ်ပါးဟူသည်ကား။ သဗ္ဗာဣတ္ထိယောကစ၍ ဝိနိပါတိကာတိုင်အောင်။သတ္တဝါတို့ကိုခုနစ်ပါးသော အဘို့အစုအားဖြင့် ထား၍ ပွါးခြင်းပင်တည်း။ ။ဒိသာဖရဏမေတ္တာဟူသည် ကား။ အရှေ့ အရပ်မှစ၍။ အထက် အရပ်တိုင်အောင်။ ဆယ်ပါးသော အခြင်းအရာအားဖြင့် ပွါးခြင်း ပင်တည်း။

အနောဓိသမေတ္တာငါးပါးတို့တွင်။ သဗ္ဗေသတ္တာဟူသောပဌမပုဂ္ဂိုလ်၌။ သဗ္ဗေသတ္တာအဝေရာဟောန္တု။ အဗျာပဇ္ဈာဟောန္တု။ အနီဃာဟောန္တု။ သုခီအတ္တာနံပရိဟရန္တုဟူ၍ပွါးသဖြင့်။ လေးပါးသောမေတ္တာဘာဝနာကံတို့ကိုရအပ်ကုန်၏။ ပုဂ္ဂိုလ်တပါးပါး၌မေတ္တာဘာဝနာကံလေးပါးစီရသတည်း။

---

# ရ

(၂၉) ရုပ်နှစ်ဆယ့်ရှစ်ပါးဟူသောကား။

(၁) ပထဝီဓာတ်။ အာပေါဓာတ်။ တေဇောဓာတ်။ ဝါယောဓာတ် ဟူသော ဘူတရုပ် ၄ ပါး။

(၂) စက္ခုပသာဒ။ သောတပသာဒ။ ဃာနပသာဒ။ ဇိဝှါပသာဒ။ ကာယပသာဒ။ ဟူ၍ပသာဒရုပ် ၅ ပါး။

(၃) ရူပ။ သဒ္ဒ။ ဂန္ဓ။ ရသဟူ၍ဂေါစရရုပ် ၄ ပါး။
(ပထဝီ။ တေဇော။ ဝါယော။ ဤသုံးခုကိုပေါင်း၍ဖောဋ္ဌဗ္ဗရုပ်ကို။ ဂေါစရရုပ်၌ ထည့်သွင်းရေတွက်သည်။ သို့ရာတွင်။ ပထဝီ။ တေဇော။ ဝါယော ရုပ်တို့သည်။ ဘူတရုပ် လေးခုတွင် ပါပြီးဖြစ်၍သရုပ်အားဖြင့်ရေတွက်သော်။ ဂေါစရရုပ်လေးခုဖြစ်၏။)

(၄) ဣတ္ထိဘာဝ။ ပုမ္ဘာဝ။ ဟူ၍ဘာဝရုပ် ၂ ပါး။

(၅) ဟဒယရုပ်။ ဇီဝိတရုပ်။ အာဟာရရုပ် ၃ ပါး။

(၆) ပရိစ္ဆေဒရုပ်။ ကာယ ဝိညတ်။ ဝစီ ဝိညတ်ဟူ၍ဝိညတ်ရုပ် ၃ ပါး။

(၇) လဟုတာ။မုဒုတာ။ကမ္မညတာ။ကာ
ယဝိညတ်။ ဝစီဝိညတ်ဟူ၍ ဝိကာ
ရရုပ်-၅-ပါးရှိ၏။ ထိုရာတွင်။ ကာ
ယဝိညတ်။ဝစီဝိညတ် ၂ခုတို့သည်
ဝိညတ်ရုပ်နှစ်ခုတွင်ပါပြီးဖြစ်၍။သ
ချုပ်အားဖြင့်ဝိကာရရုပ် ၃ ပါး။

(၈) ဥပစယ။ သန္တတိ။ ဇရတာ၊ အနိစ္စ
တာဟူ၍လက္ခဏာရုပ် ၄ ပါး။

ပေါင်း ၂၈ ပါး။

ဖြစ်သတည်း။ ။နံပါတ် ၁ ကနံပါတ် ၅ အထိ။ရုပ်တဆယ့်ရှစ်ပါးတို့သည်။နိပ္ဖန္နရုပ်မည်ကုန်၏။ကြွင်းသောရုပ်ဆယ်ပါးတို့သည်။အနိပ္ဖန္နရုပ်မည်ကုန်၏။

ခက်မာမှု။ညံ့ညက်မှုကို။ပထဝီ(မြေ)ဓာတ်ဆို၏။ ။ဖွဲ့စေးမှု။စေးကပ်မှု။ တွယ်ကပ်မှု။ ယိုစီးမှုတို့ကို။ အာပေါ(ရေ)ဓာတ်ဆို၏။ ။ပူနွေးမှု။ ချမ်းမှုတို့ကို။ တေဇော(မီး)ဓာတ်ဆို၏။ ။တေဇော ဓာတ်၏ အဟုန်အရှိန်ကို။ ဝါယော (လေ)ဓာတ်ဆို၏။ အပူရှိလျှင်အပူရှိန်ထမြဲ။အအေးရှိလျှင်။အအေးရှိန်ထမြဲဖြစ်သတည်း။

စက္ခုပသာဒ(မျက်စိအကြည်)စသော။ပသာဒရုပ်ငါးပါးတို့ကိုသိလွယ်ပြီးဖြစ်၍။ အကျယ်မရေးပြီ။ ။ဂေါစရရုပ်။ဘာဝရုပ်တို့ကိုလည်းသိလွယ်ပြီ။ ။ဟဒယရုပ်။ဇီဝိတရုပ်တို့ကိုလည်းသိလွယ်ပြီ။ ။ဩဇာကိုအာဟာရခေါ်သည်။ ပရမတ်ရုပ်ဆီဟုဆိုလိုသည်၊ ဘူတရုပ်လေးပါးတွင်ပရမတ်ရုပ်ဆီရှိမြဲတည်း။

ပရိစ္ဆေဒရုပ်ကို။အာကာသဟူ၍လည်းခေါ်သည်။ ရုပ်တခုနှင့်တခုခြားခြင်းကိုအာကာသခေါ်သည်။

ကာယပိညတ်ထက်ကြွပ်မပါဘဲ။ ဝါယောဓါတ် သက်သက်ဖြင့်။ ဝဏ္ဏတို့၏လှုပ်ရှားခြင်း၌။ ပုဂ္ဂိုလ်အလို ရှိရာသို့ပါရာဟူ၍။ လှုပ်ရှားသည်မဟုတ်။ ဝါယောဓါတ် ဦးလှည့်ရာပါလေသည်။ ထို့ကြောင့်။ ကာယပိညတ်ရုပ် သည်။ လှေမှာပဲ့တက်နှင့်တူ၏။ ပဲ့မှူးမရှိဘဲလှော်၍သွား လျှင်။ အလိုရှိရာသို့မသွား။ ဦးလှည့်မိရာသွား၏။ ပဲ့တက် ဖြင့်အလိုရှိရာသို့။ လှေဦးကိုလှည့်၍ပေးမှ။ အလိုရှိရာသို့ ဦးလှည့်၍ သွားသည်။ ထိုအတူကိုယ်အင်္ဂါကြီးငယ်ကို လှုပ်ရှားလို သောဇောစိတ်သည် ဖြစ်ပေါ်လာသော အ ခါ။ ထိုအင်္ဂါနှင့်ဆိုင်ရာ။ အကြောကြီး အကြောငယ်တ- လျှောက်လုံး၌။ ဝါယောဓါတ်လွန်ကဲသောစိတ်ကြောင့် ဖြစ်သော ရုပ်ကလာပ်တို့သည်။ ခဏခြင်း အပြည့်ဖြစ် ပေါ်ကြကုန်၏။ ထိုရုပ်ကလာပ်တို့မှာ။ ကလာပ်တိုင်း၌။ ကလာပ်၏အရင်းမှာ။ လှေပဲ့မှူးနှင့်တူသောကလာပ်ကိုပဲ့ ပြင်သော ကာယပိညတ်သည်ပါ၏။ ထိုပိညတ်၏ပဲ့ပြင် မှုကြောင့်။ ထိုအင်္ဂါကိုချီကြွသောစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်တို့သည်။ ပုဂ္ဂိုလ်အလိုရှိရာသို့။ အညီအ ညာချီကြွ။ ချကြွ။ တွန်းငင်ကြကုန်၏။

ဝစီပိညတ်မပါဘဲ။ ပထဝီဓါတ်ချင်း ခိုက်တိုက်၍ မြည်ကြကုန်သော အသံတို့သည် သာလျှင်။ အလိုရှိရာ စကားလုံးအနေနှင့် ပေါင်းဘွဲ့ရုံးစည်း၍ ဖြစ်နိုင်ကြကုန် သည်။

လဟုတာ။ ပေါ့ပါးခြင်း။ ။မုဒုတာ။ နူးညံ့ခြင်း။ ။ ကမ္မညတာ။ ခံ့ခြင်း။ ။ဤသုံးပါးသည်။ ကိုယ်ခန္ဓာမှာ။ ဓါတ်လေးပါးညီညွတ်သောအခါမှဖြစ်သည်။

ဥပစယ။ ဖြစ်ပွါးခြင်း။ ။သန္တတိ။ အဆင့်ဆင့်ဖြစ် ပွါးခြင်း။ ။ဇရတာ။ ဆွေးရင့်ခြင်း။ ။အနိစ္စတာ။

ချုပ်ငြိမ်းခြင်း။ ။ဥပစယနှင့် သန္တတိရုပ် နှစ်ပါးကို။ ဇာတိရုပ်ခေါ်၏။ ။အနိစ္စတာရုပ်ကို။ ဘင်လည်းခေါ်သည်။မရဏရုပ်လည်းခေါ်၏။

---

# လ

## (၃၀) လောကသုံးပါးဟူသည်ကား။

၁။ စိတ်။ စေတသိက်။ ရုပ်။ ဤတရားအပေါင်းသည်။အကြောင်းကံ့စွဲ၍ဖြစ်ခြင်း။ဖြစ်တတ်ပျက်တတ် သော သဘော ရှိခြင်း ကြောင့်။ သင်္ခါရလောကမည်၏။

၂။ သတ္တ ဟူ၍ရင်း၊ ပါဏ ဟူ၍ရင်း။ မိန်းမယောကျ်ားဟူ၍ရင်း။ဤသို့စသည်ဖြင့်။ပညတ်အပ်သောနာမ်ရုပ်တို့၏ အပေါင်းဖြစ်သောသတ္တာနိပညတ်သည်။ သတ္တလောကမည်၏။

၃။ ထိုသတ္တ လောက၏ တည်ရာ။ သုံးဆယ့်တဘုံသည်။ဩကာသလောကမည်၏။

---

## (၃၁) လောကဓံတရားရှစ်ပါးဟူသည်ကား။

၁။ လာဘော။လာဘ်ရခြင်း။

၂။ အလာဘော။လာဘ်မရခြင်း။

၃။ ယသော။အခြံအရံအကျော်အစောနှင့်ပြည့်စုံခြင်း။

၄။ အယသော။ အခြံအရံ အကျော် အစောမရှိခြင်း။

၅။ နိန္ဒာ။သူတပါးတို့အကွက်အစွဲကိုခံရခြင်း။

၆။ ပသံသာ။ သူတပါးတို့ အချီးအမွမ်းကို ခံရခြင်း။

၇။ သုခံ။ချမ်းသာခြင်း။
၈။ ဒုက္ခံ။ဆင်းရဲခြင်း။
ဤရှစ်ပါးတည်း။

---

(၃၂) လောကဓမ္မတရားကိုးပါးဟူသည်ကား။
မဂ်လေးပါး။ ဖိုလ်လေးပါး။နိဗ္ဗာန်၊ဤကိုးပါး
တည်း။

O

(၃၃) ဝိဇ္ဇာသုံးပါးဟူသည်ကား။

၁။ ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို။ အလိုရှိ
တိုင်း အောက်မေ့ဆင်ခြင်သိမြင်ခြင်းတည်း
ဟူသော။ပုဗ္ဗေနိဝါသအဘိညာဉ်။

၂။ ရုတေသေလတ့ံသောသတ္တဝါ။ပဋိသန္ဓေနေ
လတ့ံသော သတ္တဝါ။ ဒုဂ္ဂတိသို့ လားလတ့ံ
သောသတ္တဝါ။ သုဂတိသို့ လားလတ့ံသော
သတ္တဝါ၊ဤသို့စသဖြင့်။ သိမ်မွေ့စွာသော
ရူပါရုံ အပေါင်းတို့ကိုမြင်ခြင်း။ ဒိဗ္ဗစက္ခုအ
ဘိညာဉ်။

၃။ အကြွင်းမဲ့သိမြင်တတ်သော အရဟတ္တမဂ်
ဉာဏ်ဟု ဆိုအပ်သော။ အာသဝေါတရား
လေးပါးတို့ကို ကုန်စေတတ်သော အာသ
ဝက္ခယအဘိညာဉ်။
ဤအဘိညာဉ် သုံးပါးသည်။ ဝိဇ္ဇာ သုံးပါး
မည်၏။

၄င်း—ရှစ်ပါးဟူသည်ကား။

၁။
၂။ } အံထက်၌ပြဆိုခဲ့ပြီးဖြစ်သောအဘိညာဉ်
၃။ သုံးပါး။

၄။ နတ်တို့၏နားကဲ့သို့ သိမ်မွေ့စွာသော အသံကိုကြားတတ်သောဒိဗ္ဗသောတအဘိညာဉ်။
၅။ သူတပါးတို့၏ စိတ်ကိုသိတတ်သော။ ပရစိတ္တဝိဇာနအဘိညာဉ်။
၆။ အထူးထူး အပြားပြား တန်ခိုး ဘန် ဆင်း တတ်သော။ဣဒ္ဓိဝိဓအဘိညာဉ်။
၇။ စိတ်ကို ညွတ်ကာ မျှဖြင့်။ အလိုရှိ တိုင်း တန်ခိုးကို ပြီးစေနိုင်သော။ မနောမယိဒ္ဓိ အဘိညာဉ်။
၈။ ခပ်သိမ်းသော သင်္ခါရတရားတို့ကို။ အနိစ္စ။ ဒုက္ခ။ အနတ္တ လက္ခဏာရေး သုံးပါးတို့ဖြင့် ရှေ့ရှုဆင်ခြင်၍ပွါးများနိုင်သော။ ဝိပဿနာဉာဏ်။
ဤအဘိညာဉ် ရှစ်ပါးသည်။ ဝိဇ္ဇာ ရှစ်ပါးမည်၏။

---

(၃၄) ဝိပ္ပတ္တိလေးပါးဟူသည်ကား။

၁။ အပါယ်လေးဘုံ၌ဖြစ်ရခြင်း။ဂတိဝိပ္ပတ္တိ။
၂။ ကိုယ်ကာယ၏မပြည့်စုံခြင်း။ဥပဓိဝိပ္ပတ္တိ။
၃။ ကပ်သုံးပါးမလွတ်ကင်းသောကာလ။ကာလဝိပ္ပတ္တိ။
၄။ အကျိုး စီးပွါး ၌ မလိမ္မာ ခြင်း။ ပယောဂဝိပ္ပတ္တိ။ (။ကုသိုလ်မှုပင်ဖြစ်စေ။ အကုသိုလ်မှုပင် ဖြစ်စေ။ အမှုအား လျော်စွာ အကျိုးပြီးစီးဖြစ်ထွန်းလေအောင် ကြိုဘန်အား ထုတ် လုပ်ဆောင် နိုင်သော အစွမ်း သတ္တိ ဗျတ္တိမရှိခြင်းသည်။ပယောဂဝိပ္ပတ္တိမည်၏။) ဤလေးပါးတည်း။

(၃၅) ဝသီဘောင်ငါးပါးဟူသည်ကား။

၁။ ဈာန်မှထ၍ ဈာန်အင်္ဂါ တို့ကို ဆင်ခြင်ရန်။ ဘဝင်များစွာမကျစေဘဲ။ ဈာန်အင်္ဂါတို့ကို မြန်စွာဆင်ခြင်သော အာဝဇ္ဇန်း လျှင်မြန်စွာဖြစ်စေနိုင်ခြင်း။အာဝဇ္ဇန။

၂။ ဈာန်ကိုအလိုရှိသောခဏ၌၊ အလျှင်အမြန်ဝင်စားနိုင်ခြင်း။သမာပဇ္ဇန။

၃။ တခဏ။ဘနေ့။တချက်စသဖြင့်၊မိမိ အလိုရှိသမျှ ကာလပတ်လုံး။ ဈာန်ဇောကို ဖြစ်စေနိုင်ခြင်းထားနိုင်ခြင်း။အဓိဋ္ဌာန။

၄။ မိမိမှန်းထားသောအချိန်၌။ ဈာန်ဇောမှ ထနိုင်ခြင်း။ဝုဋ္ဌာန။

၅။ ဈာန်အင်္ဂါတို့ဆင်ခြင်ပြီး လျှင်။တဖန်ဈာန်ကိုအလျှင်အမြန်ဝင်စားရန်၊ ဈာန်အင်္ဂါတို့ကိုဆင်ခြင်သော။ ပစ္စဝေက္ခဏာဇောများကို ခုနစ်ကြိမ်လောက် များစွာ မဖြစ်စေဘဲ။ လေးကြိမ် ငါးကြိမ် မျှသာ ကျစေနိုင်ခြင်း။ ပစ္စဝေက္ခဏာ။
ဤငါးပါးတည်း။

---

## သ

(၃၆) သမထကမ္မဋ္ဌာန်းလေးဆယ်ဟူသည်ကား။

(၁)ပထဝီကသိဏ။မြေကြီးကသိုဏ်း။ ။
(၂)အာပေါကသိဏ။ရေကသိုဏ်း။ ။
(၃)တေဇောကသိဏ။မီးကသိုဏ်း။ ။
(၄)ဝါယောကသိဏ။လေကသိုဏ်း။ ။
(၅)နီလကသိဏ။ ညိုသော အဆင်းကသိုဏ်း။ ။(၆)ပီတကသိဏ။ရွှေသော။ဝါ

သောအဆင်းကသိုဏ်း ။ ။(၇) လောဟိတကသိုဏ်း၊ နီသောအဆင်းကသိုဏ်း။ ။(၈) ဩဒါတကသိုဏ်း။ ဖြူသောအဆင်းကသိုဏ်း။ ။(၉) အာကာသကသိုဏ်း။ ကောင်းကင်ကသိုဏ်း။ ။(၁၀) အာလောကကသိုဏ်း။ နေလစသည် တို့၏ အရောင်အလင်းကသိုဏ်း။ ။ဟူ၍ကသိုဏ်း ၁၀ ပါး။

(၁) ဥဒ္ဓုမာတက။ ဖူးဖူးရောင်သောအကောင်ပုပ်။ ။(၂) ဝိနီလက။ အပြာအနီစသည်နှင့်ရောလျက်။ များသောအားဖြင့် ညိုသောအဆင်းရှိသောအကောင်ပုပ်။ ။(၃) ဝိပုဗ္ဗက။ ပြည်ယိုလျက်ရှိသောအကောင်ပုပ်။ ။(၄) ဝိစ္ဆိဒ္ဒက။ အလယ်၌နှစ်ပိုင်းပြတ်သောအကောင်ပုပ်။ ။(၅) ဝိက္ခာယိတက။ ခွေး၊ မြေခွေး အစရှိသည် တို့သည်။ ကိုက်ခဲအပ်သောအကောင်ပုပ်။ ။(၆) ဝိက္ခိတ္တက။ ခွေး၊ မြေခွေးအစရှိသည် တို့သည်။ အပိုင်းအပိုင်းဖြတ်လျက်။ ထိုထိုသို့သောအရပ်၌ပစ်ထားအပ်သောအကောင်ပုပ်။ (၇) ဟတဝိက္ခိတ္တက။ ကျီးခြေသဏ္ဌာန် အစရှိသဖြင့်၊ ထားလက်နက်ဖြင့် သတ်လျက်။ အထူးထူးသော အခြင်းအရာ အားဖြင့် ပစ်ထားအပ်သောအကောင်ပုပ်။ ။(၈) လောဟိတက။ သွေးယိုလျက် ရှိသော အကောင်ပုပ်။ ။(၉) ပုဠုဝက။ ပိုးလောက်တို့ဖြင့်ပြည့်သောအကောင်ပုပ်။ ။(၁၀) အဋ္ဌိက။ အရိုးစုသာဖြစ်သောအကောင်ပုပ်။ ။ဟူ၍အသုဘ ၁၀ ပါး။

(၁) ဗုဒ္ဓါနုဿတိ။ဘုရားဂုဏ်တော်ကို အောက်မေ့ခြင်း။ ။(၂)ဓမ္မာနုဿတိ။ တရားဂုဏ်တော်ကိုအောက်မေ့ခြင်း။ ။(၃)သံဃာနုဿတိ။သံဃာဂုဏ်တော်ကိုအောက် မေ့ခြင်း။ ။(၄) သီလာနုဿတိ။မိမိ၏သီလဂုဏ်ကိုအောက်မေ့ခြင်း။ ။(၅)စာဂါနုဿတိ။မိမိ၏စွန့်ကြဲခြင်းဂုဏ်ကိုအောက် မေ့ခြင်း။ ။(၆)ဒေဝတာနုဿတိ။နတ်တို့၏သဒ္ဓါ အစ ရှိသော ဂုဏ်ကို အောက် မေ့ခြင်း။ ။(၇)ဥပသမာနုဿတိ။နိဗ္ဗာန်၏ရောဂကင်းသောဂုဏ်ကိုအောက်မေ့ခြင်း။ ။ (၈) မရဏာ နုဿတိ။ သေခြင်းတရားကို အောက်မေ့ခြင်း။ ။(၉) ကာယဂတာသတိ။ ဆံအစရှိသောကိုယ်အစုဖြစ်သော သတိ။ ။(၁၀) အာနာပါနာဿတိ။ ထွက်သက်ဝင်သက်ကိုအာရုံပြု၍အောက်မေ့ခြင်းသတိ။ ။ဟူ၍အနုဿတိ • .... ၁၀ ပါး။

(၁)မေတ္တာ။သတ္တဝါတို့ကိုအမှုချစ်ခြင်း။ (၂)ကရုဏာ။ဆင်းရဲကုန်သောသတ္တဝါတို့ကိုသနားခြင်း။ ။(၃) မုဒိတာ။ချမ်းသာကုန်သောသတ္တဝါတို့ကိုအာရုံပြု၍ဝမ်းမြောက်ခြင်း။ ။(၄)ဥပေက္ခာ။ချမ်းသာကုန်သောသတ္တဝါ။ ဆင်းရဲကုန်သော သတ္တဝါတို့ကို အာရုံပြု၍ လျစ်လျူရှုခြင်း။ ။ဟူ၍ဗြဟ္မဝိဟာရ .... .... ....၄ ပါး။

(၁) အာကာသာနဉ္စာယတန။ ကောင်းကင်ပညတ်အာရုံ။ ။(၂)ဝိညာဏဉ္စာယတ

န။ပဉ္စမအရူပချာန်စိတ်ဟူသောအာရုံ။ ။
(၃) အာကိဉ္စညာယတန။ ပဉ္စမ အရူပချာန်စိတ်၏ ချုပ်ခြင်းသို့ ရောက်သည်ဖြစ်၍ မရှိခြင်းဟူသော နိဗ္ဗာနပညတ်အာရုံ။ ။
(၄)နေဝသညာနာသညာယတန။ တတိယအရူပ ချာန်စိတ်ဟူသောအာရုံ။ ။ဟူ၍အာရုပ္ပ .... .... .... ၄ ပါး။။

အာဟာရေပဋိကူလသညာ။ အာဟာရ၌စက်ဆုပ် ရွံရှာဘွယ်ဟူသောအမှတ်။ ။ဟူ၍ဧကသညာ .... .... ၁ ပါး။

စတုဓာတုဝဝတ္ထာန်။ပထဝီ။အာပေါ။တေဇော။ ဝါယောဟူသော ဓာတ်လေးပါးတို့ကိုပိုင်းခြားခြင်း။ ။ဟူ၍ဧကဝဝတ္ထာန် ၁ ပါး။

ပေါင်း .... ၄၀။

ဖြစ်သတည်း။

---

(၃၇) သမ္ပတ္တိလေးပါးဟူသည်ကား။ ။ဝိပ္ပတ္တိလေးပါး၏ ဆန့်ကျင်ဘက်တည်း။ ။ဒေဝဂတိ။ မနုဿဂတိသည်။ ဂတိသမ္ပတ္တိ မည်၏။ ကိုယ်ကာယအင်္ဂါဘော၏ ပြည့်စုံခြင်းသည်။ဥပဓိသမ္ပတ္တိမည်၏။ကပ်သုံးပါးလွတ်ကင်း သော ကာလသည်။ ကာလ သမ္ပတ္တိ မည်၏။ အကျိုးစီးပွါး၌လိမ္မာခြင်းသည်။ပယောဂသမ္ပတ္တိမည်၏။
ဤလေးပါးတည်း။

---

(၃၈) သမာပတ်ရှစ်ပါးဟူသည်ကား။ ။ရူပါဝစရ ကုသိုလ်ဈာန် လေးပါး။ အရူပါဝစရ ကုသိုလ်ဈာန်လေးပါး။ ဤရှစ်ပါးသည်၊ သမာပတ်ရှစ်ပါးမည်သတည်း။

---

(၃၉) သမ္မုတိဒေသနာဟူသည်ကား။ ။သတ္တဝါ။ ပုဂ္ဂိုလ်။ မိန်းမ။ ယောကျ်ားစသောအနက်ကို ပြတတ်သောဒေသနာသည်၊ ဝေါဟာရ၏ အစွမ်းဖြင့်ဖြစ်သော သမ္မုတိဒေသနာ မည်သတည်း။ ။သတ္တဝါ ပုဂ္ဂိုလ်စသော အနက်သည်၊ ပရမတ္ထ သဘာဝေန မဟုတ်။ သမ္မုတိပညတ်မျှသာဖြစ်လျက်။ ဤသမ္မုတိ ဒေသနာကို ဘယ်အကြောင်းကြောင့်ဟော တော်မူလေသနည်းဟူငြားအံ့။

၁။ ဟိရိဩတ္တပ္ပ ဟူသော၊ ကမ္ဘာစောင့်တရား ကိုပြလိုခြင်း။

၂။ ကံသာလျှင် မိမိဥစ္စာရှိသည်၏အဖြစ်တည်း ဟူသော၊ ကမ္မဿကတာကိုပြလိုခြင်း။

၃။ ယောကျ်ား တို့၏ ဝီရိယ လုံ့လ ဟူသော၊ ပစ္စတ္တပုရိသကာရကိုပြလိုခြင်း။

၄။ မာတုဃာတကစသော၊ အနန္တရိယကံကိုပြလိုခြင်း။

၅။ မေတ္တာစသော၊ ဗြဟ္မဝိဟာရကိုပြလိုခြင်း။

၆။ ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ် ဟူသော၊ ပုဗ္ဗေနိဝါသကိုပြလိုခြင်း။

၇။ အလှူ၏ စင်ကြယ်သည့်၏ အဖြစ်ဟူသော။ ဒက္ခိဏာဝိသုဒ္ဓိကိုပြလိုခြင်း။
၈။ လောကဝေါဟာရကိုမပယ်လိုခြင်း။
ဤအကြောင်းရှစ်ပါးကြောင့်။သမ္မုတိဒေသနာကိုဟောတော်မူ၏။

---

(၄၀) သံဃာဂုဏ။သံဃာဂုဏ်တော် ကိုးပါး ဟူသည် ကား။

၁။ တရားတော် အလာကို ကောင်း စွာ ကျင့်တတ်သော။သုပ္ပဋိပန္နဂုဏ်။
၂။ ဖြောင့်မတ်စွာ ကျင့်တတ်သော။ ဥဇုပ္ပဋိပန္နဂုဏ်။
၃။ နိဗ္ဗာန် အလို့ ၌ ကျင့်အပ်သော။ ဉာယပ္ပဋိပန္နဂုဏ်။
၄။ အရိုအသေ ပြုခြင်း၌ ထိုက်သော အကျင့်ကိုသာကျင့်အပ်သော။သာမီစိပ္ပဋိပန္နဂုဏ်။
၅။ လှူအပ်သော ပစ္စည်းတို့ကို ခံခြင်း၌ ထိုက်သော။အာဟုနေယျဂုဏ်။
၆။ အရပ်လေးမျက်နှာမှလာသော သူတို့သည်။ အဆွေအမျိုးတို့၏အလို့ ၌။ ပူဇာသက္ကာရနှင့်တကွစီရင်အပ်သောဝတ္ထုတို့ကို ခံခြင်း ၌ထိုက်သော။ပါဟုနေယျဂုဏ်။
၇။ မြတ်သော အလှူကိုခံခြင်း၌ ထိုက်သော။ ဒက္ခိဏေယျဂုဏ်။
၈။ ခပ်သိမ်းသောလူတို့။လက်အုပ်ချီ၍ ရှိခိုးခြင်းကိုခံထိုက်သော။အဉ္ဇလိကရဏီယဂုဏ်။

၉။ အဝတု မရှိသော ကုသိုလ် ကောင်းမှုတည်း ဟူသော မျိုးစေ့၏ ပိုက်ပျိုးရာ။ လယ်ယာ မြေကောင်း သဘွယ် ဖြစ်သော။ အနုတ္တရ ပုညက္ခေတ္တဂုဏ်။
ဤကိုးပါးတည်း။

---

(၄၁) သံယောဇဉ်သုံးပါးဟူသည်ကား။ ။သက္ကာယဒိဋ္ဌိ။ဝိစိကိစ္ဆာ။သီလဗ္ဗတပရာမာသ။
ဤသုံးပါးတည်း။

နောက်ဆက်တွဲ ဤတွင်ချုပ်ပြီး၏။

# အက္ခရာစဉ်မာတိကာ။

(မှတ်ချက်။ ။ဤမာတိကာတွင်ပြသောအမှတ်ဂဏန်းများသည်။
ကြည့်ရှုရန်စာမျက်နှာများဖြစ်ပါကြောင်း။)

## အ


အကိရိယဒိဋ္ဌိ ၈။
အချင်းအခရော်နှစ်ဆယ် ၉၇။
အစမ်သုံးပါး ၉၆။
အဓိစ္စသမုပ္ပန္နဒိဋ္ဌိ။ဒိဋ္ဌိရှစ်ဆယ့်
ငါးပါးမှာကြည့်။
အဓိဋ္ဌာဒါနကံ၏အင်္ဂါငါးပါး။၃
အဝိဇ္ဇာနိ ပါရမီ။ ပါရမီ ဆယ်
ပါးမှာကြည့်။
အဝိဇ္ဇာန ဝသီဘော်။ ဝသီဘော်
ငါးပါးမှာကြည့်။
အန္တာနန္တိကဒိဋ္ဌိ။ ဒိဋ္ဌိရှစ်ဆယ့်
ငါးပါးမှာကြည့်။
အနော ဓိသ မေတ္တာ။ မေတ္တာ
၅၂၈ ပါးမှာကြည့်။
အပရာပရိယဝေဒနီယကံ ၆၁။
အပုညာဘိသင်္ခါရ ၅၄။
အဗျောကတသိကရုတင်။ ရုတင်
တဆယ့် သုံးပါးမှာကြည့်။
အဖြပ္ပဉ္စ စရိယာ သိက္ခာ ပုဒ်၏
အင်္ဂါလေးပါး ၁၀။
အဘိဇ္ဈာ ၇။
အဘိညာဏ ( အဘိညာဉ် )
ခြောက်ပါး ၁၄၇။
အဘိသင်္ခါရမာရ်။မာရ်ငါးပါး
မှာကြည့်။
အမရာ ဝိက္ခေပ ဒိဋ္ဌိ။ ဒိဋ္ဌိ ရှစ်
ဆယ့် ငါးပါးမှာကြည့်။
အယသော။ လောကဓံ တရား
ရှစ်ပါးမှာကြည့်။
အရညကင် ရုတင်။ ရုတင် တ
ဆယ့် သုံးပါးမှာကြည့်။
အရူပ တဏှာ။ တဏှာ သုံးပါး
မှာကြည့်။
အလာဘော။ လောကဓံတရား
ရှစ်ပါးမှာကြည့်။
အလျှခံပုဂ္ဂိုလ် တဆယ့် လေး
ယောက် ၁၃။
အလှူဒါနအပြား ၁၂။
အဝိဇ္ဇာ ၇၅။
အသညီဝါဒဒိဋ္ဌိ။ဒိဋ္ဌိရှစ်ဆယ့်
ငါးပါးမှာကြည့်။
အဟေတုကဒိဋ္ဌိ ၈။
အဟောသိကံ ၆၁။

အာဝိဏ္ဏကံ ၅၉။
အာဇီဝဋ္ဌမကသီလ ၃၇။
အာနုဋ္ဌာဘိသင်္ခါရ။ ၅၄။
အာယတနခြောက်ပါး ၁၄၈။
အါဝဋ္ဋနဝသီဘော်။ ဝသီဘော်ငါးပါးမှာကြည့်။
အာသဝက္ခယအဘိညာဉ်။ အဘိညာဉ်ခြောက်ပါးမှာကြည့်။
အာသဝ (အာသဝေါ) တရားလေးပါး ၁၄၉။

## ဣ

ဣဒ္ဓိပါဒ်လေးပါး ၁၀၃။
ဣန္ဒြိယေသု ဂုတ္တဒွါရတာ။ စရဏ တဆယ့် ငါးပါး မှာကြည့်။
ဣန္ဒြေငါးပါး ၁၀၅။
ဣဿရိယ ဘုန်းတော်။ ဘုန်းတော်ခြောက်ပါးမှာကြည့်။

## ဥ

ဥစ္စာသယနမဟာသယနသိက္ခာပုဒ်၏အင်္ဂါနှစ်ပါး ၃၄။
ဥစ္ဆေဒနိဗ္ဗိ။ နိဗ္ဗိရှစ်ဆယ့် ငါးပါးမှာကြည့်။
ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ။ နီဝရဏခြောက်ပါးမှာကြည့်။
ဥပဃာတကကံ ၅၈။
ဥပတ္ထမ္ဘကကံ ၅၇။
ဥပဓိဝိပတ္တိ။ ဝိပတ္တိလေးပါးမှာကြည့်။
ဥပဓိသမ္ပတ္တိ။ သမ္ပတ္တိ လေးပါးမှာကြည့်။
ဥပပဇ္ဇဝေဒနီယကံ ၆၁။
ဥပပီဠကကံ ၅၇။
ဥပါဒါန် ၈၇။
ဥပေက္ခာပါရမီ။ ပါရမီဆယ်ပါးမှာကြည့်။

## ဧ

ဧကဂ္ဂတာ။ ဈာန်အင်္ဂါငါးပါးမှာကြည့်။
ဧကစ္စ သဿတဒိဋ္ဌိ။ ဒိဋ္ဌိ ရှစ်ဆယ့်ငါးပါးမှာကြည့်။
ဧကာသနိက်ဓုတင်။ ဓုတင် တဆယ့်သုံးပါးမှာကြည့်။

## ဩ

ဩဓိသမေတ္တာ။ မေတ္တာ ၅၂၈ ပါးမှာကြည့်။
ဩကာသ လောက။ လောက သုံးပါးမှာကြည့်။

## က

ကဠုတ္တာကံ ၅၉။
ကမ္မဋ္ဌာန်း ၄၂။
ကမ္မဘာဝ ၉၂။
ကာမဂုဏ။ ကာမ ဂုဏ် ငါး ပါး ၁၅၀။
ကာမတဏှာ။ တဏှာ သုံးပါး မှာကြည့်။
ကာမဘုန်းတော်။ ဘုန်းတော် ခြောက်ပါးမှာကြည့်။
ကာမဿုနှ နီဝရဏ။ နီဝရဏ ခြောက်ပါးမှာကြည့်။
ကာမာဝစရကုသိုလ် ၅၄။
ကာမေ သု မိစ္ဆာ စာရ ကံ၏ အင်္ဂါလေးပါး ၄။
ကာလဝိပ္ပတ္တိ။ ဝိပ္ပတ္တိ လေးပါး မှာကြည့်။
ကာလသမ္ပတ္တိ။သမ္ပတ္တိလေးပါး မှာကြည့်။
ကိလေသာ ၁၀ ပါး ၁၅၀။
ကိလေသာမာရ်။ မာရ် ငါးပါး မှာကြည့်။
ကုသိုလ ဝတ်ထ တ ကြ ခွန်း ၁၅၁။
ကံ ၅၅-၈၂။

## ခ

ခဏ္ဍိပါရမီ။ ပါရမီဆယ်ပါးမှာ ကြည့်။
ခန္ဓမာရ်။မာရ်ငါးပါးမှာကြည့်။
ခန္ဓာငါးပါး ၁၂၁။
ခလုပစ္ဆာဘတ်ရတင်၊ဓုတင်တဆယ့် သုံးပါးမှာကြည့်။

## ဂ

ဂတိဝိပ္ပတ္တိ။ ဝိပ္ပတ္တိလေးပါးမှာ ကြည့်။
ဂတိသမ္ပတ္တိ။ သမ္ပတ္တိ လေးပါး မှာကြည့်။
ဂရုကကံ ၅၀-၅၉။
ဂေါစရဘတ်ထက်ကြွန်း ၁၅၂။

## င

ငါးပါးသီလ ၂၀။

## စ

စရဏတဆယ့်ငါးပါး၁၅၄။
စေတနာသုံးပါး ၁၄။
စေတသိက် ၅၂ ပါး ၁၅၂။

## ဆ

ဆယ်ပါးသီလ ၃၈။

## ဇ

ဇနကကံ ၅၈။
ဇာဂရိယာနုယောဂ။စရဏတ ဆယ့်ငါးပါးမှာကြည့်။

ဇာတရူပ ရဇတ သိက္ခာပုဒ်၏ အင်္ဂါသုံးပါး ၃၆။
ဇာတိ ၉၁။
ဇော ၁၅၅။

## ဈ

ဈာန်အင်္ဂါငါးပါး ၁၅၅။

## ည

ဉေယျဓံတရားငါးပါး ၁၅၅။
ဉာဏ် ၆၄။

## တ

တဏှာ ၈၆။
တဏှာသုံးပါး ၁၅၆။
တဏှာခြောက်ပါး ၁၅၇။
တဏှာတရာ့ရှစ်ပါး ၁၅၇။
တရားဂုဏ်တော်ခြောက်ပါး ၁၇၅။
တိစီဝရိက် ဓုတင်။ ဓုတင် တဆယ့်သုံးပါးမှာကြည့်။

## ထ

ထိနမိဒ္ဓ နီဝရဏ။ နီဝရဏ ခြောက်ပါးမှာကြည့်။

## ဒ

ဒါန ၁၂။
ဒါနပါရမီ။ ပါရမီဆယ်ပါးမှာကြည့်။
ဒိဋ္ဌဓမ္မဝေဒနီယကံ ၄၀။
ဒိဋ္ဌိသုံးမျိုး ၆၉။
ဒိဋ္ဌိ အပြား ရှစ်ဆယ့် ငါးပါး ၁၅၈။
ဒိသာဖရဏာ မေတ္တာ။ မေတ္တာ ၅၂၈ပါးမှာကြည့်။
ဒိဗ္ဗစက္ခုအဘိညာဉ်။ အဘိညာဏ်မှာကြည့်။
ဒိဗ္ဗသောတအဘိညာဉ်။ အဘိညာဏ်မှာကြည့်။
ဒုက္ခံ။ လောကဓံ တရားရှစ်ပါးမှာကြည့်။
ဒုစ္စရိုက် ၁၀ ပါး ၂။
ဒေဝပုတ္တမာရ်။ မာရ်ငါးပါးမှာကြည့်။
ဒွါရခြောက်ပါး ၁၇၅။

## ဓ

ဓမ္မဂုဏာခြောက်ပါး ၁၇၅။
ဓမ္မဘုန်းတော်။ ဘုန်းတော်ခြောက်ပါးမှာကြည့်။
ဓာတ်တဆယ့်ရှစ်ပါး ၁၇၉။
ဓုတင်အပြား ၃၉။
ဓုတင်တဆယ့်သုံးပါး ၁၇၇။

## န

နစ္စ ဂီတ သိက္ခာပုဒ်၏ အင်္ဂါနှစ်ပါး ၃၃။
နတ္ထိကဒိဋ္ဌိ ၈။

နာမ်ရုပ် ၇၀။
နိက္ခမပါရမီ။ ပါရမီ ဆယ်ပါး မှာကြည့်။
နိဗ္ဗာန်။ လောကဓံတရား ရှစ်ပါးမှာ ကြည့်။
နိဗ္ဗာန် ၁၂၉။
နိဗ္ဗာန်။ ခြေ ယျခံ တရားငါးပါး မှာကြည့်။
နိရောဓ သ မာ ပတ် ချမ်း သာ ၁၂၀။
နိဝရဏခြောက်ပါး ၁၇၉။
နေယျပုဂ္ဂိုလ် ၁၃၉။
နေဝသညီ နာသညီဝါဒ ဒိဋ္ဌိ။ ဒိဋ္ဌိ ရှစ် ဆယ့် ငါးပါး မှာ ကြည့်။

## ပ

ပစ္စဝေက္ခဏာ ဝသီဘော်။ ဝသီ ဘော်ငါးပါးမှာကြည့်။
ပညာပါရမီ။ ပါ ရမီ ဆယ်ပါး မှာကြည့်။
ပညတ်။ခြေ ယျခံတရားငါးပါး မှာကြည့်။
ပဋိစ္စသမုပ္ပါဒ်တရားတော် ၇၄။
ပဋ္ဌာန်ရတင် ၄၀-၄၁-၄၂။
ပဒပရမပုဂ္ဂိုလ် ၁၃၉။
ပယာဂ္ဂဘုန်းတော်။ ဘုန်းတော် ခြောက်ပါးမှာကြည့်။
ပယောဂဝိပ္ပတ္တိ။ ဝိပ္ပတ္တိလေးပါး မှာကြည့်။
ပယောဂသမ္ပတ္တိ။ သမ္ပတ္တိလေး ပါးမှာကြည့်။
ပရစိတ္တဝိဇာနအဘိညာဉ်။ အ ဘိညာဏ်မှာကြည့်။
ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိ။ ဒိဋ္ဌိ ရှစ်ဆယ့်ငါးပါးမှာကြည့်။
ပသံသာ။ လောကဓံ တရားရှစ် ပါးမှာကြည့်။
ပါထာဝတီပါတက်၏ အင်္ဂါငါး ပါး ၃။
ပါရမီဆယ်ပါး ၁၀၀။
ပိဋကသုံးပုံ ရတနာ။ ရတနာ တ ဆယ့်သုံးပါးမှာကြည့်။
ပီတိ။ ဈာန် အင်္ဂါ ငါးပါး မှာ ကြည့်။
ပိသုဏာ ဝါစာ ကံ၏ အင်္ဂါငါး ပါး ၅။
ပုဂ္ဂိုလ်လေးမျိုး ၁၃၅။
ပုဂ္ဂိုလ်တကျိပ်၂ယောက် ၁၀၁။
ပုညကိရိယာဝတ္ထု ဆယ် ပါး ၁၁။
ပုညာဘိသင်္ခါရ ၅၄။

ပုဗ္ဗေနိဝါသအဘိညာဉ်။ အဘိညာဏမှာကြည့်။
ပုံသုက္ကရတင်။ ရတင်တဆယ့်သုံးပါးမှာကြည့်။

ဖ

ဖရုသ ဝါစာကံ၏ အင်္ဂါ သုံးပါး ၆။
ဖဿ ၈၃။
ဖိုလ်ပုဂ္ဂိုလ်။ ၁၂၇။

ဗ

ဗုဒ္ဓ ဂုဏ်။ ဘုရား ဂုဏ် ကိုးပါး ၁၈၂။
ဗောဇ္ဈင်၏အပြား ၁၁၀။
ဗောဓိပက္ခိယ သုံးဆယ့် ခုနစ်ပါး ၉၉။
ဗိုလ်ငါးပါး ၁၀၇။
ဗျာပါဒ ၈။
ဗျာပါဒ နီဝရဏ။ နီဝရဏ ခြောက်ပါးမှာကြည့်။

ဘ

ဘဝ ၈၈။
ဘဝတဏှာ။ တဏှာသုံးပါးမှာကြည့်။
ဘဝင် ၁၈၄။
ဘဝင်စိတ် ၁၈၄။
ဘာဝနာ ၄၂။
ဘုန်းတော်ခြောက်ပါး ၁၈၅။
ဘောဇနေမတ္တညုတာ။ စရဏတဆယ့်ငါးပါးမှာကြည့်။

မ

မနောမယိဒ္ဓိ အဘိညာဉ်။ ဝိဇ္ဇာရှစ်ပါးမှာကြည့်။
မသွားလာအပ်သောမိန်းမ နှစ်ဆယ် ၁၈၇။
မဟာဂ္ဂုတ်ကုသိုလ် ၅၄။
မိစ္ဆာဒိဋ္ဌိ ၈။
မီးဆယ့်တပါး ၁၈၈။
မုသာဝါဒအင်္ဂါငါးပါး ၅။
မေတ္တာ ၅၂၈ပါး ၁၈၉။
မေတ္တာပါရမီ။ ပါရမီဆယ်ပါးမှာကြည့်။
မဂ်ပုဂ္ဂိုလ်လေးယောက် ၁၂၇။
မဂ္ဂင်ရှစ်ပါး ၁၁၂။
မစ္စုမာရ်။ မာရ်ငါးပါးမှာကြည့်။
မာရ်ငါးပါး ၁၈၈။

ယ

ယထာသန္တတိရတင်။ ရတင်တဆယ့်သုံးပါးမှာကြည့်။
ယသ ဘုန်းတော်။ ဘုန်းတော်ခြောက်ပါးမှာကြည့်။
ယသော။ လောကဓံတရား ရှစ်ပါးမှာကြည့်။

## ရ


ရတနာသုံးပါး ၂၁။
ရုပ်တဏှာ။ တဏှာ သုံးပါးမှာ ကြည့်။
ရုက္ခမူ ဓုတင်။ ဓုတင်တဆယ့် သုံးပါးမှာကြည့်။
ရုပ်နှစ်ဆယ့်ရှစ်ပါး ၁၉၀။
ရှစ်ပါးသီလ ၂၉။


## လ


လာဘော။ လောကဓံတရားရှစ်ပါးမှာကြည့်။
လောကဓံတရားရှစ်ပါး ၁၉၃။
လောကသုံးပါး ၁၉၃။
လောကုတ္တရာကုသိုလ် ၄၀။
လောကုတ္တရာ တရား ကိုးပါး ၁၉၄။
လက္ခဏာ။ ဉေယျဓံတရား ငါးပါးမှာကြည့်။


## ဝ


ဝသီဘော်ငါးပါး ၁၉၆။
ဝိကာရ။ ဉေယျဓံတရားငါးပါးမှာကြည့်။
ဝိကာလဘောဇနာ သိက္ခာပုဒ်၏အင်္ဂါလေးပါး ၃၁။
ဝိစာရ။ ဈာန်အင်္ဂါငါးပါး မှာကြည့်။
ဝိစိကိစ္ဆာနီဝရဏ။ နီဝရဏ ခြောက်ပါးမှာကြည့်။
ဝိညာဏ် ၇၇။
ဝိတက်။ ဈာန်အင်္ဂါငါးပါးမှာကြည့်။
ဝိနိပါတဘေး ၆၉။
ဝိပဿနာ အဘိညာဉ်။ ဝိဇ္ဇာရှစ်ပါးမှာကြည့်။
ဝိပဿနာဉါဏ်၁၀ပါး ၁၂၃။
ဝိပဿနာဘာဝနာ ၁၄၂။
ဝိဘဝတဏှာ။ တဏှာ သုံးပါးမှာကြည့်။
ဝိသုဒ္ဓိခုနစ်ပါး ၁၁၇။
ဝိရိယ။ ၆၄။
ဝိရိယပါရမီ။ ပါရမီ ဆယ်ပါးမှာကြည့်။
ဝုဋ္ဌာန ဝသီဘော်။ ဝသီဘော် ၅ပါးမှာကြည့်။
ဝေဒနာ ၇၄။
ဝိဇ္ဇာသုံးပါး ၁၉၄။
ဝိဇ္ဇာရှစ်ပါး ၁၉၄။
ဝဋ်မြစ်မူလနှစ်ပါး ၉၅။
ဝဋ်သုံးပါး ၉၅။
ဝိမုတ္တိလေးပါး ၁၉၅။


## သ


သညီဝါဒဒိဋ္ဌိ။ ဒိဋ္ဌိရှစ်ဆယ့်ငါးပါးမှာကြည့်။

သတိပဋ္ဌာန်လေးပါး ၉၉။
သမထကမ္မဋ္ဌါန်း၏ဖြစ်ပုံ ၁၉၆။
သမထဘာဝနာ၁ပွါးဟာန် ၄၄။
သမာ ပဏ္ဏနဝသီ ဘော်။ ဝသီ
ဘော်ငါးပါးမှာကြည့်။
သမာပတ်ရှစ်ပါး ၂၀၀။
သရဏဂုံသုံးပါး ၁၉။
သဠာယတန ၈၀။
သိဂိ ဘုန်းတော်။ ဘုန်း တော်
ခြောက်ပါးမှာကြည့်။
သီလ ၂၅။
သီလပါရမီ။ပါရမီဆယ်ပါးမှါ
ကြည့်။
သီလ။သမာဓိ။ပညာ ၁၃၇။
သီလသံဝရ။ စရဏတဆယ့်
ငါးပါးမှာကြည့်။
သုခ။ချာန်အင်္ဂါငါးပါးမှာကြည့်
သုခံ။လောကဓံတရားရှစ်ပါးမှါ
ကြည့်။
သုစရိုက်ဆယ်ပါး ၃၀။
သုသာန်ဓုတင်။ဓုတင်တဆယ့်
သုံးပါးမှာကြည့်။
သူတော်ကောင်းတရားခုနစ်ပါး
စရဏ ၁၅ပါးမှာကြည့်။
သုရာမေရယကံ၏ အင်္ဂါလေး
ပါး ၄။
သေရခြင်းအပြားလေးပါး၆၂။
သံဃာဂုဏ်။ သံဃာဂုဏ် ကိုး
ပါး ၂၀၁။
သမ္ဖပ္ပလာပဝါစာ သိက္ခာပုဒ်၏
အင်္ဂါသုံးပါး ၆။
သံယောဇဉ်သုံးပါး ၂၀၅။
သံသရာဝဋ်ဆင်းရဲ ၆၈။
သက္ကာယဒိဋ္ဌိ။ ဒိဋ္ဌိရှစ်ဆယ့် ငါး
ပါးမှာကြည့်။
သင်္ခါရ ၇၅။
သင်္ခါရ။ဥ ယျခံတံရားငါးပါး
မှာကြည့်။
သင်္ခါရလောက။ လောကသုံး
ပါးမှာကြည့်။
သင်္ဂဟလေးပါး ၉၆။
သစ္စာပါရမီ။ပါရမီဆယ်ပါးမှါ
ကြည့်။
သစ္စာလေးပါး ၁၁၆။
သတ္တလောက။ လောကသုံးပါး
မှာကြည့်။
သပဒါနဓုတင်။ဓုတင်တဆယ့်
သုံးပါးမှာကြည့်။
သမ္ဗုဒ္ဓလေးပါး ၁၉၉။
သမ္မုတိဒေသနာ ၂၀၀။
သမ္ပဓါန် ၁၀၁။
သဿတဒိဋ္ဌိ။ဒိဋ္ဌိရှစ်ဆယ့် ငါး
ပါးမှာကြည့်။
သုံးဆယ့် တဘုံဖြစ်ခြင်း ၅၂။

pdf creator - Wanna Soe

# ကြော်ငြာစာ။

ပုံနှိပ်လုပ်ဆောင်သူစာအုပ်ရှင်ထံမှရနိုင်သောစာအုပ်များ။

(၁) မင်းတိုင်ပင်အမတ်ကြီး ဦးဘော-စီရင်အပ်သော။

ဗုဒ္ဓဘာသာသားသခေ်ပကျမ်း။—စာမျက်နှာ – ၂၀၂ – ရှိ။

အဘိုး .... .... .... .... ၁-၄ပဲ။

(၂) မင်းတိုင်ပင်အမတ်ကြီး-ဦးဘော-စီရင်အပ်သော။

အညဝါဒနိဂ္ဂဟကျမ်း။ — စာမျက်နှာ – ၂၀၅ – ရှိ။

အဘိုး .... .... .... .... ၁၂ပဲ။

(၃) အစိုးရဆရာဖြစ်လက်ရှိရှိတ်ရ-ဆရာမောင်မောင်-ရေးစီရင်သော။

အင်္ဂလိပ်ပညာချုပ်-အလွတ်သင်ခဏ်းစာအုပ်(ပဌမတွဲ)

စာမျက်နှာ--၆၄၄-ရှိ { စက္ကူထူဖုံး။အဘိုး .... ၄-၇ပဲ။
ဗင်္ဂလားဖုံး။အဘိုး .... ၅-၇ပဲ။

(၄) အစိုးရဆရာဖြစ်လက်ရှိရှိတ်ရ-ဆရာမောင်မောင်-ရေးစီရင်သော။

အင်္ဂလိပ်ပညာချုပ်အလွတ်သင်ခဏ်းစာအုပ်(ဒုတိယတွဲ)

စာမျက်နှာ–၁၇၇–ရှိ။စက္ကူဖုံး။ အဘိုး .... ၁။

အထူးမေတ္တာ။ ။ပဌမတွဲဝယ်သူအား။ဒုတိယတွဲစက္ကူဖုံးမေတ္တာလက်ဆောင်ပေးပါသည်။

☞ အထိုပါ စာအုပ်များ၏ မာတိကာကြော်ငြာစာများ အလိုရှိလျှင်မှာလိုက်ပါ၊အခမဲ့ပို့ပါမည်။

မှာထားရန်ဌာန—
မမြအင်ဆန်း။
ဆယ်ဖြတ်လမ်း။
ကျိုက်လတ်မြို့။



Apply to the Publishers—
**MA MYA & SON,**
*10th. Cross Road,*
KYAIKLAT.

PRINTED AT THE BRITISH INDIA PRESS, RANGOON.